www.burmeseclassic.com



ဂျိုးရ သည်းထိတ်ရင်ဖို

# မာယာ

ကျုတ္ထိယငရီ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာယာ

ကြတ္တိယ ငရဲ

ပညာမွှေ့တောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

ဂျူဇ္ဇိယဇရဲ

မာယာ

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၁၄၅၃၀၆၁၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၂၂၁၀၂၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၈ ခုနှစ် မေလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ဖိုးအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယ်ဂီ
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရှုထောင့်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄ စိန်ရတီလမ်း
ရတနာကျွန်းနိုင်သား၊ သုံးနှစ်
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၁၁)
အမှတ် ၈၄၊ လမ်း ၅၀
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၁၀၀၀ - ကျပ်

ကံကြမ္မာ၏အောက်တွင်
ဘဝမျိုးစုံ ကျင်လည်နေရ၏။
အငိုအရယ်၊ အပြုံးအမဲ့ ခံစားမှုမျိုးစုံနှင့်
နောက်ဆုံး နေဝင်ချိန်ကို စောင့်ကြိုခဲ့ရ၏။
ထိုအချက်သည်ပင်
ဘဝ၏ သံသရာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

ပင်လယ်ကျောက်တန်းများကြား သူတို့ မော်တော်ကလေး ပုန်းအောင်းခဲ့ရသည်မှာ နှစ်ညနီးပါးခန့် ရှိနေပြီဖြစ်၏။ ယခုအထိ ကောင်းကင်ပြင်ကြီးတစ်ခုလုံး လျှပ်စီးတွေက တဝင်းဝင်းတလင်းလင်းရှိနေဆဲ။ မိုးသက်လေပြင်းကလည်း မရပ်မနား တိုက်ခတ်နေဆဲ။ မိုးခြိမ်းသံ၊ လျှပ်ပစ်သံတွေကလည်း ပင်လယ်ပြင်မှာ သောသောညံနေ၏။

သူတို့လူစု မော်တော်ကလေးပေါ်မှာ နေ့နေ့ညည နေခဲ့ရသည်မှာ ပျင်းရိငြီးငွေ့လှပြီ ဖြစ်၏။ ကမ်းက ထွက်လာကတည်းက ယခုအထိ ငါးတစ်ကောင်တစ်မြီးမှ မဖမ်းရသေး။ အမှန်မတော့ သူတို့အဖွဲ့က ညဦးပိုင်းအချိန်အခါမှသာ ငါးဖမ်းထွက်လေ့ ရှိ၏။ နေ့ခင်းအချိန်အခါ ဆိုလျှင် ယခုလို ကျောက်တန်းကျောက်ဆွယ်များကြား၌ ခိုနေတတ်၏။

ယခုလည်း ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ရန် ငါးပိုက်များပြင်ဆင်နေစဉ် မိုးသက်မုန်တိုင်းများ ရုတ်တရက် ကျလာခြင်း ဖြစ်၏။ ထိုစဉ်က ကောင်းကင်အခြေအနေကြည့်ပြီး ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလာခဲ့သူက စက်လှေဆရာ မောင်ခွေး။

မုန်တိုင်းကျတော့မည့် အရိပ်လက္ခဏာ မြင်လိုက်ရသဖြင့် အင်ဂျင်မှုအောင် နှိုးယားသည့်စက်ပင် အရှိန်သတ်လိုက်ရ၏။ ကျောက်တန်းများကြားမှ ခေါင်းတောင်မပြူနဲ့၊ တိုက်လိုက်သည့် လေအရှိန်ကလည်း ကြောက်ခမန်းလိလိ။ လှိုင်းလုံးကြီးတွေလည်း ဝေါခနဲ ဝေါခနဲ မောက်တက်



လာ၏။

သူတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ အလှူအတန်းတွေကလည်း နီးလာပြီမို့ လုပ်ခလေး မြိုးမြိုးမြက်မြက် ရအောင်ရှာကြမည်ဟု ကြုံးဝါးထားကာမှ ရာသီဥတုက ဖျက်ချေပြီ။ ပင်လယ်ပြင်ကြီး ကြည့်လိုက်တော့လည်း မိုးသီးမိုးပေါက်များကြား လေပြင်းကြမ်းကြမ်းကြီးတွေက ဘဝေါဝေါ သက်ဆင်းလာဆဲ။

ကောင်းကင်ကြီးမှာလည်း တိမ်သားတိမ်လိပ်တွေက မည်းမည်းအိအိ။ မိုးကလည်း ရပ်ပုံမပေါ်၊ လေပြင်းတွေကလည်း စိတ်ရှိလက်ရှိမင်းမူနေသဖြင့် သူတို့လူစု မော်တော်ပေါ်မှာပဲ နေခဲ့ရ၏။

မြကြီးခမျာ အိမ်က မိန်းမအတွက်လည်း စိတ်အပူကြီး ပူနေမိ၏။ မွေးခါနီးဖွားခါနီးဖြစ်၍ ငွေကြေးဥစ္စာက အမှန်တကယ် လိုအပ်နေပြီဖြစ်၏။ ယခုတစ်ခေါက်ပြန်လျှင် မော်တော်သူဌေးထံမှ ချေးငှားထားသည့်ပိုက်ဆံရမည်မို့ အံတခဲခဲနှင့် လိုက်လာခဲ့မိ၏။

ယခုတော့ ရာသီဥတုကြောင့် သူ မျှော်လင့်ထားသမျှ စုံးစုံးမြုပ်သွားရတော့မည်မို့ စိတ်အညစ်ကြီးညစ်နေမိ၏။ သံခဲတို့လူစုကတော့ တကယ့် ပင်လယ်ကျွဲကြီးများဟု ဆိုရချေမည်။

ပင်လယ်ထဲ ဘယ်လိုနေရနေရ ရောက်ရာနေရာမှာ အပျော်ကြီးပျော်တတ်သူတွေ ဖြစ်၏။ ယခုလည်း မော်တော်ပေါ်ထိုင်ကာ အရက်ဝိုင်းဖွဲ့နေကြ၏။ အမြည်းကတော့ ရှာကယူလာသည့် ငါးခြောက်ငါးခြမ်းများဖြစ်၏။

သူ့ကိုကြည့်ပြီး သံခဲတို့လူစု ဟားတိုက်နေ၏။

"ဟော့ကောင် မြကြီး လာလေကွာ၊ မင်းဥစ္စာကလည်း ထိုင်ငိုတော့မလိုဘဲ။ ဘာလဲ၊ မိန်းမအတွက် ရတက်မပွေနေပြီလား။ လာစမ်းပါကွာ၊ ဒီကိစ္စ နတ်သိကြားတွေ အလုပ်ပါကွ။ မင်းကလေးမှာ နတ်မ,မယ့်ဇာတာ ပါလာရင် ထိုင်ကြည့်နေရုံပဲ မြကြီးရေ"

"ဟာဗျာ"

"ဟာ- ယုံစမ်းပါ မြကြီးရာ၊ ခင်မှုန်ကလေး ကြည့်ပါလား။ ခင်မှုန်ခမျာ ယောက်ျားမဆုံးခင် ကိုယ်ဝန်ကြီးနဲ့ ကျန်ခဲ့တာကွ၊ ပြောရရင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝသူတောင် အနိုင်နိုင်စားနေရတဲ့ အခြေအနေကွ။ အေးကဲကောင်းချင်တော့ မင်းမြင်တဲ့အတိုင်းပဲလေ၊ ဟုတ်ဖူးလား။ စဉ်းစားမနေစမ်းပါနဲ့ကွာ၊ လာလာ တစ်ခွက်တစ်ဖလားသောက်။ လေငြိမ်ရေငြိမ်သွားမှ မော်တော်က ထွက်မှာကွ။ လှိုင်းတွေ၊ လေတွေ ငြိမ်သွားအောင် မင်းလုပ်ပေးနိုင်သလားပြော ဟားဟားဟား လာစမ်းပါကွာ"

မြကြီးတစ်ယောက် သံခဲစကားကို မငြင်းနိုင်။ ခင်မှုန်က သူ့နှမဝမ်းကွဲ၊ သူ့ယောက်ျား ထွေးအောင်က တကယ့်ဘောက်။ ဘာအလုပ်မှ လုပ်ချင်သူမဟုတ်။ ခင်မှုန်နှင့် ထွေးအောင်က မြို့မှာ တွေ့လာခဲ့ကြခြင်း ဖြစ်၏။

ထွေးအောင်က မြို့ကြီးသား ဆိုတော့ ခင်မှုန် အင်မတန် အထင်ကြီးခဲ့၏။ ထွေးအောင်က ဥပဓိရုပ်တော့ ကောင်းသည်။ ခင်မှုန်ခမျာ ထွေးအောင်နှင့် တွေ့ကာမှ တန်းတန်းစွဲဖြစ်ခဲ့ရ၏။

အမှန်မတော့ ထွေးအောင်မိဘများက ငါးဒိုင်ပိုင်ရှင်တွေ ဖြစ်၏။ မိဘတွေက ချမ်းသာတော့ ထွေးအောင် ပွဲချင်တိုင်းပွဲ၊ လေချင်တိုင်း လေခဲ့၏။ မိန်းကလေး ချောချောမြင်လျှင် ငမ်းငမ်းတက်။ စိတ်ကြိုက် ခြေတော်တင်ပြီး ရှောင်တတ်တိမ်းတတ်၏။ ခင်မှုန်က အပျိုရိုင်း၊ အူရိုင်း။ ထွေးအောင် လှည့်ပတ်သမျှ ခေါင်းထိုးခံခဲ့၏။

နောက်ဆုံး ထွေးအောင်က ရွာအထိ လိုက်လာကာ ခင်မှုန် ယုံကြည်အောင် နေပြထိုင်ပြခဲ့၏။ ခင်မှုန်၏ မိဘတွေကလည်း ရိုးရိုးကြီးတွေ ဖြစ်ခဲ့၏။ ခင်မှုန်ကလည်း ထွေးအောင် သူ့နောက်လိုက်လာသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

ထွေးအောင်က လူပါး။ ခင်မှုန်ကို အတည်ယူမည့်ဟန်ဖြင့် ပေါင်းသင်းခဲ့၏။ အဆီစား၍ အသားမျိုခဲ့၏၊ တစ်ရက်တွင် မူးမူးနှင့် စက်လှေ တစ်စီးပေါ် အပျော်လိုက်သွားခဲ့ရာမှ ပင်လယ်ထဲကျ၍ သေဆုံးသွားခဲ့၏။

ထိုသတင်းကြားရတော့ ခင်မှုန်ခမျာ ဆတ်ဆတ်လူး၊ လူကို ရူးမတတ်။ ငိုလိုက်တာမှ ညဉ့်လုံးပေါက်။ မိဘနှစ်ပါးခမျာမှာလည်း သမီး၏ အဖြစ်ဆိုးလှသော ဘဝကို ယူကျုံးမရဖြစ်နေကြ၏။



ထို့အပြင် ထွေးအောင်နှင့် ကိုယ်ဝန်ရခဲ့သည်မို့ သူ့ခမျာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေ၏။ စားဝတ်နေရေး ဒုက္ခကတစ်မျိုး၊ ကိုယ်ဝန်ဆောင်ထားရသည့်သောကက တစ်ဖုံနှင့် ငါးရံ့ပြာလူးသလို ဘဝက တိမ်းတိမ်းမူးမူး ပူပူလောင်လောင်ဖြစ်နေရှာ၏။

ထိုအတောအတွင်း၌ ထွေးအောင်၏ မိဘနှစ်ပါး ရွာသို့ ရောက်လာကာ ထွေးအောင်၏ ဈာပနကို ဆောင်ရွက်ခဲ့၏။ ခင်မှုန့်ကိုလည်း မြို့သို့ တစ်ပါတည်း ခေါ်ဆောင်သွားသဖြင့် ထိုအချိန်မှစပြီး ခင်မှုန်ဘဝ အကြီးအကျယ် ကောင်းစားသွားခဲ့လေ၏။

သံခဲပြောလိုက်သည့်စကားက မှန်သော်လည်း ဘဝချင်းက တူကြပေမယ့် ကံချင်းက မတူကြ။ ကံကို မယုံရဲ၊ ကံယုံပြီး ဆူးပုံနင်းသည်မှာ လူမိုက်အလုပ်ဟု မြကြီး ယူဆ၏။ ထို့ကြောင့်လည်း အလုပ်ကို မနားတမ်းလုပ်ခဲ့ရ၏။

ပင်လယ်ပြင် ထွက်သည်မှာ ယခု အကြိမ်ပါနှင့်ဆိုလျှင် ငါးခေါက်တိတိ ရှိသွားပြီ ဖြစ်၏။ ငါးခေါက်ပြည့်သွားလျှင် မော်တော်ပိုင်ရှင်က လိုသမျှငွေကို ထုတ်ချေးတတ်၏။

ထို့ကြောင့်လည်း ယခုလို ထွက်လာခဲ့ခြင်း ဖြစ်၏။ ယခုတော့ ပင်လယ်ပြင်တစ်ခုလုံး မှန်တိုင်းတွေက တဝုန်းဝုန်း ပြုဆင်းလာဆဲ။ လှိုင်းကြီးတွေကလည်း အိမ်ကြီးတစ်လုံးစာလောက် ရှိသည်မို့ သူတို့မော်တော်လေး အစအနရှာမရအောင် ဖြစ်သွားနိုင်၏။

ထို့ကြောင့်လည်း ကျောက်တန်းများကြား ခိုအောင်းနေကြခြင်း ဖြစ်လေ၏။ နောက်ဆုံးတော့ သူလည်း သံခဲတို့လူစုနှင့်အတူ တစ်ခွက်တစ်ဖလား သောက်ကာ လက်ရှိအခြေအနေကို မေ့ထားလိုက်မိ၏။

ညဉ့်နက်ပိုင်းရောက်သည်အထိ မိုးသက်လေပြင်းတွေ ကျနေဆဲ။ သူတို့လူစုလည်း မူးမူးနှင့် အိပ်ပျော်သွားခဲ့ကြ၏။ သူတို့ လိုက်ပါလာသည့် မော်တော်လေးမှာလည်း လှိုင်းတွေကြား တလှုပ်လှုပ်တခါခါဖြစ်နေ၏။

မိုးလင်းလုလု အချိန်တွင် မြကြီး ဖျတ်ခနဲ လန့်နိုးသွား၏။ နားထဲ စူးစူးရဲရဲ အသံကြားလိုက်ရသည်မို့ မူးမူးနှင့် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာခြင်း ဖြစ်၏။ ဘေးဘီလှည့်ကြည့်လိုက်တော့ သံခဲတို့လူစု

www.burmeseclassic.com

တခုခုနှင့် အိပ်မောကျနေဆဲ၊

ထူးဆန်းနေသည်မှာ ပင်လယ်ပြင်တွင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသော မိုးသက်လေပြင်းများ ငြိမ်ကျသွားခြင်းဖြစ်၏။ မော်တော်အပြင်ဘက်သို့ လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်က မပြယ်သေး။

ထိုစဉ် ပင်လယ်၏ အနောက်မြောက်ထောင့်အရပ်တွင် ထူးဆန်းသော မြင်ကွင်းကြီးတစ်ခုကို မြင်လိုက်ရလေ၏။ မြကြီးတစ်ယောက် ထိုမြင်ကွင်းကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

မြင်ကွင်းက တခြားမဟုတ်၊ ပင်လယ်ထဲမှ အလင်းတန်းကြီးတစ်ခု ပေါ်ထွက်နေခြင်းပင် ဖြစ်လေ၏။ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေရ၏။ စိတ်ထင်၍များလားဟု တွေးကာ မျက်စိတွေ ပွတ်သပ်ကြည့်မိ၏။

အလင်းတန်းက ပျောက်မသွား၊ အုံ့ဩလွန်းမက အုံ့ဩနေ၏။ စူးစမ်းလိုစိတ်ကလည်း တဖွားဖွား။ ထို့ကြောင့်လည်း မော်တော်နှင့် ချိတ်ထားသောလှေကိုဖြုတ်ကာ တစ်ယောက်တည်း အလင်းတန်းကြီး ပေါ်ထွက်နေသည့် ပင်လယ်ပြင်ဆီသို့ ထွက်ခဲ့၏။

မြင်ကွင်းကိုကြည့်ပြီး ရင်ထဲ တဖိုဖိုတလှပ်လှပ် ခံစားနေမိ၏။ အလင်းတန်းကြီး ဖြာကျနေသည့် ရေပြင်အနားသို့အရောက် ဖြာကျနေသည့် အလင်းတန်းကြီးက ရုတ်တရက် ကောင်းကင်ပေါ်သို့ ထိုးတက်သွားလေ၏။ ထိုနေရာတစ်ဝိုက်ရှိ ရေပြင်ကြီးမှာလည်း ဝဲဩယသဏ္ဍာန် ရေများချာချာလည်လာသဖြင့် ရှေ့ဆက် မလှော်ရဲဘဲ လှေကို အလျင်အမြန်ရပ်လိုက်ရ၏။

ထိုအချိန် ဝဲဩယကြီးသည် တဟဲဟဲအသံကြီး မြည်ဟည်းလာကာ ပို၍ ကျယ်ပြန့်လာသဖြင့် လှေကို မော်တော်ဘက်သို့ မနားတမ်း လှော်ခတ်ခဲ့ရ၏။ အသံကြီးက သူ့နောက်မှ တဟဲဟဲ မြည်သံကြီးပေး၍ လိုက်လာ၏။

ထိုအသံကြီးကြောင့် ချွေးသီးချွေးပေါက်တွေ စို့လာ၏။ လှေကို မရမက ကျုံးလှော်သော်လည်း လှေက ရှေ့မတိုး။ ကြောက်စိတ်က အတိုင်းအဆ မရှိတော့။

"ကယ်. . . ကယ်ကြပါဦးဗျို့"





"ကယ်ကြပါဦးဗျို့"

သူ့အော်သံနက်ကြီးက ပင်လယ်ပြင်တစ်ခုလုံး ဖုံးလွှမ်းသွားမတတ်ပင်။ ထိုစဉ် မော်တော်ပေါ်မှ လူတွေအားလုံး ကြောက်အားလန့်အားနှင့် နိုးလာကြ၏။

"ဘာသံကြီးလဲကွ"

"အော်သံကြီးဗျ"

"ဟာ- ဟို. . . ဟိုမှာ ကြည့်စမ်း"

"မြကြီး. . . မြကြီး"

"ကယ်ကြပါဗျို့"

ပင်လယ်ထဲ ချာလည်ချာလည် ဖြစ်နေသော မြကြီးကို မြင်လိုက်ရသောအခါ သံခဲတို့လူစု ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဝဲကတော့သဏ္ဍာန် ချာလည်ပတ်လည်ယမ်းနေသော ရေပြင်ကြီးထဲ မြကြီး၏အော်သံက ကြောက်ခမန်းလိလိ။

ဝဲကြီး၏ အော်သံကလည်း ကြက်သီးမွေးညင်းထဖွယ်ပင်။ မြကြီးခမျာ လှော်ရင်းလှော်ရင်း ဝဲကြီးထဲ ရောက်ရှိသွားကာ လှေကလေးလည်း ချာချာလည်နေ၏။ အသံကြီးကြောင့် သံခဲတို့လူစု ဘာလုပ်လို့လုပ်ရမှန်းမသိ။

"အောင်. . . အောင်မယ်လေးဗျ"

"ဝေါ. . . ဝေါ. . . ဝေါ"

"ကယ်. . . ကယ်ကြပါ"

အချိန်အနည်းငယ်အကြာတွင် လှေရောလူပါ ချာချာလည်နေသည့် ဝဲဩယကြီးထဲ စုံးစုံးမြုပ်သွားလေတော့၏။ ထိုမြင်ကွင်းကို ကြည့်ပြီး သံခဲတို့လူစု အော်ဟစ်ခုန်ပေါက်နေကြ၏။

"ဘုရား၊ ဘုရား မြကြီးတော့ . . ."

"ကြောက်စရာကြီးဗျာ"

"ဝဲကြီးဗျ၊ ဒီလို အသံပါပေးတဲ့ ဝဲကြီးမျိုး တစ်ခါမှ မမြင်ဖူးဘူး"

"မလွယ်ဘူး၊ မြကြီးတော့ သွားပြီ"

"ဒီကောင် ဘာသွားလုပ်တာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ၊ မပြောမဆိုနဲ့"

သူတို့လူစု တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ လှေရောလူပါ မြုပ်သွားသည်နှင့် ချာချာလည်နေသော ပင်လယ်ရေပြင်ကြီးမှာလည်း ငြိမ်ကျသွား၏၊ ရုတ်တရက် ပြန်လည် တည်ငြိမ်သွားသော အခြေအနေကို ကြည့်ပြီး သံခဲတို့လူစု ကိုယ့်မျက်စိဟောင်ကိုယ်မယုံနိုင်အောင် ဖြစ်နေကြလေ၏။

"ဒုက္ခပါပဲကွာ၊ မော်တော်သူဌေးတော့ ပြဿနာရှာတော့မှာပဲ။ ရာသီဥတုဒုက္ခပေးရတဲ့ကြား မြကြီးက တစ်မျောင့်။ ကိုင်း- မော်တော်စက်နိုးကွာ၊ ဒီကောင့်ကို ရှာကြရအောင်ဟေ့"

"မြန်မြန်လုပ်ပါဗျ၊ သူဌေးဒုက္ခရောက်တာ အကြောင်းမဟုတ်ဘူး။ မြကြီးမိန်းမ စိမ်းမေတော့ ဘဝပျက်ပြီပေါ့ကွ။ ဒုက္ခပါပဲ၊ ဒီကောင် ဘာသွားလုပ်ပါလိမ့်"

သူတို့လူစု မော်တော်စက်နိုးကာ မြကြီး မြုပ်သွားသည့် နေရာကို အပြန်အလှန် ရှာခဲ့ကြ၏။ အချိန်ကြာမြင့်စွာ ရှာဖွေပါသော်လည်း အရိပ်အယောင်ပင် မတွေ့ရ။

နောက်ဆုံးတော့ သူတို့လူစု စိတ်ပျက်လက်လျှော့ပြီး ရွာဘက်သို့ ထွက်ခဲ့ကြလေ၏။ ရွာရောက်ရောက်ချင်း ကြားလိုက်ရသည့် သတင်းက မြကြီး၏မိန်းမ စိမ်းမေ မီးဖွားလေပြီ ဆိုသောသတင်းပင်။ ထို့ပြင် ပို၍ ရင်နင့်စရာကောင်းလှသည်က စိမ်းမေတစ်ယောက် မီးဖွားပြီးပြီးချင်း မီးတွင်းထဲ သေဆုံးရှာလေပြီဆိုသော သတင်းပင်။

ထိုသတင်းကြောင့် သံခဲတို့လူစု စိတ်မကောင်းကြီးစွာ ခံစားနေကြရ၏။ တစ်ရွာလုံးလည်း မြကြီးတို့လင်မယား၏ ကံတူအကျိုးပေးအဖြစ်ကို ပြောမဆုံးအောင် ဖြစ်နေကြ၏။ ကျန်ရစ်ခဲ့သည့် လူမမည်ကလေးမှာ ယောကျ်ားလေးဖြစ်ပြီး လက်သည် မဖွားမို့ ရင်ခွင်ထဲ တအဲအဲနှင့် ငိုကြွေးနေ၏။

"ဒုက္ခပါပဲဟယ်၊ ဒီကလေး တယ်လည်း ကံဆိုးပါလား"

"ဟုတ်ပါ့ဗျာ၊ အဖြစ်ကလည်း အတော့်ကို အံ့သြစရာပဲ၊ ရွာမှာလည်း မြကြီးတို့လင်မယားရဲ့အမျိုးက ရှားပါဘိ။ ဒီကလေးကို





ဘယ်သူ တာဝန်ယူကြမလဲ"

တစ်ရွာလုံး ကလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။ ကလေးငယ်တစ်ယောက် လူလားမြောက်အောင် မွေးဖွားစောင့်ရှောက်ဖို့ဆိုသည်မှာ လွယ်သည့်ကိစ္စ မဟုတ်ပါချေ။ ရွာ၏ စီးပွားရေး အခြေအနေကလည်း မကောင်းလှ။ ကိုယ့်ဝမ်းတောင်ကိုယ်အနိုင်နိုင်မို့ ကလေးငယ်ကို ကြည့်ပြီး စုတ်တသပ်သပ် ဖြစ်နေကြသော်လည်း တာဝန်ယူမည့်သူ မရှိ။

မဖွားမို့မှာလည်း ကလေးတပိုက်ပိုက်နှင့် ကြားက သောကပွေနေရ၏။ တကယ့်တကယ် အရေးကျတော့ ကိုယ်ရေးအတွက်သာ ကြည့်လေ့ရှိတဲ့ လူတွေကိုကြည့်ပြီး မဖွားမို့ ကလေးငယ်အတွက် စိတ်မကောင်း ဖြစ်ရ၏။

သူ့ဘဝ အခြေအနေကလည်း ခပ်ယဲ့ယဲ့၊ ဘဝက မုဆိုးမဘဝ။ သူ့မှာ ခြောက်နှစ်အရွယ် သမီးကလေး နှင်းမှုန်နှင့် ရုန်းကန်နေရ၏။ လင်သား ထွန်းဖေက အသောက်သမား။ အရက်ကို နေ့ညမပြတ် သောက်လွန်းသဖြင့် နောက်ဆုံး ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးခဲ့ရ၏။

ထိုအခါ လက်သည်ဘဝနှင့် သူတို့သားအမိနှစ်ဦး ဝမ်းရေးအတွက် ရှာဖွေစားသောက်ခဲ့ရ၏။ သားအမိနှစ်ယောက်တောင် ဝဝလင်လင် မစားနိုင်သည့်ဘဝ။ ထိုအခြေအနေတွင် ပါးစပ်တစ်ပေါက် တိုးလာလျှင် မနည်းကို ရုန်းကန်ရပေလိမ့်မည်။

ထိုအခြေအနေကို မဖွားမို့ နားလည်ပါသော်လည်း လတ်တလော ဒုက္ခတွေ့နေရသည့် ကလေးငယ်ကို မျက်နှာလွှဲခဲပစ်မလုပ်နိုင်။ ကလေးက ဖြူဖြူဖွေးဖွေး တစ်သွေးတစ်မွေး ချစ်စရာကောင်းလှ၏။ နောက်ဆုံးတော့ ဘယ်သူမှ မမွေးသည့်အဆုံး ကလေးကို ပိုက်ကာ အိမ်ခေါ် ချလာခဲ့ရ၏။

"ဟယ်- အမေ၊ ဒါ. . . ဒါ ဘယ်က ကလေးတုံးဟင်"

"စိမ်းမေရဲ့သားလေ၊ ဘယ်သူမှ မွေးမယ့်သူ မရှိတာနဲ့ အမေပဲ မွေးဖို့ခေါ် လာတာလေ"

"ရှင်- ဟုတ်လား၊ အို- ချစ်စရာလေး။ ဒါ. . . ဒါဆို သမီးမောင်လေးပေါ့နော် အမေ ဟုတ်လား။ ဝမ်းသာလိုက်တာ အမေရယ်၊ သမီးက မောင်လေးတစ်ယောက် သိပ်လိုချင်တာ အမေရဲ့"

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ သမီးရယ်၊ အမေတို့က ကိုယ့်ထမင်းတောင်ကိုယ် အနိုင်နိုင် ရှာစားနေရတာ ဆိုတော့"

"အို- အမေကလည်း၊ သမီး ထမင်းလျှော့စားမှာပေါ့လို့၊ သူ့ခမျာ အမေတွေ၊ အဖေတွေ မရှိတော့ဘူး ဆိုတော့ သနားစရာကောင်း ပါတယ် အမေရယ်၊ သမီးတို့ မွေးလိုက်ကြမယ်နော် အမေ"

"အင်း. . . ခုတော့ ဒီလိုမှမမွေးရင် ဘယ်သူမှမွေးမှာမဟုတ်ဘူး၊ အမေလည်း သူ့ကို သနားတာနဲ့ ခေါ်လာခဲ့မိတာ"

"ဟုတ်တယ် အမေရယ်၊ မောင်လေးက သနားစရာလေးပါ"

သားအမိနှစ်ယောက် ပုဆိုးစုတ်ကလေးနှင့် ထွေးထားသော ကလေးငယ်ကိုကြည့်ပြီး ကရုဏာသက်နေကြ၏။ သူတို့နေသည့်အိမ်က ခနော်ခနဲ့တဲကလေး။ အစစအရာရာ နွမ်းစုတ်ချာလှသော်လည်း သား အမိနှစ်ယောက်စလုံးမှာ စေတနာကအပြည့်။

နှင်းမှုန်သည် အရွယ်အားဖြင့် ခြောက်နှစ်၊ ခုနစ်နှစ်သာသာ ရှိ သေးသော်လည်း အစစအရာရာ သိတတ်နေပြီ ဖြစ်၏။ ထို့ပြင် မိခင်ခေါ် လာသည့် ကလေးငယ်လေးကိုလည်း သူ့မောင်လေးအရင်းသဖွယ် ခံစား နေ၏။

"အမေ"

"ဘာတုံး သမီးရဲ့"

"ဟို- မောင်လေးကို နာမည်တော့ ပေးမှဖြစ်မှာပေါ့၊ ဘာနာမည် ပေးကြမလဲဟင်"

"နာမည်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ မောင်လေးကို နာမည်တော့ ပေးသင့်တာပေါ့ လို့"

"ဒါဆို ကြွက်နီလို့ခေါ်အေ"

"ဟာ- အမေကလည်း တိရစ္ဆာန်နာမည်ကြီး၊ တခြားနာမည် ပေး ပါ အမေရ"

"အိုအေ၊ စိတ်ရှုပ်ရတဲ့အထဲ"

"နေဦး၊ သမီးရွေးမယ်"





နှင်းမှုန်ကလေးသည် တောင်တောင်ဤဤ စဉ်းစားရင်း ဝမ်းသာ အားရဖြင့် ပြောလိုက်၏။

"အမေ၊ မောင်လေးနာမည်ကို ထွတ်ခေါင်လို့ နာမည်ပေးမယ် လေ။ အမေ ပြောပြတဲ့ ပုံပြင်ထဲက မင်းသားလေး ထွတ်ခေါင်က တအားကို သတ္တိရှိတာ အမေရဲ့။ ဒီတော့ မောင်လေးကို ထွတ် ခေါင်လို့ ခေါ်ကြရအောင်နော်"

"ထွတ်ခေါင်"

"အင်းလေ၊ အဲဒီနာမည် မကောင်းဘူးလား"

"ကောင်းသားဟဲ့၊ ထွတ်ခေါင် ဟုတ်လား"

"ဟုတ်တယ်လေ ထွတ်ခေါင် ဟင်းဟင်း။ မင်းနာမည် ထွတ်ခေါင် နော် ကြားလား၊ မမကြီးပြောတာ ကြားလားလို့"

နှင်းမှုန်သည် ခြေကားရားလက်ယားရားနှင့် သူတို့ကို ပြူးတူး ကြောင်တောင် ကြည့်နေသော ကလေးငယ်ကို ထွတ်ခေါင်ဟု အမည်ပေး လိုက်၏။ မဖွားမှီကလည်း သမီးပေးလိုက်သည့် နာမည်ကို ခေါင်းတညိတ် ညိတ်ဖြစ်နေ၏။

ထိုအချိန်မှစ၍ ကလေးငယ်၏ အမည်မှာ ထွတ်ခေါင်ဟု အမည် တွင်သွားလေ၏။ နှင်းမှုန်တစ်ယောက် ထွတ်ခေါင် ရောက်လာသည့် အချိန်မှစ၍ မောင်ငယ်တစ်ဦး ကောက်ရလာသည့်အလား ကြည်နူးနေ၏။ သူ့စပ်တစ်ပေါက် တိုးလာသဖြင့် မဖွားမှီခမျာ နေ့ညမနားရ။ လက်သည် အလုပ်အပြင် ဒိုင်မှာ ငါးခွဲ၊ ဖားခွဲအလုပ်များကိုလည်း လုပ်ခဲ့ရ၏။

သားအမိနှစ်ယောက် အစားအသောက်ကအစ လျှော့စားခဲ့ကြ၏။ နှင်းမှုန်ကလည်း ထွတ်ခေါင်အတွက်ဆိုလျှင် ဘာမဆို အလျှော့ပေးခဲ့၏။ နှလုံးသည်းနှင့် ထွတ်ခေါင်အတွက်သာ လုံးပမ်းခဲ့ကြ၏။ သားအမိနှစ် ယောက် အစားအသောက်ကို ဖြစ်သလို စားသောက်ခဲ့ကြသော်လည်း ထွတ်ခေါင်ကိုတော့ ဝဝလင်လင်ဖြစ်အောင် ကျွေးမွေးခဲ့၏။ ထို့ကြောင့် ထွတ်ခေါင်တစ်ယောက် ဝဖြိုးဖြိုးနှင့် သူတို့နှစ်ယောက်၏ အသည်းစွဲ လေး ဖြစ်နေ၏။

နှင်းမှုန်က သွားလေရာ ထွတ်ခေါင်ကို ချီပိုးပြီး ခေါ်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မဖွားမို့မှာလည်း ထွတ်ခေါင်ကို စိတ်မချနိုင်။ အလုပ်ခွင်သို့ပါ ခေါ်သွားတတ်၏။ သူတို့နှစ်ယောက် သည်းသည်းလှုပ်ဖြစ်နေကြသည်ကိုကြည့်ပြီး ရွာထဲကတောင် နှာခေါင်းရှုံ့တုံ့တုံ့ဖြစ်ခဲ့ကြ၏။

တစ်ချိန်တွင် ရွာကလေးသည် ကြောက်စရာကောင်းလှသော ရာသီဥတုဆိုးကြီးနှင့် ရုတ်တရက် ရင်ဆိုင်ရလေတော့၏။ ထိုစဉ်က ညလယ်ပိုင်း အချိန်အခါဖြစ်ပြီး တစ်ရွာလုံး အိပ်စက်နေသည့် အချိန်အခါဖြစ်၏။ ကမ်းစပ်တွင်လည်း စက်လှေ ခေလးငါးခြောက်စီး ရပ်ထား၏။

သံခဲတို့လူစုသည် ပင်လယ်ပြင်၏ အခြေအနေကိုကြည့်ပြီး ငါးဖမ်းတောင် မထွက်ကြ။ တောင်ဘက်မှ ညို့ညို့ဆိုင်းဆိုင်းတက်လာသော တိမ်သားတိမ်လိပ်များက ကြောက်ခမန်းလိလိ။ ပြိုမလိုညိုယောင်ဆင်နေသော ကောင်းကင်ကြီး၊ လျှပ်စီးတွေကလည်း တဝင်းဝင်းတလက်လက်၊ လျှပ်လက်ပုံကိုကြည့်ပြီး သူ့စိတ်ထဲ မသင်္ကာ။

ထိုအခြေအနေများကြောင့် သူတို့လူစု စက်လှေများ ရပ်နားကာ ရွာပြန်ခဲ့ကြ၏။ ထိုသို့ တညို့ညို့တက်နေသော တိမ်သားကြီးများက သုံးလေးရက်ခန့် ပင်လယ်ပြင်ကို မင်းမူနေ၏။

အုံ့ဩဖွယ်ကောင်းသည်မှာ မိုးသားညိုညိုတို့သည် ညွတ်တွဲအိဆိုင်းနေသော်လည်း မိုးဖွားတစ်မှုန်တစ်စက်မျှ မရွာ။ ကောင်းကင်ပေါ်မှ ရွာတော့မည်ဟန်နှင့်သာ ဟန်ရေးပြနေ၏။ စက်လှေလုပ်သားတို့မှာလည်း ကောင်းကင်ပြင်ကြီးကို ကြည့်ပြီး မကျေမချမ်း ဖြစ်နေ၏။

ရွာရင်လည်း သဲကြီးမဲကြီး ရွာချလိုက်စေချင်၏။ ထိုသို့ ဟန်ရေးချဲ့နေသည်ကို သူတို့အားလုံး အားမလိုအားမရ အခံရခက်လှသည့်စိတ်နှင့် တောက်တခေါက်ခေါက် ဖြစ်နေ၏။

သို့နှင့် ငါးရက်ခန့်အကြာတွင် လေငြိမ်ကျသွားခဲ့၏။ မှိုင်းညို့ညို့ ပင်လယ်ပြင်ကြီးတွင် အသံဗလံများ ပျောက်ဆုံးသွားသဖြင့် လှေလုပ်သားများ ထိတ်လန့်နေ၏။ တစ်ရွာလုံး ထိတ်ထိတ်ပျာပျာ ဖြစ်နေ၏။ ထိုစဉ် ပင်လယ်ပြင်အရှေ့ဘက်မှ ကြောက်စရာကောင်းလှသော အော်သံကြီးပေါ်ထွက်လာကာ မိုးသက်မုန်တိုင်းကြီးများ ရုတ်တရက် ကျရောက်လာလေ၏။



အော်သံတွေကလည်း ဝက်ဝက်ကွဲ၊ လေပြင်းမုန်တိုင်းကြီးတွေလည်း ခြောင်းဆန်နေအောင် တိုက်ခတ်လာသည်မို့ ပင်လယ်ပြင်တစ်ခုလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့၏၊ အော်သံကြီးများနှင့် လှိုင်းလုံးကြီးများ လူးခနဲ လိမ့်ခနဲ တက်လာကာ အရှိန်အဟုန်ပြင်းစွာနှင့် ရွာဘက်သို့ ဝါးလုံးထိုး ဝင်ရောက်လာလေတော့၏။

“ဟာ- လှိုင်း. . . လှိုင်းကြီးတွေဟေ့”

“ကယ်ကြပါဗျို့”

“ပြေး. . . ပြေးကြ”

“ဟာ- ဟိုမှာ လာနေပြီ”

“ပြေးကြဟေ့၊ ပြေးကြဟ”

ရုတ်တရက် ဝင်လာသော လှိုင်းလုံးကြီးများက ကမ်းခြေရှိ ငါးစင်တဲကလေးများကို ဖြိုလှဲဝါးမျိုသွား၏၊ လှိုင်းတွေကြားထဲ အိမ်ကလေးများ ပြားချပ်ကြေမွသွားခဲ့၏။

ရွာသားတွေအားလုံး ကြောက်အားလန့်အားနှင့် ကုန်းတွင်းပိုင်းကို ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ကြ၏၊ အော်သူအော်၊ ငိုသူငိုနှင့် တစ်ရွာလုံး ခြောင်းဆန်နေ၏။

ရေတွေဝင်လာပြီဆိုတာ ကြားသည်နှင့် မဖွားမိုသည် ထွတ်ခေါင်ကလေးကို ရင်ခွင်ပိုက်ကာ နှင်းမှုန်ကိုဆွဲ၍ ကုန်းတွင်းပိုင်းသို့ ဒရောသောပါး ထွက်ပြေးခဲ့၏။ တစ်ရွာလုံးလည်း ဖရိုဖရဲနှင့် လဲသူလဲပြိုသူပြို ဖြစ်နေကြ၏။

မဖွားမိုတို့ သားအမိသုံးယောက်သည် ပြေးရင်းပြေးရင်း ရွာနှင့် တစ်မိုင်သာသာခန့်ဝေးသည့် ကုန်းမြင့်ပိုင်းသို့ ရောက်ရှိလာကြ၏။ ရွာသားအချို့လည်း သူတို့နှင့်အတူ ပါလာ၏။ ထိုအချိန် တောကျောင်းဆရာတော်ကြီး ရောက်ရှိလာပြီး သူတို့လူစုကို အနောက်ဘက် ကျောင်းဇရပ်ကြီးပေါ်တွင် နေရာချထားပေးလိုက်၏။

သူတို့အားလုံး မအိပ်နိုင်မစားနိုင် ဖြစ်နေကြ၏။ ကုန်းပေါ်က ကြည့်လိုက်တော့ တစ်ရွာလုံး ရေတွေဖုံးနေကာ လှိုင်းတွေ ဝုန်းဒိုင်းနေသည်ကို တွေ့ရ၏။ ထိုအဖြစ်မျိုးက ကြုံရခဲလှ၏၊ ဇရပ်ပေါ် ကျဉ်းကျဉ်း

www.burmeseclassic.com



ကျပ်ကျပ်နှင့် နေထိုင်ကြရင်း ရေဆင်းချိန်ကို မျှော်ခဲ့ကြရ၏။

ရေက တော်တော်နှင့် မကျ။ တစ်ပတ်နီးပါးခန့် စောင့်ဆိုင်းခဲ့ရ၏။ ထိုအတောအတွင်း အစားအသောက် အနေအထိုင်ကအစ ဆင်းရဲလွန်းလှ၏။ မဖွားမိုသည် ဆင်းရဲလွန်းလှသည့် အခြေအနေကို ရင်ဆိုင်နိုင်သော်လည်း ထွတ်ခေါင်နှင့် သမီးငယ်ကလေးတို့ ရှိနေသေးသည်မို့ ကုန်းတွင်းပိုင်းရှိ ရွာများသွားကာ လယ်အလုပ်ကို အငှားလုပ်ခဲ့ရ၏။

ထိုသို့ တပင်တပန်းလုပ်ကိုင်ရင်း ရေအကျကို မျှော်ခဲ့ရ၏။ ရေကျချိန်အရောက်တွင် ရွာသို့ပြန်ခဲ့ကြရာ တစ်ရွာလုံး စိစိမွမွကြေနေသည်ကို တွေ့လိုက်ရ၏။ သို့သော် တစ်ရွာလုံး အင်တိုက်အားတိုက် ပြန်လည်တည်ဆောက်ခဲ့ကြသည်မို့ လေးငါးရက်ခန့် အကြာတွင် တဲကလေးများ ပြန်လည် ပေါ်ပေါက်လာခဲ့၏။

မဖွားမိုတို့ခမျာ စားဖို့တောင်အနိုင်နိုင်ဖြစ်နေသည်မို့ တဲကလေးတစ်လုံး ပြန်ဆောက်ရန်အတွက် အခက်တွေ့နေရ၏။ ထိုအချိန် စက်လှေသူဌေး ဦးခင်မောင်၏ ကောင်းမှုကြောင့် သူတို့မိသားစု သူဌေးပိုင် အိမ်ဝိုင်းထဲ နေထိုင်ခွင့်ရခဲ့လေ၏။

သူဌေးဦးခင်မောင်သည် စိတ်စေတနာ ကောင်းလှ၏။ သူတို့မိသားစုကို ကရုဏာသက်သွားသဖြင့် အစစအရာရာ ကူညီခဲ့၏။ မဖွားမိုကိုလည်း နှမအရင်းသဖွယ် စောင့်ရှောက်ခဲ့၏။ ဦးခင်မောင်က မုဆိုးဖို[ကြီး] တစ်ဦးဖြစ်ပြီး သားထောက်သမီးခံမရှိ။ နှင်းမှုန်နှင့် ထွတ်ခေါင်တို့ကိုလည်း သားသမီး အရင်းအချာသဖွယ် စောင့်ရှောက်ခဲ့၏။

ထိုသို့ နေထိုင်ခဲ့ရာမှ ဦးခင်မောင်နှင့် မဖွားမိုတို့နှစ်ဦး သံယောဇဉ် ဖြစ်သွားကြကာ တစ်အိုးတစ်အိမ် ထူခဲ့ကြလေ၏။ တစ်ရွာလုံးက မဖွားမို၏ ကံကြမ္မာကို အံ့ဩ၍မဆုံးအောင် ဖြစ်နေကြ၏။

တစ်ချိန်က စားစရာတောင်အနိုင်နိုင် ဖြစ်ခဲ့ရသော လက်သည်မဖွားမို၊ သူများခိုင်းသမျှ မိုးထဲလေထဲ မငြိုငြင် လယ်ထဲဆင်းလုပ်ခဲ့ရသော မဖွားမို၊ ဒုက္ခတွေနှင့် ပြည့်ကျပ်မွန်းသိပ်နေခဲ့ရသော ဘဝ။

ယခုတော့လည်း မဖွားမိုဘဝ အံ့ပြောင်းလဲကြီး ပြောင်းလဲခဲ့ရ[ချေပြီ] ဖြစ်၏။ စားဝတ်နေရေး ဒုက္ခလည်း မပူပင်ရတော့။ သူက ဦးခင်မော[င်]



ထက် ဆယ်နှစ်ခန့် ငယ်သည်မို့ ဦးခင်မောင်က မဖွားမိုကို ဂရုစိုက်ခဲ့၏။

နှင်းမှုန်နှင့် ထွတ်ခေါင်တို့မှာလည်း ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်ခဲ့ရသည့် အခြေအနေသို့ ရောက်ခဲ့ပြီမို့ စိုစိုပြည်ပြည်ဖြစ်လာကြ၏။ မဖွားမိုသည် သူ့ကံကြမ္မာကို အံ့ဩ၍မဆုံး။ ဘဝက ဒုက္ခနှင့်အစပျိုးခဲ့ရာမှ ဒုက္ခနှင့်ပင် အဆုံးသတ်သွားလိမ့်မည်ဟု ထင်ခဲ့၏။ ယခုတော့ သူထင်ထားသလို ဖြစ်မလာဘဲ အခြေအနေကောင်းသို့ ရောက်ရှိလာသဖြင့် စိတ်ထဲ ကြည်ကြည်နူးနူး ခံစားနေရ၏။

ထိုအချိန် ဦးခင်မောင်သည် စီးပွားရေးကို အားသွန်ခွန်စိုက် ကြိုးစားခဲ့ရာ စီးပွားတအားတက်လာလေ၏။ စက်လှေ ဆယ်စီးခန့် ပိုင်ဆိုင်လာပြီး ရေလုပ်ငန်းကိုလည်း အကြီးအကျယ် တိုးချဲ့နိုင်ခဲ့၏။ အနီးအနားရှိ ရွာတွေပင် ဦးခင်မောင်၏ ရေလုပ်ငန်းကို အားကိုးနေရ၏။

တစ်နေ့တခြား စီးပွားရေး အခြေအနေတွေ ဒီရေအလား တိုးတက်လာခဲ့သဖြင့် ဦးခင်မောင်သည် မြို့ဘက်တွင် အိမ်ကြီးတစ်လုံး ဝယ်ယူခဲ့ပြီး မဖွားမိုတို့သားအမိကို အကျအနထားခဲ့သဖြင့် မဖွားမိုတစ်ယောက် စိတ်အချမ်းသာကြီး ချမ်းသာနေ၏။

နှင်းမှုန်နှင့် ထွတ်ခေါင်တို့ မောင်နှမနှစ်ဦးမှာလည်း ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်ရသဖြင့် အပျော်ကြီး ပျော်နေကြ၏။

သို့နှင့် အချိန်ကာလတို့သည် တစ်စတစ်စ ပြောင်းလဲလာခဲ့ရာ နှင်းမှုန်တို့ မောင်နှမလည်း အပြိုင်းအရိုင်း ကြီးပြင်းလာခဲ့ကြ၏။ မောင်နှမနှစ်ဦးစလုံးကို အတန်းကျောင်းထားခဲ့သည်မို့ နှင်းမှုန်သည် ထွတ်ခေါင်ကို ခေါ်ဆွဲ၍ ကျောင်းတက်ခဲ့ကြရ၏။

မိခင်ကြီးမှာ မောင်နှမနှစ်ယောက်၏ အခြေအနေကို ကြည့်ပြီး ဝမ်းအသာကြီး သာနေ၏။ တစ်ချိန်က ကျောင်းထားဖို့ နေနေသာသာ စားဖို့အနိုင်နိုင်ဘဝမှ ယခုတော့ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရသော အခြေအနေကိုကြည့်ပြီး သူ့ဘဝသူ အကျေနပ်ကြီး ကျေနပ်နေလေတော့၏။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

အရာရာကို
မေ့ပစ်နိုင်စွမ်းရှိသော်လည်း
အချစ်သည်
အမြဲတမ်း တသသ သတိတရရ ဖြစ်စေရန်
ဖန်တီးလေ့ ရှိပေ၏။

## အခန်း (၁)

ဆယ်နှစ်၊ ဆယ့်ငါးနှစ် ဆိုသော ကာလ၏ အပြောင်းအလဲသည် မနေ့ကနှင့် ဒီကနေ့လိုပင် မြန်ဆန်လွန်းလှ၏။ အချိန်တို့သည် သစ်ရွက်များလို အလီလီ ပြောင်းလဲခဲ့၏။ တဖြုတ်ဖြုတ်ကြွေခဲ့ကြ၏။

တရွေ့ရွေ့ တအိအိ ပြောင်းလဲနေသော ကာလကြား ဦးခင်မောင်တို့ မိသားစုတွင်း အပြောင်းလဲကြီး ပြောင်းလဲခဲ့၏။ လင်မယားနှစ်ယောက်စလုံးလည်း ဇရာပိုင်းသို့ တဖြည်းဖြည်း ချဉ်းကပ်လာကြပြီ ဖြစ်လေ၏။

အချိန်အခါမှာ အင်္ဂလိပ်တို့အပြေး ဂျပန်စစ်မင်းတို့ မင်းမူနေသည့် အချိန်အခါ ဖြစ်၏။ ဥပဒေကလည်း ကသောင်းကနင်း၊ မြန်မာလူထုမှာလည်း ဖက်ဆစ်ဂျပန်တို့ ပြုသမျှ နုနေရသည့်အချိန်အခါ ဖြစ်လေ၏။

လက်နက်ကြီးတွေ တကားကား၊ စစ်မြင်းကြီးတွေ တကြွားကြွားနှင့် မြို့ပေါ်တွင် ဥဒဟို သွားလာနေကြသော ဂျပန်စစ်ဗိုလ်ကြီးများ၏ ဩဇာအာဏာကလည်း ကြောက်ခမန်းလိလိ၊ အမိန့်အာဏာက သူတို့ ပါးစပ်ထဲတွင်သာ ရှိ၏။ သူတို့မျက်စိထဲ စိတ်တိုင်းမကျသူ တွေ့လာလျှင် ဘာဥပဒေမှ မတပ်ဘဲ ဖမ်းဆီးချုပ်နှောင်ကာ နှိပ်စက်တတ်၏။

ထိုသို့ ထင်သလို ခြယ်လှယ် အုပ်စိုးနေသည့် အချိန်ကာလတွင် ဦးခင်မောင်၏ အခြေအနေမှာလည်း စည်းစိမ်ဥစ္စာက တစ်ဟုန်ထိုး တိုးတက်လာခဲ့ရသဖြင့် မြို့ပေါ်မှာပါ လုပ်ငန်းကြီးများဖြန့်၍လုပ်ဆောင်နိုင်ခဲ့၏။ ဦးခင်မောင်၏ အရှိန်အဝါကလည်း မြို့ပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ၏။

ဦးခင်မောင်က လူတစ်မျိုး။ စီးပွားရှာသည့်နေရာတွင်လည်း ရိုးရိုးဖြောင့်ဖြောင့် ရှာတတ်သူ ဖြစ်၏။ မဟုတ်မမှန်စကားလည်း မဆို၊ မဟုတ်မမှန်အလုပ်လည်း မလုပ်။ ဟောဟောဒိုင်းဒိုင်း ပြောတတ်ဆိုတတ်သည်မို့ သူ့ကို လူတိုင်းက ချစ်ကြောက်ရိုသေကြ၏။

နှမြောတွန့်တိုခြင်းလည်း မရှိ။ မရှိဆင်းရဲသူတို့ကို ဖေးမကူညီတတ်သဖြင့် လူအတော်များများက ဦးခင်မောင်ကို ကြည်ညိုခဲ့ကြ၏။ ထို့အပြင် ဦးခင်မောင် တည်ထောင်ထားသော ရေလုပ်ငန်းကြီးမှာလည်း ...မနေ့ပါများ ပို၍ အရှိန်အဝါ ကြီးမားလာ၏။

ထိုအခါ စီးပွားရေးလောက၏ သဘာဝအတိုင်း ပြိုင်ဘက်များ ပေါ်ပေါက်လာခဲ့လေ၏။

ထိုအထဲ ဦးသိန်းမောင်ကြီး ဆိုသော လုပ်ငန်းရှင်က အဆိုးဆုံး။ ဦးခင်မောင်နှင့် ညီအစ်ကို နှစ်ဝမ်းကွဲ တော်၏။ တစ်ချိန်က ဦးခင်မောင် လက်အောက်တွင် လုပ်ကိုင်ခဲ့ရာမှ အခြေအနေကောင်းလာသောအခါ စီးပွားခွဲထွက်ခဲ့ပြီး စက်လှေများ တစ်စီးပြီးတစ်စီး ထူထောင်ခဲ့၏။

ဦးခင်မောင်ထံ လုပ်ကိုင်ခဲ့စဉ်ကအတိုင်း ဦးခင်မောင်၏ စီးပွားရေး နည်းနိဿရည်းများကို အတုယူပြီး လုပ်ခဲ့၏။ ထိုအခါ ဦးသိန်းမောင်ကြီး၏ အခြေအနေကလည်း အရှိန်အဟုန် ကြီးမားစွာနှင့် ပြောင်းလဲလာခဲ့၏။

သို့သော် ဦးခင်မောင်၏ အခြေအနေကို လိုက်မမီ။ ဦးခင်မောင်လို အမြော်အမြင်ကလည်း မရှိ။ ကြိုတင်ပြင်ဆင်မှု အားနည်းလှသဖြင့် စီးပွားရေး အတက်အကျ ရှိနေ၏။ ထိုအခြေအနေကို ဦးသိန်းမောင်ကြီးက ဘဝင်မကျ။ ဦးခင်မောင်၏ ကြီးပွားချမ်းသာမှုကို အမြဲတမ်း မကျေမချမ်း ဖြစ်နေ၏။

တစ်ချိန်ချိန် ဦးခင်မောင်၏ စီးပွားရေးနယ်ပယ် အားလုံးကို လွှမ်းမိုး သိမ်းပိုက်ချင်လှ၏။ ထို့ကြောင့်လည်း ဦးခင်မောင်၏ လုပ်ရပ်အစုံကို နိစ္စဓူဝ စောင့်ကြည့်ခဲ့၏။

ထို့ပြင် ဦးသိန်းမောင်ကြီး၏ စိတ်ဓာတ်က သေးသိမ်လှ၏။ ဦးခင်မောင်ကို အပေါ်စည်းနှင့် ပိုင်းမရလျှင် အောက်စည်းနှင့် အနိုင်ပိုင်းရန်





ဆုံးဖြတ်ထား၏။ ထိုအခါ မြို့ပေါ်တွင် အုပ်ချုပ်ရေးအရ ဩဇာအာဏာရှိသူများကို အသပြာလမ်းခင်း၍ သိမ်းသွင်းရန် ကြိုးစားခဲ့လေ၏။

ထိုအထဲတွင် သူနှင့် တရင်းတနှီး ဖြစ်လာသည့်သူက ဦးမိုးမြေ။ ဂျပန်စစ်ဗိုလ်များနှင့် တရင်းတနှီးရှိသော ပုဂ္ဂိုလ်ကြီး။ အုပ်ချုပ်ရေးပိုင်းတွင် ဦးမိုးမြေသည် ဂျပန်ဗိုလ်များ၏ လက်စွဲတော်။ တစ်နည်းအားဖြင့် ဂျပန်ကင်ပေတိုင်ကြီး ဦးမိုးမြေ။

ဂျပန်စစ်ဗိုလ် မစ္စတာရှိဝါကို ကောင်းကောင်းကြီး စည်းရုံးထားသော ပုဂ္ဂိုလ်ကြီး။ အရှိန်အဝါကလည်း ကြီးလှ၏။ ဂျပန်အုပ်ချုပ်ရေးအဖွဲ့ကပင် သူ့အတွက် ကားတစ်စီး ပေးထား၏။ ဦးမိုးမြေသည် မြို့၏အုပ်ချုပ်ရေး အခြေအနေကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် လုပ်နိုင်၏။

ထိုအခြေအနေကို ဦးသိန်းမောင်ကြီးက မြင်နေသဖြင့် ဦးမိုးမြေကို ငွေခင်းပြီး ပေါင်းသင်းခဲ့လေ၏။ မြို့မျက်နှာဖုံးပွဲများတွင် ဦးမိုးမြေနှင့် တပူးတွဲတွဲ။

ထို့ပြင် ဦးသိန်းမောင်ကြီး၏သမီး ခင်ခင်ဦးနှင့် ဦးမိုးမြေ၏သား မိုးလကျော်တို့ကိုလည်း နှစ်ဖက်သောမိဘများက ပေါင်းဖက်ပေးရန် ရည်စူးထားခဲ့လေ၏။ မိုးလကျော်ကတော့ ခင်ခင်ဦးကို အရှုံးအမူး။ ခင်ခင်ဦးနှင့် အတူနေရမည်ဆိုတော့ မိုးလကျော် မိုးမမြင်လေမမြင်ဖြစ်နေ၏။

မိုးလကျော်က မျက်နှာရှုး။ စုတ်ချွန်းချွန်း၊ ရှည်မျောမျော၊ မျက်လုံးမှုန်မှုန်။ ရုတ်တရက်ကြည့်လျှင် မှင်စာတစ်ကောင်နှင့် တူလှ၏။

ခင်ခင်ဦး အလှကတော့ တကယ့် ဂန္ထဝင်။ နှာတံပေါ်ပေါ်၊ မျက်နှာဖူးဖူး၊ နှုတ်ခမ်းအိတွဲတွဲနှင့် အလွန်မှ စွဲမက်ဖွယ်ပင်။ အရပ်ကလေးကလည်း မြင့်မြင့်သွယ်သွယ်။ ပြောရလျှင် ခင်ခင်ဦး၏အလှက နန်းထိုက်သည့်အလှ။ မိုးလကျော်ကိုတော့ ခင်ခင်ဦး မခံစားတတ်။ မျက်နှာရှုးသလို စိတ်လည်း ရှုးပါဘိ။ မိုးလကျော်ကို မြင်သည်နှင့် ခင်ခင်ဦးတစ်ယောက် အမြဲ ရှောင်နေလေ့ရှိ၏။

ဦးသိန်းမောင်ကြီးကတော့ ဦးမိုးမြေကို သမီးနှင့် မျက်နှာလုပ်၍ ရေမက ပေါင်းသင်းခဲ့၏။ ဦးမိုးမြေကလည်း သားလုပ်သူ မိုးလကျော်ကို ခြင်ငြိမ်သွားစေချင်၏။ မိုးလကျော်ကြောင့် စိတ်ညစ်ရပေါင်းလည်း များ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးလက်ျာက မဟုတ်တာမှန်သမျှ အကုန်လုပ်၏။ အရက်သောက်၊ ဖဲရိုက်၊ မိန်းမ တအား ပွေရှုပ်လှသူ ဖြစ်၏။ ထို့ပြင် အရပ်ထဲမှ လူတွေကိုလည်း ထင်သလို ရိုက်နှက်စော်ကားတတ်၏။ မိန်းမပျို တချို့ဆိုလျှင် ဒူးနှင့် မျက်ရည်သုတ်ရသည်မှာ အကြိမ်ကြိမ်။

ထိုစဉ် ဦးသိန်းမောင်ကြီး၏သမီး ခင်ခင်ဦးကိုမြင်တော့ သားလုပ်သူနှင့် နေရာချထားပေးရန် စိတ်ကူးရှိခဲ့၏။ ခင်ခင်ဦး၏ အနေအထိုင်၊ အပြောအဆို၊ ဣန္ဒြေကြီးမှုကို သဘောအကျကြီးကျပြီး မိုးလက်ျာနှင့် နေရာချထားပေးရန် စီစဉ်ခဲ့၏။ ပထမတော့ မိုးလက်ျာတစ်ယောက် အင်တင်တင်။ ခင်ခင်ဦးအလှကို မြင်ရသောအခါ အစွဲကြီးစွဲသွားခဲ့၏။

ယခုတော့ မိုးလက်ျာတစ်ယောက် ခင်ခင်ဦးမှ ခင်ခင်ဦး ဖြစ်နေလေ၏။ ထိုအခြေအနေကို ဦးသိန်းမောင်ကြီးက အကျေနပ်ကြီး ကျေနပ်နေ၏။ မိုးလက်ျာကို တံခါးမရှိဓား မရှိ ခွင့်ပြုထား၏။

မိုးလက်ျာ လာပြီဆိုလျှင် လက်ဆောင်ပစ္စည်းတွေက တစ်ပုံတစ်ခေါင်း။ စကားကလည်း တဖောင်ဖောင်၊ ကြွားလုံးကလည်း ကြီးပါဘိ။

ခင်ခင်ဦးကတော့ သူ့စကားကို နားခါးလှ၏။ သို့သော် ဖခင်ကြီးကို ကြောက်ရသဖြင့် မိုးလက်ျာကို အလိုက်သင့် ဆက်ဆံနေရ၏။

ထိုအချိန်တွင် ဦးခင်မောင်တို့ ရေလုပ်ငန်း ရောင်းဝယ်ရေးဆိုင်ကြီးကလည်း ကုမ္ပဏီကြီးတစ်ခုပမာ ကျယ်ပြန့်လာ၏။ ဦးခင်မောင်သည် အရွယ်ကလည်း ရလာပြီမို့ မယားဘက်မှ ပါလာသည့် သားဖြစ်သော ထွတ်ခေါင်နှင့် တူဖြစ်သူ ရွှေကျော်တို့ကို လွှဲထား၏။

ရွှေကျော်က ရုံးထိုင်မန်နေဂျာဖြစ်ပြီး ထွတ်ခေါင်ကတော့ ရေလုပ်ငန်းအတွက် တစ်လလျှင် လေးငါးခေါက်ခန့် ခရီးထွက်ရ၏။ ဦးခင်မောင်၏ မြှောက်စားမှုကြောင့် ထွတ်ခေါင်၏ အခြေအနေမှာ အတော်ကလေး အဆင်ပြေနေ၏။

မိခင် မဖွားမှိုနှင့် အစ်မဖြစ်သူ နှင်းမှုန်တို့ကလည်း ထွတ်ခေါင်၏ မြင့်မားလာသော အခြေအနေကို အားရဝမ်းသာ ဖြစ်နေလေ၏။ ထွတ်ခေါင်သည် မိခင် မဖွားမှို၏ သွန်သင်ဆုံးမမှုကြောင့် မွန်မွန်ရည်ရည် ရိုးရိုးဖြောင့်ဖြောင့် စိတ်သဘောရှိ၏။ ကြွားကြွားဝါဝါလည်း ကင်းလှသလို ရိုးရိုးကုပ်ကုပ်လည်း နေထိုင်ခဲ့၏။





တစ်ခါတစ်ရံ သူကိုယ်တိုင် ပင်လယ်ပြင်ခရီးထွက်တတ်ပြီး ပင်လယ်ကမ်းစပ်ရှိ ရွာများနှင့် စာချုပ်စာတမ်းများ ချုပ်ဆို၍ ငါးလုပ်ငန်းများ လုပ်ကိုင်ခဲ့၏။

တစ်ချိန်တွင် ပင်လယ်ပြင်ရွာများမှအပြန် စက်ပျက်၍ အခက်တွေ့နေသော ငါးလှေကြီးတစ်စီးကို တွေ့ရ၏။ တစ်ဖက်သား ဒုက္ခတွေ့နေသည် ဆိုတော့လည်း ထွတ်ခေါင် မနေတတ်။ ထို့ကြောင့်လည်း ပင်လယ်ထဲ မျောပါသွားလုလု စက်လှေကြီးကို မရရအောင် ဆွဲ၍ သူတို့စက်လှေနှင့် ပြန်၍ခေါ်ခဲ့ရ၏။

ထိုအချိန် မိုးသက်လေပြင်းများ ကျရောက်နေသည်မို့ သူတို့လူစု မျောပါလုလုဖြစ်နေသော စက်လှေကို စွန့်စွန့်စားစား ကယ်ခဲ့ရ၏။ နောက်ဆုံး ကမ်းခြေသို့အရောက်တွင် သူတို့ ကယ်တင်ခဲ့သော စက်လှေကြီးမှာ ဦးသိန်းမောင်ကြီးပိုင် စက်လှေကြီး ဖြစ်နေသည်ကို သိလိုက်ရ၏။

ထွတ်ခေါင်ကတော့ သူ့ဖခင်၏ ပြိုင်ဘက်စက်လှေကြီး ဖြစ်နေသော်လည်း ဒုက္ခရောက်နေသည်ကို မကြည့်ရက်နိုင်သဖြင့် ကယ်ခဲ့ခြင်းဖြစ်လေ၏။ ထွတ်ခေါင်တို့သာ မကယ်လျှင် ဦးသိန်းမောင်ကြီး သိန်းပေါင်းများစွာ ပျက်စီးသွားနိုင်လေ၏။

စက်လှေဆရာ ဦးကျော်က ထွတ်ခေါင်ကို အလွန်အမင်း ကျေးဇူးတင်နေ၏။ ထွတ်ခေါင်သည် ဦးကျော်၏ စိတ်စေတနာကို နားလည်သော်လည်း သူကူညီမှုကို ဦးသိန်းမောင်ကြီး မသိစေချင်သလို ဖခင်ကြီး ဦးခင်မောင် သိမှာလည်း စိုးရိမ်၏။

ထို့ကြောင့်လည်း သူကူညီခဲ့မှုကို မေ့ပျောက်ပစ်လိုက်ရန် နှုတ်ပိတ်ခဲ့ရ၏။ သူ့စကားကြောင့် ဦးကျော်သည် ထွတ်ခေါင်၏စိတ်ထားမြင့်မားမှုကို ပို၍ နားလည်သွားခဲ့၏။

အမှန်တော့ စက်လှေများကို ကြီးကြပ်နေရသူမှာ ဦးကျော် ဖြစ်၏။ ဦးကျော်သည် ဦးသိန်းမောင်ကြီး၏ ညီတစ်ဝမ်းကွဲဖြစ်ပြီး ဦးခင်မောင်နှင့် ဦးသိန်းမောင်ကြီးတို့၏ ပြိုင်ဆိုင်မှုအခြေအနေကိုလည်း သိထားသူဖြစ်၏။

သို့သော် ပြိုင်ဘက်တစ်ဦး၏သား အကူအညီကြောင့် တန်ကြေး



www.burmeseclassic.com

www.burmeseclassic.com



များစွာရှိသည့် စက်လှေ ချော်ချောမောမော ပြန်လည် ရောက်ရှိလာသည်မို့ ထွတ်ခေါင်ကို ကျေးဇူးအတင်ကြီး တင်နေမိ၏။

ထိုအကြောင်းအရာနှင့် စပ်လျဉ်းပြီး ဦးကျော်နှင့် ထွတ်ခေါင်တို့နှစ်ဦး ရင်းနှီးသွားခဲ့ကြ၏။ ဦးကျော်က ဦးသိန်းမောင်ကြီးလို မဟုတ်၊ အလိုလောဘလည်း နည်းလှ၏။ ရိုးရိုးကုပ်ကုပ် နေတတ်ထိုင်တတ်သူဖြစ်ပြီး သမီးငယ် ထားထားမှာလည်း သူနည်းတူ အေးအေးရိုးရိုးကြီးပင် ဖြစ်၏။

ဦးကျော်သည် ထွတ်ခေါင်ကို သူတို့အိမ်ဆီ အလည်အပတ် ခေါ်တတ်၏။ ထွတ်ခေါင်၏ ရိုးသားမှု၊ တည်ကြည်မှုကို ဦးကျော်တို့သားအဖနှစ်ယောက်စလုံးက အသိအမှတ်ပြုခဲ့၏။

ထားထားနှင့် ထွတ်ခေါင်တို့မှာ အရွယ်အားဖြင့် တူညီကြ၏။ ထားထားက ရိုးရိုးအေးအေးကြီးဖြစ်၍ ထွတ်ခေါင်လာလျှင် ရှက်ကိုးရှက်ကန်းနှင့် အိမ်တွင်းပုန်းလုပ်တတ်၏။

ထွတ်ခေါင်သည် ထားထား၏ ရှက်ကိုးရှက်ကန်း အမူအရာကို ပီတိဖြစ်နေ၏။ သူနှင့် နှစ်ယောက်ချင်းဆုံလျှင်တောင် ထားထား၏ အပြုအမူများက ရှက်သွေးတဖြန်းဖြန်း။ သူ့ကိုလည်း စကားမဆို၊ ကြောင်စီစီအိုးတိုးအမ်းတမ်းနှင့် နေတတ်၏။

ထွတ်ခေါင်သည် ထားထား၏ အေးချမ်းနုသက်သော အသွင်ကလေးကို ကြည့်ကာ တစိမ့်စိမ့် ပီတိဖြစ်ရ၏။

သနပ်ခါးနှစ်ရောင်လို ဝင်းစိုနေသော အသားအရေ၊ ရွှန်းလဲ့လဲ့မျက်ဝန်းလေးများ၊ ဖောင်းမို့မို့ ပါးအစုံ၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် အလွန်မှ စွဲမက်ဖွယ်ကောင်းသော အလှပိုင်ရှင်လေး။ ထားထားကို မြင်ရလျှင် သူ့ရင်ထဲ အငြိမ်းချမ်းကြီး ငြိမ်းချမ်းသွားသလိုပင်။ ထားထားနှင့် တရင်းတနှီး ပြောဆိုလိုသော်လည်း ထားထားက အမြဲတမ်း တရှောင်ရှောင်လုပ်နေသည်မို့ ထွတ်ခေါင် ခွင့်လွှတ်ခဲ့ရလေ၏။

တစ်ရက်တွင် ဦးကျော်၏ ဖိတ်ခေါ်မှုကြောင့် ထွတ်ခေါင် ဦးကျော်တို့ နေထိုင်ရာလမ်းထဲ ရောက်လာ၏။

ဦးကျော်က ထွတ်ခေါင်ကို သူငယ်ချင်းပေါင်း ပေါင်းခဲ့၏။ ပင်လယ်ပြင်က ထူးထူးဆန်းဆန်း သားငါးသတ္တဝါများ ရှိလာလျှင် သူကိုယ်





တိုင် ချက်ပြုတ်ပြီး ထွတ်ခေါင်နှင့် နှစ်ယောက်သား စားသောက်တတ်၏။

ယခုလည်း ပင်လယ်ပြင်အလုပ်သမားများဆီမှ ရလာသော ပင်လယ်ပုစွန်ကြီးတစ်ကောင်ကို ကိုယ်တိုင်ချက်ပြုတ် စီစဉ်နေ၏။

ထိုအချိန် ထွတ်ခေါင် ခြံထဲဝင်ခဲ့ရာ ခြံထဲမှ ထွက်လာသော စက်ဘီးတစ်စီးနှင့် ရုတ်တရက် တိုးမိသွားလေ၏။

"အို"

"ဟာ- အောင်မယ်လေး"

"အို- ဘုရား ဘုရား၊ ရှင်. . . ရှင်"

"ရ. . . ရပါတယ်"

ရုတ်တရက်မို့ သူလည်း မရှောင်သာဘဲ နံဘေးလမ်းပေါ်သို့ ခွေခနဲလဲကျသွားခဲ့၏။ စက်ဘီးပေါ်မှ ရင်ကလေးတဖိဖိနှင့် ဆင်းလာသူက သိန်းမောင်ကြီး၏သမီး ခင်ခင်ဦး။ ထားထားဆီ အလည်အပတ် ရောက်လာကာ စကားစမြည် ပြောဆိုပြီး စက်ဘီးစီး၍ ခြံပြင်သို့ ထွက်လာခြင်းဖြစ်၏။

ထွတ်ခေါင်သည် လဲကျနေရာမှ မနည်းကြီး ထူထလိုက်ရ၏။ စက်ဘီးပေါ်မှ ဆင်းလာသော အမျိုးသမီးငယ်ကိုကြည့်ပြီး သူ အံ့ဩနေ၏။

ထိုစဉ် ခင်ခင်ဦးက-

"ရှင်. . . ရှင်၊ ဘာ. . . ဘာဖြစ်သွားသေးလဲ။ မတော်လို့ပါရှင်၊ ကျွန်မ တောင်း. . . တောင်းပန်ပါတယ်နော်"

"ရ. . . ရပါတယ်ဗျာ၊ နည်းနည်း ပွန်းပဲ့သွားတာပါ"

"ရှင်ဘယ်သူလဲ"

"ဗျာ"

"ဩော်- ရှင် ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

"ဟို. . . ဟိုဒင်း ဦးလေးကျော် ခေါ်ထားလို့ပါ၊ ညီမက ထားထားနဲ့ တအားဆင်တာပဲနော်"

"ကျွန်မနာမည် ခင်ခင်ဦးလေ၊ မမထားနဲ့ ညီအစ်မ တစ်ဝမ်းကွဲတော်တယ်"

"ဩော်- ညီအစ်မတွေကိုး၊ အား. . . ကျွတ်ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"အတော်နာသွားလား၊ ဟို- ကျွန်မ ဆေးခန်းလိုက်ပို့ပေးရမလား"

"ရ. . . ရပါတယ်ဗျာ"

"ဒါ. . . ဒါဆို သွားပြီနော်"

ခင်ခင်ဦးက သူ့ကို ပြုံးတုံ့တုံ့ အမူအရာနှင့် ကြည့်ကာ လဲနေသော စက်ဘီးကို ပြန်ထောင်၍ ခြံထဲမှ လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွား၏။

ထိုအချိန် သူတို့နှစ်ဦး၏ အဖြစ်အပျက်ကို အိပ်ခန်းပြတင်းပေါက်မှ မြင်သွားသူက ထားထား။ ခြံထဲ ထော့နင်းထော့နင်း ဝင်လာသော ထွတ်ခေါင်ကိုကြည့်ပြီး ကရုဏာသက်သွား၏။

ထို့ကြောင့်လည်း အိပ်ခန်းထဲမှ ထွက်ကာ ဖခင်ကြီးကို အလျင်အမြန် ပြောပြလိုက်၏။

"ဘာ- စက်ဘီးအတိုက်ခံရတယ်"

"ဟုတ်တယ်၊ ခင်ဦးစက်ဘီးနဲ့ တိုက်မိတာလေ"

"ဟာ- ဒီကောင်မလေးကလည်း နမော်နမဲ့နိုင်လိုက်တာကွာ၊ မောင်ထွတ် ဘာများဖြစ်သွားပါလိမ့်"

ပြောပြောဆိုဆိုနှင့် သားအဖနှစ်ဦး အိမ်ပြင်သို့ ထွက်လာ၏။ ထိုစဉ် ထွတ်ခေါင် အိမ်တံခါးဝေါက်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

"မောင်ထွတ်၊ မင်း စက်ဘီးတိုက်ခံရလို့ဆို။ ဘယ် ဘယ်ထိသွားသေးလဲ၊ ခင်ဦးတို့ကတော့ . . ."

"ရပါတယ် ဦးရယ်၊ ရုတ်တရက် ဆိုတော့ သူလည်း သတိထားမိမှာ မဟုတ်ဘူး"

"အိုကွာ၊ ဒီကောင်မလေးကတော့ စိတ်မြန်လက်မြန် တယ်ရှိတာကိုး။ လာလာ သမီး မိထား"

"ရှင်- ဖေဖေ"

"ကိုထွတ်အတွက် ဆေးလေးဘာလေး သွားယူပါဦး။ ထိုင်ကွာ၊ တော်တော် ပြင်းသလားကွ"

"ရပါတယ် ဦးလေးကျော်"

"ဘယ်ဟုတ်မှာလဲကွာ၊ တော်တော်ဆိုးတဲ့ ကောင်မလေးပဲ၊ စိတ်ကလည်း လက်တစ်ဆစ်ကွ၊ လာမှ ဆူရဦးမယ်"





"မဆူပါနဲ့ ဦးရယ်၊ သူလည်း တမင်လုပ်တာမှ မဟုတ်ဘဲ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ထားထားတစ်ယောက် ဆေးပုလင်းလေးငါးလုံးနှင့် ရောက်လာ၏။ ထားထားအသွင်က အတော်ကလေး စိုးရိမ်ကြီးနေသည့်ပုံပင်။

"ရော့- ဟောဒီဆေးလေး လူးလိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

"ပတ်တီးလည်း စည်းလိုက်နော်၊ ရရဲ့လား"

"ရပါတယ် မထား"

ဟန်လုပ်၍သာ ပြောရသော်လည်း ခြေထောက်တစ်ခုလုံး နာကျင်နေ၏။ ထားထားထံမှ ဆေးဘူးကို လှမ်းယူရင်း ခြေထောက်ကို လိမ်းလိုက်၏။ ဦးကျော်တို့သားအဖလည်း ထွတ်ခေါင်ကို ကြည့်ပြီး စိတ်ပူနေ၏။

"စည်းပေးလိုက်စမ်းပါ သမီးရယ်"

"ရ. . . ရပါတယ်"

"အို- ဘယ်ရမှာလဲ၊ ဖယ်ဖယ် ကျွန်မ စည်းပေးမယ်။ တော်တော်နာနေလားဟင်၊ ခင်ဦးက ဖွတ်တရွတ်"

"ရပါတယ် မထားရယ်"

ထားထားသည် သူ့ဘေးနား ရောက်လာကာ ဆေးလူး၍ ပတ်တီးစည်းပေးလိုက်၏။ ထားထား၏ အပြုအမူက ညင်သာလှ၏။ သူ ထားထား၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိ၏။

"အို- ဟို. . . ဟိုဒင်း"

"ရ. . . ရပြီဗျ"

နှစ်ယောက်သား ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ ထားထား၏ နီထွေးထွေး လက်အစုံကလေးနှင့် ထိတွေ့ရသည်ကို ထွတ်ခေါင် ရင်တခုန်ခုန် ခံစားနေရ၏။ ထားထား၏ ရင်ထဲလည်း သူစိမ်းယောကျ်ားတစ်ယောက်၏ ခြေထောက်ကို ယခုတစ်ကြိမ်သာ ကိုင်တွယ်ဖူးသည်မို့ တုန်တုန်လှုပ်လှုပ် ဖြစ်နေရ၏။ ပွန်းပဲ့သွားသည့်နေရာကို ထားထားက ပတ်တီးဖြူဖြူလေး စည်းနှောင်ပေးလိုက်၏။

"သက်သာရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ် မထားရယ်၊ ကျေးဇူးတင်ပါတယ်"

"ညီမလေးခင်ဦးက စိတ်မြန်လက်မြန် သိပ်ရှိတာ၊ တောင်းပန်ပါတယ် ကိုထွတ်ရယ်။ သူလည်း ကြောက်ကြောက်နဲ့ ထွက်သွားတယ် ထင်ပါရဲ့"

"ရပါတယ် မထား၊ ဒဏ်ရာက မဖြစ်စလောက်ပါ"

"အေးကွာ၊ ခင်ဦးတို့ကတော့ လုပ်လိုက်မှဖြင့် နမော်နမဲ့ချည်းပဲ။ ငါက ပင်လယ်ပုစွန်တစ်ကောင် ရထားလို့ ကိုယ်တိုင် ချက်ထားတာကွ၊ စားပြီးမှ ပြန်ကွာ။ ကိုင်း- မိထားက ပြင်စရာရှိတာ ပြင်ပေတော့ဟေ့"

"မြည်းမြည်းပေါ့ ဦးကျော်ရယ်"

"မင်းလည်း ဆာရောပေါ့ကွာ၊ ပြင်ဟေ့"

ဦးကျော်က ဇွတ်တရွတ်၊ သူလည်း ဘာမှ မပြောသာ။ ထားထားသည် သူ့ကို ဝေစ်ချက် လှမ်းကြည့်ရင်း မီးဖိုချောင်ထဲ ဝင်သွား၏။ ထွတ်ခေါင်၏ အကြည့်တွေက သူ့စိတ်နှလုံးကို ကသောင်းကနင်း ဆန်သွားစေ၏။ မီးဖိုချောင်ထဲ ရောက်သည်အထိ ရင်တွေခုန်နေဆဲ။

ထွတ်ခေါင် ရောက်လာလျှင် သူ့စိတ်ထဲ ပျော်သလို ခံစားမိ၏။ အေးတိအေးစက် အသွင်များလည်း သွက်လက်လာ၏။ သူ့ကိုယ်သူလည်း နားမလည်နိုင်တော့။ အရှင်းဆုံး ဝန်ခံရလျှင် ထွတ်ခေါင် သူ့ကို ဖမ်းစားချုပ်နှောင်လိုက်သည့်အသွင်ပင်။

ယခုလည်း ထွတ်ခေါင်၏ အသွင်သဏ္ဌာန်နှင့် ထွတ်ခေါင်၏ စကားသံများ ကြားနေရတော့ သူ့ရင်ထဲ ကြည်နူးသလိုလို၊ ဝမ်းသာသလိုလို ပင်။ ထို့ပြင် ခင်ခင်ဦးစက်ဘီးနှင့် တိုက်မိသည်မို့ စိုးရိမ်စိတ်တွေကလည်း ပိုနေမိ၏။

ဖခင်ကြီးနှင့် ထွတ်ခေါင်တို့နှစ်ဦး စားသောက်နေစဉ် ထားထား တစ်ယောက် တရစ်ဝဲဝဲလုပ်နေ၏။ ထွတ်ခေါင်ကိုလည်း မရဲတရဲနှင့် ခိုးဝှက်ကြည့်မိ၏။ နှစ်ယောက်သား အကြည့်ချင်းဆုံကြသောအခါ အိုးတိုးအမ်းတမ်းနှင့် ရင်တွေ ဖိုဖိုလှိုက်လှိုက် ခံစားနေကြရလေ၏။

ထွတ်ခေါင် ပြန်သွားတော့ သူ့ရင်ထဲ နွမ်းလျညှိုးငယ်သွားသလို ခံစားလိုက်ရ၏။ အချိန်တိုင်း ထွတ်ခေါင်ကို မြင်ချင်တွေ့ချင်နေသည့် စိတ်ဆန္ဒကို သူကိုယ်တိုင် အံ့သြ၍မဆုံး။



သို့နှင့် ထွတ်ခေါင် ပြန်သွားပြီး နှစ်ရက်ခန့်အကြာတွင် ခင်ခင်ဦး ရောက်လာ၏။ ခင်ခင်ဦးသည် ရောက်ရောက်ချင်း ထားထားကို ထွတ်ခေါင်အကြောင်း မေးမြန်းလေ၏။ ထားထားကလည်း စိတ်ကလေး တတိုတိုနှင့် ပြောမိ၏။

"အဲဒီနေ့က သူ အတော်ကလေး နာသွားတာ ခင်ဦးရဲ့၊ ညီမလေး ကလည်း အရမ်းချည်းပဲကွယ်၊ ဟိုခင်မျာ နာလွန်းလို့ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်ဘူး"

"အို- ဟုတ်လား၊ ခင်ဦးလည်း သူ့ကို ရုတ်တရက်ဆိုတော့ မမြင်တာ အမှန်ဘဲ မမထားရဲ့။ မမထားလူက ချောတယ်နော်"

"ဟဲ့ကောင်မလေး၊ ဘာတွေပြောနေတာလဲ"

"ဟင်- မမထားလူ မဟုတ်ဘူးလား"

"အို- မဟုတ်တာ သူက ဖေဖေ့မိတ်ဆွေ။ မမထားနဲ့ အသေအချာတောင် စကားပြောဖူးတာ မဟုတ်ဘူး"

"ဟုတ်လား၊ ဒါဆို ဟီးဟီး"

"ဟဲ့- ဘယ်လိုဖြစ်နေတာလဲ"

"မမထားကလည်း၊ အဲဒီအစ်ကိုက တအား ယောကျ်ားပီသတာ ဆိုတော့. . ."

"အို- ဒီကောင်မလေး မဟုတ်တာတွေ ပြောနေပြန်ပြီ၊ အေး- ညည်းလုပ်တာနဲ့ ကျုပ် ပတ်တီးတောင် စည်းပေးလိုက်ရသေးတယ်။ တောင်းလည်း တောင်းပန်လိုက်ရသေးတယ်"

"ဟုတ်လား၊ ဒါ. . . ဒါဆို မမနဲ့ စကားပြောဖူးသွားတာပေါ့။ ဒါဆို ညီမလေးနဲ့ မိတ်ဆက်ပေးပါလားဟင်"

"ဘယ်လို"

"ဟုတ်တယ်လေ မမထားရဲ့၊ ခင်ဦး သူ့ကို တောင်းလည်း တောင်းပန်ချင်တယ်။ ပြီးတော့ ဟီးဟီး ရင်းလည်းရင်းနှီးချင်တယ်"

"ကောင်မလေးနော်"

www.burmeseclassic.com



"မမတလည်း မမှလူမှ မဟုတ်သေးတာ"

"အို"

ခင်ခင်ဦး၏စကားက သူ့ရင်ထဲ ဆို့လို့ခုလု ဖြစ်သွားစေ၏။ ခင်ခင်ဦးကတော့ သူ့အံ့တွေးနှင့်သူ ကြည်နူးနေ၏။ ထွတ်ခေါင်ကို စိတ်ထဲ ခံစားနေမိ၏။ သူ့ကြောင့် ထိထိခိုက်ခိုက် ဖြစ်သွားရသည်မို့ စိတ်မကောင်းဖြစ်ရ၏။ ထားထားပြောမှ ပို၍ပို၍ ခံစားမိသလိုပင်။ ထိုအထဲ ထားထားနှင့် မည်သို့မျှ မပတ်သက်သေးမှန်း သိလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

သို့နှင့် တစ်ရက်တွင် ထွတ်ခေါင်နှင့် ခင်ခင်ဦးတို့ ဦးကျော်၏အိမ်တွင် ဆုံမိခဲ့ကြ၏။

ထားထားကလည်း ခင်ခင်ဦးကို ထွတ်ခေါင် မည်သူမည်ဝါ ဆိုတာ မသိစေချင်။ ပြောပြလိုက်လျှင်လည်း အခြေအနေက ပို၍ ရှုပ်ထွေးနိုင်သည်မို့ ရေငုံနှုတ်ပိတ်နေလိုက်ရ၏။

ခင်ခင်ဦးသည် ထွတ်ခေါင် အိမ်ပေါ်ရောက်လာသည်နှင့် အိပ်ခန်းထဲမှ အပြေးထွက်သွား၏။ ထွတ်ခေါင်သည် ခင်ခင်ဦးကိုမြင်တော့ ရုတ်တရက် အံ့ဩနေ၏။

"ဟင်- ခင်. . . ခင်ဗျား"

"ဟုတ်တယ်လေ၊ ခင်ဦးလေ။ ဟိုတစ်လောကကိစ္စ တောင်းပန်ချင်လို့ ကိုထွတ်ရဲ့"

"ဗျာ"

ခင်ခင်ဦး၏ ဆက်ဆံမှုက ပွင့်လင်းနွေးထွေးလှ၏။ ထွတ်ခေါင် ဘာပြောလို့ ပြောရမှန်းပင် မသိ။ ထိုစဉ် ခင်ခင်ဦးက ထွတ်ခေါင်၏ ဘေးတွင် ဝင်ထိုင်လိုက်၏။ ပိုးသားရောင် ဆင်တူဝတ်ဆင်ထားသော ခင်ခင်ဦး၏အလှကား စွဲမက်ဖွယ်ရာပင်။

ထွတ်ခေါင်သည် ခင်ခင်ဦး၏ အလှကလေးကို ကြည့်ရင်း ရင်ထဲ မောမောလှိုက်လှိုက် ခံစားရ၏။ ထိုစဉ် ခင်ခင်ဦး၏ စကားသံ လွင်လွင်ကလေး ထွက်လာ၏။

"ဟိုတစ်ခါ ဖြစ်ခဲ့တာကို ခင်ဦး တောင်းပန်ပါတယ် ကိုထွတ်ရယ်



အဲဒီနေ့က ခင်ဦးလဲည်း အရေးကြီးတဲ့ကိစ္စကလေးရှိနေတာနဲ့ ကိုထွတ်ကို အသေအချာ မတောင်းပန်ခဲ့ရဘူးလေ။ ခင်ဦးကို ခွင့်လွှတ်တယ် မဟုတ်လား"

"ခွင့်. . . ခွင့်လွှတ်ပါတယ် မခင်ဦးရယ်"

"အို- ရှေ့က မကြီးမတပ်စမ်းပါနဲ့၊ ခင်ဦးလို့ပဲ တိုတိုတုတ်တုတ်ခေါ်ပေါ့"

"ဗျာ၊ ဟုတ်. . . ဟုတ်ကဲ့"

"အင်း. . . ကိုထွတ်က ခင်ဦးကို မခင်ချင်သလိုပဲနော်၊ ဘာလဲ ခင်ဦးကို စိတ်ဆိုးနေတာလား"

"ဟာ- မဟုတ်ရပါဘူးဗျာ၊ ခင်ပါတယ်။ အဲဒီနေ့ကကိစ္စ သိပ်လည်း မဟုတ်လှပါဘူး၊ ရပါတယ်ဗျာ"

"ဒါဆိုရင်ပြီးရော၊ ခင်ဦးကို လမ်းမှာတွေ့ရင် ခေါ်နော်။ ခင်ဦးကတော့ တွေ့တာနဲ့ ခေါ်မှာပဲ ဟင်းဟင်း"

"ခေါ်ပါ့မယ်ဗျာ"

"ဟုတ်ပြီ၊ ခုမှ ခင်ဦး သတိရတယ်"

"ဘာလဲ ခင်ဦး"

"ဟို. . . ဟိုလေ၊ ဒီလမကုန်ခင် ခင်ဦး မွေးနေ့ပွဲလုပ်မှာ။ အဲဒီ မွေးနေ့ပွဲမှာ ကိုထွတ်ကို ခင်ဦး အထူး ဧည့်သည်အဖြစ်နဲ့ ဖိတ်မယ် လာရမယ်နော်၊ မလာလို့ကတော့ အိမ်အထိ လိုက်ခေါ်မှာပဲ"

"ဟာ- ခင်ဦးကလည်း ဖိတ်ရင်တော့ လာရမှာပေါ့"

"တကယ်"

"တကယ် ပြောတာပါဗျာ"

ခင်ခင်ဦး၏အသံက ချွဲချွဲနွဲ့နွဲ့ အသံကလေးတွေ ပါပါလာ၏။ ထွတ်ခေါင်မှာလည်း ခင်ခင်ဦး၏ ရဲရဲတင်းတင်း ဆက်ဆံမှုကြောင့် ရယ်ချင်မောမော ဖြစ်နေ၏။ ထိုအခြေအနေကို အကွယ်အဖုံးကြားမှ ကြည့်နေသူက ထားထား။

ထွတ်ခေါင်နှင့် အကြိမ်ပေါင်းများစွာ ဆုံစည်းခဲ့သော်လည်း ယခု

www.burmeseclassic.com

လောက် မရင်းနှီးခဲ့။ ခင်ခင်ဦးလိုလည်း စကားတွေ ဖောင်နေအောင် မပြောတတ်။ ထွတ်ခေါင်၏ ရယ်ရယ်မောမောအသွင်ကို တွေ့ရတော့ သူ့ရင်ထဲ လေးလံညှိုးငယ်သွားသလိုပင်။

စိတ်ထဲ အလိုမကျသလိုလို ခံစားနေရသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩနေမိ၏။ ထိုအချိန်တွင် ထွတ်ခေါင်၏ အကြည့်တွေမှာ တစ်စုံတစ်ခုကို ဖွေရှာနေသလိုပင်။ ခင်ခင်ဦးသည် ထွတ်ခေါင်ကိုကြည့်ပြီး နှုတ်ခမ်းလေးတစူစူနှင့် မေးလိုက်၏။

"ဘာရှာနေတာလဲလို့"

"ဗျာ၊ ဟို. . . ဟိုဒင်း"

"မမထားကိုလား"

"ဟုတ်. . . ဟုတ်ပါဘူး၊ ဟို- ကျွန်တော် ပြန်တော့မလို့"

"ပြန်မယ်၊ ဦးလေးကျော်ကို မစောင့်တော့ဘူးလား"

"ကျွန်တော့်မှာ ကိစ္စလေး နည်းနည်းရှိသေးလို့ပါ ခင်ဦး။ နောက်မှ ဆုံကြတာပေါ့နော်"

"ဒါဆို မွေးနေ့ဖိတ်ရင် လာမှာသေချာတယ်နော်"

"ဟာ- လာမှာပေါ့ဗျာ"

"မလာလို့ကတော့ ခင်ဦးကိုယ်တိုင် အိမ်လိုက်လာမှာ သေချာတယ်"

"ဟားဟားဟား ခင်ဦးကလည်းဗျာ၊ စိတ်ချပါ ဖိတ်သာဖိတ်လိုက်၊ ကဲ- ဒါဆို ကျွန်တော် သွားပြီနော်"

ထွတ်ခေါင်တစ်ယောက် ခင်ခင်ဦးကို နှုတ်ဆက်ကာ အိမ်ကြီးပေါ်မှ ဆင်းသွား၏။

ခင်ခင်ဦး၏ ရဲတင်းမှုက သူ့ကို ထိတ်ထိတ်ပျာပျာဖြစ်သွားစေ၏။ ခင်ခင်ဦး၏ အလှက အပြစ်ပြောစရာ တစ်စက်ကလေး မမြင်။ အရှင်းဆုံးပြောရလျှင် ခင်ခင်ဦး၏ အသွင်က မင်းကြိုက်စိုးကြိုက်အသွင်။

ခင်ခင်ဦး၏ အကြည့်၊ ခင်ခင်ဦး၏ အလှ၊ ခင်ခင်ဦး၏ အရယ် အပြောတို့က တစ်ဖက်သားကို ခံစားသွားစေနိုင်၏။ သူလည်း ရင်တွေ ဗလောင်ဆူသွားခဲ့၏။ သို့သော် ထားထား၏ အကြည့်အေးအေးလေးတွေ



လောက်တော့ သူ့ကို မဖမ်းစားနိုင်။ ထို့ပြင် ခင်ခင်ဦးဖခင်နှင့် သူ့ဖခင်ကလည်း ဘယ်လိုမှ အစေးမကပ်သည့် လူနှစ်ယောက်။ ခင်ခင်ဦးနှင့် သူ မရင်းနှီးဝံ့။ ထို့ကြောင့်လည်း ယခုလို ရှောင်တိမ်းခဲ့ရခြင်း ဖြစ်၏။

ထိုအချိန်တွင် နှုတ်ခမ်းလေး စူပွစူပွနှင့် ကျန်ရစ်ခဲ့သူက ခင်ခင်ဦး ထားထားရှေ့ထိုင်ကာ အလိုမကျသည့်အသွင်နှင့် ပြောဆိုနေ၏။

"တော်တော် ကြီးကျယ်တဲ့လူ၊ ခင်ဦး လုံးဝ မကျေနပ်ဘူး"

"ဩော်- ခင်ဦးကလည်းကွယ်၊ ကိုထွတ်က စိတ်စေတနာ ဖြူစင်တဲ့လူပါကွယ်။ မထားအမြင်တော့ ခင်ဦးကို သူ ရဲရဲမဆက်ဆံဝံ့တာလည်း ဖြစ်နိုင်ပါတယ်၊ ရင်းနှီးသွားတော့လည်း ကိုထွတ်က ခင်မင်စရာကောင်းပါတယ်"

"အို- သူ့ပုံစံက ဆက်ဆံချင်သလိုလို မဆက်ဆံချင်သလိုလိုနဲ့"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်"

"မထားနော်၊ မထားလူကို မထား မကာကွယ်နဲ့"

"ဟဲ့ဟဲ့- မထားလူ မဟုတ်ပါဘူးကွယ်၊ မထားက စေတနာနဲ့ ပြောတာပါ"

"ဒါဆိုလည်းပြီးရော၊ မထားကသာ ပြောနေ အဲဒီလူကြီးက မထားကို လိုက်ရှာနေတာ"

"အို- မဟုတ်တာကွယ်"

"မမနော်၊ မမစကားနဲ့ မမ တည်ပါစေ။ အဲဒီလူကြီးကို ဟင်းဟင်းဟင်း"

"ဒီကောင်မလေးကတော့ မလွယ်ဘူး"

ခင်ခင်ဦး၏ စကားတွေက အပျော်အပြက်သဘော ပြောနေသော်...ည်း သူ့စိတ်ထဲ တုန်လှုပ်သွားမိ၏။ ခင်ခင်ဦးဘဝက လိုချင်ပြီဆိုလျှင် ...သင့်ရနိုင်သော ဘဝ။ သူတို့သားအဖတော့ ခင်ခင်ဦးတို့ စီးပွားရေး... မှီခိုနေရ၏။

မိခင်ကြီး ဆုံးပါးသွားကတည်းက သူတို့သားအဖ စီးပွားရေး ...သောင်းကနင်း ဖြစ်ခဲ့ရ၏။ ဖခင်ကြီးကလည်း အရက်ကို အဆက်...က်စက်စက် သောက်ခဲ့၏။ စီးပွားရေးကိုလည်း လှည့်တောင်မကြည့်။

www.burmeseclassic.com



ထိုစဉ်က သူ့ဘဝ ဆင်းဆင်းရဲရဲနှင့် နေထိုင်ခဲ့ရ၏။ ဦးလေးသိန်းမောင်ကြီးတို့အိမ်တွင် ဝိုင်းဝန်းလုပ်ကိုင်ပေးခဲ့ရ၏။ ဖခင်ကြီးက ပင်လယ်ပြင်ထွက်သည့် စက်လှေများပေါ်မှာသာ အနေများ၏။

တစ်ခါတစ်ရံ အိမ်သို့ ပြန်လာသည် မရှိ။ စက်လှေတစ်စီးနှင့် ပင်လယ်ထဲ တစ်လကိုးသီတင်း နေတတ်ထိုင်တတ်၏။ ထိုသို့ ဖြစ်သလို နေထိုင်ခဲ့ရာမှ တစ်ချိန်တွင် ဖခင်ကြီးသည် မှုန်မှုန်နှင့်စက်လှေပေါ်မှ ပြုတ်ကျသွားခဲ့၏။

ထိုစဉ်က သူ အကြေကွဲကြီး ကြေကွဲခဲ့ရ၏။ စိုးရိမ်သောကကြီးစွာနှင့် ငိုကြွေးခဲ့ရ၏။ ပင်လယ်ထဲကျသွားသော ဖခင်ကို စက်လှေလုပ်သားတွေက သုံးလေးရက်ခန့် ရှာဖွေခဲ့၏။ တချို့ကလည်း ဖခင်ကြီးတော့ ဆုံးရှာပြီဟု မှတ်ချက်ပြုခဲ့ကြ၏။

ထားထားကိုယ်တိုင်လည်း ဖခင်ကြီးအတွက် နှလုံးသည်းပွတ်တွေ တစ်စစီ ကြေသွားမတတ် ခံစားခဲ့ရ၏။ နောက်ဆုံး ဦးလေးသိန်းမောင်ကြီးက သက်ပျောက်ဆွမ်းသွတ်ရန် ပြင်ဆင်ခဲ့၏။ ထားထားခမျာ ဖခင်ကြီးအတွက် ယူကျုံးမရဖြစ်ခဲ့ရ၏။

ဖခင်ကြီးသည် အရက်ထက် ဘာကိုမှ ဂရုစိုက်သူမဟုတ်။ သို့သော် ဖခင်သည် ဖခင်သာဖြစ်၍ သူ့ဘဝကို မွေးဖွားခဲ့သော ကျေးဇူးရှင်ကြီးအတွက် မျက်ရည်တစမ်းစမ်း ဖြစ်ခဲ့ရ၏။ ထိုအချိန် ဖခင်ကြီးကို ပင်လယ်ထဲမှ စက်လှေကြီးတစ်စင်းက ရှာတွေ့သွားသဖြင့် ရွာသို့ ပြန်ခေါ်လာခဲ့ရ၏။ အားလုံး တအံ့တသြ ဖြစ်ခဲ့ရ၏။

အခြေအနေက ဘယ်လိုမှ အသက်မရှင်နိုင်တော့သည့် အခြေအနေ။ ဖခင်ကြီး အသက်ရှင်လျက် ပြန်ရောက်လာသည်မို့ ထားထားတစ်ယောက် ခုန်ပေါက်အော်ဟစ် ပျော်ရွှင်နေမိ၏။

ဖခင်ကြီးခမျာ အရိုးပေါ်အရေတင်၊ ပင်လယ်ထဲ မြုပ်လိုက်ပေါ်လိုက်နှင့် သေလူမျောပါးဖြစ်နေစဉ် သူ့နားထဲ ထူးဆန်းသော အသံကြားလိုက်ရ၏။ အသံလာရာကို ကြည့်လိုက်တော့ တောက်ပလင်းလက်နေသည့် အလင်းတန်းများကြား ဝါကြန့်ကြန့် အရောင်ရှိသည့် အရိပ်ကြီးတစ်ခုကို တွေ့လိုက်ရ၏။



သူ့စိတ်ထဲ ရဟန္တာလေလား သို့တည်းမဟုတ် ပင်လယ်စောင့်နတ်မင်းလေလားပင် ဝိုးတဝါး ထင်မိ၏။ အလင်းရောင် တဖိတ်ဖိတ်ကြားမြင်ရသည်မို့ မျက်နှာကိုလည်း မမြင်ရ။ သို့သော် သူ့နားထဲ စကားသံတော့ ကြားနေရ၏။

ထိုစကားက တခြားမဟုတ်၊ သူ့ကို သုရာမေရယကံ စောင့်ထိန်းရန် ကတိတောင်းနေခြင်းပင် ဖြစ်၏။ ဦးကျော်သည် မမြင်ရသောပုဂ္ဂိုလ်တောင်းခံသည့် ကတိစကားကို ခေါင်းတညိတ်ညိတ်နှင့် ကတိပေးခဲ့၏။

နောက်ဆုံး သူ့ဘဝ နောက်ဆုံးအချိန်သို့ ရောက်ရှိနေချိန် ကြီးမားသော သစ်တုံးကြီးတစ်တုံးကို လှိုင်းတွေကြား တွေ့ခဲ့ရ၏။ သစ်တုံးကြီးကို ဘွယ်ဖက်လိုက်ရင်း နောက်ဆုံး သူ့ဘက် ခုတ်မောင်းလာသော စက်လှေကြီးတစ်စင်းကို တွေ့လိုက်ရသဖြင့် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်ကာ အော်ဟစ်၍ အကူအညီတောင်းခံခဲ့၏။

နောက်ဆုံး စက်လှေကြီးက သူ့ကို ကယ်တင်ပြီး ရွာသို့ ပြန်ပို့ပေးခဲ့ခြင်း ဖြစ်၏။ ထိုအချိန်မှစပြီး ဖခင်ကြီးလည်း အရက်သေစာ ပြတ်တောက်သွားခဲ့၏။ ဦးလေးသိန်းမောင်ကြီးက ဖခင်ကြီး၏ အခြေအနေကို ယုံကြည်သွား၏။ သူတို့သားအဖ နေထိုင်ရန် ခြံကြီးတစ်ခြံ ဝယ်ပေးခဲ့သလို စက်လှေတွေ အားလုံးကိုလည်း ဖခင်ကြီးအား ဦးစီးစေခဲ့၏။

ဦးလေး သိန်းမောင်ကြီး၏ စောင့်ရှောက်ကူညီမှုကြောင့် ဘဝက အမြင့်မားကြီး မြင့်မားနေခဲ့ပြီ ဖြစ်လေ၏။ ကျေးဇူးကြီးမားလှသည်မို့ ဦးလေးသိန်းမောင်ကြီးတို့ သားအဖအပေါ် ထားထား လိုလေသေး မရှိအောင် ကူညီခဲ့၏။

ခင်ခင်ဦးကလည်း သူ့ကို အစ်မအရင်းတစ်ယောက်လို နွဲ့ဆိုးဆိုးခဲ့၏၊ အနိုင်ယူခဲ့၏။ ခင်ခင်ဦး ဘာလုပ်လုပ် ထားထား လိုက်လျောခဲ့၏။ မြင်သည့် အသွင်အပြင် တစ်ချက်ကလေး မပြခဲ့။ ယခုတော့ ကိုထွတ်နှင့်ပတ်သက်ပြီး ထားထား ခင်ခင်ဦးအတွက် စိတ်ပူနေမိ၏။ ဖခင်နှစ်ဦးအကြောင်းစေးနှင့်မျက်ချေး ဖြစ်နေ၍ ခင်ခင်ဦး ခံစားရမှာကို မလိုလား။

ခင်ခင်ဦးကတော့ ဖွတ်မှုဗွတ်။

"ဘာတွေ တွေးနေတာလဲ မမထားရဲ့"

www.burmeseclassic.com



"အို- မမတော့ ခင်ဦးကို မောင်ထွတ်နဲ့ မပတ်သက်စေချင်ဘူး ကွယ်"

"ဘာဖြစ်လို့လဲ၊ ဘာလဲ မမက. . ."

"ဒီလိုမဟုတ်ဘူး ခင်ဦး၊ မမပြောတာ နားထောင်ဦးကွယ့်။ ဟို သူ. . . သူက ဦးခင်မောင်ရဲ့သား ညီမလေးရဲ့"

"ရှင်- ဦးခင်မောင်၊ ဟုတ်လား"

"ဟုတ်တယ် ညီမလေး၊ ညီမလေး ဖေဖေနဲ့ ဦးခင်မောင်တို့က တည့်ကြတာ မဟုတ်ဘူးလေ။ ဒီတော့ ညီမလေးကို. . ."

"အို- ဘာဆိုင်လဲ မမရယ်၊ ဖေဖေ့ကိစ္စက ဖေဖေ့ကိစ္စပဲ။ ခင်ဦး တို့နဲ့ မဆိုင်ပါဘူး မမရယ်"

"ဟင်"

ခင်ခင်ဦး စကားကြောင့် ထားထား မျက်လုံးကလေး အပြူးသား ဖြစ်သွား၏။ ထွတ်ခေါင်အပေါ် ခင်ခင်ဦး၏ ခံစားမှုက စိုးရိမ်စရာပင်။ ထားထားတစ်ယောက် ခင်ခင်ဦး၏ဆန္ဒကို မဟန့်တားလိုတော့သဖြင့် ရေငုံနှုတ်ပိတ်နေလိုက်ရလေ၏။

ထိုအချိန်မှစပြီး ခင်ခင်ဦးတစ်ယောက် သူတို့အိမ်ကို အမြဲတမ်း ရောက်လာတတ်၏။ တစ်ခါတစ်ရံ ညအိပ်ညနေပင် နေထိုင်သွားတတ်၏။ ထွတ်ခေါင်နှင့် ဆုံသည့်အချိန်တွင် ခင်ခင်ဦး၏အသွင်က ဘာကိုမှ မမြင်တော့သလိုပင်။ ပြောလိုက်သည့် စကားတွေကလည်း ရွှန်းရွှန်းဝေနေ၏။ နွဲ့တဲ့တဲ့ စကားလုံးလေးများ၊ ရွှန်းလဲ့လဲ့ အကြည့်ကလေးများ၊ တာတာတာ အသံကလေးများနှင့် ထွတ်ခေါင်အနားကမခွာ။ ထွတ်ခေါင်သည် ခင်ခင် ဦးကို လိုက်လိုက်လျောလျော ဆက်ဆံနေရသော်လည်း သူ့ရင်ထဲ ထား ထား၏ အေးချမ်းငြိမ်သက်သော မျက်နှာလေးကိုသာ မြင်ချင်၏။

သို့နှင့် ခင်ခင်ဦး၏ မွေးနေ့ပါတီပွဲ ကျင်းပမည့်ရက်သို့ ရောက် လာ၏။ ခင်ခင်ဦးက ထွတ်ခေါင်ကို အထူးဧည့်သည်အဖြစ် ဖိတ်ထားသော် လည်း ထွတ်ခေါင်၏ရင်ထဲ ဟာလာဟင်းလင်း ဖြစ်နေ၏။ ခင်ခင်ဦး၏ အလှကို မခံစားတတ်။ ခင်ခင်ဦးနှင့် ပြောရဆိုရသည်မှာ တင်းကျပ်လွန်း လှသည်ဟု ထင်မိ၏။





ထို့ကြောင့်လည်း ခင်ခင်ဦးဆီ မသွားဘဲ အိမ်မှာနေခဲ့၏။ သို့သော် ခင်ခင်ဦးက ဖွတ်မဖွတ်၊ အိမ်သို့ အတင်းလိုက်ချလာပြီး ပါတီပွဲသို့ ခေါ် ဆောင်သွားလေ၏။ ထွတ်ခေါင် ဘာပြောလို့ပြောရမှန်း မသိ။ ခင်ခင်ဦး က လူပုံအလယ်တွင် သူ့အနားက မခွာ။

ထိုမြင်ကွင်းကို ကြည့်နေသူက ထားထား။ သူ့ရင်ထဲ ဓားတုံးတုံးနှင့် တတိတိလှီးနေသလို ခံစားနေရ၏။ ခင်ခင်ဦးကတော့ ဘယ်သူ့မှ ဂရု မစိုက်။ ထွတ်ခေါင်၏လက်ကို အတင်းဆွဲထား၏။ ခင်ခင်ဦး၏ အပြုံးက အတိုင်းအဆ မရှိ၊ ပျော်ရွှင်မှုကလည်း အနန္တဂုဏ။

ထိုစဉ် သူတို့နှစ်ဦးကို ကြည့်ပြီး အံတကြိတ်ကြိတ် ဖြစ်နေသူက မိုးလကျော်။ မိုးလကျော်ရင်ထဲ မီးတောက်မီးလျှံပမာ ပေါက်ကွဲနေ၏။ ခင်ခင် ဦးဘေးမှ ပါလာသော ထွတ်ခေါင်ကို ကြည့်ပြီး ပို၍ မကျေနပ်။ အကြောင်း မှာ ထွတ်ခေါင်သည် ဦးခင်မောင်၏သား ဖြစ်နေခြင်းပင်။

ဦးသိန်းမောင်ကြီးနှင့် ဦးခင်မောင်တို့၏ အခြေအနေကိုလည်း မိုးလကျော် ရိပ်မိနေ၏။ တင်းမာနေသော အခြေအနေကြား ခင်ခင်ဦးနှင့် ထွတ်ခေါင်တို့၏ ဖြစ်စဉ်က ဘယ်နည်းနဲ့မှ မဖြစ်သင့်သည့်ဖြစ်စဉ်။ ရေနဲ့ မီးလို ဘယ်လိုမှ ပေါင်းစပ်၍ မဖြစ်နိုင်သော အခြေအနေ။

ထိုအခြေအနေကြား ဖွတ်ဖန်တီးလာသည့် အဖြစ်ကို မိုးလကျော် သည်းပုံမီးကျ ဖြစ်နေ၏။ ခင်ခင်ဦးသည် သူ့ရှေ့ရောက်သည်နှင့် ထွတ်ခေါင် ၏လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ စကားတွေ ဟောင်ဖွာဟောင်ဖွာ ပြောနေသဖြင့် မိုးလကျော် ပို၍ပို၍ ခံပြင်းနေရ၏။

နောက်ဆုံး ပါတီပွဲအပြီးတွင် မိုးလကျော်သည် သိန်းမောင်ကြီး အခန်းဝင်ကာ လေသံတိုးတိုးနှင့် ပြောပြလိုက်၏။ သူ့စကား ကြားရသော အခါ သိန်းမောင်ကြီးတစ်ယောက် အကြီးအကျယ် အံ့သြသွား၏။

"ဘာ- သေ. . . သေချာရဲ့လားကွာ"

"သိပ်သေချာတာပေါ့ ဦးလေးသိန်းမောင်ကြီးရယ်၊ ကျွန်တော် မသေချာဘဲ မပြောပါဘူးဗျာ"

"တောက်- တော်တော် အသုံးမကျတဲ့ ကောင်မလေးပါလား၊ ဒါ သက်သက် ကြံစည်တဲ့ကိစ္စများလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖြစ်နိုင်တာပေါ့ ဦးလေးသိန်းမောင်ကြီးရာ"

"ဟာကွာ- မဟုတ်တာဘဲ၊ မဖြစ်နိုင်ဘူး။ ဒီကိစ္စ ငါ လုံးလုံး လက်မခံဘူးကွ"

"အဲဒါပြောတာပေါ့ဗျာ၊ ဒါပေမယ့် ဒီကိစ္စ အဓမ္မပြောလို့ မဖြစ်ဘူးထင်တယ်။ ခင်ဦးစိတ်ကို ဦးလေးလည်း သိသားပဲ"

"ဟုတ်တယ်၊ ငါ့သမီးက လိုချင်ပြီဆို ဘယ်တော့မှ နောက်မဆုတ်ဘူးကွ ဖွတ်မှဖွတ်။ အခုလည်း ငါ မင်းပြောသလို အတင်းကာရော ပြောလို့တော့ မဖြစ်သေးဘူး၊ အင်း- ဒီကောင်မလေး အတော့်ကို မိုက်မဲပါလား"

"တစ်ခုတော့ရှိတယ် ဦးလေးသိန်းမောင်ကြီး"

"ဘာများတုံးကွ၊ မှန်တာပြောရရင် ခင်မောင့်သားဆို သိကြားမင်းဆင်းဖျောင်းဖျတောင် ငါ မပေးစားနိုင်ဘူးကွ။ အိုကွာ- မင်းတို့ကိစ္စ ငါ အမြန်စီစဉ်ရမှာပဲ"

"မဖြစ်နိုင်သေးဘူး ဦးလေးသိန်းမောင်ကြီး"

"ဟေ- ဘာဖြစ်လို့လဲကွ၊ ငါက မိဘပဲကွာ"

"ဒီကိစ္စ ဦးလေးသိတဲ့အတိုင်းပဲလေ၊ အရမ်းလုပ်လို့ မဖြစ်ဘူး ဦးလေးရ။ ကျွန်တော့်ဘက်ကလည်း ရအောင် စည်းရုံးရမှာပေါ့။ ဒါပေမယ့် ထွတ်ခေါင်ဟာ ဦးလေးပြိုင်ဘက်ရဲ့သား၊ ကိုယ့်ပြိုင်ဘက်တစ်ယောက်နဲ့ ယှဉ်တဲ့နေရာမှာ အားနည်းချက်ကို သိထားနိုင်လေ ကောင်းလေပဲ ဦးလေးရ။ ဒီတော့ ဦးလေးအတွက် ထွတ်ခေါင်ဟာ ပြိုင်ဘက်ကို ပြတ်ပြတ်သားသား ယှဉ်လို့ရအောင် ဒုက္ခပေးနိုင်တဲ့ နယ်ရုပ်တစ်ရုပ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ ဒီနယ်ရုပ်ကို အပီအပြင် ထိန်းထားနိုင်ရင် တစ်ဖက်က ပြိုင်ဘက် ကျိန်းသေပေါက် ကျဆုံးနိုင်တယ်ဗျ"

"ဟင်"

မိုးလက်ျာ၏ စကားကြောင့် သိန်းမောင်ကြီးမျက်နှာ ဝင်းခနဲလက်ခနဲ အကြံပေါ်လာ၏။ ထွတ်ခေါင်သည် သူ့အတွက် နယ်ရုပ်တစ်ရုပ်သာ ဖြစ်ခဲ့လျှင် ဦးခင်မောင်၏ အညာကို ကောင်းကောင်းကြီး ကိုင်





လုပ်နိုင်သည်ဟု တွေးမိလာ၏။

"ဟုတ်သားပဲကွာ၊ မင်းပြောမှ ငါ ဘာလုပ်ရမလဲဆိုတာ သတိရလာသကွ"

"အဲဒါ ပြောတာပေါ့ ဦးလေးရာ၊ ဒီကိစ္စ ဦးလေးဘက်က စိတ်ရှည်ဖို့ လိုတယ်ဗျ။ ဖြစ်နိုင်ရင် ထွတ်ခေါင် ဘယ်သူဆိုတာကို မသိသလို နေဖို့လိုတယ်"

မိုးလက်ျာ၏ စကားကို သိန်းမောင်ကြီးက ခေါင်းတညိတ်ညိတ်။ ထိုအချိန်မှစပြီး သူတို့နှစ်ဦး ဦးခင်မောင်တို့သားအဖကို အလဲထိုးရန် ကျိတ်ပြီး ကြံစည်ခဲ့ကြ၏။

သူတို့ အကြံအစည်ကို ကန့်လန့်ကန့်လန့် လုပ်နေသူက ခင်ခင်ဦး။

မိုးလက်ျာသည် ခင်ခင်ဦး သွားလေရာကို နောက်ယောင်ခံလိုက်ခဲ့၏။ ခင်ခင်ဦးသည် သွားလေရာကို စက်ဘီးကလေးတစ်စီးနှင့် သွားတတ်၏။ တစ်ခါတစ်ရံ ငရဲဟု အမည်ပေးထားသော အင်းခွေးပေါက်ကြီးတစ်ကောင်နှင့် သွားတတ်လာတတ်၏။

ငရဲကြီးက သူခါးလောက်ပင်ရှိ၏။ ခင်ခင်ဦးအနားသို့ လူစိမ်းအကပ်မခံပါချေ။ ငရဲကြီးက အိပ်လျှင်တောင် ခင်ခင်ဦး၏ အခန်းထဲ အိပ်တတ်၏၊ ခင်ခင်ဦးနှင့်အတူ ခြံထဲ ပြေးပြေးလွှားလွှား ကစားတတ်၏။ မိုးလက်ျာသည် ခင်ခင်ဦးအနား ကပ်ချင်သော်လည်း ငရဲကြီးက သူ့အနားကပ်လိုက်သည်နှင့် သွားကြီးဖြဲပြီး မာန်ဖီတတ်၏။ ထွတ်ခေါင်တို့ဆိုကိုပင် ငရဲကို ခေါ်ခေါ်သွားတတ်၏။

ထွတ်ခေါင်မှာ ခင်ခင်ဦး၏ ကြောက်စရာကောင်းလှသော အချစ်စိတ်ကို ထိတ်လန့်နေ၏။ ထားထားတို့အိမ်ကိုသွားလျှင် ခင်ခင်ဦးက ကပ်ပါလာတတ်၏။ သူတို့နှစ်ယောက်ကြား ခင်ခင်ဦး ဝင်လာသည်မို့ စကားတောင် အသေအချာ မပြောနိုင်ကြပါချေ။

ထိုအချိန် မိုးလက်ျာက သူတို့နှစ်ယောက်၏ အခြေအနေကို နောက်ကွယ်မှ စောင့်ကြည့်နေသလို ဦးသိန်းမောင်ကြီးကလည်း သမီးဖြစ်သူကို အချိုသတ်ကာ ထွတ်ခေါင်ကို အယုံသွင်းခဲ့၏။ သူတို့လူစုကြား စိတ်ထဲ ကြေကြေကွဲကွဲ ခံစားနေရသူကတော့ ထားထားပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွတ်ခေါင်အတွက်လည်း အစိုးရိမ်ကြီး စိုးရိမ်နေမိလေ၏။

✪ ✪ ✪

အချစ်ကို လှည့်စား၍မရ
ဆုပ်ကိုင်ပြသ၍ မရသော်လည်း
အချစ်သည် သစ္စာပင် မည်၏။
သစ္စာ၏ တန်ဖိုးက ဖြတ်မရပါချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သီတင်းကျွတ် လပြည့်ညဖြစ်၍ မြို့ပေါ်မှာ မီးရောင်ကလေးတွေ တဝင်းဝင်းတလက်လက် ဖြစ်နေ၏။ မြို့အနောက်ဘက် အောင်မြင်ချမ်းသာဘုရားကုန်းပေါ်မှာလည်း ဆီမီးရောင်များနှင့် ဝင်းပလင်းလက်နေ၏။

လပြည့်ည အချိန်အခါ ဖြစ်သော်လည်း မြို့ထဲရှိ လမ်းမပေါ်တွင် လူသူရှင်းလင်းနေ၏။ ဈေးဆိုင်များပင် မဖွင့်ရဲ။ လမ်းပေါ်တွင် တစ်ယောက်စ၊ နှစ်ယောက်စသာ သွားလာနေကြ၏။

အကြောင်းက တခြားမဟုတ်၊ နိုင်ငံရေးရာသီဥတုက တစ်နေ့တခြား မှုန်တိုင်းထန်လာခြင်းပင် ဖြစ်၏။

နိုင်ငံတော်ကို မတရားသိမ်းပိုက်ထားသော ဂျပန်ဖက်ဆစ်တို့သည် မဟာမိတ်များကို စစ်ပြင်ရန်အတွက် အကြီးအကျယ် အကြံထုတ်နေကြခြင်းပင် ဖြစ်၏။

လျှို့ဝှက်လမ်းတွေ ဖောက်လုပ်ခြင်း၊ အဆောက်အအုံတွေ ဆောက်လုပ်ခြင်း၊ လက်နက်ကိရိယာများ ပြောင်းရွှေ့ခြင်းအတွက် မြန်မာလူထုကို ကောင်းကောင်းကြီး အသုံးချနေခြင်းပင် ဖြစ်လေ၏။

ယခုလည်း ညနေ ခြောက်နာရီကျော်သည်နှင့် တွေ့သမျှလူတို့အတင်း ဖမ်းဆီးကာ ပေါ်တာခေါ်သွားခြင်းပင် ဖြစ်လေ၏။ ဘယ်သူမှ လိုက်မထုတ်ရဲ။ လိုက်ထုတ်သူကိုပင် ဖမ်းဆီးတတ်သည်မို့ မြို့သူမြို့သား



များမှာ သီတင်းကျွတ်ပွဲတော်ကို မဆင်နွှဲရဲအောင် ဖြစ်နေ၏။

ထိုအချိန်တွင် ထွတ်ခေါင်တစ်ယောက် ထားထားတို့ခြံထဲ ရောက်နေ၏။ အမှောင်ရိပ်သန်းလာပြီမို့ ထားထားက ထွတ်ခေါင်အတွက် စိတ်ပူနေ၏။

"ကိုထွတ်၊ မပြန်သေးဘူးလား"

"မပြန်ချင်ဘူး ထားရယ်၊ ကျွန်တော် ထားနဲ့ စကားပြောရတာကို ကြည်နူးတယ်ဗျာ"

"အို"

"ဘာဖြစ်လို့လဲ ထား၊ ထားက ကျွန်တော့်ကို ပြန်စေချင်လို့လား။ ထားပြန်စေချင်တယ် ဆိုရင်တော့ ကျွန်တော် ပြန်ပါ့မယ်"

"အို- ဒီလိုမဟုတ်ပါဘူး ကိုထွတ်ရယ်၊ ထားက ကိုထွတ်အတွက် စိုးရိမ်လို့ပါ။ ခုတစ်လော မြို့ထဲဘက်မှာ ပေါ်တာတွေ ဆွဲနေတယ်ဆိုတာ ကြားရတော့ ကိုထွတ်အတွက် အန္တရာယ်ကြီးလှတယ်လေ။ အဲဒါကြောင့် ပြောတာပါ"

ထားထား၏ စကားကြောင့် ထွတ်ခေါင် တည်တည်ကြီး ဖြစ်သွား၏၊ သူကိုယ်တိုင်လည်း သတင်းတွေ ကြားရသလို လမ်းပေါ်တွင် စစ်ကားတွေ တစီစီ ဖြတ်သန်းနေသည်ကို မြင်ရ၏။ သူနေထိုင်ရာ အရပ်ထဲမှ သူလေးငါးယောက်လည်း ပေါ်တာအဆွဲခံလိုက်ရသည့်သတင်း ကြားခဲ့ရ၏။

စိတ်ထဲ အဝေါ်လေး မခံမရပ်နိုင် ခံစားရသော်လည်း အားမတန်မာန်လျှော့ခဲ့ရ၏။ ဖက်ဆစ်ဂျပန်တို့၏လုပ်ရပ်က ပြည်သူပြည်သား အားလုံး အခက်တွေ့စေ၏။ ယခုလည်း ထားထားစကားကို သူမငြင်းနိုင်။

"ကိုထွတ်၊ ဘာတွေစဉ်းစားနေတာလဲလို့"

"ဪ- မတရားအလုပ်ခံနေရတာကို ခေါင်းငုံ့ခံနေရလို့ မကျေနပ်လို့ပါ ထားရယ်"

"အို- ဒီအချိန်က သူတို့တွေ ဘုန်းတန်ခိုးယက်နေချိန်လေ ကိုထွတ်ရဲ့၊ ကံကံ၏အကျိုးပေါ့ ကိုထွတ်ရယ်"

"မဟုတ်ဘူး ထား၊ ဒါ ကံတရားနဲ့ မဆိုင်ဘူး။ ငါတို့ အင်အားကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါတို့ စော်ကားချင်တိုင်း စော်ကားလို့ရတယ်၊ ဖိနှိပ်ချင်တိုင်း ဖိနှိပ်လို့ရတယ်ဆိုပြီး ကျွန်တော်တို့မြေပေါ် မတရားကျူးကျော်လာတာဗျ။ တော်တော် ခံပြင်းစရာကောင်းတယ်ဗျာ၊ သူတို့လုပ်သမျှ ခေါင်းငုံ့ခံနေရင် အခြေအနေက ပိုပြီး ဆိုးလာမယ်ဗျ"

"ကိုယ်နဲ့မဆိုင်တာ မပြောပါနဲ့ ကိုထွတ်ရယ်၊ ကိုထွတ်အတွက် အန္တရာယ်ကြီးလှပါတယ်"

"ဒါဟာ မတရားမှုဘဲ ထား၊ ခုလည်း ထားပြောသလို မြို့ပေါ်မှာ ထင်တိုင်းကြဲကုန်ကြပြီ။ လူတွေလည်း မလုံမခြုံဖြစ်ခဲ့ကြရပြီ။ စားဝတ်နေရေး ကျပ်တည်းနေရတဲ့ကြား ခုလို လုပ်တာတော့ အတော့်ကို မခံချင်စရာဘဲဗျာ"

"အဲဒါတွေ မပြောပါနဲ့ဆို၊ ကိုင်း- ပြန်တော့။ အပြင်မှာ အတော်ကလေး မှောင်နေပြီ"

"ဟာ- မပြန်ချင်သေးဘူးဗျာ"

"ပြောမရပါလား၊ တုတ်နဲ့ ထရိုက်ရမလား"

"ရိုက်ဗျာ၊ ထားဘာလုပ်လုပ် ကျွန်တော် ကျေနပ်တယ်။ တကယ်ရိုက်မှာလား"

"ဒုက္ခပါပဲ၊ ဒီက သူ့အတွက် စိုးရိမ်လို့ ပြောနေတာကို"

"ဘာဖြစ်လို့ စိုးရိမ်နေတာလဲ ထား"

"အို- ဒုက္ခပါပဲ"

သူ့အမေးကို ထားထားက ခေါင်းကလေးတကုတ်ကုတ်ဖြစ်နေ၏။ ထား၏ မခို့တရို့ အပြုအမူကလေးများကို ကြည့်ရင်း ထွတ်ခေါင် ရယ်ချင်နေ၏။

"ကိုင်း- ဘာမှ စိတ်မညစ်ပါနဲ့ဗျာ၊ ပြန်ဆိုလည်း ပြန်ပါ့မယ်၊ ဒါပေမယ့် မပြန်ခင် စကားတစ်ခွန်းတော့ ပြောချင်တယ်"

"အရေးထဲ ဘာပြောမလို့လဲ၊ ပြောပြော မြန်မြန်ပြော"

"ထားကလည်း ဇွတ်ကြီးပဲဗျာ၊ ကျွန်တော် ထားနဲ့ စကားတွေ အရမ်းပြောချင်တာ။ ဖြစ်နိုင်ရင် ထားပြုံးတာလေးကို ကြည့်ချင်တယ်၊ ထားရဲ့ စကားသံကို နားထောင်ချင်တယ်။ အိုဗျာ ထား



အနားက. . ."

"ကိုထွတ်ကလည်း ဘာတွေပြောနေမှန်း မသိဘူး"

"တကယ်ပြောတာ ထား၊ ကျွန်တော့်ရင်ထဲအသည်းထဲက ပြောတဲ့စကားပါဗျာ၊ ထား"

"ဟင်"

"ကျွန်တော်၊ ကျွန်တော်လေ ထားကို တအား ချစ်တယ်ဗျာ"

"ရှင်"

"တကယ်ပြောတာပါ ထား၊ ထားကို ကျွန်တော် ချစ်နေပြီဗျာ။ ကျွန်တော့်ကို ပြန်ချစ်နိုင်မလားဟင်၊ ပြောပါဦး ထားရယ်"

"ကိုထွတ်ကလည်း"

"ထား. . . ထား မသွားပါနဲ့ဦးဗျာ၊ ကျွန်တော် မေးတာကို ဖြေပါဦးဗျာ"

"ဒုက္ခပါပဲ"

သူ့စကားကြောင့် ထားထား ရင်တွေ တဝုန်းဝုန်းခုန်နေ၏။ သူ့အမျှော်လင့်ကြီး မျှော်လင့်ထားသော စကားဖြစ်သော်လည်း တကယ်တမ်းကြားလာရသောအခါ ထူထူပူပူဖြစ်သွားခဲ့ရ၏။ ထို့ကြောင့်လည်း ထွတ်ခေါင်အနားမှ ထပြေးမည်အလုပ် ထွတ်ခေါင်က ထားထား၏လက်ကလေးကို အတင်းဆွဲ၍ တတွတ်တွတ် မေးနေ၏။ ထားထားတစ်ယောက်ဆွဲထားသည့် လက်ကလေးကို အတင်း ရုန်းထွက်နေ၏။

"လွှတ်. . . လွှတ်ပါ"

"ကျွန်တော်မေးတာ ဖြေလေ"

"ဒုက္ခပါပဲ"

"ဒုက္ခမဟုတ်ပါဘူး ထားရယ်၊ ဒါဟာ အလှပဆုံး ဖြစ်စဉ်တစ်ခုပါ"

"တော်ပါတော့"

"ဒါဆို အဖြေပေးမှာလားဟင်၊ ထား ကျွန်တော့်ကို ချစ်တယ် မဟုတ်လား။ ဖြေလေဗျာ၊ ဖြေဗျာ။ ထားဆီက စကားကို ကြားပါရစေ"

"ဟို- ကိုထွတ်ရဲ့၊ ထားကို အဲဒီလို ဇွတ်တော့ အကျပ်မကိုင်ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထား မနေတတ်ဘူး"

"ကိုင်း- ဒါဆို ပြော၊ ကျွန်တော် ထားစကားကို ငြိမ်ငြိမ်ကလေး နားထောင်မယ်"

ထွတ်ခေါင်သည် ဖွတ်ဆွဲထားသည့်လက်ကို ဖြေပေးလိုက်၏။ ထားထားသည် ထွတ်ခေါင်ကို မရဲတရဲ ကြည့်ရင်း ပြောလိုက်၏။

"ကိုထွတ်ပြောတဲ့ စကားကို ကျွန်မ စဉ်းစားပါရစေ"

"ဗျာ၊ စဉ်းစားမယ်"

"စဉ်းစားပါရစေ ကိုထွတ်ရယ်၊ ထားတို့က မိန်းကလေးလေ။ ဒီတော့ ဒီကိစ္စကို တစ်ထိုင်တည်း ဖြေလို့မဖြစ်ဘူး၊ ဒါကြောင့် ထားကို အချိန်ပေးပါ"

"ဟာဗျာ၊ ဒါဆို အချိန် ဘယ်လောက်ပေးရမှာလဲ"

"ထားကို ဆယ်ရက်လောက်ပဲ အချိန်ပေးပါ"

"တကယ်လား ထား"

"တကယ်ပြောတာပါ"

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော် ဆယ်ရက်တင်းတင်းပြည့်တဲ့ နေ့ကို စောင့်နေမယ်။ ဟို- ကျွန်တော် ထားဆီက မင်္ဂလာသတင်း ပဲ ကြားပါရစေဗျာ"

"ဒါကတော့ ဆုတောင်းပေါ့ ဟင်းဟင်း။ ကိုင်း- ပြန်ပါတော့ အချိန်မရှိတော့ဘူး ကိုထွတ်ရဲ့"

"သွားပါ့မယ် ထားရယ်"

ထွတ်ခေါင် ထားထားအနားမှ မထချင်ထချင်နှင့် ထလိုက်၏၊ ထားထားကို အလိုမကျသည့်အသွင်နှင့်ကြည့်ရင်း စက်ဘီးပေါ်တက်ကာ ခြံထဲမှ ပြန်ထွက်သွား၏။ ထားထား၏ ရင်ထဲမှာတော့ တဖိုဖိုတလှပ်လှပ် ခံစားနေရ၏။

ကြည်နူးသလိုလို၊ ကြေကွဲသလိုလိုပင်။ ချစ်ရသူထံမှ ချစ်သည်ဆို သော စကားကြောင့် အတိုင်းအဆမရှိ ဝမ်းသာကြည်နူးမိသော်လည်း သူ့ စိတ်ထဲ ခင်ခင်ဦးကို မြင်ယောင်လာ၏။

ခင်ခင်ဦးက သူ့ကို တီးတိုးရင်ဖွင့်ခဲ့ဖူး၏။ ထွတ်ခေါင်အပေါ်



ခင်ခင်ဦး၏ စွဲလမ်းမှုက ကြောက်စရာ။ ထို့အပြင် ခင်ခင်ဦးတို့ ကျေးဇူး ကလည်း သူတို့အပေါ်မှာ အတိုင်းအဆမရှိ။ သူတို့ဘဝ ယခုလို အေးအေး လူလူ နေထိုင်ရသည်မှာလည်း ခင်ခင်ဦးတို့ ကျေးဇူးကြောင့် ဖြစ်၏။

ထိုအခြေအနေကြားတွင် ခင်ခင်ဦး၏ တက်မက်စွဲလမ်းမှုကို သူ ရက်ဆီးလိုက်ရမှာ စိုးထိတ်နေ၏။ တစ်ဖက်ကလည်း သူ ခံစားတွယ်တာ ခဲ့ရသော ချစ်သူ။ သူ ဘယ်လို ဆုံးဖြတ်ရမှန်းပင် မသိအောင် ဖြစ်နေရ လေ၏။

ထိုအချိန်တွင် ထားထားတို့ခြံထဲမှ စက်ဘီးတစ်စီးနှင့် ပြန်ထွက် လာသော ထွတ်ခေါင်တစ်ယောက် ကြည်နူးခြင်းတွေက ရင်မှာအပြည့်။ ထားထား၏ မခို့တရို့ အမူအရာလေးကို သူ့မျက်လုံးထဲက မထွက်နိုင်။ ထားထား၏ စိုးရိမ်စကားလေးတွေကိုလည်း ကြည်နူးနေမိ၏။

သူ ဖြတ်သန်းလာသော လမ်းပေါ်တွင် လူသူရှင်းလင်းနေ၏။ အိမ်တိုင်းမှာ မီးရောင်ကလေးတွေ လင်းလက်နေသော်လည်း အိမ်ပြင် ကို တစ်ဦးတစ်ယောက်မှ မထွက်ရဲကြ။

ထွတ်ခေါင်သည် စက်ဘီးကလေးကို တရိပ်ရိပ်နင်းလာခဲ့ရာမှ လမ်းဆုံဘက်သို့ ရောက်ရှိလာ၏။ အောင်ချမ်းသာလမ်းမကြီးဘက်သို့ အကွေ့တွင် ဂျစ်ကားတစ်စီး မီးဖွင့်ရပ်ထားသည်ကို တွေ့လိုက်ရ၏။

ကားနံဘေးတွင် လက်နက်ကိုင်စစ်သားများကို တွေ့လိုက်ရသဖြင့် စိတ်ခနဲ ဖြစ်သွား၏။ ကားက လမ်းကို ကန့်လန့်ဖြတ်ရပ်ထားသည်မို့ စက်ဘီးကို အရှိန်လျှော့လိုက်ရ၏။

ထိုအချိန် ဂျပန်စစ်သားနှစ်ဦး သူ့အနားသို့ ဒရောသောပါး ရောက် လာ၏၊ နောက်ကြောင်းပြန်လှည့်မည်အလုပ်တွင် ရှေ့မှ ပြေးလာသော စစ်သားကြီးက မောင်းခလုတ် ဆွဲတင်လိုက်သဖြင့် အခွင့်မသာတော့။

ဂျပန်စစ်သား နှစ်ဦးသည် သူ့ရှေ့ရပ်လာပြီး ရိုင်ဖယ်သေနတ် ပြောင်းများနှင့် ရင်ဝတည့်တည့်ကို အတင်းထိုးချိန်လေ၏။ သူ [illegible] နှင့် တောင်းတောင်းပန်ပန် ပြောသော်လည်း သူ့စကား [illegible] သေနတ်များနှင့်ချိန်ကာ သူ့ကို စက်ဘီးပေါ်မှ ဆင်း[illegible]၏။

သူ ဘယ်လိုမှ တောင်းပန်၍မရ။ သူ့စက်ဘီး[illegible] သိမ်းပိုက်

www.burmeseclassic.com



လိုက်၏။ ထို့နောက် သူ့ကိုပါ ကားပေါ် အတင်းဆွဲတင်လိုက်၏။ ကားပေါ်ရောက်တော့ သူလို ဘဝတူသုံးဦးကို တွေ့လိုက်ရ၏။

သုံးယောက်စလုံး ငိုမဲ့မဲ့ဖြစ်နေကြ၏။ ဂျပန်စစ်သားများ၏ အမူအမှုကလည်း ကြမ်းတမ်းခက်ထန်လှ၏။ မြန်မာစကားကိုလည်း မတောက်တခေါက်သာ ပြောတတ်ဆိုတတ်၏။

နောက်ဆုံးတော့ သူတို့လူစုကို ကင်ပေတိုင်ရုံးသို့ ခေါ်ဆောင်သွားလေတော့၏။

အခြေအနေက မလှပ်သာမလွန့်သာ အခြေအနေ။ ထွတ်ခေါင်စိတ်ထဲ မကျေမနပ်ဖြစ်နေရ၏။ တုံ့ပြန်တိုက်ခိုက်ရန်လည်း မလွယ်။ ဘာအခြေအနေက သူတို့ပြုသမျှကို နုရတော့မည့် အခြေအနေဖြစ်၍ ခေါင်းငုံ့ခံလိုက်ရလေ၏။

✪



ထွတ်ခေါင်၏သတင်း ကြားလိုက်ရသောအခါ ဦးသိန်းမောင်ကြီး ဝမ်းသာအားရ ဖြစ်နေ၏။ မိုးလက်ျာကို ချက်ချင်းခေါ်ပြီး တီးတိုးပြောဆိုခဲ့၏။

"သေချာရဲ့လား ဦးလေး"

"ဟာ- ငါ ရုံးကို ရောက်ခဲ့ပြီးပြီကွ"

"ဒါဆို အပိုင်ပဲပေါ့ဗျာ။ ကိုင်း- ဒါ ကျွန်တော့်အပိုင်းကို ရောက်လာပြီ ဘာမှမပူနဲ့၊ ဒီကိစ္စ အဖေနဲ့ တိုင်ပင်လိုက်မယ်။ ဘာလုပ်ချင်သလဲသာပြော"

"နေဦးကွ၊ ငါက ခင်မောင့်မျက်နှာ ငိုမဲ့မဲ့ကို ကြည့်ချင်တာကွ။ ဒီကောင်က ငါ့ကို နေရာတကာ ဖြတ်ကျော်ချင်တဲ့ ကောင်ကွ။ ငါ ဘယ်လိုမှ မကျေနပ်ဘူး၊ ဒီတော့ ဒီကောင့်သားကို အရောင်ပြပြီး သူ့လုပ်ငန်းတွေ ပိတ်ဆို့ပစ်ရမယ်။ ဒီတော့ကွာ၊ ဒီကောင့်ကို ကင်ပေတိုင်ရုံးမှာပဲ ထားစေချင်တယ်"

"စိတ်ချ၊ ဒါဆိုဖြစ်တယ်"

"အေး- ခင်မောင်ဟာ ငါ့ဆီကို အနေးနဲ့အမြန် ရောက်ကိုရောက်လာရမှာပါကွာ"

"ဟားဟားဟား ကောင်းတယ်၊ သိပ်ကောင်းတယ်"

"ဟားဟားဟား အဲဒါပဲ၊ ခင်မောင် မထောင်နိုင်တော့ဘူးပေါ့ကွာ"

သူတို့နှစ်ယောက် အူအမြူးကြီးမြူးနေချိန်တွင် ခင်ခင်ဦး ရုတ်တရက် ရောက်လာသည်မို့ နှစ်ယောက်စလုံး စကားသံရပ်သွား၏။ မိုးလက်ျာ



www.burmeseclassic.com

www.burmeseclassic.com



က ခင်ခင်ဦးကို မြင်လိုက်သည်နှင့် မျက်နှာပိုးမသတ်နိုင်တော့။

"ဟာ- ဦး၊ ဦးပါလား။ ဘယ်က ပြန်လာသလဲဟင်"

"ဘာဖြစ်လို့လဲ"

"ပြော်- မေးကြည့်တာပါ၊ ကိုယ့်ကို ခေါ်သွားတာ မဟုတ်ဘူး"

"အို- ကျွန်မက ကလေးမှ မဟုတ်တာ"

"ဟာ- ဦးကလည်း၊ အဲဒါကြောင့် စိတ်ပူနေရတာပေါ့ဗျာ။ ဦးက လှတယ်၊ ချောတယ်၊ ချမ်းသာတယ်။ ဒီတော့ ဦးကို ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေပြီလေ၊ ဒီတော့ ကိုယ်လည်း စိတ်ပူ . . ."

"တော်ပါတော့ရှင်၊ ဖေဖေ့ရှေ့မှာတောင် အရှက်နည်းလှချည်လား"

"ဗျာ၊ ဟာ- ခင်ဦးကလည်းဗျာ ဟို . . . ဟိုဒင်း"

"တော်စမ်းပါ"

ခင်ခင်ဦးက သူ့ကို ခပ်ဆတ်ဆတ်ကလေး ပြောပြီး အခန်းထဲ ဝင်သွား၏။ မိုးလကျော် ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ ကြောင်စီစီနှင့် ကျန်ရစ်ခဲ့လေ၏။

နောက်ဆုံး ဦးသိန်းမောင်ကြီးကို မျက်နှာပူပူနှင့် နှုတ်ဆက်ကာ အလျှင်အမြန် ပြန်သွားလေတော့၏။ ဦးသိန်းမောင်ကြီးသည် သမီးလုပ်ပုံကို သဘောမကျ။ ထို့ကြောင့်လည်း သမီးဖြစ်သူကို ခေါ်ဆူခဲ့လေ၏။ ခင်ခင်ဦးကတော့ မှုန်ကုပ်ကုပ်။

"ဖေဖေကလည်း"

"ဘာဖေဖေကလဲလည်း၊ သမီးမှတ်ထားဖို့က မောင့်မိုးလကျော်ဟာ သမီးရဲ့ ခင်ပွန်းလောင်းပဲ။ တခြားသူ ဘယ်သူမှ မဖြစ်စေရဘူး"

"ဟို- ဖေဖေကလည်း ဇွတ်မှ ဇွတ်ပဲ။ သမီး ကလေး မဟုတ်ပါဘူး။ ဒီကိစ္စ သမီးဘာသာသမီး ဆုံးဖြတ်ပါရစေ"

"တော်စမ်း သမီး၊ ဘာမှ မစဉ်းစားနဲ့။ ဒီကိစ္စ မိဘက ကောင်းတယ်ထင်လို့ လုပ်တာ မိဘစကားကို ပယ်ရှားဖို့တော့ မစဉ်းစားနဲ့"

"ဖေဖေကလည်း"

"သွား . . . သွားတော့"



ခင်ခင်ဦး အလိုမကျဖြစ်သွား၏။ နှုတ်ခမ်းလေး စူတူတူ၊ ခြေကလေး တဆောင့်ဆောင့် ထွက်သွား၏။ ဦးသိန်းမောင်ကြီးကတော့ သမီး၏ဇကို သိထား၏။ သူတို့ကိစ္စကို အမြန်ဆုံး စီစဉ်မှ ဖြစ်မည်ဟုလည်း ဆုံးဖြတ်ချက် အလျှင်အမြန် ချလိုက်ရ၏။

ထိုအချိန်တွင် သောကကြီးစွာ ဖြစ်နေရသူမှာ နှင်းမှုန်တို့ သားအမိဖြစ်၏။ ထွတ်ခေါင် အိမ်ပြန်မရောက်သည်မှာ သုံးလေးရက်ခန့် ကြာမြင့်လာပြီဖြစ်၍ တမျှော်မျှော်နှင့်ဖြစ်နေ၏။ ဒေါ်ဖွားမိုကလည်း ထွတ်ခေါင်အတွက် အစိုးရိမ်ကြီး စိုးရိမ်နေ၏။

"ဒုက္ခပါပဲ၊ သားလေး ဘယ်တွေများ ရောက်နေပါလိမ့်။ တစ်ခုခုများ ဖြစ်နေပြီလားကွယ်"

"သမီးလည်း စိတ်ပူတာပဲ မေမေရယ်၊ မောင်လေးက ဘယ်သွားသွား ပြောသွားတတ်တာ။ ခုတော့ ပြန်မလာတာ သုံးလေးရက်ရှိပြီဆိုတော့ စိတ်ပူစရာပဲ မေမေရယ်"

"သမီး သူသွားနေတဲ့အိမ်ကို သမီးသိလား"

"ရှင်၊ သူသွားနေတဲ့အိမ်"

"ဟုတ်တယ်လေ၊ ဟို- ဦးလေးကျော် ဆိုတာလေ။ အဲဒီလူ ဘယ်သူတုံး၊ ဘယ်သူတုံးကွယ်"

"သမီးလည်း မသိဘူး မေမေရယ်"

"ဟို- ဒီလိုနေလို့ မဖြစ်ဘူး၊ စုံစမ်းပါဦး သမီးရယ်"

မိခင်ကြီး၏ စကားကြောင့် နှင်းမှုန်လည်း အိမ်ထဲမနေနိုင်တော့။ ထွတ်ခေါင် သွားတတ်လာတတ်သည့်အိမ်ကို စုံစမ်းရင်း နောက်ဆုံး ထားထားတို့အိမ်ဆီ ရောက်လာ၏။

ထိုအချိန် ထားထားတစ်ယောက် ခြံထဲတိုင်ကာ ဘာဖတ်နေချိန်ဖြစ်၏။ နှင်းမှုန် ရောက်လာတော့ သူ တအံ့တဩ ဖြစ်နေ၏။

"ရှင်၊ ကိုထွတ် ဟုတ်လား"

"ညီမလေးက ကိုထွတ်နဲ့ ရင်းနှီးလား၊ သူ အိမ်ကို ပြန်မလာဘူးကွယ်။ မမတို့သားအမိ ရှာနေရတာလည်း ခေါင်းတောက်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ကွယ့်"

"ဟို- သူ မပြန်တာ သုံးရက်ရှိပြီ"

"ဟုတ်တယ်၊ မမတို့လည်း ပြန်လာနိုး ပြန်လာနိုးနဲ့။ ပြီးတော့ နယ်ဘက်တွေ မေးကြည့်တော့လည်း ဘာသတင်းမှ မရဘူး"

"ဘုရား. . . ဘုရား၊ ဒါဆို ဘယ်များရောက်သွားပါလိမ့်။ ကျွန်မဆီလည်း ဟိုတစ်လောက လာသွားသေးတယ်"

"ဒုက္ခပါပဲကွယ်၊ မောင်လေးထွတ်ခေါင် တစ်ခုခု ဖြစ်နေတာ သေချာပါပြီ။ ဇကန္တ- ဗွေးတပ်များ ဆွဲသွားလေသလား မသိဘူး"

"ရှင်၊ ခွေးတပ်"

"ဟုတ်တယ်၊ ခုတစ်လော မြို့ပေါ်ကလူတွေကို ဂျပန်စစ်သားတွေ ဖမ်းဆွဲနေတဲ့ သတင်းတွေ ထွက်နေတယ်လေ"

"ဟုတ်တယ် မမ၊ အဲဒါ ဖြစ်နိုင်တယ်။ အို- ဒုက္ခပါပဲ၊ ကိုထွတ်တော့ ဒုက္ခပါပဲ"

"မမတို့လည်း ဘာလုပ်ရမှန်း မသိတော့ပါဘူးကွယ်"

"ဒါ. . . ဒါဆို ကင်ပေတိုင်ရုံးမှာ မေးကြည့်ရင်ရော"

"အို- မမတို့က အဲဒီလူတွေနဲ့ မပတ်သက်ချင်ဘူး။ အဖေသိရင် ပိုတောင်ဆိုးဦးမယ်"

"ဘယ်လိုလုပ်ကြမလဲ မမရယ်၊ ကိုထွတ်အတွက် ထား ရင်တွေပူလိုက်တာ"

"မမအိမ်ပြန်ပြီး ဖေဖေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်ကွယ်"

နောက်ဆုံးတော့ နှင်းမှုန် အိမ်သို့ ခေါင်းငိုက်စိုက်ပြန်လာခဲ့၏။ မိခင်ကြီးမှာလည်း သားစိတ်နှင့် မျက်စိပျက်မျက်နှာပျက် ဖြစ်နေ၏။ နောက်ဆုံး သူတို့နှစ်ယောက် ထွတ်ခေါင်၏ ကိစ္စကို ဦးခင်မောင်အား ပြောပြလိုက်၏။

ဦးခင်မောင်သည် ထွတ်ခေါင်သတင်း ကြားလိုက်ရသဖြင့် စိုးရိမ်သွားမိ၏။ မယားဘက်မှ ပါလာသောသား ဖြစ်သော်လည်း ထွတ်ခေါင်က သူ့လုပ်ငန်းအတွက် အားကိုးရ၏။ သူ့ကိုလည်း ဖခင်အရင်းအချာပမာ တွယ်တာနေသူ ဖြစ်၍ သောကတွေဝေနေ၏။



နောက်ဆုံး နှင်းမှုန်တို့သားအမိ စကားကြောင့် ဦးခင်မောင် ကင်ပေတိုင်ရုံးသို့ ကိုယ်တိုင်သွားကာ စုံစမ်းခဲ့၏။ ထိုအခါ ထွတ်ခေါင်ကို စေ်ရေးလိုအပ်ချက်အရ ခေါ်ဆောင်ထားကြောင်း သိလိုက်ရ၏။

ဂျပန်စစ်ဗိုလ်ကြီးထံမှ စကားကြောင့် သူ ဘယ်လိုမှ ဖြေရှင်း၍ ရမည့်ကိစ္စ မဟုတ်မှန်း သိလာ၏။ ဂျပန်စစ်ဗိုလ်ကြီးက စစ်သွေးစစ်မာန် ကြီးလှပြီး စကားပြောလည်း မောက်မာလှ၏။

ဘယ်လိုမှ ပြောမရသည့်အဆုံး အိမ်သို့ ပြန်လာခဲ့ရ၏။ ဒေါ်ဖွားမှိုမှာ ခင်ပွန်းသည်၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ နှင်းမှုန်ခမျာမှာလည်း ရင်ထဲ တစ်တစ်ဆို့ဆို့ကြီး ခံစားနေရ၏။

"အို- ဒါဆို မောင်လေးတော့ ဒုက္ခပါပဲ"

"ဟုတ်ပါ့ ကိုခင်မောင်ရယ်၊ ကျွန်မသားလေးကို လွတ်အောင် လုပ်ပေးပါတော်။ သားလေးခမျာ စိတ်အဆင်းရဲကြီး ဆင်းရဲနေရပြီထင်ပါရဲ့"

"ဟုတ်တယ် ဖေဖေ။ မောင်လေးတော့ နယ်ဘက်တွေ၊ လမ်းဖောက်တဲ့ဘက်တွေဆီ ပါသွားရင် ပြန်လမ်းရှိတော့မှာ မဟုတ်ဘူး ဖေဖေရယ်။ အကြံလေးဘာလေး ထုတ်ပါဦး"

သားအမိနှစ်ယောက် စကားကြောင့် ဦးခင်မောင် ခေါင်းရှုပ်နေ၏။ ပြောလို့ ပြောရမှန်းလည်း မသိ။ နောက်ဆုံး ကင်ပေတိုင်ရုံးကို အိတ်ညည့်ထားနိုင်သည့် ဦးမိုးမြေကို သတိရလာ၏။

ဦးမိုးမြေနှင့် သူ့ပြိုင်ဘက် သိန်းမောင်ကြီးက ပုလင်းတူ ဘူးဆို ဖြစ်ကြ၏။ ထွတ်ခေါင်ကိစ္စနှင့် ပတ်သက်ပြီး သူ့ကို ချည်နှောင်လာမှာ မိ၏။ သို့သော် ထွတ်ခေါင်အပေါ် သားတစ်ယောက်လို ခင်တွယ် သဖြင့် ဦးဆုံး သိန်းမောင်ကြီးထံ ပြောဆိုကြည့်မည်ဟု ဆုံးဖြတ် ရ၏။ ထို့ကြောင့်လည်း အိမ်သုံးဂျစ်ကားကို ကိုယ်တိုင်မောင်း၍ မောင်ကြီးတို့ဆီ ထွက်ခဲ့လေတော့၏။

သိန်းမောင်ကြီးတို့ အိမ်ဝိုင်းထဲ ဝင်လိုက်သည်နှင့် ဦးဆုံး တွေ့ ရသူက ခင်ခင်ဦး။ ခင်ခင်ဦးသည် သူ့ကို မြင်လိုက်သည်နှင့် မျက် လေးအပြုံးသားဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို- ဦး. . . ဦးလေး ဘာကိစ္စ"

"ထွတ်ခေါင်ကိစ္စပါ သမီးရယ်"

"ရှင်- ကိုထွတ်၊ ကိုထွတ် ဘာဖြစ်လို့လဲဟင်"

"သူ့ကို ကင်ပေတိုင်ရုံးမှာ ဆွဲထားတယ်လေ၊ အဲဒါ ကိုသိန်းမောင်ကို လာအကူအညီတောင်းရတာပါကွယ်"

"ရှင်၊ ဘုရား. . . ဘုရား ဘယ်လိုဖြစ်တာတုံး"

"ဦးလည်း မသိပါဘူး သမီးရယ်၊ သမီးတို့အဖေ ရှိသလား"

"ရှိပါတယ် ဦး၊ လာလာ"

ခင်ခင်ဦးတစ်ယောက် ကြားလိုက်ရသည့်သတင်းကြောင့် ညှိုးညှိုးငယ်ငယ် ဖြစ်သွား၏။ သူတို့နှစ်ယောက် ဧည့်ခန်းထဲ ရောက်ရှိသွားလေရာ ဦးသိန်းမောင်ကြီးကို အခန့်သား တွေ့လိုက်ရ၏။ ဦးသိန်းမောင်ကြီး၏ အပြုံး၊ လျှို့ဝှက်နက်နဲမှုရှိသော အပြုံး။ အေးခက်စက် အမူအရာနှင့် ဦးခင်မောင်ကို စကားဆိုလိုက်၏။

"ဘယ်လိုတုံးဗျ၊ မလာစဖူး အလာထူးလှချည်လား ထိုင်ဗျာ"

ပြောလာသည့်စကားတွေက လှောင်တောင်တောင်။ စိတ်ထဲ မရိုးမရွ ခံစားနေရသော်လည်း ခံစားချက်ကို မျိုသိပ်ပြီး ထိုင်ခုံပေါ် ထိုင်ချလိုက်၏။ ဦးသိန်းမောင်ကြီးသည် သူ့ရှေ့သို့ လိမ္မော်ရည်အေးအေးလေး တစ်ခွက် တွန်းပေးလိုက်၏။

"သောက်ဗျာ၊ ရင်ထဲ အတော်ကို ပူနေတယ်ထင်တယ်"

ဦးခင်မောင်သည် ဦးသိန်းမောင်ကြီးကို တစ်ချက် လှမ်းကြည့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။ သူ့စကားကို ဦးသိန်းမောင်ကြီးက ခပ်ထေ့ထေ့အပြုံးနှင့် နားစွင့်နေ၏။ စကားဆုံးသွားသည့်အခါ ဦးသိန်းမောင်ကြီးစကားသံ ထွက်လာ၏။

"သြော်- မောင်ထွတ်ခေါင်ကိစ္စကိုး"

"ဟုတ်တယ်ဗျာ၊ ကျုပ်လည်း ဒီသူငယ်ကို အားကိုးနေရတာ။ ခုသူမရှိတော့ဘူးဆိုတော့ လုပ်ငန်းတွေ အတော်ကို ထိခိုက်နေပြီဗျာ။ ပြီးတော့ ကိုသိန်းမောင်ကြီးတို့က စစ်ရုံးတွေနဲ့ အဝင်အထွက် အသွားအလာ ရှိနေတယ်ဆိုတော့ ကျုပ်သားကိစ္စ လာပြောရ



တာပါဗျာ"

"ဟာ- ဒီကိစ္စက လူချင်းရင်းနှီးပေမယ့် သူတို့ရဲ့ အုပ်ချုပ်ရေးပိုင်းကိစ္စကိုတော့ ဝင်ပြောလို့ မရဘူး။ ပြောရင်လည်း အတော့်ကို ခက်ခဲမှာဗျ"

"ကျုပ် နားလည်ပါတယ် ကိုသိန်းမောင်ကြီး။ ဒါပေမယ့် ခင်ဗျားက ဦးမိုးမြေနဲ့ ရင်းနှီးနေတာဆိုတော့ သူတို့ကို အကူအညီတောင်းရင် မဖြစ်ဘူးလားဗျာ။ ထွတ်ခေါင်ရဲ့ အမေကလည်း အိပ်မရစားမရဖြစ်နေတယ်။ ဒီကိစ္စ ကူညီလို့ မဖြစ်ဘူးလား ကိုသိန်းမောင်ကြီးရယ်။ ကိုသိန်းမောင်ကြီး အကူအညီရှိလည်း ပြောပါဗျာ ကျုပ်ကူညီပါ့မယ်"

ဦးခင်မောင်၏ စကားကြောင့် ဦးသိန်းမောင်ကြီးသည် သူ့ကို အဓိပ္ပာယ်ရှိသည့် အကြည့်များနှင့် တစ်ချက် လှမ်းကြည့်လိုက်၏။

"ဒီကိစ္စဟာ အတော့်ကိုခက်ခဲမယ့်ကိစ္စဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ စီမံချက်ကို ဝင်ပြောရမှာဆိုတော့"

"ကူညီစမ်းပါဗျာ၊ ကျုပ်ဘက်က ဘာပဲလုပ်ရလုပ်ရပါ ကိုသိန်းမောင်ကြီးရယ်"

ဦးခင်မောင်၏ လေသံက ပို၍ တိုးတိမ်သွား၏။ ထိုအချိန် ဦးသိန်းမောင်ကြီး၏ ခပ်ဖွဖွ ရယ်မောသံ ပေါ်လာ၏။ ထိုစဉ် ဦးခင်မောင်က-

"ကျုပ် တကယ်ပြောတာပါ ကိုသိန်းမောင်ကြီးရယ်၊ ထွတ်ခေါင်ဟာ ကျုပ်တို့မိသားစုအတွက် အရေးကြီးဆုံးကလေးပါ"

"ဟားဟားဟား ဒီလောက်လည်း မတိုးရိမ်ပါနဲ့ ကိုခင်မောင်ရယ်၊ အမှန်တော့ ပြောရမှာ လွယ်တော့မလွယ်ဘူးပေါ့ဗျာ။ ဒါပေမယ့် ကိုမိုးမြေကို ပြောကြည့်ရမှာပေါ့"

"ကျေးဇူးတင်လိုက်တာဗျာ။ ကျုပ်ဘက်က ဘာကူညီရမလဲ ပြောပါဗျာ"

"အင်း. . . ပြောရမှာတော့ အားနာသဗျာ၊ ဒါပေမယ့် ပြောတော့ ပြောရမှာပဲ ကိုခင်မောင်"

"ပြောပါဗျာ၊ ကျုပ်ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီသို့ဗျ ဖျာပုံအောက်ပိုင်းက ကိစ္စတွေ"
"ရှာ"
"ဘာဖြစ်လို့လဲဗျ"
"ဩော်- ပြော. . . ပြောပါဗျာ"
"ဒီလို ကိုခင်မောင်ရဲ့ အဲဒီဘက်ကို ကိုမိုးမြေက သဘောကျနေတယ်ဗျ။ ကျုပ်က ခင်ဗျားအပိုင် ရွာတွေမို့. . ."
"ဟာ ပြောပါဗျာ"

ဖျာပုံဘက်မှ ရွာတွေဟု ဆိုလိုက်သဖြင့် ဦးခင်မောင် မျက်လုံးပြူးသွားခဲ့ရ၏။ အမှန်မတော့ ရွာတွေအတော်များများက သူနှင့်သာ စာချုပ်စာတမ်းတွေ ချုပ်ဆိုချင်ကြ၏။

သူကလည်း ကိုယ်ချမ်းသာရင်ပြီးရော ဆိုသည့် စိတ်ကူးမရှိ။ တစ်ဖက်နှင့်တစ်ဖက် သာစေနာစေသဘောကို စိုးစဉ်းမျှ မတွေး။ သာတူညီမျှစိတ်သာ ထားရှိခဲ့သည်မို့ ရွာအတော်များများက သူနှင့်တွဲ၍ လုပ်လိုကြ၏။

ယခုတော့ ဦးမိုးမြေ လိုချင်သည် ဆိုလာသဖြင့် ရွာတွေအတွက် စိုးရိမ်မိ၏။ သို့သော် အခြေအနေက ကျဉ်းထဲကျပ်ထဲ။

"ဘယ်လိုတုံး ကိုခင်မောင်၊ အဲဒီဘက်ကို ခင်ဗျား လွှဲပေးနိုင်ရင်တော့ ဒီကိစ္စ အမြန်ဆုံး အဆင်ပြေသွားမှာပဲ။ တစ်ခုတော့ရှိတယ် ကိုခင်မောင်"
"ဘာ. . . ဘာများလဲ"
"မောင်ထွတ်ခေါင်ကိစ္စက သိပ်ကြာလို့တော့ မဖြစ်ဘူးနော်၊ သူတို့က မီးရထားလမ်းဖောက်တဲ့ဘက်မှာ လူတွေ အတော်လိုနေတာဗျ"
"ဗျာ"

ဦးသိန်းမောင်ကြီး၏ စကားကြောင့် ဦးခင်မောင် ထွတ်ခေါင်အတွက် အစိုးရိမ်ကြီးစိုးရိမ်သွားမိ၏။ မီးရထားလမ်းဖောက်သည့်ဘက်ပါသွားလျှင် ထွတ်ခေါင်ဘဝက ဘယ်လိုမှ ပြန်လမ်းမရှိ။ လူတစ်ယောက်၏အသက်နှင့် သူစီးပွားဥစ္စာ ချမ်းသာမှုကို ချိန်ဆလိုက်သောအခါ ဦးခင်



မောင် ချမ်းသာမှုကို မမြင်တော့။ ထို့ကြောင့်လည်း ချက်ချင်းပင် ဆုံးဖြတ်လိုက်၏။

"အိုဗျာ ဒီကိစ္စအတွက် မပူနဲ့၊ အဲဒီဘက်ကို ကျုပ်လူတွေ ခြေဦးမလှည့်စေရဘူးဗျာ။ ကျုပ် ကတိရဲရဲပေးပါတယ်"
"သေ. . . သေချာလား ကိုခင်မောင်"
"ကျုပ်တို့ဟာ လူကြီးတွေပဲ၊ စကားကို ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောပါ့မလားဗျာ"
"ဟုတ်သားပဲဗျာ၊ ဆောရီးပဲ ကိုခင်မောင်။ ကိုင်း- ကျုပ်တို့ ဒါဆို နှုတ်ကတိစကားတည်ပြီပေါ့ဗျာ၊ ဘာမှမပူနဲ့ ဒီတစ်ပတ်ထဲ လွတ်ကို လွတ်စေရမယ်ဗျာ"
"တကယ်လားဗျာ"
"ဒီကိစ္စ ခင်ဗျားလည်း သိသားပဲ၊ ကိုမိုးမြေက ကင်ပေတိုင် တစ်ခုလုံးကို သူ့အိတ်ထဲ ထည့်ထားတာပဲဗျာ။ ဘာမှမပူနဲ့၊ လောလောဆယ် ရွာတွေကိစ္စ စီစဉ်လိုက်ဦးမယ်ဗျာ။ အဲဒီကိစ္စတွေ ပြီးတာနဲ့ ထွတ်ခေါင်ကို လွတ်အောင်လုပ်ပေးမယ်"
"ဖြစ်ပါ့မလား၊ တော်ကြာ အချိန်ကြာသွားရင်. . ."
"မပူစမ်းပါနဲ့ဗျာ၊ ကိုမိုးမြေ တစ်ခွန်းပြောပါ"
"ဒါဆိုလည်း ပြီးရောပေါ့ဗျာ"

ဦးသိန်းမောင်ကြီးလုပ်ရပ်က တမင်တကာ လုပ်ကြံလိုက်သည့်လုပ်ရပ်ဟု ထင်၏။ ဖျာပုံဘက်မှ လုပ်ကွက်မှန်သမျှသည် သူ့လုပ်ကွက်တွေ ဖြစ်၏။ ရွာတွေကို စည်းရုံးစရာမလို၊ ရေလုပ်ငန်းနှင့် ပတ်သက်ပြီး သူ့ဆီသာ ဦးထိုးဝင်လာကြစမြဲ။

ယခုတော့ ဦးမိုးမြေက ယူမည်ဆိုတော့ အသပြာအပြင် အာဏာပါဝါတွေသုံးမှာ သေချာ၏။ သို့သော် ယခုလို မဆုံးဖြတ်၍လည်း မဖြစ်။ ထွတ်ခေါင်အခြေအနေက နောက်ဆုံး အခြေအနေ။ ထို့ကြောင့်လည်း သူ့လုပ်ငန်းကွက်ကို လက်လျှော့လိုက်ရ၏။

ဦးသိန်းမောင်ကြီးသည် ဦးခင်မောင်ထံမှ ကတိစကားရယူသည်နှင့် သူ့လူတွေ စေလွှတ်ကာ ရွာတွေကို စည်းရုံးလေတော့၏။ ဦးမိုးမြေနှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပူးပေါင်းလိုက်၏။

ထိုအချိန်တွင် ဦးသိန်းမောင်ကြီးနှင့် မိုးလကျ်ာတို့နှစ်ဦး၏ တိုးတိုးတိတ်တိတ် ပြောဆိုသံများကို ခင်ခင်ဦး သက်ာမကင်း ဖြစ်သွား၏။ ထို့ကြောင့်လည်း သူတို့ မမြင်ကွယ်ရာမှ ချောင်းမြောင်းနားထောင်ခဲ့လေ၏။

"ဟိုကောင့်ကိစ္စကိုတော့ ကူညီလိုက်ပါဦး မောင်မိုးလကျ်ာရယ်"

"ဟာ- ဦးလေးကလည်း၊ သူ့ကို လွှတ်ပေးလိုက်ရင် ကျွန်တော်နဲ့ ခင်ဦးတို့ ပိုပြီး ဝေးသွားမှာပေါ့ ဦးလေးရာ"

"ဟေ - ဟို ဒါ. . . ဒါဆို သူ့ကို မင်း ဘယ်လိုလုပ်မလဲ၊ မင်း ဘယ်လို ဆုံးဖြတ်ထားသလဲ။ ငါ့ဆီ ဦးခင်မောင် ရောက်လာရင် ဘယ်လိုပြောရမလဲကွ"

"ဟဲဟဲ ဒီကိစ္စ လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေ။ ဒါကို သူတို့ သိပါတယ်။ ပြီးတော့ ကျွန်တော် ကြည့်စီစဉ်ပါ့မယ် ဦးလေးရယ် အရေးကြီးတာ ဦးလေး စီးပွားရေးလုပ်ငန်း အဆင်ပြေဖို့ပဲ မဟုတ်လား"

"ဟာ- ဒါတော့ ဒါပေါ့ကွာ၊ ဟို. . . ဟိုဒင်း"

"မပူပါနဲ့ ဦးလေးရာ၊ ဟဲဟဲ အခွင့်ရေးဆိုတာ တစ်ခါပဲ ရတယ်လေ။ ဒီတော့ ရလာတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချသွားဖို့ပဲ လိုတာပေါ့ ဦးလေးရ ဟားဟားဟား"

မိုးလကျ်ာ၏ ရယ်မောသံက ကြောက်စရာကောင်းလှ၏။ ဦးသိန်းမောင်ကြီးခမျှာ မိုးလကျ်ာ၏စကားကို မလွန်ဆန်နိုင်။ ပြောသမျှကို ခေါင်းညိတ်လိုက်ရလေ၏။ ချောင်းမြောင်းနားထောင်နေသော ခင်ခင်ဦးခမျာ မိုးလကျ်ာ၏ ရယ်မောသံက ဓားတုံးတုံးနှင့် ကြိတ်လှီးနေသလိုပင်။

မိုးလကျ်ာ၏ ပစ်မှတ်က သူ အသည်းပေါက်မတတ် ဖွဲလမ်းယ်... ခဲ့ရသော ထွတ်ခေါင် ဖြစ်နေမှန်း သိလိုက်ရသဖြင့် အံကလေး တကြိ... ကြိတ် ဖြစ်နေ၏။

ကြားလိုက်ရသည့် စကားအရ ထွတ်ခေါင်အခြေအနေက ဘ... နည်းနဲ့မှ လွတ်လမ်းမမြင်။ အန္တရာယ်ဘေးဆိုးတွေနှင့် ကြုံနိုင်သည့် အ... အနေကို တွေးမိသဖြင့် ခင်ခင်ဦး ပေါက်ကွဲနေ၏။





ထို့ကြောင့်လည်း ဖခင်ကြီးကွယ်ရာတွင် မိုးလကျ်ာနှင့် နှစ်ယောက်ချင်း တွေ့ဆုံပြီး ပြတ်ပြတ်သားသား ပြောဆိုခဲ့လေ၏။ မိုးလကျ်ာကတော့ သူ့ကို ပြုံးစိစိကြည့်နေဆဲ။ ထိုအကြည့်ကြောင့် ခင်ခင်ဦး ပို၍ပို၍ ခံစားနေရ၏။

"ဘယ်လိုဖြစ်တာလဲ ဦးရယ်၊ ဦးနဲ့ သူက ဘယ်လို ပတ်သက်နေလို့လဲကွာ"

"ဒါ၊ ရှင်သိစရာ မလိုဘူး"

"ဘာ- မင်း. . . မင်း ဘယ်လိုပြောလိုက်တာလဲ ဦးရယ်၊ မင်းနဲ့ ကိုယ်ဟာ မကြာခင်. . ."

"တော်စမ်းပါရှင်၊ မဏ္ဍပ်တိုင်တတ်ပြမနေစမ်းပါနဲ့။ ဒီကိစ္စ ကျွန်မ ခေါင်းမညိတ်သေးဘူးဆိုတာတော့ ရှင်သိထားသင့်တယ်"

"ဟင်- ဦး၊ မင်း ပြောရက်လိုက်တာကွာ။ ဦး၊ မင်း ဒီလိုတော့ မပြောသင့်ဘူးကွာ။ မင်းကို အချစ်ဆုံးလူဟာ ငါပဲ။ ငါ့လောက် မင်းကိုချစ်တဲ့သူ ဘယ်သူမှမရှိဘူး ဦး။ မင်းအတွက်ဆို ငါ ဘာမဆို စွန့်လွှတ်ဖို့ အဆင်သင့်ပဲကွာ၊ အေး- ငါလိုချင်တာဆိုရင်လည်း မရရအောင် ယူမယ်ဆိုတာ မင်းသိဖို့တော့လိုတယ်"

"ဟင်းဟင်းဟင်း၊ ရှင့်စကားတွေက အတော့်ကို ရယ်စရာကောင်းပါလား။ ဘာလဲ၊ ရှင် ကျွန်မကို စိန်ခေါ်လိုက်တာလား ကိုမိုးလကျ်ာ"

"ဟာ- မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး။ မင်းသက်သက် ကိုယ့်ကို အထင်လွဲနေပြီ။ ကိုယ် မင်းကို ဘယ်လောက်ချစ်တယ် ဆိုတာ သိရဲ့လား ဦးရယ်။ ဦးဟာ ကိုယ့်ကမ္ဘာ၊ ကိုယ့်ဘဝ၊ ကိုယ့်အိပ်မက်။ အိုဗျာ၊ ဟောဒီ စကြဝဠာ. . ."

"တော်စမ်းပါရှင်၊ ရှင် ဘာတွေပြောပြော ကျွန်မ စိတ်မဝင်စားဘူး။ ကျွန်မပြောချင်တာ ရှင်တို့ ကိုထွတ်ကို တမင် ကလိမ်ကကျစ်လုပ်ပြီး ဖမ်းထားတာ မဟုတ်လား"

"ဟားဟားဟား- မဟုတ်သေးဘူး ဦးရယ်"

"တော်ပြီ၊ ရှင့်ဆီက ကျွန်မ ဘာအကူအညီမှ မလိုချင်ဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုထွတ်ကို မရရအောင် ပြန်ထုတ်မယ်"

"ဟင်- မင်း. . . မင်း"

ခင်ခင်ဦး ပြောချင်ရာပြောချပြီး သူ့အနားမှ ထွက်သွား၏။ သူ့စကားကြောင့် မိုးလက်ျာနှလုံးသားတွေ တဆတ်ဆတ်တခါခါ ဖြစ်ခဲ့ရ၏။ အမှန်မတော့ မိုးလက်ျာကလည်း ဦးသိန်းမောင်ကြီး၏ရိုက်ကွက်ကို ထိန်းပြီး သူ့အိတ်ထဲထည့်ရန် ကြိုးစားနေခြင်း ဖြစ်၏။

သို့သော် ခင်ခင်ဦးကလည်း သူ့ဆင်ကွက်ကို ကောင်းကောင်းကြီး သိနေ၏။ ထို့ကြောင့် ပြတ်ပြတ်သားသား ပြောပြီး ထွက်သွားခြင်း ဖြစ်၏။ မိုးလက်ျာတစ်ယောက် သူ့အသည်းထဲ၊ အူထဲမှ လှိုက်လှိုက်လှဲလှဲ ခံစားနေရသော ချစ်သူ၏ သစ်စိမ်းချိုး ချိုးသွားသည့်စကားကြောင့် တောက်တခေါက်ခေါက် ဖြစ်နေ၏။

ကင်ပေတိုင်ရုံးကို သူ့ဖခင် အရှိန်အဝါနှင့် ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်ခဲ့၏။ ယခုတော့ သူ့ထောင်ချောက်ထဲ ဝင်လာသည့် ထွတ်ခေါင်ကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်၊ ချည်ပြီးတုပ်ပြီး အမှုနဲ့ ချေပစ်လိုက်ရန် စိတ်ကူးစီမံထားခဲ့၏။ သို့သော် ခင်ခင်ဦး၏ ပြင်းထန်သော စကားများကြောင့် စိတ်တွေ ကပေါက်တိကပေါက်ချာဖြစ်ခဲ့ရ၏။

ခင်ခင်ဦးနှင့် ပတ်သက်လျှင် တစ်ကမ္ဘာလုံးကို စစ်ကြေညာ ကြေညာမည့်သူပင်၊ သို့သော် ခင်ခင်ဦးက သူ့ဘက်မှာ မရှိပါလား သိသောအခါ အကြီးအကျယ် ပေါက်ကွဲခဲ့ရ၏။ ထို့ကြောင့်လည်း အိမ်ပြန် ရောက်သည်နှင့် ရေခဲစိမ်ဘရမ်ဒီပုလင်းဖွင့်ကာ တစ်ခွက်ပြီးတစ်ခွက် သောက်ပစ်လိုက်၏။ နှုတ်မှလည်း ခင်ခင်ဦးအမည်ကို တတွတ်တွတ် တမ်းတ၍ အော်ဟစ်နေလေ၏။

ထိုအချိန် ခင်ခင်ဦးရင်ထဲ မီးဝင်းဝင်းတောက်မတတ် ခံစားနေ ရ၏။ ချစ်ရသူကို အဓိက ပြဿနာရှာခဲ့သူမှာ မိုးလက်ျာမှန်း သိလိုက် ရသဖြင့် မကျေမချမ်း ဖြစ်ခဲ့ရ၏။ ထို့ပြင် ဖခင်ကိုယ်တိုင် ပါဝင်နေသည် မို့ ခင်ခင်ဦး လုံးလုံးမကျေနပ်၊ ဖခင်ကြီးရှိနေသည့် အခန်းထဲဝင်ကာ မျက်နှာချင်းဆိုင်၍ ပြောခဲ့၏။

"ဘယ်လို. . . ဘယ်လို ပြောလိုက်တယ်"



"ဟုတ်တယ်၊ ကိုထွတ်ကို ဖေဖေ တမင် ဒုက္ခပေးလိုက်တာ မဟုတ်လား။ အဲဒါတော့ လုံးဝ မကောင်းဘူး ဖေဖေ"

"တော်စမ်း မိခင်ဦး၊ ဒါ နင်ဝင်ပြောရမယ့်ကိစ္စ မဟုတ်ဘူး။ ငါက အဲဒီကောင်ကို ဘာဖြစ်လို့ ပြဿနာရှာရမှာလဲ"

"အို- ဖေဖေ တမင်လုပ်တာပါ၊ ကိုထွတ်ရဲ့ အဖေနဲ့ ဖေဖေတို့က ပြိုင်ဘက်တွေ မဟုတ်လား။ ဒါကြောင့် ဖေဖေ တမင် အငြိုးနဲ့. . ."

"တိတ်စမ်း၊ သွား ခုချက်ချင်း ထွက်သွား။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး အမိုက်မ သွားသွား"

ဖခင်ကြီး၏စကားသံက တစ်အိမ်လုံး ဟိန်းထွက်လာ၏။ ခင်ခင်ဦး ကတော့ အချစ်ဆိပ်တက်နေသူ ဖြစ်လေရာ ဖခင်ကြီး၏ ဒေါသကိုလည်း မမှုတော့၊ ဖခင်ကြီးကို စူးရဲရှတသည့် အကြည့်များနှင့် ကြည့်လိုက်ပြီး အခန်းထဲမှ ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားလေတော့၏။

ဦးသိန်းမောင်ကြီးခမျာ သမီး၏ဖြစ်အင်ကို ပါးစပ်အဟောင်းသား ဖြစ်၍ ကျန်ခဲ့၏။ ထွတ်ခေါင်အပေါ် သမီးဖြစ်သူ၏ ခံစားမှုက အထွတ်အထိပ်၊ ဖခင်ဖြစ်သူ၏ စကားကိုပင် မမှုတော့သည့်သမီးကို သူ အံ့ဩကြီး အံ့ဩခဲ့ရ၏။

အမှန်မတော့ သမီးကို မိုးလက်ျာနှင့်သာ သဘောတူခဲ့၏။ မိုးလက်ျာနှင့်သာ နေနှင့်လ ရွှေနှင့်မြဟု ထင်ခဲ့၏၊ ယခုတော့ သမီး၏ခံစားမှုက သူ့ရန်သူတော်ကြီး၏ သားအပေါ် အခံစားကြီးခံစားနေပါလားဟု သိရသောအခါ အလိုမကျမှုတွေ ဖြစ်ရ၏။ မိုးလက်ျာနှင့် အမြန်ဆုံး နေရာချထားပေးမှ သင့်တော့မည်ဟု တွေးမိ၏။

ထိုအချိန်တွင် ခင်ခင်ဦးတစ်ယောက် အလှဆုံးပြင်ဆင်ကာ ကင်ပေတိုင်ရုံးသို့ ရောက်ရှိလာ၏။ ကင်ပေတိုင်ရုံးတွင် အဓိက ကြိုးကိုင်နေသူမှာ ဗိုလ်ကြီးရှိုဝါ၊ စကားပြောရာမှာလည်း အလွန်မှ မောက်မာလှ၏။ သက်အောက်ငယ်သားအပေါ် ဆက်ဆံရာတွင်လည်း အထက်စီးမှ ဆက်ဆံတတ်၏၊ အပြင်ထွက်လျှင်လည်း ဓားရှည်ကြီးကို ချိတ်ကာ ကြွားကြွား ငင့်ဝင့် သွားတတ်လာတတ်၏၊ အရွယ်မှာ သုံးဆယ်လောက်သာရှိပြီး ပုပု

www.burmeseclassic.com



ပျော့ပျော့၊ မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး ငုတ်စိစိ၊ မျက်ပေါက်ကျဉ်းကျဉ်း နှင့် အလွန်မှ အကျည်းတန်လှ၏။

သူ့ဘေးတွင် ဘဦးခိုင်က အမြဲ လိုက်ပါလေ့ရှိ၏။ ဘဦးခိုင်က ဂျပန်စကားကို ကျွမ်းကျင်စွာ ပြောတတ်ပြီး ဗိုလ်ကြီးရှိဝါ၏ အထာကို လည်း သိနေ၏။ ဗိုလ်ကြီးရှိဝါ အလိုရှိတာမှန်သမျှကို စွမ်းဆောင်ပေးနိုင် သူ ဖြစ်၏။ ခင်ခင်ဦးနှင့် မိုးလက်ျာတို့ ကင်ပေတိုင်ရုံးသို့ တစ်ခေါက်ရောက် ခဲ့ဖူး၏။ ထိုစဉ်က ဗိုလ်ကြီးရှိဝါ၏အကြည့်က စားတော့ဝါးတော့မတတ် ကြည့်လွန်းသဖြင့် ရင်တလှပ်လှပ်နှင့် ထပြေးခဲ့ရ၏။

ဘဦးခိုင်ကတော့ သူ့အဖြစ်ကို ကြည့်ပြီး ပြုံးစိစိဖြစ်ခဲ့ရ၏။ ထို အချိန်မှစပြီး ဘဦးခိုင်နှင့်သူ ရင်းနှီးခဲ့လေ၏။ ယခုလည်း ထွက်ခေါင်ကိစ္စ နှင့် ပတ်သက်ပြီး ဘဦးခိုင်တို့ဆီ ရောက်လာလေ၏။ ခင်ခင်ဦးသည် ဘဦး ခိုင်နှင့် တွေ့တွေ့ချင်း ထွက်ခေါင်ကိစ္စကို ပြောပြလိုက်၏။

"ဪ- ဒီကိစ္စလာတာကိုး၊ ထွက်ခေါင်နဲ့ ဘယ်လိုပတ်သက်နေ လို့လဲ မခင်ခင်ဦး။ ပြီးတော့လည်း ဒီကိစ္စက ကိုမိုးလက်ျာတို့ကိစ္စ ဗျ"

"အို- ကျွန်မ အဲဒါတွေ မသိဘူး၊ ကျွန်မ ပြောချင်တာ အဲဒီလူကို ရှင် ပြန်လွတ်အောင်လုပ်ပေးပါ"

"ဟင်"

ခင်ခင်ဦးအသွင်က ဇွတ်။ အမှန်မတော့ ဘဦးခိုင်တစ်ယောက် မိုးလက်ျာတို့သားအဖဆီမှ လာဘ်ယူထားပြီး ဖြစ်၏။ ထွက်ခေါင်ကို နယ် စပ်ဘက် ဆွဲထုတ်သွားရန်လည်း စာရင်းသွင်းထားပြီး ဖြစ်၏။ ထိုအခြေ အနေတွင် ခင်ခင်ဦးက သူတို့နှင့် ဆန့်ကျင်ဘက် ပြောလာသည်မို့ ဘဦး ခိုင် ကြောင်စီစီဖြစ်နေ၏။

"ဟို- မခင်ခင်ဦးနဲ့ ကိုမိုးလက်ျာ. . ."

"ကျွန်မ သူနဲ့ ဘယ်လိုမှ မပတ်သက်သေးဘူး ကိုဘဦးခိုင်။ ဘာလဲ ရှင့်ကို သူတို့ ဘယ်လောက်ပေးထားသလဲပြော။ ကျွန်မ သူတို့ ထက် နှစ်ဆပိုပေးမယ်"

"ဗျာ"



ခင်ခင်ဦးက ပြောင်ပင်ပြောလာ၏။ သူ့စကားကြောင့် ဘဦးခိုင် မျက်လုံးအပြူးသား ဖြစ်နေ၏။ အသပြာသံကြားတော့ ဘဦးခိုင် လှုပ်လှုပ် ရှရှဖြစ်လာ၏။

သူ့ကို လူတချို့က ပါးစပ်ကြီးဟု ကွယ်ရာတွင် နာမည်ပြောင်ခေါ် လေ့ရှိ၏။ ပါးစပ်ကြီး ဆိုသည့်အတိုင်း ဂျပန်အစိုးရအဖွဲ့နှင့် မြို့သူမြို့သား များကြားမှ အပေးအယူ အလျှော့အတင်းလုပ်ပေးရင်း အသပြာ လာဘ် ပေးလာဘ်ယူလုပ်နေသူ ဖြစ်၏။ မြင်မြင်သမျှ စားမယ်ဝါးမယ်တကဲကဲမို့ မို့ပေါ်တွင် ဘဦးခိုင်ကို ပါးစပ်ကြီးဟု ခေါ်ခဲ့ခြင်း ဖြစ်၏။

ယခုလည်း မိုးလက်ျာတို့ထက် နှစ်ဆပိုပေးမည်ဆိုတော့ ဘဦးခိုင် အာသာတငမ်းငမ်းဖြစ်နေ၏။ သို့သော် မိုးလက်ျာ့ဆီက အခကြေးငွေ ယူပြီးသည့်နောက် ဂျပန်ဗိုလ်ကြီးနှင့် လက်ဝါးရိုက်ထားခဲ့ပြီးဖြစ်ရာ သူ့အ တွက် အခက်ကြုံနေရ၏။

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

"ဒီကိစ္စ မလွယ်ဘူး မခင်ခင်ဦးရဲ့"

"အို- အဲဒီမလွယ်တာကို လွယ်အောင်လုပ်ပေး၊ ရှင်တောင်းသ လောက် ကျွန်မပေးမယ်"

"ဟို- ဒီကိစ္စ ကျွန်တော့်လက်ထဲမှာ မရှိတော့ဘူးဗျ။ ဟို- နိပ္ပွန်ကြီး ဆီ ရောက်နေပြီ"

"ဒါဆို ရှင်တို့ဗိုလ်ကြီးနဲ့ ကျွန်မကို တွေ့ပေးလေ"

"ဗျာ"

ခင်ခင်ဦး၏ စကားတွေက ရေပက်မဝင်။ ဘဦးခိုင်ခမျာ ကြောင် ကြောင်ဖြစ်နေ၏။ ထိုစဉ် သူ့ခေါင်းထဲ ဂျပန်ဗိုလ်ကြီး၏ စကားသံ ပြန်လည် ကြားယောင်လာ၏။ ဗိုလ်ကြီးရှိဝါမှာ ခင်ခင်ဦးတို့ ရုံးပေါ်ရောက်လာစဉ် ကတည်းက ခင်ခင်ဦးကို စိတ်ဝင်စားနေခဲ့သူ ဖြစ်၏။ သူ့ကိုလည်း ခင်ခင် ဦး၏အကြောင်း မေးမြန်းခဲ့ဖူး၏။

အမှန်မတော့ ဗိုလ်ကြီးရှိဝါက မိန်းမနှင့် ဝတ်ဆို အသေကြိုက်သူ ဟု ဆိုရမည်။ သူ လိုချင်ပြီဆိုလျှင် မရမက အရယူတတ်၏။ အ[illegible] [illegible] လင်ရှိမယားအဆုံး ကြံတတ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ခင်ခင်ဦး၏အလှက ဗိုလ်ကြီးရှိဝါ၏အကြိုက်။ ထို အခြေအနေကို နှပ်ကြောင်းပေးပြီး အခြေအနေကို ပြောင်းလဲနိုင်သည်ဟု ဘဦးခိုင် ထင်၏။ သို့သော် ပြောရမည့်စကားလုံး ရှာမရအောင်ဖြစ်ခဲ့၏။

"ဘယ်လိုလဲ ကိုဘဦးခိုင်၊ ကျွန်မ ရှင်းရှင်းပဲပြောမယ်။ ကိုထွတ် ခေါင်နဲ့ပတ်သက်ပြီး ကျွန်မ ဘာလုပ်ပေးရပေးရ လုပ်ပေးဖို့ အဆင်သင့်ပဲ"

"ဗျာ၊ ဟို- ကိုထွတ်ခေါင်နဲ့ မခင်ခင်ဦးတို့က. . ."

"ဟုတ်တယ်၊ သူနဲ့ ကျွန်မ ဟို. . . ဟိုဒင်းလေ။ အို- ဒါတွေ ကျွန်မ မပြောချင်ဘူးရှင်၊ လောလောဆယ် ဟောဒီမှာ ပိုက်ဆံ"

"ဟင်"

စားပွဲပေါ် ဖျတ်ခနဲ ရောက်လာသည့် ပိုက်ဆံထုပ်ကြီးကိုကြည့်ပြီး ဘဦးခိုင် မျက်လုံးကြီးပြူးထွက်လာ၏။

"ဒီကိစ္စမှာ အဓိကက မစ္စတာရှိုဝါပဲဗျ။ မစ္စတာရှိုဝါက မိန်းမချော မိန်းမလှလေးတွေမြင်ရင် ပြောရဆိုရတာ အကုန်လုံး အဆင်ပြေ တယ်ဗျ"

"ရှင်၊ ဒါ. . . ဒါဆို"

"ဟုတ်တယ်၊ ကျွန်တော် အဲဒါပဲ ပြောချင်တာ"

"ဒါဆို ကျွန်မ မစ္စတာရှိုဝါနဲ့ ပြောချင်တယ်"

"ကိုင်း- ဒါဆို လာလေ"

ဘဦးခိုင်သည် ခင်ခင်ဦးကို ခေါ်ကာ မစ္စတာရှိုဝါ ရုံးထိုင်သည့် အခန်းထဲ ခေါ်သွား၏။ ခင်ခင်ဦးတစ်ယောက် ရင်တွေ တလှပ်လှပ်ခုန် နေ၏။ သူ ဘာကိုမှ မမြင်တော့။ သူ့အသွေးထဲအသားထဲတွင် ကိုထွတ် ရှိနေ၏။ ဘယ်နေရာကြည့်ကြည့် ကိုထွတ်မှ ကိုထွတ်။ ကိုထွတ်မှလွဲ၍ အခြား ဘာကိုမှ မခံစားတတ်။

ယခုလည်း မစ္စတာရှိုဝါက ကြောက်စရာကောင်းလှသော ကျား ကြီးတစ်ကောင်မှန်း သိ၏။ အရှင်းဆုံးပြောရလျှင် ခင်ခင်ဦးတစ်ယောက် ကျားပါးစပ်ထဲ ခုန်ချရန်ပင် အဆင်သင့် ဆုံးဖြတ်ထားသူဟု ဆိုလေမလား မပြောတတ်။



အခန်းထဲ ရောက်သည်နှင့် မစ္စတာရှိုဝါ၏ မျက်လုံးတောက် တောက်ကြီးတွေက သူ့ခန္ဓာကိုယ်ပေါ် တဝဲဝဲ။ မြန်မာစကား မတောက် တခေါက်နှင့် ဘဦးခိုင်ကို မေးနေ၏။ ဘဦးခိုင်ကလည်း ခင်ခင်ဦးကိစ္စကို ရှိရှိသေသေ ပြောဆိုနေ၏။

မစ္စတာရှိုဝါက ခေါင်းကြီးတညိတ်ညိတ်။ သူ့ကိုလည်း သွားကြီးဖြဲ ပြီး ရယ်ကျဲကျဲလုပ်လာ၏။ မစ္စတာရှိုဝါ၏သွားတိုငုတ်တုတ်တွေက အံတို နေသော ကျားရဲတစ်ကောင်၏ သွားကြီးများပမာပင်။ မစ္စတာရှိုဝါ ပြော သမျှကို ဘဦးခိုင်က ခေါင်းတညိတ်ညိတ်၊ တစ်အောင့်အကြာတွင် သူ့ ဘက်လှည့်ပြီး ပြောလာ၏။

"ဒီကိစ္စက စာရင်းဇယား အတိအကျလုပ်ပြီး အထက်ကိုအစီရင် ခံဖို့ အသင့်ဖြစ်နေတယ်တဲ့။ ဒါကြောင့် ပြင်ဖို့ဖျက်ဖို့ ခက်တယ်တဲ့"

"ရှင်၊ ဒါ. . . ဒါဆို ကိုထွတ် ဒုက္ခပါပဲ။ ကိုထွတ် လွတ်မယ်ဆိုရင်၊ အို- ကြည့်ပြောပေးပါဦး ကိုဘဦးခိုင်ရယ်။ ကျွန်မ ဘာမဆို ပေး ဆပ်ဖို့ အသင့်ပြင်ထားပါတယ်"

"ဟင်"

ခင်ခင်ဦး၏ စိတ်ဆန္ဒက ကြောက်မက်ဖွယ်ရာပင်။ ဘဦးခိုင်ပင် တအံ့တသြ ဖြစ်ခဲ့ရ၏။ မစ္စတာရှိုဝါသည် ခင်ခင်ဦး၏ မျက်နှာလှလှလေး ကို ကြည့်ပြီး အားသာငမ်းငမ်းဖြစ်နေ၏။ ခင်ခင်ဦးကလည်း မစ္စတာရှိုဝါ ကို နွဲ့တဲ့တဲ့အကြည့်ကလေးနှင့် မခို့တရို့ကြည့်လိုက်မိ၏။

ထိုစဉ် ဘဦးခိုင်က မစ္စတာရှိုဝါနားကပ်၍ လေသံတိုးတိုးနှင့် ပြော လိုက်၏။ မစ္စတာရှိုဝါသည် တဟဲဟဲ ရယ်သံကြီးနှင့် ဘဦးခိုင်ကို ပြန်ပြော လိုက်၏။

ထိုအခါ ဘဦးခိုင်က ခင်ခင်ဦးဘက်လှည့်ပြီး-

"လောလောဆယ်တော့ အဆင်မပြေသေးဘူးတဲ့ မခင်ခင်ဦး။ ဘာဖြစ်လို့လဲဆိုတော့ သူလည်း အစည်းအဝေးသွားစရာရှိသေး လို့တဲ့။ အဲဒါ သန်ဘက်ခါညနေမှာ ဒီကို လာခဲ့ပါတဲ့။ သူနဲ့နှစ် ယောက်တည်း စကားပြောချင်တယ်တဲ့"

"ဟင်- တကယ်လား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ဗျာ"

"ဒါဆိုလည်းပြီးရော၊ ဒါဆို ကျွန်မ ပြန်မယ်"

ခင်ခင်ဦးသည် ထိုင်ခုံမှ ဆတ်ခနဲ ထလိုက်ပြီး အခန်းထဲမှ ထွက်ခဲ့၏။ မစ္စတာရှိုဝါသည် ခင်ခင်ဦးကိုကြည့်ကာ အောင်သေအောင်သားစားတော့မည့် ကျားစေဦးလဲကြီး၏အပြုံးနှင့် ရယ်ကျဲကျဲဖြစ်နေလေ၏။

ခင်ခင်ဦးခမျာ ရုံးဝင်းအပြင်သို့ ရောက်လာသည်အထိ ရင်တွေခုန်နေဆဲ။ မစ္စတာရှိုဝါ သူ့ကို ထောင်ချောက်ဆင်လိုက်မှန်း ရိပ်မိသော်လည်း ဘာပဲလုပ်ရလုပ်ရ လုပ်တော့မည်ဟု ရဲရဲကြီး ဆုံးဖြတ်လိုက်၏။

သို့နှင့် ထားထားတို့အိမ်ဆီသို့ မြင်းလှည်းတစ်စီးငှား၍ ထွက်လာခဲ့၏။ သူ့စိတ်ထဲ ကိုထွတ်နှင့် ပတ်သက်ပြီး ကြီးစွာသော အလျော်အစားပေးဆပ်ရမည်ကိုတော့ အတပ်သိနေ၏။ သို့သော် သူ လိုချင်သည့်အရာရဖို့ ဘာမဆို ရင်ဆိုင်သွားမည်ဟု တုံးတိကြီး ဆုံးဖြတ်ခဲ့၏။

ထားထားတို့အိမ်ရောက်တော့ ထားထားကို ခြံထဲတွင် တွေ့လိုက်ရ၏။ ထားထားခမျာ ထွတ်ခေါင်နှင့် ပတ်သက်ပြီး အကြေကွဲကြီး ကြေကွဲနေရ၏။ သူ့အသွင်က တေးမြှုငှက်ကလေးတစ်ကောင် အသွင်ပင်။ ခံစားနေရသော ခံစားချက်ကို ဘယ်သူမှ မဖွင့်ဟရဲ။ ဖွင့်ဟရမည့်သူလည်းမရှိ။ ထို့ကြောင့်လည်း တစ်ယောက်တည်း ကြိတ်မှိတ်ခံနေရ၏။

ထိုစဉ် ခြံထဲဝင်လာသော ခင်ခင်ဦးကို တွေ့လိုက်ရသဖြင့် စိတ်ထဲဝမ်းသာအားရဖြစ်သွား၏။

"ဟင်- ခင်ဦးပါလား၊ လာလာ"

ခင်ခင်ဦးသည် ထားထားဘေးတွင် ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်ထိုင်လိုက်၏။ နှုတ်ခမ်းကလေး စူတူတူ၊ အံကလေးတကြိတ်ကြိတ် ဖြစ်နေ၏။

"ဘာတွေဖြစ်လာလို့လဲ ခင်ဦးရယ်၊ မမ ရင်တွေထိတ်လိုက်တာ"

"အို- လူတွေဟာ အတော့်ကို ရွံစရာကောင်းတာပဲ၊ ကြာလေ မုန်းလေပဲ မမရယ်"

"ဟင်- ဘာတွေလဲ ညီမလေးရယ်၊ မမထားကို ပြောစမ်းပါဦး"

ထားထား၏ အမေးကို ခင်ခင်ဦးက ခေါင်းကလေးတခါခါဖြစ်



နေ၏။

"မလွယ်ဘူး၊ ကိုထွတ်ကိစ္စက ပေါ်တာစာရင်းထဲ ရောက်နေပြီ"

"အို- ဘုရား. . . ဘုရား၊ ကိုထွတ်. . . ကိုထွတ်ခေါင်တော့ ဒုက္ခပါပဲကွယ်။ ဒါဆို. . ."

"မလွယ်ဘူး မမထားရေ၊ ဒါပေမယ့် ခင်ဦး မရရအောင် ထုတ်မှာပဲ"

"ဟင်"

ခင်ခင်ဦး၏ စကားသံတွေက သူနားထဲ မိုးကြိုးအစင်းတစ်ရာ ပစ်ချလိုက်သလိုပင်။ သူ ဘာလုပ်၍ လုပ်ရမှန်းပင် မသိတော့။ အတွေးစိတ်များ ဖရိုဖရဲဖြစ်သွားခဲ့ရ၏။

ထပြေးရမလိုလို၊ အော်ဟစ်ပစ်လိုက်ရမလိုလို ကပေါက်တိကပေါက်ချာဖြစ်နေ၏။ သို့သော် ခင်ခင်ဦး မြင်မှာလည်း စိုးရိမ်နေသည်မို့ ပေါက်ကွဲမှုက မြုံ့မြုံ့အအ ဖြစ်နေ၏။

ထိုအချိန် ခင်ခင်ဦးတစ်ယောက် ထားထားရှေ့တွင် စိတ်ထဲရှိရာ ပြောချလိုက်၏။

"ခင်ဦး သူ့ကိုချစ်တယ် မထား၊ သူဟာ ခင်ဦးရဲ့ဘဝ၊ ခင်ဦးရဲ့ ကမ္ဘာပဲ၊ သူ တစ်ခုခုဖြစ်မှာကို ခင်ဦး မလိုလားဘူး၊ ဒီတော့ သူ့အတွက် ခင်ဦး အားလုံးကို စစ်ကြေညာဖို့ အဆင်သင့်ပဲ"

"အို- အရှုပ်ကာရော မလုပ်ပါနဲ့ကွယ်၊ သူတို့က. . ."

"ခင်ဦး ဘာကိုမှ ဂရုမစိုက်ဘူး၊ ကိုထွတ်နဲ့ ပတ်သက်လာရင် ဂျပန်စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ ရင်ဆိုင်ရလည်း ခင်ဦး ရင်ဆိုင်ဖို့ အသင့်ပဲ"

"ညီမလေးရယ်၊ မမ စိုးရိမ်လိုက်တာကွယ်"

"မစိုးရိမ်ပါနဲ့ မမ၊ ခင်ဦး ဘာလုပ်ရမလဲဆိုတာ သိတယ်၊ ကိုယ်လိုချင်ရင်တော့ ပေးဆပ်ရမှာပဲ၊ ဒီတော့ ခင်ဦး ကိုထွတ်ကို လိုချင်တယ်။ ဒါကြောင့် ခင်ဦး ဘာပဲပေးရပေးရ ပေးဖို့အဆင်သင့်ပဲ"

"ဟင်"

ခင်ခင်ဦး၏ စိတ်က ကြောက်ခမန်းလိလိ။ တစ်ချက်ကလေးမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်တော့သည့်အသွင်။ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချထားပုံရ၏။

ထားထားခမျာ ခင်ခင်ဦး၏ အချစ်ကို ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ပွင့်ပွင့်လင်းလင်းခံစားရဲသူမို့ မထောင်းသာသော်လည်း သူ့ရင်ထဲမှ ခံစားမှုကို ဘယ်သူ့ပြောရမှန်းပင် မသိ။

ထိုအချိန် ခင်ခင်ဦးတစ်ယောက် စိတ်ထဲရှိရာ ပြောဆိုပြီးနောက် သူ့ကို နှုတ်ဆက်၍ ပြန်သွားလေ၏။ ထိုအချိန် ထားထားအနားသို့ ဖခင်ကြီး ရောက်လာ၏။ ဖခင်ကြီးသည် ခင်ခင်ဦး၏ စကားကို ကြားမိလိုက်ပုံပေါ်၏။

"ခက်တော့ ခက်နေပြီ သမီးရေ ဒီကိစ္စက လွယ်တော့ မလွယ်ဘူး။ ပြီးတော့ ဖေဖေ့စိတ်အထင်ပြောရရင် ကိုခင်မောင်နဲ့ ကိုသိန်းမောင်ကြီးတို့ အားပြိုင်တဲ့ကြားမှာ ကလေးနှစ်ယောက်စလုံး ညပ်နေပြီလို့ ထင်တာပဲ"

"ဟုတ်နိုင်တယ် ဖေဖေ"

"အင်း. . . ဒီကိစ္စ ဖေဖေလည်း ဘာပြောလို့ပြောရမှန်း မသိဘူး။ ကိုသိန်းမောင်ကြီးက ကင်ပေတိုင်တစ်ရုံးလုံး အိတ်ထဲထည့်ထားတာကွယ့်"

"ဟုတ်တယ် ဖေဖေ၊ ကိုထွတ်ကိစ္စဟာ ဦးလေးသိန်းမောင်ကြီးတို့ လက်ချက်မကင်းဘူး။ အဲဒါ ခင်ခင်ဦး ပါလာတော့ ပြဿနာတွေ တော့ ရှုပ်ကုန်ပြီထင်တာပဲ"

"ဖေဖေလည်း အဲဒီအချက်ကို တွေးမိတယ်။ ဒီကိစ္စဟာ သွေးရိုးသားရိုးကိစ္စ မဟုတ်နိုင်ဘူး၊ တမင်ကို ရှင်းထုတ်ပစ်တာ ဖြစ်နိုင်တယ်"

"ဖေဖေရယ်၊ ကိုထွတ်ဟာ လူကောင်းတစ်ယောက်ပါ။ အဲဒီလိုတော့ မလုပ်သင့်ပါဘူး။ သမီးတော့ ကိုထွတ်အကြောင်း တွေးရင်း စိတ်မကောင်းလိုက်တာ"

"ဖေဖေလည်း ဘယ်စိတ်ကောင်းမှာလဲ သမီးရယ်၊ သူ့ကျေးဇူး ဖေဖေ့မှာ ရှိတယ်လေ။ ဒါပေမယ့် သမီးရယ်၊ ခုချိန်မှာ ဟိုလူတွေနဲ့



မပတ်သက်လေ ကောင်းလေပဲ မဟုတ်လား"

"အဲဒါတော့ ဟုတ်ပါတယ် ဖေဖေရယ်၊ ဒါပေမယ့် . . ."

"တွေးမနေပါနဲ့ သမီးရယ်၊ လူတွေရဲ့ သဘောသဘာဝဟာ သိပ်ပြီး ကြောက်စရာကောင်းတယ် သမီး။ ခေတ်ကိုက လောဘရမ္မက် ဟုန်းဟုန်းတက်နေတဲ့ခေတ်လေ။ ဒီတော့ကာ ငါ့ဖို့၊ ငါ့မိသားစုဖို့ 'ငါ'တွေနဲ့ သက္ကာယအင်အားတွေ လက်ရုံးမိုးတောက်နေတဲ့ခေတ် သမီးရဲ့။ ဒီတော့ ဖေဖေတို့ ဘယ်လိုပြောသာမှာလဲ သမီးရယ်"

ဖခင်ကြီး၏စကားကြောင့် ထားထားမျက်ရည်ဝိုင်းခဲ့ရ၏။ အိပ်ခန်းထဲရောက်သည်နှင့် ကျိတ်၍ ငိုကြွေးပစ်လိုက်၏။ ရင်ထဲနင့်နေအောင် ခံစားရ၏။

သူ့အပေါ် စေတနာ၊ အကြင်နာကြီးလှသော ကိုထွတ်ခေါင်မှာ ယခုတော့ မသမာသူတို့၏ ထောင်ချောက်ထဲ ရောက်နေရပြီမို့ သူ ဘာမှ မတတ်နိုင်တော့။ ခင်ခင်ဦးလိုလည်း စိတ်ထဲရှိရာကို ရှက်မလွှင့်ဝံ့။ ကိုယ်က မိန်းကလေး ဆိုတော့လည်း အစစအရာရာ ကြိတ်မှိတ်ခံစားရသည်မို့ အားမလိုအားမရဖြစ်ခဲ့ရ၏။

ထို့ပြင် ခင်ခင်ဦး၏ စကားသံတွေ ကြားရပြန်တော့လည်း မချိတင်ကဲ ခံစားနေရ၏။ ညီမလေး ထင်ရာမြင်ရာလုပ်မှာကိုလည်း အစိုးရိမ်ကြီးစိုးရိမ်နေမိ၏။

ထိုအချိန်တွင် အိမ်ပြန်ရောက်လာသော ခင်ခင်ဦးတစ်ယောက် ဘယ်သူနှင့်မှ စကားမပြော။ အိပ်ခန်းထဲဝင်ကာ အိပ်ခန်းတံခါးပိတ်၍ သူ့ဘေးနား ခွေခွေကြီးအိပ်နေသော ငရဲကြီးကို တတွတ်တွတ်နှင့် ရင်ဖွင့်နေလေတော့၏။

✪✪✪

www.burmeseclassic.com

www.burmeseclassic.com

အချစ်မရှိလျှင်
ကမ္ဘာကြီးလည်း ဖြစ်မလာနိုင်ပါချေ။
အချစ်သည်
ကမ္ဘာကြီးရသခံစားချက်ကို
တီးခတ်နိုင်စွမ်းရှိသော
တယောအိုကြီး တစ်လက်ပင်
ဖြစ်လေ၏။

## အခန်း (၃)

မစ္စတာရှိဝါ၏ အခန်းက အဖိုးတန်ပစ္စည်းပစ္စယများနှင့် ပြည့်နှက်နေ၏။ သူအခန်းထဲ ရောက်ရှိသွားစဉ် မစ္စတာရှိဝါတစ်ယောက် ရမ်တစ်လုံးကို စားပွဲပေါ်တင်ကာ အကျအန သောက်သုံးနေ၏။

ခင်ခင်ဦးသည် အလှဆုံးပြင်၍ သူ့ရှေ့သို့ ရောက်ရှိလာ၏။ ခင်ခင်ဦး၏ တိုယ်သင်းရနံ့ကလေးကပင် သူ့ကို ယစ်မူးသွားစေ၏။ မစ္စတာရှိဝါသည် ခင်ခင်ဦး ထိုင်ထိုင်ချင်း မြန်မာစကား မတောက်တခေါက်နှင့် ပြောဆိုလေ၏။

ပြောလာသည့်စကားတွေကလည်း အဘယ်မျှလှကြောင်း၊ အဘယ်မျှ ချစ်စရာကောင်းကြောင်း စကားတွေသာ ပါ၏။ အရှင်းဆုံးပြောရလျှင် မစ္စတာရှိဝါ၏ စကားတွေက ကာမဂုဏ်ယစ်မူးနေသည့် အသံဗလံတွေသာ ဖုံးလွှမ်းနေ၏။

ခင်ခင်ဦးတစ်ယောက် မချစ်သော်လည်း အောင့်ကာနမ်း ဆိုသော အခြေအနေကို ဆိုက်နေရပြီ ဖြစ်၏။ ထို့ကြောင့်လည်း တစ်ချက်ကလေးမှ မဲ့မသွား။ မစ္စတာရှိဝါ ခံစားနိုင်လောက်သည့် အမူအရာများနှင့်သာ သူလိုချင်တာကို ပြောခဲ့ဆိုခဲ့၏။

သူ့စကားကို မစ္စတာရှိဝါက ခေါင်းတညိတ်ညိတ်။

"ဘိရုမာ မိန်းကလေး လှတယ်၊ အားကြီးလှတယ်"

"အို- ဟို ကျွန်မကိစ္စ ဘယ်. . .ဘယ်လိုလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို မစ္စတာရှိုဝါက ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက် လုပ်နေ၏။ ခင်ခင်ဦး၏ရင်ထဲ အစိုင်အခဲကြီးတစ်ခုပမာ ခံစားနေရ၏။ မစ္စတာရှိုဝါသည် သူပြောသမျှကို ဂရုစိုက်သလိုလို၊ ဂရုမစိုက်သလိုလို လုပ်နေ၏။ စားပွဲပေါ်ရှိနေသည့် အရက်ခွက်ကိုယူကာ သောက်လိုက်၊ ထင်ရာမြင်ရာတွေပြောလိုက်လုပ်နေ၏။

ပို၍ ဆိုးသည်က အပြုအမူများ ရဲတင်းလာခြင်းပင် ဖြစ်၏။ ထိုင်ရာမှ ခပ်ယိုင်ယိုင်ထကာ သူ့အနားသို့ ကပ်လာပြီး ပခုံးလေးကို ဆတ်ခနဲ ကိုင်လိုက်၏။ သူ့အပြုအမူကြောင့် ခင်ခင်ဦး ထိတ်ထိတ်ပျာပျာဖြစ်ကာ အတင်းထရပ်လိုက်၏။

ထိုစဉ် မစ္စတာရှိုဝါက သူ့ကိုယ်လုံးကလေးကို နောက်မှ သိမ်းကျုံးပွေ့ဖက်လိုက်၏။

"အို- လွှတ်လွှတ်"

"ဘိရှုမာလေး သိပ်ချစ်"

"ရှင်၊ ဖယ်ဖယ်ဖယ်နော်"

"ဘိရှုမာလေး"

"ကဲဟယ်"

"ဒုတ်. . . ဂွမ်း. . . ဒုတ်"

"အားလား"

"ဟင်"

အခြေအနေက ဘယ်လိုမှ ပြောမရတော့။ မစ္စတာရှိုဝါ၏ လုပ်ဆောင်ချက်က ပို၍ပို၍ ရဲတင်းလာ၏။ ခင်ခင်ဦး၏ သည်းခံစိတ်တွေ အတိုင်းအဆမရှိ ပေါက်ကွဲသွား၏။ ထို့ကြောင့်လည်း စားပွဲပေါ်တင်ထားသည့် အရက်ပုလင်းကို ဖျတ်ခနဲ လှမ်းယူကာ မစ္စတာရှိုဝါ၏ မျက်နှာကို ရိုက်ချလိုက်၏။

ဂွမ်းခနဲ မြည်သံနှင့်အတူ ပုလင်းက ထက်ပိုင်းပြတ်ထွက်သွား၏။ ထိုအခါ လက်ထဲကျန်ခဲ့သော ပုလင်းပိုင်းမှ ဖန်ဆူးကြီးများနှင့် ရင်ဘတ်ကို ထိုးပစ်လိုက်၏။ သူ့တုံ့ပြန်မှုက မြန်ဆန်လွန်းလှသဖြင့် မစ္စတာရှိုဝါ တစ်ယောက် နောက်သို့ ပက်လက်လန်ကျသွား၏။



ထိုအခါ အခန်းထဲမှ အလျင်အမြန် ပြေးထွက်ခဲ့ပြီး အိမ်ကြီးပေါ်မှ ဆင်းခဲ့၏။ ဧည့်ခန်းထဲတွင် ဘဦးခိုင် ထိုင်နေ၏။ သူ့ကိုမြင်တော့ ပြုံးတုံးပြတဲ။ ခင်ခင်ဦးက သူ့ကို တစ်ချက်ကလေး လှမ်းမကြည့်။

အိမ်ပေါ်မှ တက်သုတ်ရိုက် ဆင်းချသွားကာ ခြံအပြင် ရောက်သည်နှင့် မြင်းလှည်းတစ်စီး အလျင်အမြန်ငှား၍ အိမ်ဘက်သို့ထွက်လာ၏။

အိမ်ပေါ် သုတ်သီးသုတ်ပျာ တက်လာသော ခင်ခင်ဦးကို ကြည့်ပြီး ဖခင် ဦးသိန်းမောင်ကြီး မျက်လုံးမျက်ဆန်ပြူးနေ၏။

"ဟဲ့ဟဲ့ သမီး၊ ဘာဖြစ်တာလဲ"

"ဟို- သ. . . သမီး၊ ဂျပန်စစ်ဗိုလ်ကြီးကို အသေသတ်ပစ်ခဲ့တယ် အဖေ။ လုပ်. . . လုပ်ပါဦး"

"ဘာ၊ ဟာ- ဒုက္ခပါပဲကွာ"

"ကယ်ပါဦး ဖေဖေရယ်"

"ပြဿနာပဲ၊ ဒီကိစ္စ အရမ်းကို အန္တရာယ်ကြီးတာ"

"အို- ဒါတွေမပြောပါနဲ့၊ သမီး ဘာလုပ်ရမလဲ ပြောပါဦး ဖေဖေရယ်"

သမီးဖြစ်သူ၏ စကားကြောင့် ဦးသိန်းမောင်ကြီးတစ်ယောက် ကမ္ဘာကြီး ပြိုပျက်သွားလေပြီလားပင် ထင်မိ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းပဲ မသိ။ နောက်ဆုံး သူ စိတ်အချရဆုံးလူဖြစ်သော ချစ်မွေးကိုခေါ်ကာ စကားကို တုံးပြတ်ပြတ် ပြော၍ အမိန့်ပေးလိုက်၏။

"ချစ်မွေး၊ ငါ့သမီးကို မင်းတို့ရွာ အမြန်ဆုံးခေါ်သွား။ ငါ အစစ အရာရာ စိတ်ချမယ်။ ငါ မဆက်သွယ်သရွေ့ မင်းတို့ဘက်က မဆက်သွယ်နဲ့"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာကြီး"

"ကိုင်း- အထုပ်အပိုးတွေယူ၊ ဟောဒီမှာ ပိုက်ဆံ။ သမီး အမြန်ပြေးပေတော့၊ ဖေဖေ နောက်မှ လိုက်လာခဲ့မယ်"

"ရှင်၊ ဟို- သမီး ဖေဖေနဲ့. . ."

"သွားသာ သွားစမ်းပါ သမီးရယ်၊ ဒီကိစ္စ လူသိခံလို့ မဖြစ်ဘူး"

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

ဖခင်ကြီး၏ စကားကြောင့် ခင်ခင်ဦးလည်း ရှိသမျှပစ္စည်းများကိုယူကာ ချစ်မွေးနှင့်အတူ အိမ်ကြီးပေါ်မှ အလျင်အမြန်ထွက်ခဲ့ကြ၏။ လမ်းပေါ်ရောက်သည်နှင့် မြင်းလှည်းတစ်စီး အလျင်အမြန်ငှားကာ မြစ်ဆိပ်သို့ ထွက်လာ၏။

ခင်ခင်ဦး၏ရင်ထဲ လောင်မီးတွေကျနေ၏။ ခံစားမှုနှင့် လှုပ်ရှားမှုက ကွာဟသွားသလိုပင်။ သို့နှင့် မြစ်ဆိပ်သို့ အရောက်တွင် သူတို့နှစ်ဦးကြုံရာသင်္ဘောဖြင့် ရန်ကုန်ဘက်သို့ ထွက်ခဲ့ကြလေ၏။

ခင်ခင်ဦးတို့ ထွက်သွားပြီး ဆယ်ငါးမိနစ်ခန့် အကြာတွင် ဘဦးခိုင်နှင့် ဂျပန်စစ်သားတစ်စု ဦးသိန်းမောင်ကြီးတို့အိမ်ပေါ် ရောက်လာ၏။ ဘဦးခိုင်သည် ဦးသိန်းမောင်ကြီး၏ အရှိန်အဝါကို သိနေသဖြင့် လေသံတိုးတိုးတိမ်တိမ်နှင့် ပြောပြလိုက်၏။

"ဗျာ၊ မစ္စတာရှိဝါ အသတ်ခံရတယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ ပြီးတော့ ဒီကိစ္စမှာ ဆရာကြီးရဲ့သမီး ခင်ခင်ဦးဟာ အဓိကတရားခံ ဖြစ်နေတာမို့ ကျွန်တော်တို့ လာခေါ်တာပါ ခင်ဗျာ"

"ဘာ- ငါ့သမီး၊ မင်း ဘာတွေလာပြောနေတာလဲ၊ ငါ့သမီးက သူ့သူငယ်ချင်းဆီ သွားတာကွ"

"ဗျာ၊ ဟာ- မဖြစ်နိုင်ဘူးထင်တယ်။ ခွင့်ပြုပါ ဆရာကြီး၊ ကျွန်တော်တို့မှာ ဝရမ်းလည်းပါပါတယ်။ ရှာဖွေခွင့်ပြုပါ"

"ဟာ ကွာ"

ဦးသိန်းမောင်ကြီးကို ပြောဆိုပြီးသည်နှင့် တစ်အိမ်လုံး မွှေနှောက်လှန်လှောကာ ရှာဖွေလေ၏။

မစ္စတာရှိဝါ အသတ်ခံလိုက်ရပြီဆိုသော သတင်းက တစ်မြို့လုံးပျံ့နှံ့သွားခဲ့၏။ ပြောသံဆိုသံတွေကလည်း သောသောညံနေ၏။ ထိုအထဲ ဦးသိန်းမောင်ကြီး၏သမီး ခင်ခင်ဦးက သတ်သွားပါသည် ဆိုသော သတင်းပါ ပျံ့နှံ့သွားလေ၏။ တစ်မြို့လုံး အုတ်အော်သောင်းတင်းနှင့် တုန်တုန်လှုပ်လှုပ်လည်း ဖြစ်နေကြ၏။ ဂျပန်စစ်ကားတွေကလည်း မြို့ထဲ ကစီစီ



သွားလာနေကြ၏။ လုံခြုံရေးဂိတ်များတွင်လည်း အစောင့်အကြပ်တွေထူပြောလာကာ တစ်မြို့လုံးကို လှန်လှောရှာဖွေလေတော့၏။

ဦးသိန်းမောင်ကြီးခမျာ ဧည့်ခန်းထဲရှိ ထိုင်ခုံပေါ်တွင် ခေါင်းကြီးငိုက်စိုက်ကျနေ၏။ ဘာပြောလို့ ပြောရမှန်းလဲ မသိတော့။ တစ်အိမ်လုံးလည်း ချောက်ချားနေ၏။ ဘဦးခိုင်တို့လူစုသည် ခင်ခင်ဦးကို ရှာမတွေ့တော့သဖြင့် တောက်တခေါက်ခေါက်နှင့် ပြန်သွားကြ၏။

ညနေစောင်းလုလုအချိန်တွင် မိုးလက်ျာတို့ သားအဖ ရောက်လာ၏။ ဦးသိန်းမောင်ကြီးခမျာ ဦးမိုးမြေ၏မျက်နှာကို ရဲရဲတောင် မကြည့်ဝံ့။ မိုးလက်ျာမှာလည်း ယောက္ခမလောင်းကြီးကိုကြည့်ရင်း မချင့်မရဲဖြစ်နေ၏။ အမှန်မတော့ သူတို့ ကြံစည်ခဲ့သည့် ပစ်မှတ်က သူတို့ထံ လည်ထွက်လာသည်မို့ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲအောင်ဖြစ်နေကြ၏။

ထိုစဉ် ဦးသိန်းမောင်ကြီး၏ စကားသံ ထွက်လာ၏။

"ကျွန်တော်လည်း ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး ဦးမိုးမြေရယ်၊ သမီးလေးကို တရားခံလို့ ပြောနေကြတာ ကျွန်တော့်နားထဲ သံရည်ပူနဲ့ လောင်းလိုက်သလိုပါပဲဗျာ"

"အေးဗျာ၊ ကျွန်တော်လည်း အတော့်ကို အံ့သြတယ်။ ဘာကြောင့်များ ဒီလိုဖြစ်ရပါလိမ့်"

"ဟုတ်တယ်၊ ကျွန်တော်လည်း မယုံဘူး။ ခင်ဦးဟာ ဘယ်နည်းနဲ့မှ တရားခံ မဖြစ်နိုင်ဘူး၊ ဒါ- ကြားက တစ်ယောက်ယောက်ဝင်ပြီး ဒုက္ခပေးသွားတာ ဖြစ်နိုင်တယ်"

မိုးလက်ျာကလည်း မကျေနပ်။ သူတို့စိတ်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေကြ၏။ ဦးသိန်းမောင်ကြီးကိုယ်တိုင်ကလည်း သမီးကိစ္စကို ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ် ဦးမိုးမြေ၏ စကားသံထွက်လာ၏။

"ကိုသိန်းမောင်ကြီး၊ ကျွန်တော် ဟိုကောင်ကို စာရင်းထဲ ထည့်လိုက်ပြီဗျာ"

"ထည့်လိုက်ဗျာ၊ ကျွန်တော့်သမီးလေး အခုလိုဖြစ်ရတာ ဒီကောင့်ကြောင့်ပဲ ဖြစ်ရမယ်။ ဒီကောင့်အပေါ် ကျွန်တော့်သမီးလေးက

www.burmeseclassic.com

www.burmeseclassic.com



စွဲစွဲလမ်းလမ်း ဖြစ်နေတာဗျ၊ ကျွန်တော်တို့လုပ်တဲ့ကိစ္စကို သမီးက တစ်စိတ်တစ်ပိုင်း သိနေတယ်ဗျ"

"ဟင်- ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော့်စိတ်ထင်ပြောရရင် သမီးလေး ဘာကြောင့် ကင်ပေတိုင်ရုံးကို ရောက်နေရသလဲ။ အဲဒီအချက်က စဉ်းစားစရာပဲဗျ"

"အေးဗျာ၊ ကျွန်တော်လည်း စဉ်းစားလို့ မရဘူး"

မိုးလကျ်ာကပါ ကြောင်စီစီနှင့် ဝင်ပြောလာ၏။ ဦးသိန်းမောင်ကြီးသည် ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်၏။

"ဒီကိစ္စပြောရရင် ကျွန်တော့်သမီးအကြောင်း ကျွန်တော် အသိဆုံးပဲဗျ။ ခင်ဦးဟာ စိတ်သိပ်မြန်တာ၊ ဘာမဆို သူကိုယ်တိုင်လုပ်ရမှ ကျေနပ်တဲ့ မိန်းကလေးဗျ။ ဟိုကောင့်ကိစ္စနဲ့ ပတ်သက်ပြီး ကင်ပေတိုင်ရုံးကို သွားတာပဲ ဖြစ်ရမယ်"

"ဟင်"

"အံ့သြစရာပဲဗျာ"

"ပြောရရင် ကိုယ့်သမီးဆိုတော့ ပြောရတာလည်း မျက်နှာပူလှပါတယ်ဗျာ။ သူ မစ္စတာရှိုဝါဆီကို ဟိုကောင့်ကိစ္စပြောဖို့ သွားတာဖြစ်ရမယ်။ အဲဒါကြောင့် ခုလို မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်ကုန်တာပေါ့"

ဦးသိန်းမောင်ကြီးတစ်ယောက် ပြောသာပြောရသည် ဦးမိုးမြေတို့ကို မကြည့်ဝံ့။ ဦးမိုးမြေမှာလည်း ခင်ခင်ဦး၏ ဖြစ်စဉ်ကို မယုံချင်ယုံချင် ဖြစ်နေ၏။ မိုးလကျ်ာကတော့ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ရင်း မကျေမချမ်းဖြစ်နေ၏။

"လုပ်ပစ်လိုက်စမ်းပါ အဖေရာ၊ ဒီကောင့်ကို မပြန်လမ်းသာ ပို့ပစ်လိုက်"

"အေးကွာ"

"လုပ်စမ်းဗျာ၊ ထွတ်ခေါင်ဆိုတဲ့ကောင် ကမ္ဘာပေါ်က ပျောက်သွားအောင် လုပ်စမ်းဗျာ"





သုံးယောက်စလုံး၏ မကျေနပ်မှုက ထွတ်ခေါင်ပေါ်သို့ ပုံကျသွား၏။ ဦးသိန်းမောင်ကြီးအိမ်မှ ပြန်သည်နှင့် သူတို့သားအဖ ကင်ပေတိုင်ရုံးသို့ ရောက်လာကြ၏။ ရုံးတွင် ရန်ကုန်ရုံးမှ ဂျပန်စစ်ဗိုလ်ကြီး မာကိုတိုရောက်နေ၏။ မာကိုတိုက မစ္စတာရှိုဝါထက် ကြမ်းလှ၏။

မစ္စတာရှိုဝါ အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ စိတ်ထဲမကျေနပ်။ လူသတ်တရားခံမှာ မိန်းမတစ်ဦး ဖြစ်နေသည်မို့ စိတ်ထဲမကျေမချမ်း ဖြစ်နေ၏။ ထို့ကြောင့်လည်း သူ့ရုံးမှ စုံထောက်အဖွဲ့ကို ချက်ချင်းစေလွှတ်ကာ ခင်ခင်ဦးကို ခြေရာခံခိုင်းလိုက်၏။

ဦးမိုးမြေနှင့် မစ္စတာမာကိုတိုတို့နှစ်ဦးသည် ရန်ကုန်ရုံးချုပ်မှာကတည်းက ရင်းနှီးပြီးသားဖြစ်၏။ ထို့အပြင် ဦးမိုးမြေက မစ္စတာမာကိုတိုအတွက် လိုအပ်သမျှကို ငွေအသပြာကအစ ပံ့ပိုးခဲ့သောကြောင့်လည်း ဦးမိုးမြေ လက်ညှိုးညွှန်ရာရေ ဖြစ်ခဲ့၏။

ယခုလည်း ထွတ်ခေါင်ကိစ္စနှင့်ပတ်သက်ပြီး အကွက်ကျကျ ပြောဆိုလိုက်ရာ မစ္စတာမာကိုတိုက ခေါင်းတညိတ်ညိတ်။ ဦးမိုးမြေ ဝယ်ခြမ်းလာသည့် လက်ဆောင်ပစ္စည်းများကို ကြည့်ရင်း ဝမ်းသာအားရ ဖြစ်နေ၏။

ဗက်စစ်စတိုနိုင်း၊ စကော့ဝီစကီကအစ ပါသည်မို့ ဦးမိုးမြေ ပြောသမျှကို မစ္စတာမာကိုတိုက ခေါင်းတညိတ်ညိတ်။ စခန်းအပေါ်ထပ် အချုပ်ခန်းထဲတွင် ထည့်ထားသော ထွတ်ခေါင်ကို တနင်္သာရီဘက်ရှိ ချွေးတပ်စခန်းများဆီသို့ ပို့ဆောင်ရန် အမြန်ဆုံး စီစဉ်လေတော့၏။

✪

ထွတ်ခေါင်တစ်ယောက် ဆိုးဝါးလှသောကံကြမ္မာကို နားမလည်နိုင်တော့။ လက်ရောခြေထောက်ပါ သံကြိုးတွေခတ်ထားသည်မို့ နေရထိုင်ရသည်မှာ အလွန်မှ ခက်ခဲပင်ပန်းလှ၏။ သူတို့လို ဘဝတူတွေကလည်း အယောက်နှစ်ဆယ်ခန့် ရှိ၏။ အချုပ်ခန်းထဲမှ ထွက်လာသည်နှင့် လှံစွပ်တပ်ထားသော သေနတ်များကို ကိုင်ထားသည့် ဂျပန်စစ်သားများက သူတို့ကို အသင့်ဝိုင်းရံထား၏။

ထိုအခြေအနေကိုမြင်လိုက်သည်နှင့် သူတို့ ဆိုးဆိုးဝါးဝါးကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရင်ဆိုင်ရတော့မည်ဟု အတပ်သိလိုက်၏။ အခြေအနေက ဘယ်လိုမှ မတုံ့ပြန်နိုင်သည့် အခြေအနေ၊ သူတို့ပြုသမျှကို ခေါင်းငုံ့ခံရတော့မည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်၏။

သူတို့လူစုကို စစ်ကားကြီးများနှင့် အလုံပိတ်တင်ကာ မြို့အပြင်သို့ ထွက်ခဲ့၏။ ကားထဲတွင် အသက်ရှူရန်တောင် မလွယ်လှ။ တဝေါဝေါ မောင်းနှင်နေသော ကားကြီးထဲ ဝရုန်းသုန်းကား ဖြစ်နေ၏။ ဘယ်ကို ခေါ်သွားမှန်းပင် မသိ။ စိတ်ထဲတော့ ရထားလမ်းဖောက်သည့် နေရာများသို့ ခေါ်သွားသည်ပဲ ထင်နေ၏။

ကားပေါ်တွင် တစ်ညနီးပါးခန့် ပင်ပန်းဆင်းရဲခံကာ လိုက်ခဲ့ရ၏။ ထမင်းမစားရ၊ ရေမသောက်ရနှင့် လည်ချောင်းတစ်ခုလုံး အက်ကွဲမတတ် ခံစားနေရ၏။ ကားပေါ်တွင် တစ်ည အိပ်ခဲ့ရပြီး နောက်တစ်နေ့နံနက် စောစောတွင် မြစ်ဆိပ်တစ်ခုပေါ်သို့ ရောက်ရှိလာကြ၏။ သင်္ဘောဥဩဆွဲသံများကိုလည်း ကြားနေရ၏။

ကားပေါ်က ဆင်းသည်နှင့် မျက်လုံးတွေလည်း ကျိန်းစပ်နေ၏။ သူတို့လူစုကို ဂျပန်စစ်သားများက လှံစွပ်တပ်ထားသော သေနတ်ကြီးများ ထောက်ကာ သင်္ဘောမည်းမည်းကြီးတစ်စင်းပေါ် အတင်းတက်ခိုင်း၏။

သူတို့၏အသွင်က နွားတွေ၊ ဝက်တွေလိုပင်။ အတင်းမောင်း၊ အတင်းအော် တွန်းတွန်းတိုက်တိုက်နှင့် သင်္ဘောကြီးပေါ် တက်ခဲ့ရ၏။ သင်္ဘောပေါ်ရောက်တော့လည်း အိပ်စရာ ဖျာတစ်ချပ်တောင် မရှိ။ ဖုန်တွေ၊ သဲတွေ၊ အမှိုက်သရိုက်တွေ ရှုပ်ပွနေသော ကြမ်းပြင်ပေါ်မှာပဲ အိပ်လိုက်ထိုင်လိုက်နှင့် နေခဲ့ရ၏။

ရေပြင်ကြီး မြင်နေရသော်လည်း ရေကို ဝဝလင်လင် မသောက်ရ။ ထမင်းဟင်းကျတော့လည်း အင်ဖက်များပေါ်၌ အေးစက်စက် ထမင်းခဲများပုံကာ ပဲဟင်းအရည်ကျဲ၊ ဆားတစ်ပုံနှင့် ငရုတ်သီးတစ်တောင့်သာ ပါ၏။ ထမင်းခဲကလည်း ကျောက်တုံးကျောက်ခဲများပမာပင်။ ကြုံရသည့် ဒုက္ခက သူတစ်သက် တစ်ခါဖူးမျှ မကြုံဘူးသည့်ဒုက္ခ။ သင်္ဘောကြီး တစ်ခုလုံးလည်း နံဟောင်နေ၏။

သူတို့လူစုကို လက်နက်ကိုင်အဖွဲ့က အချိန်မရွေး စောင့်ကြပ်နေ



ကြ၏။ လှုပ်လှုပ်ရွရွ မြင်သည်နှင့် အနားသို့ ရောက်လာကာ ခွေးအော်ဝက်အော် အော်ဟစ်ကျိန်းမောင်းပြီး ပါးရိုက်နားရိုက်လုပ်တတ်၏။

အိပ်လည်း အိပ်မရ၊ စားလည်း စားမရ၊ ရေကလည်း မစိုမပို့ ရေမချိုးရသည်မှာ သုံးလေးရက်ခန့် ရှိနေပြီဖြစ်၍ ကိုယ်ပေါ်မှာလည်း ကြေးအလိမ်းလိမ်း။ အဖုအပိမ့်တွေလည်း ပေါက်လာ၏။ တချို့ အချုပ်သမားများဆိုလျှင် ကိုယ်ပေါ်မှာ သန်းကြေးမတွေတောင် ရှိနေ၏။

ကိုယ်ပေါ်ပါလာသည့် အင်္ကျီ၊ ပုဆိုးတွေပင် အရောင်အဆင်း မရှိတော့။ ညစ်ထေးပေကျံ နံဟောင်နေပြီ ဖြစ်လေ၏။ လက်နှင့် ခြေထောက်တို့တွင် ချည်နှောင်ထားသော သံကြိုးတွေကြောင့် လက်၊ ခြေတွေလည်း ဖူးရောင်ရဲတွတ်နေ၏။ ထိုအထဲ ရုတ်တရက် မိုးသက်လေပြင်းများ ကျရောက်လာသည်မို့ သူတို့လူစု သင်္ဘောထဲ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်၏။

အော်သူအော်၊ ငိုသူငိုနှင့် အရှင်လတ်လတ် ငရဲပြည်ရောက်နေရသလို ခံစားနေရ၏။ မိုးသက်လေပြင်းများ ကျရောက်လာသောအခါ ဂျပန်စစ်သားအဖွဲ့များ သင်္ဘောအောက်ခန်းသို့ အပြေးဆင်းသွားကြ၏။ သူတို့အားလုံး မိုးတွေ ရွှဲစိုကုန်ကြပြီး လေတဟူးဟူး တိုက်နေသဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြ၏။

ခြုံစောင်တစ်ထည်ပင် မရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် တိုးတိုးခွေ့ခွေ့ ပူးကပ်နေကြရ၏။ လှိုင်းတွေ အုန်းခနဲ အုန်းခနဲ ထိုးတက်လာသဖြင့် သူတို့ စီးလာသည့် သင်္ဘောကြီးမှာ နိမ့်လိုက်မြင့်လိုက် လူးလိုက်ခွာလိုက်ဖြစ်နေ၏။ အားလုံး ရင်တထိတ်ထိတ်။

ထွတ်ခေါင်သည် သူတို့အဖွဲ့၏ အခြေအနေကို ကြည့်ပြီး စိတ်မကောင်းကြီးစွာ ခံစားနေရ၏။ မတရားမှုကို ထင်ထင်ရှားရှားကြီး မြင်နေရသော်လည်း ငုတ်တုတ်ထိုင်ကြည့်နေရသည့် အခြေအနေကို အားမလိုအားမရဖြစ်နေမိ၏။ သောက်စရာ ရေတစ်ခွက်၊ စားစရာ ထမင်းတစ်လုတ်မရှိသည့် ဘဝအခြေအနေကြား ဒုက္ခအတွေ့ကြီးတွေ့နေရသောအဖြစ်ကို အံတကြိတ်ကြိတ်နှင့် ပေါက်ကွဲခဲ့ရ၏။

သင်္ဘောပေါ်တွင် အချိန်ကြာမြင့်စွာ လိုက်ပါခဲ့ကြရင်း နောက်ဆုံး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကြီးတစ်ကျွန်းပေါ်သို့ ရောက်လာကြ၏။ သင်္ဘောပေါ်မှ ဆင်းတော့ ခြေထောက်တွေတောင် ကောင်းကောင်း မထောက်နိုင်ကြ။

လူတွေလည်း ပေကျံနံစော်နေ၏။ ကုန်းပေါ်ရောက်သည်နှင့် သူတို့လူစု လုံခြုံရေးစခန်းဆီသို့ ခြေကျင်လျှောက်ရ၏။ လမ်းတွေကလည်း ဆိုးပါဘိ။ တောင်ကုန်းတွေ၊ ကမူတွေ၊ တောရိုင်းပင်တွေကို ဖြတ်ကျော်ခဲ့ရ၏။

စခန်းရှေ့ရောက်တော့ သူတို့အားလုံးကို တန်းစီခိုင်းပြီး လူစစ်ခဲ့၏။ ဂျပန်စစ်သားကြီးတစ်ဦးသည် သူတို့လူစုကို တိရစ္ဆာန်ပမာ အော်ဟစ်ဆဲဆိုကာ တာဝန်တွေ ခွဲပေးလိုက်၏။ သူတို့လို ဘဝတူ အယောက် သုံးဆယ်ခန့် ရှိ၏။ တချို့က တောထဲဝင်ပြီး သစ်ခုတ်ကြရ၏။ တချို့က ပင်လယ်ဘက်ထွက်ပြီး ငါးဖမ်းရ၏။

ထွတ်ခေါင်ကတော့ ငါးဖမ်းသည့်အဖွဲ့နှင့် လိုက်ခဲ့ရ၏။ သူ့ကို ညီအစ်ကိုအရင်းပမာ ခင်တွယ်လာသူက မြဖေ။ ဒုက္ခပေါင်းစုံနှင့် ကြုံတွေ့နေရသော်လည်း မြဖေက အပြုံးမပျက်။ ထွတ်ခေါင်ထက် ငါးနှစ်ခန့်ကြီး၏။ အရပ်အမောင်းက ပိန်ပိန်ရှည်ရှည်၊ နှုတ်ခမ်းမွှေးပြောင်ပြောင်။

စကားပြောရာတွင်လည်း တရားတဘောင်တွေနှင့် ယှဉ်ပြီး ပြောတတ်၏။ ယခုလည်း ပင်လယ်ဘက်သို့ စက်လှေကြီးတစ်စင်းနှင့် ထွက်ခဲ့ကြရာ မြဖေကတော့ ခပ်ပြုံးပြုံးပင်။ ငိုမဲ့မဲ့ဖြစ်နေသူများကို ကြည့်ပြီး ထင်ရာမြင်ရာ စွတ်ပြောခဲ့၏။

"ဟာကောင်တွေ၊ ငိုနေမဲ့မနေကြစမ်းပါနဲ့။ ဖြစ်သမျှအကြောင်းကို အကောင်းလို့ပဲ သဘောထားပြီး ရင်ဆိုင်ကြစမ်းပါကွာ"

"ဟာ- ကိုမြဖေကလည်း၊ ဘယ်မှာ အကောင်းရှိလို့လဲဗျ။ အားလုံးအဆိုးတွေချည်းပဲဟာ။ စားစရာမရှိ၊ သောက်စရာမရှိနဲ့ ကျုပ်တို့အားလုံး သေဖို့ပဲရှိတော့တာဗျ"

"စိန်ခေါင်ကလည်းကွာ၊ လဲချင်သလောက်လဲစမ်းပါစေ။ အမြဲတမ်းပြန်ထဖို့စိတ်တော့ ရှိရမယ်ကွ၊ အရေးကြီးတာ ဒီဟာပဲ။ ဘယ်ဘဝရောက်နေနေ ကိုယ့်စိတ်ကိုယ် အမြဲတမ်း တည်တည်ငြိမ်ငြိမ် ထားသင့်တယ်ကွ၊ ပြောရရင် စိတ်သေရင် လူသေတာပဲ၊



စိတ်ဓာတ်ကျ ... စိတ်ထောင်းလို့ကိုယ်ကြေ ဆိုတဲ့စကား မင်းတို့ ကြားဖူးမှာပေါ့၊ ရင်ဆိုင်ရတဲ့ အခြေအနေမှာ ငါတို့ ရှင်သန်ဖို့အတွက် အရေးကြီးတာ မာကျောတဲ့စိတ်ကို လက်သပ်မွေးထားဖို့ပဲကွ။ ကိုင်း- ဘာမှ တွေးမနေနဲ့၊ လုပ်စရာရှိတာလုပ်ကွာ"

မြဖေ၏ စကားကြောင့် ငိုမဲ့မဲ့လုပ်နေသူများ တက်တက်ကြွကြွ ဖြစ်လာကြ၏။ သူတို့လူစု ပင်လယ်ထဲသို့ ချာလည်ချာလည်နှင့် ရောက်ခဲ့ကြ၏။ သူတို့အဖွဲ့၏ ခေါင်းဆောင်က မြဖေ။ မြဖေက ပင်လယ်အကြောင်းကို ကောင်းကောင်းကြီး သိထားသူ ဖြစ်၏။

လေအသွားအလာ၊ ပင်လယ်ရေ အရောင်အဆင်း၊ ကောင်းကင်၏ အခြေအနေတို့ကို ကြည့်ပြီး ငါးရှာတတ်၏။ ဆိုးဝါးသော ရာသီဥတုကိုလည်း ကြို၍ သိနေ၏။

သူတို့လူစု ပင်လယ်ပြင်ထဲ သုံးလေးခေါက် ထွက်ခဲ့ရာ ငါးအတော်ကလေး ရခဲ့၏။ သူတို့ဖမ်းဆီးလာသော ငါးတွေကို သူတို့ မစားရ။ ဖမ်းဆီးလာသမျှကို ဂျပန်စစ်တပ်က သိမ်းဆည်းပြီး သေတ္တာကြီးများထဲ ထည့်ကာ ရှေ့တန်းသို့ ပို့ခဲ့ကြ၏။

သူတို့လူစု နေရထိုင်သည်မှာ ပင်လယ်ကမ်းခြေနှင့် အနီးဆုံး နေရာတွင် နေရ၏။ တန်းလျားရှည်ကြီး ထိုးထားပြီး တန်းလျားထဲ တိုးတိုးခွေ့ခွေ့နှင့် အိပ်ကြရ၏။ စားတော့လည်း တစ်လုတ်တစ်ဆုပ်၊ အိပ်တော့လည်း ချမ်းချမ်းစီးစီး၌ ခြုံစရာစောင် မရှိသဖြင့် ကိုယ့်ပုဆိုးကိုယ်ခြုံပြီး အိပ်ခဲ့ရ၏။

တစ်ပတ်ခန့်အကြာတွင် လူတွေအားလုံး ငါးကျည်းခြောက်များ သမွယ် ပိန်းခြောက်မည်းညစ်ကုန်၏။ တချို့လည်း ပင်ပန်းလွန်းလှသဖြင့် အိပ်ရာထဲ လဲကုန်ကျ၏။ မြဖေနှင့် ထွတ်ခေါင်တို့နှစ်ဦးသည် ဖျားနာနေသောလူများကို ကူညီခဲ့၏။ သူတို့ရလာသည့် ရာရှင်ထဲမှပင် ခွဲ၍ ကျွေးမွေးခဲ့၏။

ထိုအထဲတွင် တာတူးက လူတစ်မျိုး။ လူဖလံလေး ဖြစ်သော်လည်း အကြောက်အရွံ့ကင်းလှသူ ဖြစ်၏။ တဲထဲ တဟီးဟီးနှင့် ညည်းညူနေသောလူများကိုကြည့်ပြီး တာတူး မကျေမချမ်း ဖြစ်နေ၏။

www.burmeseclassic.com



တစ်ညတွင် တဲထဲမှ ခိုးထွက်ကာ လုံခြုံရေးစခန်းဆီသို့ တောလမ်းမှ တိတ်တဆိတ် ရောက်လာ၏။ အချိန်အခါမှာ ညဉ့်နက်ပိုင်း အချိန်အခါဖြစ်ပြီး တောအုပ်ကြီးဘက်မှ သားကောင်များ၏ အော်သံဟစ်သံကို ကြားနေရ၏။

တာတူးသည် စခန်းအနောက်ဘက် ဂိုဒေါင်ထဲသို့ အစောင့်စစ်သားများ အလစ်တွင် မရမက ခိုးဝင်ခဲ့ပြီး ဆေးဝါးများ၊ အစားအစာများကို ခိုးဝှက်ကာ တဲဆီသို့ ပြန်လာခဲ့၏။

သူ ပြန်ရောက်လာချိန်တွင် မြဖေနှင့် ထွတ်ခေါင်တို့နှစ်ဦး မအိပ်နိုင်ကြသေး။ တာတူးကို မြင်တော့ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေ၏။

"ဟာ- မင်း ဘာတွေသွားလုပ်တာလဲ"

"ဂိုဒေါင်သွားဖောက်တာလေ၊ ဒီမှာ ကြည့်စမ်း"

"ဟာ"

မြဖေတောင် မျက်လုံးပြူးနေ၏။ တာတူးသည် ပါလာသည့်ပစ္စည်းများကို တိုးတိုးတိတ်တိတ် ဝေခြမ်းလိုက်၏။ ဖျားနာနေသူ အချို့တို့မှာလည်း တာတူး ယူလာသည့် ဆေးဝါးများကို သောက်ကာ ထူထူထောင်ထောင်ဖြစ်လာ၏။

"ဟကောင် တာတူး၊ ကြည့်လည်းလုပ်ပါဦးကွာ။ တော်ကြာ ဟိုကောင်တွေနဲ့ တိုးလို့ ဒုက္ခတွေ့နေပါဦးမယ်"

"သေလည်း အေးတာပေါ့ ကိုကြီးမြဖေရာ။ သူတို့ဟာ ကျွန်တော်တို့မြေပေါ်လည်း လာသေးတယ်၊ မတရားလည်း ခိုင်းတယ်။ ပြီးတော့ ကျွန်တော်တို့ကိုလည်း ပြန်နှိပ်စက်တယ်ဗျာ၊ ဒီတော့ ကျွန်တော်တို့ကလည်း လက်တုံ့ပြန်သင့်တယ်ဗျ"

"ဟာကွာ၊ တိုးတိုးပြောပါကွ"

"ဘာလဲ၊ ကိုကြီးမြဖေက ကြောက်နေပြီလား"

"ဟာ- မင်းကတော့ မဟုတ်တာပြောပြီ။ အေး မင်းလုပ်တာ ဆိုးတော့မဆိုးဘူးကွ၊ ငါတို့လုပ်အားနဲ့ ရလာတဲ့ စားသောက်ဖွယ်ရာတွေကို ဒီကောင်တွေ အမြိန့်သား ထိုင်စားတာတော့ ငါလည်း ကြည့်မရဘူး။ မှန်တယ်၊ တာတူး မင်းလုပ်တာ မှန်တယ်။ ဒီ





ကောင်တွေကို ငါတို့လူစု မရရတဲ့နည်းနဲ့ လက်တုံ့ပြန်သင့်တယ်၊ ဒါပေမယ့် အရမ်းကာရောတော့ မလုပ်ကြနဲ့။ ဒီကောင်တွေ လက်ထဲမှာ သေနတ်တွေ ရှိနေတယ်။ ဒီတော့ ပိပိရိရိလုပ်မှ ဖြစ်မယ်"

မြဖေ၏ စကားကြောင့် တာတူး မြှောက်ကြွမြှောက်ကြွ ဖြစ်နေ၏။ သူတို့လူစု ညပိုင်းရောက်သည်နှင့် တာတူးနှင့်အတူ ဂိုဒေါင်ထဲမှ စားသောက်ဖွယ်ရာများကို ခိုးယူခဲ့ကြ၏။

တစ်ချိန်တွင် ဂျပန်တပ်ဖွဲ့က ကမူးရှူးထိုးရောက်လာကာ တွေ့သမျှလူကို အတင်းတွန်းထိုးကန်ကျောက်လေ၏။ ဖျားနာနေသော ရွာသားသုံးဦးကို သူတို့ရှေ့မှာပင် လှံစွပ်ကြီးတွေနှင့် ထိုးသတ်လိုက်၏၊ သူတို့အားလုံး ကြိတ်မနိုင်ခဲမရ ဖြစ်နေ၏။

ထိုအထဲတွင် ထွတ်ခေါင်က အပြင်းထန်ဆုံး၊ မတရားလွန်းအားကြီးလာသဖြင့် သူ့ဘေးတွင်ရပ်နေသော ဂျပန်စစ်သားကြီးထံမှ လှံစွပ်သေနတ်ကို အတင်းလုယူကာ တွေ့သမျှ ဂျပန်တွေကို လှံစွပ်နှင့် ထိုးပစ်လိုက်၏။

"ဟာ- ထွတ်ခေါင်"

"ပြန်ဆော်ဗျ၊ မခံနိုင်တော့ဘူး"

"ခူးရကား"

ဂျပန်တပ်ဖွဲ့ကလည်း ရုတ်တရက်မို့ ကြောင်စီစီဖြစ်နေ၏။

ထိုစဉ် မြဖေနှင့် တာတူးတို့နှစ်ဦး ဂျပန်တပ်ဖွဲ့စီမှ သေနတ်ကို အတင်း ဝင်လုကာ တွေ့သမျှ ဂျပန်များကို တိုက်ခိုက်လိုက်၏။ တဲတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်ကုန်ကာ အော်ကြဟစ်ကြ၊ ပြေးကြလွှားကြနှင့် ငိုသံခတ်သံတွေကလည်း ပွက်လောညံနေ၏။

ထိုအချိန် ထွတ်ခေါင်သည် တန်းလျားပေါ်မှ လွှားခနဲ ခုန်ချကာ ပင်လယ်ဘက်သို့ ထွက်ပြေးခဲ့၏။ သူ့နောက်မှ ဂျပန်စစ်သားများ ဒရောသောပါး လိုက်လာ၏။ ကျည်ဆန်တွေကလည်း သူ့ဘေး ပလူပျံနေ၏။

ထွတ်ခေါင်သည် ငုံ့လိုက်ရှောင်လိုက် ဝပ်လိုက်ပုန်းလိုက်နှင့် ထွက်ပြေးခဲ့ရာ ပင်လယ်စပ်သို့ ရောက်လာ၏၊ ထိုအခါ တွေ့ရာ မလှတစ်စီး

www.burmeseclassic.com



ပေါ် တက်လိုက်ပြီး ပင်လယ်ဘက်သို့ ထွက်ခဲ့၏။

ဂျပန်တပ်ဖွဲ့ကလည်း သူ့ကို သဲကြီးမဲကြီးဖြစ်နေ၏။ လှေတစ်စီးနှင့် နောက်မှလိုက်လာပြီး သေနတ်များနှင့် ပစ်ခတ်ကြ၏။ တစ်ချိန်တွင် ကျည်တစ်တောင့်က သူ့ပခုံးကို ဖွာခနဲ ဖောက်ထွက်သွားသဖြင့် လှေပေါ်မှ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျသွား၏။

ဂျပန်တပ်ဖွဲ့ကလည်း သူပြုတ်ကျသွားသည့်နေရာကို မနားတမ်း ပစ်ခတ်နေ၏။ ကျည်ဆန်တွေက ရေထဲ တစွပ်စွပ် ဝင်လာ၏။ ထွတ်ခေါင်ခမျာ ပခုံးမှဒဏ်ရာကြောင့် ရေအောက်သို့ မြုပ်သွားခဲ့၏။ သွေးတွေကလည်း ချင်းချင်းနီနေ၏။ မရမက ကူးခတ်သော်လည်း လက်ပန်းကျလာ၏။ ဒဏ်ရာကလည်း ပို၍ပို၍ အခံရခက်လာ၏။ ရေတွေကလည်း ပါးစပ်ထဲ၊ နှာခေါင်းထဲသို့ ဒလဟော တိုးဝင်လာ၏။ အခြေအနေက သေလုမျောပါး အခြေအနေ။ ရေအောက်သို့ တဖြည်းဖြည်း ရောက်ရှိလာ၏။ ဆက်၍လည်း မကူးနိုင်တော့။

ထိုစဉ် သူ့ရှေ့တူရူမှ သတ္တဝါတစ်ကောင်လိုလို၊ လူလိုလို ကူးခတ်လာနေသည်ကို မြင်လိုက်ရ၏။

"ဟင်"

အနားရောက်လာသူကို ကြည့်လိုက်တော့ သူ တစ်ခါမှ မမြင်ဘူးသော လူတစ်ယောက်။ သို့သော် ထိုလူကြီးကို သူ ရင်းနှီးနေသလိုပင် ခံစားရ၏။ အနားရောက်လာသည်နှင့် သူ့ကို အတင်း ကျောပိုးကာ ပင်လယ်ပြင်အပေါ်ဘက်သို့ ခေါ်ဆောင်သွား၏။

သူလည်း သတိလစ်သလိုလို ဖြစ်သွားခဲ့၏။ သူ့ကို ကယ်တင်သည့်လူမှာ ဘယ်သူဘယ်ဝါမှန်း မသိ။ မိနစ်နှစ်ဆယ်ခန့်အကြာတွင် သူ သတိရလာ၏။

"ဟာ- ငါ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာပါလိမ့်"

ကြုံလိုက်ရသော အဖြစ်ကြောင့် သူ အလွန်မှ အံ့ဩနေ၏။ သူ ရောက်ရှိနေသည့်နေရာက လှေကြီးတစ်စင်း၏ ဝမ်းထဲ ဖြစ်၏။

လှေဦးပိုင်းတွင် လူကြီးတစ်ယောက် ထိုင်နေသည်ကို မြင်ရ၏။ လှေကြီးသည် ကျွန်းဘက်သို့ ဦးတည်လှော်ခတ်နေမှန်း သတိထားမိ၏။





ထွတ်ခေါင်သည် လှေဝမ်းထဲမှ အတင်း လူးလဲထလိုက်၏။

ဘယ်လိုမှ ထ၍မရ။ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေ၏။ ထိုစဉ် လှေကြီးက ကမ်းစပ်သို့ တအိအိနှင့် ရောက်ရှိလာ၏။ လှေဦးတွင် ထိုင်နေသော လူကြီးသည် သူ့အနားသို့ ရောက်လာပြီး -

"မင်းထနိုင်ပြီလား"

"ဗျာ၊ ဟို- ဦး. . . ဦးက"

"မေးမနေစမ်းပါနဲ့ လူကလေးရာ၊ လောလောဆယ် လူကလေး အသက်ရှင်ဖို့ပဲ မဟုတ်လား။ ကိုင်း- မင်းကို ငါ ထမ်းခေါ်သွားမယ်"

အရွယ်က ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ဦး။ မျက်နှာညိုတိုတိုနှင့်။ သူ့ကို လှေဝမ်းထဲမှ ထမ်းထွက်ခဲ့၏။ သူ အံ့ဩလို့ကို မဆုံး။

သူ့ကို ကယ်တင်သည့် လူကြီးမှာ လူထူးလူဆန်းသဖွယ်ပင်။ သူ့ကို စကားစမြည်လည်း မဆို။ ကျွန်းပေါ်ရောက်သည်နှင့် အုန်းလက်တဲကလေးတစ်လုံးဆီသို့ သူ့ကို ခေါ်သွား၏။

တဲပေါ်သို့ အရောက်တွင် ဘုန်းကြီးအိုကြီးတစ်ပါးကိုပါ တွေ့လိုက်ရသဖြင့် အအံ့ဩကြီး အံ့ဩနေ၏။

"ဩော်- ဒကာလေး ရောက်လာပြီကိုး။ ဘာမှမပူနဲ့၊ ဒကာလေးဟာ အန္တရာယ်ကင်းသွားပါပြီ"

"တင်. . . တင်ပါဘုရား၊ ဟို- တပည့်တော် ရောက်နေတဲ့နေရာ"

"မေးမနေပါနဲ့ ဒကာလေးရယ်၊ ရောက်တဲ့အရပ်မှာ နေနိုင်အောင်ကြိုးစားပါ။ စိုးရိမ်တုန်လှုပ်ခြင်းဟာ ဒကာလေးရဲ့ ခွန်အားသတ္တိကို ယုတ်လျော့စေတယ်။ ရော့- ဟောဒီဟာလေး စားလိုက်"

ဦးပဥ္စင်းအိုကြီးက သူ့ကို စားသောက်ဖွယ်ရာတွေ ကျွေးမွေးလာ၏၊ ထိုစဉ် သူ့ကို ကယ်တင်ခဲ့သော ပုဂ္ဂိုလ်ကြီး ရောက်လာ၏။

"အရှင်ဘုရား၊ တပည့်တော်တို့ ဒီက သွားရတော့မှာလား"

"ဟုတ်တယ်လေ ဒကာကြီးရဲ့၊ ဘာဖြစ်လို့တုံး၊ ဘာလဲ ကိုယ်သားကိုယ်ပြန်တွေ့လို့ ကျွန်းပေါ်က မခွာချင်တော့ဘူးလား"

"ဒီလိုလည်း မဟုတ်ပါ ဘုရား၊ တပည့်တော်အတွက် နောက်ဆုံး

www.burmeseclassic.com



အခွင့်အရေးပေးခဲ့တာမို့ အရှင်ဘုရားကို တပည့်တော် ဦးတိုက်ပါတယ် ဘုရား"

"သံယောဇဉ်ဆိုတာ မီးတောက်မီးလျှံပဲ ဒကာကြီး။ သဗ္ဗေသတ္တာ ကမ္မသကာ ဆိုတဲ့ စကားနဲ့အညီပေါ့လေ။ သတ္တဝါမှန်သမျှ ကံတရားကသာ ပြုပြင်စီရင်နေတာပဲ ဒကာကြီးရေ"

"ဒါဆို တပည့်တော်တို့ ဒီညပဲ သွားကြမှာပေါ့"

"ဟုတ်တယ် ဒကာကြီး၊ ဒကာကြီး လုပ်သင့်တာ လုပ်ခဲ့ပြီးပြီလေ။ ဒီတော့ ကိုယ့်အတွက်ကိုသာ စဉ်းစားပေတော့"

"ဒါဆို သူ့ကို ဟောဒီ အုန်းညိုပုတီးလေး ပေးခဲ့ရမလား ဘုရား"

"ဒါက ဒကာကြီး သဘောလေ၊ ကျုပ် ဘာမှ မပြောချင်ပါဘူး။ သူ့အတွက် မပူပါနဲ့၊ နတ်ဒေဝတာတွေက စောင့်ရှောက်ပါလိမ့်မယ်။ ကျုပ်မှာစရာရှိတာလည်း မှာပြီးပါပြီ"

"တင်. . . တင်ပါ့ဘုရား"

ဦးပဥ္စင်းကြီးနှင့် လူညိုညိုကြီး၏ စကားတွေကို နားထောင်ရင်း ထွတ်ခေါင် အံ့ဩနေ၏။ ဦးပဥ္စင်းကြီး၏ စကားအရ လူညိုညိုကြီးမှာ သူ့ဖခင်ကြီးဖြစ်ကြောင်း သိလိုက်ရသဖြင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။ အမှန်မတော့ ဖခင် ဘယ်သူဘယ်ဝါ ဆိုသည်ကိုပင် သူ မသိခဲ့၊ မိခင်ကြီးကို မေးကြည့်တော့လည်း သူ့မိခင်အရင်း၊ ဖခင်အရင်းတို့မှာ ကွယ်လွန်သွားခဲ့ကြလေပြီဟု သိခဲ့ရ၏။ ယခုတော့ သူ ဘာကို နားလည်ရမှန်းပင် မသိတော့။

ထိုစဉ် လူညိုညိုကြီးက သူ့ကို အုန်းပုတီးညိုညိုလေး လည်ပင်းမှာ ဆွဲပေးလိုက်၏။

"ဘာမှမပူနဲ့ လူကလေး၊ မင်းအတွက် ငါ အားလုံးစီစဉ်ခဲ့ပြီးပြီကွ"

"ဗျာ၊ ဟို- ဦး. . . ဦးက ကျွန်တော့်အဖေလား၊ ပြောပါဦး"

"အို- ဒါတွေ မေးမနေပါနဲ့ကွာ၊ ရေစက်ရှိလို့ ဆုံခဲ့ကြတာပဲ။ ရေစက်ကုန်သွားကြတော့လည်း ကိုယ့်လမ်းကိုယ်လျှောက်ကြရဖော့ကွာ၊ ကိုင်း-သွားကြစို့ ဦးပဥ္စင်းကြီးရေ"

လူညိုညိုကြီးကို ကြည့်ရင်း သူ့ရင်ထဲ ကြေကွဲနေသလိုလို ခံစား





၏။ ထိုစဉ် ဦးပဥ္စင်းအိုကြီးနှင့် လူညိုညိုကြီးတို့နှစ်ဦး သူ့ကို နှုတ်ဆက်ကာ တဲထဲမှ ထွက်သွားကြလေတော့၏။

ထွတ်ခေါင် ကြုံဆုံနေရသော အဖြစ်အပျက်ကို စဉ်းစားရင်း အိပ်မက်လေလားပင် ထင်နေမိ၏။ နောက်ဆုံး ပင်ပန်းလွန်းလှသဖြင့် မျက်စိစုံမှိတ်ပြီး အိပ်ပစ်လိုက်လေတော့၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန်တွင်
ဘုရင့်စည်းစိမ် ခံစားရမည်ကို
သိသော်လည်း
ဆင်းရဲရိပ်ယှက်နေသော ချစ်သူ၏ ရင်ခွင်မှာပဲ
ခေါင်းထိုးဝင်လိုက်ချင်သည်မှာ
အချစ်၏ စွမ်းပကားပင်။

## အခန်း (၄)

ကိုယ်မရောက်ဘူးသည့်ဒေသသို့ ရောက်ခဲ့ရသဖြင့် ခင်ခင်ဦး မျက်စိသူငယ်နားသူငယ် ဖြစ်နေ၏။ ရွာကလေးမှာ ကုန်းတွင်းပိုင်း လွင်တီးခေါင်ပြင်တွင် တည်ဖွဲ့ထားသော ရွာကလေး ဖြစ်၏။ အပူရှိန်ကလည်း ပြင်းထန်လှ၏။ ရွာပတ်ပတ်လည်မှာတော့ ကုက္ကိုပင်၊ ထနောင်း၊ ထန်း၊ ဆီးပင် အစရှိသော အပူပိုင်းဒေသ ပေါက်ရောက်သည့် အပင်ကြီးများသာ ရှိ၏။

ရေက အလွန့်အလွန်မှ ရှားပါးလှပြီး မြို့နှင့် အတော်ကလေး အလှမ်းဝေးလွန်းလှ၏။ အိမ်ခြေ ခြောက်ဆယ်၊ ခုနစ်ဆယ်ခန့်သာ ရှိပြီး ပဲစိုက်၊ ပြောင်းစိုက်သည့် တောင်သူအလုပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြ၏။

ပြောရလျှင် ရာသီဥတုကလည်းဆိုး၊ ရေကလည်းရှားနှင့် အတိဒုက္ခရောက်နေသော ရွာကလေးဟု ဆိုရချေမည်။ ထိုရွာကလေးတွင် ခင်ခင်ဦး ဆင်းဆင်းရဲရဲနှင့် နေနေရ၏။

တစ်ချိန်က အဝတ်အစားကအစ ကြွကြွရွရွကလေး ဝတ်ခဲ့သော ဘဝမှ ယခုတော့ ဖျင်ကြမ်းအဝတ်ကိုသာ ဝတ်ရ၏။ စားတော့လည်း မာဂေါက်ဂေါက် ထမင်းခဲ၊ ဟင်းကျတော့လည်း အသားငါးက ရှားမှရှား။ အတိဒုက္ခကြီးလွန်းလှ၏။ ထိုသို့ ဆင်းဆင်းရဲရဲ နေထိုင်ရပါသော်လည်း ချစ်သူအတွက် တုံ့ပြန်လိုက်ရသည်မို့ ပေါ်လာသမျှ ဒုက္ခကို အံ့စည်းခံ

www.burmeseclassic.com



ရန် ဆုံးဖြတ်ချက်ချထား၏။

သူ့ကို ခေါ်လာသော ချစ်မွေးကလည်း အစ်မအရင်းပမာ စောင့်ရှောက်ခဲ့၏။ ချစ်မွေး မိဘတွေက ဆင်းရဲလွန်းလှပြီး နွားတောင် မဝယ်နိုင်သည့်ဘဝ။ ကလေးတွေကလည်း တစ်ပြုံတစ်ခေါင်း။ အိမ်ကလေး ပိစိကွေးတွင် တိုးတိုးခွေ့ခွေ့ အိပ်ကြရ၏။ ခင်ခင်ဦးသည် ဖခင်ကြီး ပေးလိုက်သော ငွေကြေးနှင့် ချစ်မွေးတို့အိမ်ကို ပြင်ဆောက်ခဲ့၏။

ထို့နောက် ချစ်မွေးတို့ အမေ၊ အဖေများ လုပ်ကိုင်စားသောက်နိုင်ရန် နွားတစ်ရှဉ်း ဝယ်ပေးခဲ့၏။ ချစ်မွေးတို့ မိသားစုသည် သူ့ကို ကျေးဇူးအတင်ကြီး တင်နေကြ၏။

ခင်ခင်ဦးသည် ချို့ချို့ငဲ့ငဲ့ နေရသော်လည်း စိတ်မညစ်။ သူ့ရင်ထဲ ချစ်သောသူ ထွတ်ခေါင်အတွက်ပဲ စိတ်အပူကြီးပူနေမိ၏။ သူ့ကြောင့် ဖခင်ကြီးလည်း အမှုပေွရလေပြီဟု တွေးမိသဖြင့် ကြေကြေကွဲကွဲ ခံစားခဲ့ရ၏။ သို့သော် တစ်ချိန်ချိန်တွင် ထိုဒုက္ခများ ငြိမ်းချမ်းကာ ချစ်သူ ထွတ်ခေါင်နှင့် ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ရမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ခဲ့လေ၏။

တစ်ရက်တွင် ဖခင်ကြီး လွှတ်လိုက်သော လူဆီမှ ငွေကြေးနှင့် အစားအသောက်များကို ရရှိခဲ့၏။ ထိုသူကို ဖခင်ကြီးနှင့် ပတ်သက်ပြီး မေးမြန်းခဲ့၏။

"ဖေဖေ ဘယ်လိုနေသလဲ ကိုဘဆောင်၊ ဖေဖေ နေကောင်းရဲ့လားဟင်"

"သိပ်တော့ မကောင်းလှပါဘူး မမလေးရယ်၊ တရှောင်ရှောင်ပေါ့။ ပြောရရင် မမလေးစိတ်ပေါ့ဗျာ၊ သူ့ခမျာ အချိန်တိုင်း မမလေးအတွက် သောကဖြစ်နေရတာဗျ"

"ကျွန်မ သိပါတယ် ကိုဘဆောင်ရယ်၊ ဖေဖေ့ကို ပြောလိုက်ပါ။ ကျွန်မအတွက် မပူပါနဲ့၊ ကျွန်မ ဒီမှာ ကောင်းကောင်းနေရပါတယ်လို့။ ပြီးတော့ ဟို- ကိုထွတ်ခေါင်တို့သတင်း ဘာကြားသေးလဲ ကိုဘဆောင်"

"သူတို့ကို ကားတွေနဲ့ ခေါ်သွားကြပြီတဲ့ဗျ"



"ဟင်- ဘုရား. . . ဘုရား၊ ဘယ်ခေါ်သွားကြပြီလဲဟင်။ ပြောပါဦး ကိုဘဆောင်ရယ်"

"အဲဒါတော့ မသိဘူး မမလေး၊ ဟို- ကျွန်တော် ကြားတာတော့ ပင်လယ်ဘက် ပါသွားကြတယ် ဆိုတာပဲဗျ"

"ဘာ- ပင်လယ်ဘက်၊ အောင်မယ်လေး ကိုထွတ်တော့ ဒုက္ခပါပဲ။ ဘယ်လိုဖြစ်ကုန်ပြီလဲ"

"ကျွန်တော်လည်း စိတ်မကောင်းပါဘူး မမလေးရယ်၊ ဒီကိစ္စကို နောက်ရောက်လာတဲ့ ဂျပန်ဗိုလ်က စီစဉ်တာတဲ့"

"ဟင်- မဖြစ်နိုင်ဘူး၊ ဒါ ဟိုသားအဖ လုပ်တာပဲ ဖြစ်ရမယ်။ ရှိုင်းလိုက်တာ၊ လူမဆန်လိုက်တာ။ မိုးလက်ျာ၊ မိုးလက်ျာကြောင့် ဖြစ်ရမယ်"

ကြားလိုက်ရသည့် စကားကြောင့် ခင်ခင်ဦး နင်းထားသည့် မြေပြင်ကြီးပင် အပိုင်းပိုင်းအစစ ပြိုပျက်သွားလေပြီလား ထင်မိ၏။ ကြောက်ခက်ဖွယ်ရာကောင်းလှသော ကံတရားကိုလည်း နားမလည်နိုင်တော့။

မိုးလက်ျာ၏ လုပ်ရပ်က မစားရတဲ့အမဲ သဲနဲ့ပက်လိုက်သည့်လုပ်ရပ်။ ရင်ထဲနင့်နေအောင် ခံစားခဲ့ရ၏။ သူ့စိတ်ထဲ အချစ်ကြီး ချစ်ခဲ့ရသော သူတစ်ယောက် ဘဝပျက်သွားလေပြီ ဆိုသောသတင်း ကြားလိုက်ရသဖြင့် နေ့မထိထိုင်မသာဖြစ်ခဲ့ရ၏။

ကိုဘဆောင် ပြန်သွားပြီးသည့်နောက် သူ ပို၍ပို၍ ခံစားခဲ့ရ၏။ သူ့နံဘေးတွင် အဖော်ဆို၍ ငရဲမည်သော ခွေးကြီးသာ ရှိတော့၏။ ငရဲကြီးကလည်း သူ့အထာကို သိနေပုံပင်။ သူ့နံဘေးခွေကာ တအီအီနှင့် အော်ဟစ်နေ၏။ ချစ်ရသူနှင့် ရှင်ကွဲ ကွဲခဲ့ရလေပြီဆိုသော အသိက သူ့တက်ကြွမှုအားလုံးကို ဆွဲချလိုက်သလိုပင်။ နှလုံးသားတွေ စိစိမွမွ ကြေမွက်သွားသလိုပင်။ သူ့အမူအရာကို ကြည့်ပြီး ငရဲကြီးပင် အိပ်နေရာမှ တအီအီနှင့် အော်မြည်ကာ ထလာ၏။

ခင်ခင်ဦးသည် ခွေးကြီးကို ကြည့်ပြီး ပါးစပ်က ပွစိပွစိနှင့် ပြောဆိုနေ၏။ ပြောရင်းပြောရင်း မျက်ရည်စတွေ ရစ်ဝဲလာ၏။ ရင်ဘတ်ခုလုံး ဟင်းလင်းပွင့်သွားသလို ခံစားမိ၏။

www.burmeseclassic.com



သူ့ဘဝ၏ အချစ်ကံကြမ္မာ အကျိုးပေးကိုလည်း နားမလည်နိုင်တော့။ မျှော်လင့်မထားသည့် အဖြစ်များက သူ၏ ကြည်နူးရွှင်ပျသော ခွန်အား အားလုံးကို ခြေမွကန်ကျောက်ပစ်လိုက်သလိုပင်။ ထိုနေ့ည တစ်ညလုံး သူ ငိုပစ်လိုက်မိ၏။ ထမင်းစားချင်စိတ်လည်း မရှိ၊ အိပ်ချင်စိတ်လည်း မရှိတော့။

ထိုအထဲ မိုးလက်ျာတို့သားအဖ၏ အသွင်များ ပေါ်လာသော အခါ ရင်ထဲ စူးစူးအောင့်အောင့် ခံစားနေရ၏။ ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသလိုပင်။ ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသည့် လူအလား အခံစားကြီးခံစားနေရ၏။

ချစ်မွေးတို့မိသားစုကလည်း သူ့အခြေအနေကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေကြ၏။ တတ်နိုင်သမျှ ဖေးမကူညီခဲ့၏။ သို့သော် သူ့ရင်ထဲ စွဲလမ်းတမ်းတမှုက အတိုင်းအဆမရှိ။ ချစ်သူ၏ကံကြမ္မာ ဘယ်သို့ဘယ်ပုံ ဖန်တီးလေပြီ မသိ၊ ခံစားမှုတို့ကြောင့် ခြေကုန်လက်ပန်းကျသလို ခံစားနေရ၏။

ထိုအချိန်တွင် သမီးထံမှ ပြန်လာသော ကိုဘဆောင်၏ စကားကြောင့် ဦးသိန်းမောင်ကြီး ခေါင်းမီးတောက်သလို ခံစားနေရ၏။

သမီးကလေး အခြေအနေက ဆိုးဆိုးဝါးဝါးဘဝထဲသို့ ရောက်နေပြီမို့ ဘယ်လိုဆွဲထုတ်ရမှန်းပင် စဉ်းစား၍မရတော့။ သမီးအတွက် ဘုရားရှေ့၌ ဆုတောင်းရသည်မှာလည်း အခါခါ။

သောကတွေ တပိုးတနင့်မို့ သူကိုယ်တိုင်လည်း မအိပ်နိုင်မစားနိုင်ဖြစ်ခဲ့ရ၏။ ထိုအထဲ သူ့ဆီ မကြာခဏ လာရောက် မေးမြန်းနေသူက မိုးလက်ျာ။ မိုးလက်ျာ၏အသွင်က သမီးဖြစ်သူအပေါ် အတော်ကလေး အစွဲလမ်းကြီးခဲ့ပုံပေါ်၏။

သို့သော် သူ့သမီးနှင့် ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှ မပြောခဲ့၊ သမီးအတွက် အန္တရာယ်ကြီးလွန်းလှသဖြင့် မိုးလက်ျာ မေးသမျှကို တင်းခံခဲ့၏။ သမီးဆီမှ ပြန်လာသော ကိုဘဆောင်၏ စကားကြောင့် ဦးသိန်းမောင်ကြီးခမျာ ရတက်မအေးနိုင် ဖြစ်နေရ၏။





မိုးလက်ျာတို့သားအဖကို အသိပေးလို့မဖြစ်၊ ထို့ကြောင့်လည်း ရှေ့ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ သမီးနှင့် ပတ်သက်ပြီးလည်း အိပ်မက်ဆိုးတွေ မက်မိ၏။ အိပ်မက်ထဲ သမီးငယ်သည် မျက်ရည်စက်လက်နှင့် ငိုယိုသည်းညူနေသည်ဟု မြင်မက်မိ၏။

သူ့ရင်ထဲ တငွေ့ငွေ့ တမြည့်မြည့် ခံစားနေရ၏။ ဂျပန်စစ်တပ်အဖွဲ့မှ ထောက်လှမ်းရေးများကလည်း သူတို့ အခြေအနေကို စောင့်ကြည့်နေသဖြင့် မလှုပ်ရှားရဲအောင် ဖြစ်နေရ၏။

ထိုအခြေအနေကြားတွင် မိုးလက်ျာ ကုပ်ချောင်းချောင်းနှင့် ရောက်လာပြန်၏။ သူ့ကိုမြင်တော့လည်း ဦးသိန်းမောင်ကြီး စိတ်မကောင်းဖြစ်ခဲ့ရ၏။

"ဦးလေး၊ ကျွန်တော့်ကိုတော့ ဦးလေး ယုံကြည်စေချင်ပါတယ်။ ပြောပါ ဦးလေးရယ်၊ ခင်ဦး ဘယ်မှာလဲ။ ခင်ဦး ဘယ်မှာရှိနေသလဲ ပြောပါ၊ ခင်ဦးအတွက် ကျွန်တော် အသက်တောင် စွန့်ရဲပါတယ်"

"ဟာ- ဦးလေး နားလည်ပါတယ် မောင်မိုးလက်ျာရယ်"

"ဒါဆို ပြောပါဦးရယ်၊ ဒီကိစ္စကို ကျွန်တော့်အဖေကိုတောင် မသိစေရပါဘူး။ ကျွန်တော် ရဲရဲကြီး ကတိပေးပါတယ်ဗျာ"

"ခက်ပါ့ကွာ"

ဦးသိန်းမောင်ကြီးတစ်ယောက် အခက်တွေ့နေရ၏။ သမီးလေးမှာ အစားအသောက်ကအစ ရှားပါးဆင်းရဲလှသော ရွာလေးတစ်ရွာတွင် ဒုက္ခကြီးစွာ နေထိုင်ရသည်ကို မကြားလို၊ မမြင်လိုပါ။ သို့သော် ပေါ်ပေါက်လာသည့် အခြေအနေက ယခုလို ပုန်းရှောင်မှသာ သက်သာလိမ့်မည်ဟု တွေးမိ၏။

သို့သော် မိုးလက်ျာအသွင်က ခင်ခင်ဦးနှင့် ပတ်သက်ပြီး ရင်တနင့်နင့် ခံစားနေရပုံပင်။ ဖွင့်ပြောရနိုးနိုးနှင့် ဇဝေဇဝါ ဖြစ်နေ၏။ ထိုစဉ် မိုးလက်ျာက-

"ဦးလေးရယ်၊ ဦးလေး ဘာဖြစ်လို့ ကျွန်တော့်အပေါ် သံသယဖြစ်နေရသလဲဗျာ။ တကယ်တော့ ခင်ဦးဟာ ကျွန်တော်နဲ့ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



အတူနေကြတော့မယ့်သူတွေပါ။ ပြောရရင် ဦးလေးဟာ ကျွန်တော့်ရဲ့ ယောက္ခမလောင်းတစ်ဦးပါ။ ဒီတော့ ဦးလေး ကျွန်တော့်အပေါ် တိုးသားလို မြင်သင့်ပါတယ် ဦးလေး။ ခင်ဦးနဲ့ ပတ်သက်ပြီး ပြောသင့်တာကိုတော့ ပြောစေချင်ပါတယ် ဦးလေး"

မိုးလက်ျာတစ်ယောက် ငိုတော့မည့်အသွင်နှင့် ပြောဆိုနေသည်မို့ ဦးသိန်းမောင်ကြီး စိတ်မကောင်းဖြစ်သွားခဲ့ရ၏။

"ဦးလေး မင်းကို ယုံပါတယ်ကွာ"

"ဒါဆို ပြောပါ ဦးရယ်၊ ခင်ဦး ဘယ်မှာရှိလဲဟင်။ ခင်ဦးရဲ့ အခက်အခဲကို ကျွန်တော် ပါဝင်ပြီး ဖြေရှင်းပါရစေ ဦးရယ်၊ ကျွန်တော် ပြောတဲ့စကားကို ယုံစေချင်ပါတယ်"

"ယုံပါတယ်ကွယ်၊ ဦးလေး အတော့်ကို ပြောရခက်နေလို့ပါကွာ"

"ဟင်- ဒါ. . . ဒါဆို ဦးလေးက ခင်ဦး ဘယ်မှာရှိတယ်ဆိုတာ သိနေပြီပေါ့နော်၊ ဟုတ်. . . ဟုတ်လား ဦးလေး"

မိုးလက်ျာက သူ့ကို ဇွတ်တရွတ် မေးမြန်းနေ၏။ သူ ဘယ်လိုမှ ချိုသိပ်ထားလို့ မဖြစ်တော့၊ နောက်ဆုံးတော့ မိုးလက်ျာထံမှ ကတိ အထပ်ထပ် တောင်းခံကာ ခင်ဦး၏ အခြေအနေကို တိုးတိုးတိတ်တိတ် ပြောပြလိုက်၏။

ခင်ဦး၏သတင်းကို ကြားလိုက်ရတော့ မိုးလက်ျာ မျက်လုံးအပြူးသားဖြစ်နေ၏။

"ဟင်- ဒါဆို ခင်ဦး အတော့်ကို ဒုက္ခရောက်နေပြီပေါ့"

"ဟုတ်တယ်၊ မင်းနှမ အတော့်ကို အကျပ်ဆိုက်နေရပြီကွာ။ ဦးလည်း ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူး"

"ဟာ- ကျွန်တော်တို့ ဒီလို ပစ်ထားလို့ ဘယ်ဖြစ်မှာလဲဗျ။ ဦးလေး ကျွန်တော်တို့ သွားကြရအောင်ဗျာ။ ခင်ဦးလေးခမျာ မျက်စိသူငယ်နားသူငယ်နဲ့ ဒုက္ခပင်လယ်ဝေနေပြီပေါ့ ဦးရယ်"

"သေချာတာပေါ့ကွာ၊ ဒါပေမယ့် သူ့ဆီကို ဦးလေး သွားရင် ထောက်လှမ်းရေးတွေ လိုက်လာမှာ သေချာတယ် မောင်မိုးလက်ျာ"

သူ့စကားကြောင့် မိုးလက်ျာ တွေတွေဝေဝေ ဖြစ်သွား၏။ ဦးသိန်းမောင်ကြီး၏ စကားတွေက မှန်နေ၏။ သူ ကင်ပေတိုင်ရုံးသို့ ရောက်ခဲ့စဉ်က စုံစမ်းရေးအဖွဲ့ဝင် ခင်ကျော်နှင့် စကားစမြည် ပြောဆိုခဲ့၏။ ထိုအခါ ဦးသိန်းမောင်ကြီး၏ ပတ်ဝန်းကျင်တွင် စုံစမ်းရေးအဖွဲ့များ စေလွှတ်ထားကြောင်း သိခဲ့ရ၏။ ထို့ကြောင့်လည်း ဦးသိန်းမောင်ကြီး၏စကားကို သူ ယုံကြည်နိုင်အောင် ဖြစ်ခဲ့ရ၏။

"ဘယ်လိုလဲ မောင်မိုးလက်ျာ၊ ဦးပြောတာ မှန်တယ်မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ဦး"

"အဲဒါပြောတာပေါ့ကွာ၊ ဦး ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူး။ ခုဆို သမီးလေး အအိပ်အစားမှ မှန်ရဲ့လား၊ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်နေရပြီလား မသိတော့ပါဘူးကွာ။ ဦး ဘာလုပ်ရမလဲ မောင်မိုးလက်ျာ"

ဦးသိန်းမောင်ကြီးခမျာ အတော်ကလေး ကြေကွဲပူဆွေးနေပုံရ၏။ မိုးလက်ျာသည် ဦးသိန်းမောင်ကြီးကို တစ်ချက် လှမ်းကြည့်ပြီး ခပ်ပြတ်ပြတ် ပြောဆိုလိုက်၏။

"ဦးလေး၊ ကျွန်တော် ခင်ဦးဆီကို မရောက်ရောက်အောင် သွားမယ်။ ခင်ဦးကို ကျွန်တော် မရရအောင် ကူညီမယ်ဗျာ"

"ဟင်"

"ကျွန်တော့်ကို ယုံပါ ဦးလေး၊ ဒီတော့ ခင်ဦးလိပ်စာကိုသာ ပေးလိုက်။ သူ့အတွက် စားစရာသောက်စရာကအစ ကျွန်တော် ဝယ်သွားမယ်။ ဖြစ်နိုင်ရင် ကျွန်တော် ခင်ဦးကို ဒါထက်ကောင်းတဲ့ နေရာဆီ ခေါ်သွားမယ်"

"ဟင်- တကယ်. . . တကယ်လားကွယ်"

"ကျွန်တော့်ကို ယုံပါလို့ ပြောပြီးပြီပဲ ဦးရယ်၊ ဒီကိစ္စကို အဖေလုံးဝ မသိစေရပါဘူး။ ပြော. . . ပြောပါ ဦးလေးရယ်"

မိုးလက်ျာ တတွတ်တွတ် ပြောဆိုလာသဖြင့် ဦးသိန်းမောင်ကြီးသည် ခင်ခင်ဦး၏လိပ်စာကို ပြောပြလိုက်၏။ ထို့ပြင် သမီးအတွက် ငွေကြေးနှင့် လက်ဝတ်တန်ဆာများကိုပါ ထုတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးဆီကို ရောက်အောင်ပို့ပေးပါကွာ၊ ပြီးတော့ ဖေဖေ့အတွက် ဘာမှမပူနဲ့လို့ ပြောလိုက်ပါ မောင်မိုးလက်ျာရယ်။ ဦး တော့ ဘယ်နည်းနဲ့မှ လိုက်လို့မဖြစ်ပါဘူးကွယ်၊ ဦးကြောင့် သမီးလေး ဒုက္ခတွေ့သွားမှာစိုးသကွာ။ မင်းကတော့ ဟိုဘက်မှာ အဝင်အထွက်ရှိနေတာမို့ သူတို့ မင်းအပေါ် သံသယဖြစ်မှာတော့ မဟုတ်ဘူး"

"ဟာ- အဲဒါတော့ စိတ်ချ၊ သူတို့ ကျွန်တော့်အပေါ် ယုံကြည်ပါတယ်။ ဘာမှမပူနဲ့၊ ကျွန်တော် ခင်ဦးဆီ ရောက်အောင်သွားမယ်။ အိုဗျာ၊ ကျွန်တော်တောင် ပြန်လာချင်မှ လာတော့မယ်။ တကယ်လို့ ခင်ဦးသာ သဘောတူရင် ကျွန်တော်တို့ ဒေသကောင်းကောင်းတစ်ခုမှာပဲ အခြေချလိုက်မယ် ဦး၊ အဲဒီအချိန်ကျရင် ကျွန်တော် ဦးလေးဆီကို ပြန်ဆက်သွယ်ပါ့မယ်"

"ကောင်းပါတယ်ကွာ၊ မင်း စီစဉ်တဲ့ကိစ္စ အောင်မြင်ပါစေလို့ ဦး ဘုရားမှာ ဆုတောင်းနေပါ့မယ်"

"ကျေးဇူးပါပဲ ဦးရယ်"

မိုးလက်ျာသည် ခင်ခင်ဦး နေထိုင်သည့် ရွာကလေး၏လိပ်စာကို သိလိုက်ရသဖြင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ အိမ်ပြန်ရောက် သည်နှင့် ခင်ခင်ဦးအတွက် အသုံးအဆောင်ပစ္စည်းများကအစ ကျိတ်ပြီး ဝယ်ခြမ်းခဲ့၏။ အားလုံး ပြင်ဆင်ပြီးသည်နှင့် ခင်ခင်ဦး နေထိုင်ရာသို့ တိတ်တဆိတ် ထွက်ခဲ့လေ၏။ ချစ်ရသူနှင့် တွေ့ရတော့မည်မို့ စိတ်ထဲ တဖိုဖိုတလှပ်လှပ် ခံစားနေရ၏။

ကင်ပေတိုင်အဖွဲ့မှလူများ မသိအောင် ပိပိရိရိ စီစဉ်ပြီးမှ ရုပ်ဖျက်ထွက်လာခဲ့ခြင်း ဖြစ်၏။ လမ်းတစ်လျှောက်လုံး ခင်ခင်ဦး၏အကြောင်းကို တွေးနေမိ၏။

အမှန်မတော့ သူ့ဘဝတွင် ခြေတော်တင်ခဲ့သည့် မိန်းမချောလေးတွေ များလှပြီ ဖြစ်၏။ သို့သော် ခင်ခင်ဦးနှင့် ဆုံစည်းခဲ့သည့် အချိန်မှစ၍ သူ့ဘဝ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရ၏။ ခင်ခင်ဦးမှ ခင်ခင်ဦး ဖြစ်ခဲ့ရ၏။



ခင်ခင်ဦး၏ အလှက စာဖွဲ့လို့ မကုန်နိုင်။ ဂန္ဓဝင်ဆန်လှသော အလှကို သူ အစွဲကြီးစွဲခဲ့ရ၏။ ယခုတော့ ခင်ခင်ဦးနှင့် သူ တစ်စက္ကန့်တောင် မဝေးချင်။ ထို့ကြောင့်လည်း ယခုလို စွန့်စွန့်စားစား ထွက်ခဲ့ရခြင်း ဖြစ်၏။ လမ်းတွင် တစ်ညဉ့် တည်းခိုခဲ့ပြီးသည့်နောက် ခင်ခင်ဦး နေထိုင်ရာ မြို့ဆီသို့ ရောက်လာ၏။

ကားပေါ်မှ ဆင်းသည်နှင့် မြင်းလှည်းငှားကာ ခင်ခင်ဦး နေထိုင်သည့် ရွာကလေးသို့ ထွက်ခဲ့၏။ လမ်းတစ်ဖက်တစ်ချက်တွင် လွင်ပြင်ကြီးများ၊ ကန္တာရသစ်ပင်ကြီးငယ်များကိုသာ တွေ့ရ၏။

ရွာထိပ်သို့ အရောက်တွင် မြင်းလှည်းပေါ်မှ ဝမ်းသာအားရနှင့် ဆင်းလိုက်၏။ ထိုအချိန် ကားလမ်းမကြီးအတိုင်း မောင်းနှင်လာသော စစ်ကားကြီးတစ်စီးသည် သူတို့ မြင်းလှည်းလေးကို ကျော်၍ လမ်းဘေးသို့ ဝေ့ခနဲ ထိုး၍ရပ်လိုက်၏။

ကားကြီးရပ်သွားသည်နှင့် ဂျပန်စစ်သားများ တစ်သုတ်ပြီးတစ်သုတ် ခုန်ဆင်းလာကာ မိုးလက်ျာကို ဝိုင်းလိုက်၏။

"ဟင်- ဘယ်. . . ဘယ်လိုဖြစ်တာလဲ"

ရုတ်တရက်မို့ မိုးလက်ျာ တုံ့ခနဲ ရပ်သွား၏။ မျက်လုံးအပြူးသား၊ ဝေ့စပ်အဟောင်းသား ဖြစ်နေ၏။ ဘာပြောလို့ ပြောရမှန်းပင် မသိ။

ထိုစဉ် ကားရှေ့ခေါင်းခန်းထဲမှ ကင်ပေတိုင်အကြီးအကဲ ဗိုလ်ကြီး မာကိုတို ဆင်းလာသည်ကိုမြင်တော့ မိုးလက်ျာ ပို၍ပို၍ အံ့သြနေ၏။ မျက်နှာမှာလည်း ဆီးရွက်သာသာပင် ရှိတော့၏။

ထိုစဉ် ဗိုလ်ကြီး မာကိုတိုက မိုးလက်ျာကို ချက်ချင်း ဖမ်းဆီးခိုင်းလိုက်၏။

"ဟာ- ဟို ဘာ. . . ဘာလုပ်တာလဲ ဗိုလ်ကြီး"

သူ ဘယ်လိုပြောပြော ပြော၍မရ။ ဂျပန်စစ်သားများက သူ့ကို အလျင်အမြန် လက်ထိတ်ခတ်လိုက်၏။ မိုးလက်ျာ ဘာပြောလို့ ပြောရမှန်းမသိ။ ထိုစဉ် ဗိုလ်ကြီးမာကိုတိုက ခင်ခင်ဦး နေထိုင်သည့်နေရာကို မေးမြန်းလိုက်၏။ မိုးလက်ျာ ခေါင်းတခါခါ လုပ်နေဆဲ။

နောက်ဆုံး ဗိုလ်ကြီးမာကိုတိုတို့လူစု ရွာထဲ ဝင်လာလေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။ တစ်ရွာလုံး ဂျပန်စစ်သားများ ဝင်လာပြီ ဆိုသော အသံကြောင့် ပြေးသူပြေး ပုန်းသူပုန်းနှင့် ပြောင်းဆန်ကုန်၏။ နောက်ဆုံး ရွာလယ်လမ်းပေါ် ဆော့ကစားနေသည့် ကလေးတစ်အုပ်ပင် ကြောက်အားလန့်အားနှင့် ထွက်ပြေးကုန်ကြ၏။ ထိုအချိန် ဗိုလ်ကြီးမာကိုတိုတို့လူစု ခင်ခင်ဦးကို တစ်အိမ်တက်ဆင်း ရှာဖွေခဲ့၏။

ရွာသူရွာသားတွေခမျာမှာလည်း စပါးကျီတွေကြား၊ နွားတင်းကုပ်တွေကြား ဝင်ရောက်ပုန်းအောင်းနေကြ၏။ ကြောက်လွန်းလှသဖြင့် တစ်ရွာလုံး ဆတ်ဆတ်တုန်နေ၏။

မိုးလက်ျာ ဂျပန်စစ်သားများကြား ကားရားကားရားနှင့် ပါလာ၏။ ထိုမြင်ကွင်းကို ဦးဆုံးမြင်လိုက်သူက ခင်ခင်ဦး။ သူ့စိတ်ထဲ ဂျပန်စစ်သားများကို မိုးလက်ျာ ခေါ်လာပြီဟု ထင်လိုက်မိ၏။

ထိုမြင်ကွင်းကြောင့် သူ အကြီးအကျယ် ပေါက်ကွဲသွားပြီး ဒေါသစိတ်က ရင်ထဲတလိပ်လိပ်တက်လာ၏။ တခြားသူတွေ ပုန်းကြအောင်းကြသော်လည်း သူ တစ်ချက်ကလေးမှ မတုန်လှုပ်။ မိုးလက်ျာကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသဖြင့် ဒေါသစိတ်တွေ ဟုန်းဟုန်းဆူနေ၏။

ထို့ကြောင့်လည်း သူ့စိတ်ထဲ ဘာကိုမှ မမြင်တော့။ မိုးလက်ျာ လက်ထဲတော့ အပါမခံ။ သူတို့လူစု သူ့ကို ရှာဖွေနေမှန်း သိသဖြင့် ခြံဝသို့ ရောက်လာသည်နှင့် ထရံကြားမှ ကိုင်းခုတ်ဓားကို ယူကာ အိမ်ပေါ်မှ အပြေးဆင်းလာ၏။

"မိုးလက်ျာ၊ နင့်ကို ငါ သတ်မယ်"

"ဟာ- ဦး၊ ဦး မလုပ်. . ."

"ဒိုင်း. . . ဒိုင်း"

"အောင်မယ်လေး"

"ဟာ- ဦး . . . ဦး၊ အောင်မယ်လေးဗျာ ဦး သေပါပြီ"

အိမ်ထဲမှ ပြေးထွက်လာသော ခင်ခင်ဦးကို ဂျပန်စစ်သားများက တဒိုင်းဒိုင်းနှင့် မီးကုန်ယမ်းကုန် ပစ်ခတ်လေတော့၏။ ကျည်ဆန်တွေက ခင်ခင်ဦး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖောက်ထွင်းသွား၏။

တစ်ကိုယ်လုံး သွေးတွေ ချင်းချင်းနီသွားသလို လူလည်း မြေပြင်





ပေါ် ပက်လက်လန်ပြီး ကျသွား၏။ မိုးလက်ျာခမျာ ချစ်သူ၏ ဖြစ်အင်ကို မြင်ရတော့ ရူးမတတ်ခံစားနေရ၏။

သူ့အနားသို့ အပြေးရောက်လာကာ အတင်း ပွေ့ဖက်၍ အော်ဟစ်လိုက်၏။

ခင်ခင်ဦးခမျာမှာတော့ ပွစာကြနေသော ဒဏ်ရာများကြောင့် မြေပြင်ပေါ် လဲကျသွားသည်နှင့် တအင်းအင်း ညည်းညူရင်း သေဆုံးသွားခဲ့လေ၏။

မိုးလက်ျာ ရူးသွားလေပြီလားပင် ပြောရမတတ်ပင်။ ခင်ခင်ဦး၏ သွေးစွန်းနေသော ကိုယ်လုံးကလေးကို ဖက်ကာ ကြေကွဲစွာ ငိုကြွေးလိုက်၏။

ထိုအချိန်တွင် ဂျပန်စစ်ဗိုလ်ကြီးမာကိုတို ရောက်လာပြီး မိုးလက်ျာကို အတင်း ဆွဲခေါ်ခိုင်းလိုက်၏။ ခင်ခင်ဦး၏အလောင်းကို တရွတ်တိုက်ဆွဲကာ ရွာပြင်သို့ ခေါ်ထုတ်သွား၏။ တစ်ရွာလုံး ခင်ခင်ဦး၏ ဖြစ်အင်ကို ကြည့်ကာ ကြက်သေသေနေကြ၏။

သတိဝင်လာသောအခါ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်ကြ၏။ ချစ်မွှေးတို့ မိသားစုမှာလည်း ကမ္ဘာပျက်မတတ် ခံစားနေရ၏။ သူတို့စိတ်ထဲလည်း မိုးလက်ျာတစ်ယောက် ဂျပန်စစ်သားများကို ခေါ်ကာ ခင်ခင်ဦးကို သတ်ဖြတ်စေခိုင်းခဲ့သည်ဟု ထင်မြင်ယူဆနေကြ၏။

သူတို့ တစ်မိသားစုလုံး တောက်တခေါက်ခေါက်။ ချစ်မွှေးခမျာဒေါသတွေ ထွက်လွန်းသဖြင့် အိမ်တိုင်ကို လက်သီးနှင့် ထိုးကြိတ်နေ၏။ ဒနီးသည်က အတင်းဆွဲသော်လည်း ချစ်မွှေး ပေါက်ကွဲနေ၏။

"တော်. . . ဖေတော်ပါတော့ရှင်၊ တော်ကြာ ဂျပန်တွေ ကြားသွားမှ ကျွန်မတို့မိသားစုတစ်ခုလုံး ဒုက္ခတွေ့နေပါဦးမယ်"

"တွေ့တွေ့ကွာ၊ ဒါ အသားထဲက လောက်ထွက်တာကွ။ မကျေဘူး၊ မိုးလက်ျာ မင်းကို မကျေဘူးကွ တောက်"

"အို- တော်ပါတော့ရှင်"

ချစ်မွှေးခမျာ အလွန်မှ အခံရခက်နေ၏။ ခင်ခင်ဦး သူတို့ဆီ ရောက်လာသဖြင့် သူတို့မိသားစုတစ်ခုလုံး၏ ဘဝခြေအနေ အပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြောင်းလဲခဲ့ရ၏။ ဒုက္ခအကြီးအကျယ် တွေ့နေစဉ် ခင်ခင်ဦးကြောင့် ကိုယ်ပိုင်ယာတွေ၊ ကိုယ်ပိုင်နွားတွေ ဖြစ်ခဲ့ရ၏။ အိမ်ကိုလည်း သစ်သစ်လွင်လွင် ပြန်ဆောက်နိုင်ခဲ့၏။ ယခုတော့ သူတို့ကျေးဇူးရှင်မလေးကို မိုးလကျ်ာက ဂျပန်တပ်ဖွဲ့ကများခေါ်၍ ရက်ရက်စက်စက် သတ်သွားသည်မို့ မခံမရပ်နိုင်ဖြစ်နေရလေ၏။

ထိုအချိန် ခင်ခင်ဦး၏ အလောင်းနောက်သို့ ဒရောသောပါး ပြေးလိုက်သွားသူက ငရဲကြီး။ ငရဲကြီးသည် တိရစ္ဆာန်ဖြစ်သော်လည်း အလွန်မှ တတ်သိနားလည်သူ ဖြစ်၏။ သခင်ကို သတ်ဖြတ်သွားသော ဗိုလ်ကြီးမာကိုတိုကို အတင်းဝင် ကိုက်ခဲခဲ့၏။ ခွေးကြီးသည် မာကိုတို၏ ပခုံးကို ထက်မြက်လှသော အစွယ်ကြီးများနှင့် အတင်းကိုက်ခဲထား၏။ ထိုစဉ် ဂျပန်စစ်သားနှစ်ဦးက အော်ဟစ်၍ လက်ထဲမှ ရိုင်ဖယ်သေနတ်ကြီးများနှင့် အတင်းဝင်ရိုက်ခဲ့၏။

ခွေးကြီးကလည်း သူတို့ကို ခုန်လွှားအော်ဟစ်ရင်း တုံ့ပြန်တိုက်ခိုက်ခဲ့၏။ ဂျပန်စစ်သားနှစ်ဦးကလည်း ခွေးကြီးကို နောက်ဆုတ်နောက်ဆုတ်နှင့် ပြန်ရိုက်ခဲ့၏။ ထိုစဉ် ဗိုလ်ကြီးမာကိုတိုသည် လဲကျနေရာမှ အတင်းလူးလဲထပြီး ခါးမှ ပစ္စတိုကို ဆွဲထုတ်၍ ခွေးကြီးကို ပစ်ချလိုက်၏။

"ဒိုင်း၊ ဒိုင်း"

"ကိန်. . . ကိန် ဂီး. . . ဂီး"

သေနတ်ကျည်ဆန်က ခွေးကြီး၏ နောက်ဘက်ခြေထောက်ကို ထိသွား၏။ ဒဏ်ရာရသွားသော ခွေးကြီးသည် ရွာပြင်ရှိ ချုံနွယ်ပိတ်ပေါင်းများကြား အလျှင်အမြန် ခုန်ဝင်သွား၏။

ဂျပန်စစ်သား သုံးလေးယောက် နောက်မှလိုက်လာကာ သေနတ်တွေနှင့် ပစ်ခဲ့၏။ ငရဲကြီးသည် ချုံနွယ်ပိတ်ပေါင်းများကြား ခြေရာဖျောက်ခဲ့ပြီး ပုန်းအောင်းနေခဲ့၏။

ထိုအချိန် အနောက်မှ လိုက်လာသော စစ်သားသုံးဦးမှာလည်း ရှာမတွေ့သဖြင့် ပြန်လှည့်ထွက်သွား၏။ အချိန်အနည်းငယ်အကြာတွင် ငရဲကြီး ချုံပုတ်ထဲမှ တရွတ်ဆွဲပြီး ထွက်လာကာ ခင်ခင်ဦးကို မြှုပ်နှံနေ



သည့် သချိုင်းဆီသို့ ရောက်ရှိလာ၏။ ငရဲသည် သစ်ပင်ချုံနွယ်များကြားမှ ချောင်းမြောင်းကြည့်ရှုနေ၏။

ထိုအချိန် ခင်ခင်ဦးကို ဗိုလ်ကြီးမာကိုတိုတို့လူစု မြှုပ်နှံပြီးနောက် မိုးလကျ်ာကိုခေါ်ကာ သချိုင်းထဲမှ ပြန်ထွက်သွားကြ၏။ မိုးလကျ်ာခမျာ ခေါင်းကြီးငိုက်စိုက်နှင့် မျက်ရည်တွေ တတွေတွေ ကျနေ၏။ ပို၍ ခံစားရသည်က ခင်ခင်ဦး၏အလောင်းကို ကိုယ်တိုင်တူး၍ မြှုပ်နှံခဲ့ရခြင်းပင်။

သွေးစက်လက်နှင့် သေဆုံးခဲ့ရသော ချစ်သူ၏ မျက်နှာလေးကို ကြည့်ရင်း သူနှလုံးသားသည်းပွတ်တွေ ကြွေမွသွားမတတ် ခံစားခဲ့ရ၏။ ထို့ပြင် ခင်ခင်ဦးက သူ့အပေါ် အထင်အမြင် လွဲသွားခြင်းပင်။ ဗိုလ်ကြီးမာကိုတိုကလည်း အမိန့်ပေးသည့်နေရာတွင် ရက်စက်လွန်းလှ၏။ သူနှင့် လက်ပွန်းတတီး နေခဲ့ထိုင်ခဲ့သည်ကိုပင် မမှု။ လက်ဆောင်ပဏ္ဏာများ ပေးခဲ့သည်ကိုလည်း မမြင်။ သူ့နောက်မှ ခြေရာခံ၍လိုက်ခဲ့ပုံရ၏။ နောက်ဆုံးတော့ စစ်ကားကြီးပေါ် တက်ခဲ့ရပြီး ချစ်သူကို ထားရစ်ခဲ့ရလေတော့၏။

ထိုအချိန် သူတို့ထွက်သွားပြီးနောက် ခွေးကြီးငရဲ ရောက်ရှိလာ၏။ သူ့နောက်ဘက် ညာခြေထောက်ကလည်း တရွတ်ဆွဲနေ၏။ သွေးတွေကလည်း တစိမ့်စိမ့် ယိုစီးနေ၏။ ငရဲကြီးသည် ခင်ခင်ဦး မြှုပ်နှံထားသည့်နေရာသို့အရောက်တွင် ဖို့ထားသော မြေကြီးကို နှုတ်သီးနှင့် အတင်းထိုးကော်ပစ်လိုက်၏။ ရှေ့ခြေနှစ်ဖက်နှင့်လည်း မြေကြီးခဲများကို ကုတ်ခြစ်ဖယ်ရှားလိုက်၏။ မြေကြီးတွေကို ယက်ထုတ်နေရင်းမှ တအီအီ အော်နေ၏။

အချိန်အနည်းငယ်အကြာတွင် မြေသားများကြားမှ ခင်ခင်ဦး၏ လက်ကလေးတစ်ဖက် ထွက်လာ၏။ ငရဲသည် ခင်ခင်ဦး၏ လက်ကလေးကို ငုံကာ အတင်းဆွဲထုတ်နေ၏။ ရှေ့ခြေနှစ်ဖက်ကလည်း အတင်းကုတ်ခြစ်ကန်ကျောက်ထား၏။ လက်ကလေးကို မိမိရရ ငုံ၍ အတင်းဆွဲထုတ်သော်လည်း ဆွဲထုတ်၍ မရ။ ငုံရင်းခဲရင်းနှင့် ခင်ခင်ဦး၏ လက်သူကြွယ်မှလက်စွပ်လေး ကျွတ်ထွက်သွားရာ ငရဲသည် ခင်ခင်ဦး၏လက်စွပ်ကို နှုတ်သီးနှင့် ကိုက်ချီ၍ မျိုချလိုက်၏။ ထို့နောက် လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို မရမက ငုံ၍ ဆွဲထုတ်ပြန်၏။

ထိုစဉ် ချစ်မွေးတို့လူစု ရောက်ရှိလာပြီး ငရဲ၏လုပ်နေပုံကို ကြည့်ကာ တအံ့တသြ ဖြစ်နေ၏။

"ဟာ- ငရဲ ဘုရား၊ ဘုရား အံ့သြစရာပါလားကွာ။ တော်တော်သစ္စာရှိတဲ့ငရဲကြီးပဲ"

"ဂဲ. . . ဂဲ"

"ငရဲ ငါပါကွာ။ လာလာ မင်းသခင်ကို ခေါ်မနေပါနဲ့တော့ကွာ၊ သူ့ခမျာ ဘာမှမသိတော့ပါဘူး ငရဲရာ လာလာ"

ချစ်မွေးကို ငရဲက ရန်လုပ်နေသေး၏။ ချစ်မွေးသည် ငရဲ တူးထားသောကျင်းထဲ ခုန်ဆင်းလိုက်ပြီး ယက်ထုတ်ထားသော မြေကြီးခဲများကို ပြန်ဖို့လိုက်၏။ ထို့နောက် ငရဲကို ကျင်းထဲမှ ခေါ်ထုတ်လိုက်၏။ ချစ်မွေး၏ ဖနီးသည်မှာ မြင်ကွင်းကိုကြည့်ပြီး ကြေကြေကွဲကွဲ ဖြစ်နေရှာ၏။

"အို- အံ့သြစရာပါလား၊ သနားစရာကောင်းလိုက်တဲ့ မမလေးပါလား ကိုချစ်မွေးရယ်။ ကျွန်မတို့ ကျေးဇူးရှင်လေးဘဝက ဆိုးလှချည်လားရှင်"

"အေးကွာ၊ ငါတော့ အတော့်ကို စိတ်မကောင်းဘူး မိန်းမရာ၊ ကိုင်း ကိုင်း- ပြန်ကြမယ် ငရဲကြီးရေ၊ မင်းသခင်အတွက် ငါတို့ ကောင်းမှုကုသိုလ်လေး လုပ်ရဦးမှာကွ။ ကိုင်း- လာလာ"

ငရဲကြီးက သူတို့စကားကို နားလည်ပုံပေါ်၏။ နောက်ဆုံး သူတို့ လင်မယား ငရဲကြီးကိုခေါ်ကာ ရွာသို့ ပြန်ခဲ့ကြ၏။ လင်မယားနှစ်ယောက် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေကြ၏။ ငရဲကြီးမှာလည်း တအီအီနှင့် အော်ကာ သခင်ကို ရှာနေ၏။

ချစ်မွေးသည် ခင်ခင်ဦးအတွက် ကောင်းမှုကုသိုလ်ပြုရန် နွား တစ်ကောင်ကို ချက်ချင်း ရောင်းပစ်လိုက်၏။ ထို့နောက် ဝယ်စရာရှိတာ ချက်ချင်းဝယ်ခြမ်း၍ အလှူဒါနများ ပြုလုပ်လိုက်၏။

တစ်ရွာလုံးကလည်း ခင်ခင်ဦးအကြောင်းကို ပြောမဆုံးအောင် ဖြစ်နေကြ၏။ ချစ်မွေးတို့လင်မယားခမျာ ဆရာတော်ငါးပါးရှေ့ထိုင်ပြီး ရေစက်ချ အမျှဝေရင်း ကြေကြေကွဲကွဲ ငိုနေရှာ၏။



ကြေးစည်သံကြားတော့ အိမ်ရှေ့တန်းလျားအောက်တွင် တမှိုင်မှိုင် တတွေတွေဖြစ်နေသော ငရဲက ရင်ခေါင်းသံကြီးနှင့် ထ၍ အူလေတော့၏။ သူ့အသံကြီးက ငိုသံပါကြီးနှင့်ဖြစ်၏။ တစ်ရွာလုံးကလည်း ငရဲကြီးကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေကြ၏။

ထူးဆန်းသည်မှာ အလှူအတန်းပြီးသွားသည်နှင့် ငရဲကြီး ပျောက်ဆုံးသွားခြင်းပင် ဖြစ်လေ၏။ ချစ်မွေး ငရဲကြီးကို တစ်ရွာလုံးပတ်ရှာပါသော်လည်း မတွေ့။ သခင် မရှိတော့ပြီမို့ သူလည်း ထွက်သွားလေပြီဟူ၍သာ မှတ်ယူလိုက်ရလေ၏။

သို့နှင့် ချစ်မွေး ခင်ခင်ဦးအတွက် လုပ်စရာရှိသည်များကို လုပ်ဆောင်ပေးပြီးနောက် အထုပ်အပိုးပြင်ကာ မြို့သို့ အလျင်အမြန်တက်ခဲ့၏။ သူ့စိတ်ထဲ ဦးသိန်းမောင်ကြီးနှင့် ရင်ဆိုင်ရမှာ ဝန်လေးနေသော်လည်း ကိစ္စက မပြော၍မဖြစ်။ ပြောလျှင်လည်း ဦးသိန်းမောင်ကြီး ခံစားရမှာကို စိုးရိမ်လှ၏။ သို့သော် အခြေအနေက ပြောမှဖြစ်တော့မည်မို့ ထွက်လာခဲ့ခြင်း ဖြစ်၏။

ဦးသိန်းမောင်ကြီးတို့ နေထိုင်ရာ ခြံဝင်းထဲရောက်တော့ စိတ်တွေ တင်းကျပ်နေ၏။ ထိုအချိန် သူ့အရိပ်အယောင် မြင်လိုက်သည်နှင့် ဦးသိန်းမောင်ကြီး အပြေးဆင်းချလာ၏။ အသွင်ကလည်း ကတုန်ကယင်။

"ဟာ- ချစ်. . . ချစ်မွေး၊ သမီး. . . သမီးရောကွ"

"ဟို. . . ဟိုဒင်း ဆရာကြီး"

"ဟကောင်၊ ငါ့သမီးလေး နေကောင်းရဲ့လား။ အိပ်ရော အိပ်ရဲ့လား၊ ငိုနေသေးလား ပြောစမ်း။ ငါ. . . ငါ သမီးလေးနဲ့ တွေ့ချင်လိုက်တာ၊ ဒီကိစ္စ ငါ့ကြောင့်ဖြစ်ရတာ။ ငါလုပ်လို့ ငါ့သမီးလေး မိဘနဲ့ ရင်ကွဲကွဲရတာကွ။ ပြော. . . ပြောစမ်းပါဦး၊ သမီးလေး ဘာမှာလိုက်သလဲဟင်၊ ပြောပါဦးကွာ"

သူက တတွတ်တွတ် မေးနေသော်လည်း ချစ်မွေး ဘာကစ၍ပြောရမှန်း မသိ။ ရင်ထဲ တနင့်နင့်တလူးလူးဖြစ်နေရ၏။ ထိုစဉ် ဦးသိန်းမောင်ကြီးက သူ့လက်ကို အတင်းဆွဲကာ အိမ်ကြီးပေါ် ခေါ်သွား၏။

တစ်အိမ်သားလုံးကလည်း ချစ်မွေးထံမှ ကြားရမည့်စကားကို

www.burmeseclassic.com

www.burmeseclassic.com



နားစွင့်နေ၏။ ဦးသိန်းမောင်ကြီး စိတ်မရှည်နိုင်တော့။

"ဟကောင်၊ မင်း ဘာဖြစ်နေတာလဲ ပြောစမ်း။ သမီး. . . သမီး ဘာတွေဖြစ်နေပြီလဲ၊ ပြောလေကွာ၊ မြန်မြန်ပြောစမ်း"

"ဟို- မမလေး. . . မမလေး"

"မမလေး ဘာဖြစ်သလဲကွ၊ စိတ်မရှည်တော့ဘူးကွာ"

"ဟို- ဆရာကြီး၊ မမလေး ဆုံး. . . ဆုံးရှာပြီ"

"ဘာ- သမီး ဆုံးပြီ"

"ဟုတ်. . . ဟုတ်ကဲ့၊ မမလေး ဆုံးရှာပြီ ဆရာကြီး"

"ဟင်- သမီး. . . သမီးလေး အောင်မယ်လေး ဘယ်လိုဖြစ်တာလဲ ပြောပါဦး။ မဖြစ်နိုင်ဘူး မင်း. . . မင်း ငါ့ကို ဘာညာနေတာလား"

"မ. . . မဟုတ်ရပါဘူး ဆရာကြီးရယ်၊ ကျွန်တော်ပြောတာ အမှန်တွေပါ"

"ဘာ- အမှန်တွေ ဟုတ်လား။ ငါ မင်းစကားတွေကိုမယုံဘူး။ မင်း ငါ့ကို လိမ်နေတာ၊ ညာနေတာ၊ ငါ့သမီး ဘယ်တော့မှ မသေနိုင်ဘူး။ ငါ့သမီးကို အသက်ရာကျော်ရှည်လိမ့်မယ်လို့ ပြောထားတာကွ၊ မဖြစ်နိုင်ဘူး။ မင်း. . . မင်း ရူးနေပြီ ချစ်မွှေး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဟေ့ကောင်၊ မင်းစကားတွေ ပြင်ပြောစမ်းကွာ။ ငါ့ . . . ငါ့သမီးလေး မသေဘူး မဟုတ်လားဟင် ချစ်မွှေး ပြောလေကွာ"

"ဆ. . . ဆရာကြီး"

"ပြောလေကွာ၊ ငါ့သမီးလေး မသေဘူး မဟုတ်လား ဟားဟားဟား။ မင်းက ငါ့ကို လာနောက်နေပြန်ပြီကွာ၊ ကိုင်း- ငါ့ကို အမှန်အတိုင်းပြော"

ဦးသိန်းမောင်ကြီး သွက်သွက်ခါအောင် ရူးသွားလေပြီလားပင် ပြောရမတတ်။ ချစ်မွှေးခမျာမှာလည်း အသက်မရှိသည့် ကျောက်ရုပ်ကြီးအလား ငူငူကြီးထိုင်နေ၏။

ဦးသိန်းမောင်ကြီး ယုံကြည်အောင် ဘယ်လိုပြောရမှန်းပင် မသိတော့။ ထိုစဉ် ဦးသိန်းမောင်ကြီး သူ့အနားသို့ ရောက်ရှိလာ၏။ အသွင်အပြင်ကလည်း အကြီးအကျယ် တုန်လှုပ်နေသည့်အသွင်ပင်။ ချစ်မွှေးသည် ဦးသိန်းမောင်ကြီးကို ကြည့်ပြီး ရင်ထဲနင့်ချည့်နေ၏။



"ဆရာကြီး၊ ကျွန်. . . ကျွန်တော် တကယ်ပြောတာပါ ဆရာကြီးရယ်။ ကျွန်တော် မညာပါဘူး၊ ရွာကို မိုးလက်ျာက ဂျပန်တပ်တွေ ခေါ်လာပြီး မမလေးကို ပစ်သတ်သွားတာပါ"

"ဘာ- မိုးလက်ျာ"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်တာ။ မမလေးက မိုးလက်ျာရဲ့ သစ္စာဖောက်မှုကိုလည်း မြင်ရော အိမ်ပေါ်က ဓားနဲ့ဆွဲပြီး ထွက်ခုတ်တာ ဆရာကြီး။ အဲဒါ ဂျပန်စစ်သားတွေက မမလေးကို သေနတ်တွေနဲ့ မီးကုန်ယမ်းကုန် ပစ်ခတ်လိုက်ကြတာ ဆရာကြီးရယ်"

"ဟင်- မင်းပြောတာ တကယ်ပဲလား၊ မင်း ငါ့ကို မညာနဲ့နော်"

"ကျွန်တော် မညာပါဘူး ဆရာကြီးရယ်၊ ကျွန်တော် အမှန်အတိုင်းပြောတာပါ။ ကျွန်တော် ဒီကိစ္စကို ပြောလည်း မပြောချင်ပါဘူး၊ ဒါပေမယ့် . . ."

"တော်စမ်းကွာ၊ ငါ မကြားချင်တော့ဘူး။ တောက်- မိုက်ရိုင်းလိုက်တာ၊ ဒါအသားထဲက လောက်ထွက်တာ။ သမီးရယ်၊ အဖေ ဘယ်လိုဖြေရမလဲကွယ်။ ငါ မကြားချင်ဘူး၊ ဘာမှမကြားချင်ဘူး။ သမီး. . . သမီးလေး"

ဦးသိန်းမောင်ကြီး ခုံပေါ် ခြေပစ်လက်ပစ်နှင့်ဖြစ်သွား၏။ ချစ်မွှေးခမျာမှာလည်း ဆရာလုပ်သူ၏ ဖြစ်အင်ကိုကြည့်ပြီး အကြေကွဲကြီး ကြေကွဲနေရရှာလေတော့၏။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးကို လှည့်စားဖို့ ကြိုးစားရင်းက
ကိုယ့်ကိုယ်ကိုယ် အလှည့်စားခံလိုက်ရသည်မှာ
အကြိမ်ကြိမ်ပင်။

## အခန်း (၅)

ဦးမိုးမြေမှာ သားသတင်းကို ကြားလိုက်သည်နှင့် ကင်ပေတိုင်နားသို့ ကပျာကယာ ရောက်လာ၏။ ဗိုလ်ကြီးမာကိုတိုသည် သူ့ကို မြင်သည်နှင့် မှုန်ကုပ်ကုပ်ဖြစ်နေ၏။ ဦးမိုးမြေသည် မျက်နှာကို အချိုဆုံးထားကာ ဦးဆုံး ဗိုလ်ကြီးမာကိုတိုအတွက် ကောင်းပေ့ညွန့်ပေ့ဆိုသော လက်ဆောင်ပစ္စည်းများ ပေးအပ်လိုက်၏။

ထို့နောက် သားကိစ္စကို တိုးလျှိုးတောင်းပန်၍ ပြောဆိုခဲ့၏။ ပထမတော့ ဗိုလ်ကြီးမာကိုတိုတစ်ယောက် မျက်နှာထားတင်းတင်း။ ဦးမိုးမြေက ဗိုလ်ကြီးမာကိုတို၏အထာကိုသိနေသဖြင့် သူလိုသမျှကို တတိကဝတ် ရဲရဲပေးလိုက်၏။

ဗိုလ်ကြီးမာကိုတို အလိုကျ ဖြစ်စေရမည်ဟု ကတိတွေ အကြိမ်ကြိမ်ပေးခဲ့ရ၏။ နောက်ဆုံးတော့ အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်မှုကြောင့် မိုးလက်ျာကို အချုပ်ထဲမှ ထုတ်၍ လွှတ်ပေးလိုက်လေ၏။

မိုးလက်ျာ အပြင်သို့ ရောက်လာသော်လည်း ကြောင်စီစီဖြစ်နေ၏။ ဦးမိုးမြေသည် သားကလေးကို ပခုံးဖက်ကာ မျက်ရည်တဝဲဝဲနှင့် ပြောဆိုနေ၏။

"လူကလေး၊ နေကောင်းရဲ့လားဟင်"

"× × ×"

"သား ဘာဖြစ်နေတာလဲကွာ။ ဘာမှမပူနဲ့၊ မင်းကို အဖေ ရအောင်

www.burmeseclassic.com



ထုတ်ခဲ့ပြီ။ အဖေ့စည်းစိမ်တွေ ကုန်သွားပါစေ၊ သားအတွက် အကုန်လုပ်ပေးမှာပါ"

"× × ×"

"အို- မင်းဘယ်လိုဖြစ်နေသလဲ။ ဘာမှမပူနဲ့၊ ကိစ္စတွေအားလုံး ပြီးသွားပါပြီ"

"အဖေ"

"ဘာ. . . ဘာလဲ သား"

"ခင်ဦး သေ. . . သေသွားပြီဗျ"

"ဟေ- ခင်ခင်ဦး သေပြီ၊ ဘယ်မှာသေတာလဲ။ ဟာ- မင်း ဘာတွေ လျှောက်ပြောနေတာလဲကွ၊ လာလာ သွားကြစို့"

"မဟုတ်ဘူး အဖေ၊ ခင်ဦး အသတ်ခံလိုက်ရပြီဗျ။ စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော်. . . ကျွန်တော်လည်း သေချင်တယ်ဗျာ"

"ဟာ- မဟုတ်တာဘဲ လာလာ"

ဦးမိုးမြေသည် သားဖြစ်သူကို အတင်းချော့ခေါ်ကာ ကင်ပေတိုင်ရှုံးပေါ်မှ ဆင်းလာခဲ့၏။ အိမ်ပြန်ရောက်သည်အထိ သားဖြစ်သူက ငူတူတူ အူကြောင်ကြောင် ဖြစ်နေ၏။

ဦးမိုးမြေသည် သားအတွက် သောကတွေ ဖြစ်နေ၏။

"လူကလေး၊ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းမှပေါ့ကွာ"

"ဟုတ်တယ်၊ ခင်ဦး သေပြီ။ ခင်ဦးကို သူတို့ သတ်ပစ်လိုက်တာဗျ၊ ရက်စက်လိုက်ကြတာဗျာ။ ခင်ဦးမှာ အပြစ်မရှိပါဘူး"

"အို- မင်း. . . မင်းပြောတာ တကယ်တွေလား၊ ဒါဆို မင်းကို သူတို့ ဘာဖြစ်လို့ ဖမ်းခဲ့ကြတာလဲ ပြောစမ်း"

"အဖေရယ်၊ ကျွန်တော် ခုချိန်မှာ ဘာစကားမှ မပြောချင်ဘူးဗျာ။ ကျွန်တော့်ကြောင့်၊ ဟုတ်တယ် ကျွန်တော့်တို့ကြောင့် ခင်ခင်ဦး သေရတာဗျ"

"ဟေ- ဘာ. . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အဖေရယ်၊ ခင်ခင်ဦးနေတဲ့ရွာကို ကျွန်တော်



ရောက်သွားခဲ့တယ်။ အဲဒါ ကျွန်တော့်နောက်က သူတို့ ခြေရာခံပြီး လိုက်လာကြတာဗျ"

"ဟင်- ဘယ်သူတွေလဲ"

"မာကိုတိုတို့အဖွဲ့လေ၊ သူတို့ ခင်ခင်ဦးကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်ဗျာ"

"ဟင်- ဘုရား. . . ဘုရား"

ကြားလိုက်ရသည့် စကားကြောင့် ဦးမိုးမြေပင် အကြီးအကျယ် တုန်လှုပ်သွား၏။ စိတ်ထဲလည်း မယုံချင်။ သို့သော် မယုံ၍လည်း မရတော့။ မိုးလက်ျာ အိမ်ပြန်ရောက်သည့်အချိန်မှစပြီး အိပ်ခန်းထဲက မထွက်တော့ချေ။

ဦးမိုးမြေသည် သားဖြစ်သူကို ဖျောင်းဖျပြောဆိုခဲ့၏။ နှစ်သိမ့်အားပေးခဲ့၏။ မိုးလက်ျာ ယူကျုံးမရ ကြီးစွာ ခံစားနေရဆဲ။ တစ်ပတ်နီးပါးခန့် ကြာမြင့်လာသော်လည်း ရင်ထဲ တနုံ့နုံ့ခံစားနေရ၏။

ဦးမိုးမြေသည် မိုးလက်ျာ စိတ်ပြေလက်ပျောက်ဖြစ်စေရန် ခရီးထွက်ခိုင်း၏။ မိုးလက်ျာကတော့ ခေါင်းတခါခါ။

"သား၊ ကံကြမ္မာဆိုတာ ဘယ်လိုမှ ပြောမရဘူးကွ။ လူတွေဟာ ကိုယ့်ကြမ္မာနဲ့ကိုယ် လာကြတာပဲ၊ ဒီတော့ ဘယ်လိုမှ ပြုပြင်လို့ မရဘူးလေ။ သေနေ့စေ့ရင် သေရမှာပဲ၊ ဒါကိုတော့ သား သိဖို့ လိုတယ်"

"သိတော့ သိပါတယ် အဖေရာ၊ ဒါပေမယ့် ခင်ခင်ဦးအဖြစ်က ဆိုးလှပါတယ်"

"မေ့ပစ်လိုက်စမ်းပါ သားရယ်။ ပြီးတဲ့ကိစ္စတွေ ကန့်လန့်ကာ ချလိုက်စမ်း၊ ပျော်ပျော်နေစမ်းပါ။ ဟောဒီမှာ ပိုက်ဆံအိတ်၊ သားကြိုက်သလောက်ယူ၊ ကြိုက်တဲ့နေရာသွား။ သားကြိုက်တဲ့ ကောင်မလေးတွေ တွေ့ရင် အဖေ့ဆီ ခေါ်လာခဲ့ အဖေ ပေးစားမယ်ကွာ"

"အဖေရယ်၊ ကျွန်တော် ခုချိန်မှာတော့ မမေ့နိုင်သေးဘူးဗျာ။ ကျွန်တော် အရမ်းခံစားရတယ်၊ ကျွန်တော့်ရင်ထဲမှာ ခင်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



အစားထိုးလို့ မရဘူးဗျာ"

"ခက်ပါ့ သားရယ်၊ ဒါဟာ သဘာဝတရားပဲလေ။ လူဆိုတာ သေမျိုးပဲကွ၊ သေချိန်တန်ရင် သေကြမှာပဲ။ အေး- မသေခင် ပျော်ပျော်ကြီးနေတတ်ဖို့ လိုတယ်ကွ။ လူ့ဘဝဆိုတာ တိုတိုလေးပဲ သားရယ်၊ သောကဖြစ်စရာတွေ တွေးနေလို့ကတော့ ပြီးမှာ မဟုတ်ဘူး။ ဒီတော့ တောင်တောင်ဈဈတွေ မတွေးစမ်းပါနဲ့၊ ပြီးတဲ့ကိစ္စတွေ မေ့ပစ်လိုက်စမ်းပါကွာ။ မင်းက အဖေ့သား မဟုတ်တဲ့အတိုင်းဘဲ"

ဦးမိုးမြေက သားနားကပ်ပြီး ရယ်ကျဲကျဲနှင့် ပြောဆိုနေ၏။ ထိုအချိန် မိုးလက်ျာ၏ သူငယ်ချင်း အောင်မင်းတို့လူစု ရောက်လာ၏။ အောင်မင်းတို့စရိုက်က ပျော်ပျော်နေ သေခဲစရိုက်။ အရာရာကို စွဲစွဲလမ်းလမ်း မခံစားတတ်။

သူတို့လူစု ရောက်လာသည်နှင့် မိုးလက်ျာကို အပြင်သို့ မရမက ခေါ်ထုတ်လေ၏။ အောင်မင်း၏ဖခင်က သွင်းကုန်ထုတ်ကုန် ကန်ထရိုက်ကြီးဖြစ်၍ ငွေကို ရေလိုသုံးဖြုန်းနိုင်လေ၏။ ယခုလည်း မိုးလက်ျာကိုခေါ်ကာ ပါတီပွဲ၊ ကလပ်ပွဲတွေ တက်ကာ မိန်းမချောလေးတွေကြား စိတ်လွတ်ကိုယ်လွတ် ပျော်ခဲ့၏။ မိုးလက်ျာသည် ပထမတော့ အင်တင်တင်ပင်။ သုံးလေးခါလောက် အပြင်ထွက်လည်ခဲ့ကြရာမှ တဖြည်းဖြည်း သွေးအေးလာခဲ့လေ၏။ နဂိုအခြေအနေကို ပြန်လည် တည်ဆောက်နိုင်ခဲ့၏။

ထိုအချိန်တွင် သားအတွက် ရတက်ပွေနေရသူက ဦးခင်မောင်တို့ မိသားစု ဖြစ်၏။ မဖွားမိုမှာလည်း သားစိတ်နှင့် တရှောင်ရှောင်ဖြစ်နေ၏။ မအိပ်နိုင်မစားနိုင်နှင့် သောကကြီးစွာ ခံစားနေရ၏။ အစ်မဖြစ်သူနှင်းမှုန်ခမျာမှာလည်း မောင်လေး ပြန်လာနိုးနိုးနှင့် ကြေကြေကွဲကွဲ ဖြစ်နေ၏။ ဦးခင်မောင်သည် စီးပွားရေးလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ်လည်း မလုပ်နိုင်တော့။ သား၏သတင်းကိုသာ လိုက်လံစုံစမ်းခဲ့၏။ ဇနီးသည်ကလည်း အိမ်ပြန်ရောက်သည်နှင့် တမေးမေးဖြစ်နေ၏။

"ဘယ်လိုလဲ အစ်ကိုကြီးရယ်၊ သားသတင်း ဘာကြားသေးလဲ





"ဟင်"

"အင်း. .. ကြားတာတော့ သားကို တနင်္ဂနွေဘက် ခေါ်သွားတယ်တော့ ကြားတာပဲ။ ဘယ်နေရာ ခေါ်သွားမှန်း မသိတော့ လိုက်ရခက်နေတယ်ကွ"

"အို- ဘုရား . . . ဘုရား သားလေးက ကံကြမ္မာဆိုးလှပါလားရှင်။ သူခမျာ မွေးကတည်းက အမိမဲ့၊ အဖမဲ့ဘဝနဲ့ ဖြစ်ခဲ့ရတာ။ ကြီးလာတော့လည်း ဒုက္ခဆိုးကြီးနဲ့ ကြုံနေရပြီ။ ဘယ်ဘဝက ရေစက်ပါလိမ့်နော်"

"ဘုရားတရားပဲ အားကိုးရာရှိတာပေါ့ မဖွားမိုရယ်။ သားအတွက် အလှူအတန်းတွေ လုပ်ပါ၊ ဆုတောင်းပါ၊ သစ္စာပြုစမ်းပါကွာ"

"သားအတွက် ကျွန်မ မပြတ်ဆုတောင်းခဲ့ပါတယ်ရှင်။ အစ်ကိုကြီးရယ်၊ သားသတင်းကို သေသေချာချာ စုံစမ်းပါဦးရှင်။ တနင်္ဂနွေဘက်မှာ ရှင့်မိတ်ဆွေတွေ ရှိတယ်မဟုတ်လား"

"အေးပါကွာ၊ ကိုကျော်ခိုင်တို့ကိုတော့ လှမ်းမေးထားပါတယ်။ သူတို့လည်း အသေအချာ မသိဘူး ပြောတာဘဲ။ တချို့ပြောတာကျတော့လည်း ကျွန်းတွေဘက်မှာ ဂျပန်တပ်တွေ ခြေကုတ်ယူနေတယ် သတင်းကြားတာပဲကွ"

"ဟင်- ဒါဆို သားလေး အဲဒီများ ရောက်နေသလား မသိဘူး"

"ပြောတတ်သေးဘူးလေ။ ဒါပေမယ့် စုံစမ်းပါဦးမယ်"

သူတို့မိသားစု တအုံနွေးနွေးနှင့် ခံစားနေရစဉ် ထားထားခမျာမှာလည်း အကြေကွဲကြီး ကြေကွဲနေရှာ၏။ ဖခင်ကြီးကလည်း ထွတ်ခေါင်ကို တတတဖြစ်နေ၏။

မိန်းကလေးဖြစ်ရသည်ကိုလည်း အားမလိုအားမရ ဖြစ်နေရ၏။ ရင်ထဲရှိရာ ပွင့်ပွင့်လင်းလင်း မပြောဝံ့သည့်ဘဝ၊ ရေငုံနှုတ်ပိတ် ကျိတ်ကြေကွဲရသည်မှာ အခံရခက်လှ၏။

ပို၍ ကြေကွဲရသည်က ခင်ခင်ဦး၏ သတင်းပင်၊ ခင်ခင်ဦး၏ သတင်းဆိုးများကို ဆက်တိုက် ကြားခဲ့ရ၏။ အချစ်ကြောင့် ရူးရူးမူးမူး ဖြစ်သွားရှာသော ခင်ခင်ဦး၊ ဘာဆိုဘာမှ မမြင်တော့ စိတ်ထဲရှိရာ၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲထင်ရာတွေလုပ်ရာမှ အမှားများစွာနှင့် ကြုံခဲ့ရ၏။ မှားနေမှန်း သိသော်လည်း ခင်ခင်ဦးက ဆက်တိုးခဲ့၏။ ခင်ခင်ဦးလာတိုင်း အစ်မကြီး ဆန်ဆန် ပြောဆိုဆုံးမခဲ့သော်လည်း ခင်ခင်ဦးက သူ့စိတ်ကိုမပြင်ဆင်ခဲ့။

လိုချင်တာကို ရအောင်ယူချင်၏။ စိတ်လွတ်လက်လွတ် နေတတ်၏။ ပြောစရာရှိလည်း ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း။ ကြောက်ရွံ့စိတ် စိုးစဉ်းမျှ မရှိ။ ရင်ထဲမှ ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ကြေညာရဲသော ခင်ခင်ဦး။

သူနှင့် ခင်ခင်ဦးက အဆန့်ကျင်ကြီး ဆန့်ကျင်နေသော်လည်း ထွတ်ခေါင်နှင့် ပတ်သက်ပြီး ခင်ခင်ဦးထက်တော့ ပိုမည်။ ရင်ထဲအသည်းထဲမှ ထွတ်ခေါင်ကို စွဲလမ်းခဲ့၏။ အိပ်လည်း ထွတ်ခေါင်၊ စားလည်း ထွတ်ခေါင်၊ ဘာလုပ်လုပ်ဘာကိုင်ကိုင် ထွတ်ခေါင်၏ အရိပ်၊ ထွတ်ခေါင်၏ စကားသံတွေသာ စိုးမိုးဖမ်းစားထား၏။ သို့သော် ရင်ထဲရှိရာကို ဖွင့်မပြောဝံ့သော မိန်းမသားဘဝ၊ ဣန္ဒြေတွေ၊ သိက္ခာတွေ၊ လူ့ကျင့်ဝတ်တွေက ဟန့်တားထားသလို ဖြစ်နေသည်ဟု ထင်မိ၏။ ယခုတော့ ချစ်ရသူလည်း ဘယ်ရောက်လို့ ရောက်နေမှန်းပင် မသိ။

ခင်ခင်ဦးလည်း အသေဆိုးနှင့် သေခဲ့ရလေပြီ။ သူ့ရင်ထဲ အမြဲတမ်း ညှိုးနွမ်းကြေကွဲခဲ့ရ၏။ ချစ်ရသူလည်း အသက်မှ ရှင်သန်သေးပါရဲ့လားဟု တွေးပူရသည်မှာ အမော။

မြို့ပေါ်မှာလည်း ဂျပန်စစ်သားတွေ တရုန်းရုန်း။ စစ်ကားကြီးတွေကလည်း မြို့လယ်လမ်းမကြီးများပေါ် ဥဒဟို ဖြတ်သန်းသွားလာနေကြ၏။ ကြားရသည့်သတင်းအရ မြန်မာမိန်းကလေးအချို့ အဓမ္မပြုကျင့်ခံရသည် ဟူသော သတင်းဆိုးများ ကြားနေရ၏။ လူငယ်တချို့လည်း ချွေးတပ်သားအဖြစ် ခေါ်သွားသည် ဆိုသော သတင်းဆိုးများ ကြားနေရ၏။ ထိုသတင်းဆိုးများကြောင့် အိမ်ထဲကအိမ်ပြင်တောင် မထွက်ရဲ။ ဖခင်ကြီးကလည်း သူ့ကို အတင်းအကျပ် တားမြစ်ထားခဲ့၏။

မြို့ကြီး၏အသွင်က သရဲဘီလူးအစီးခံရသည့်ပမာပင်။ မြို့သူမြို့သားများခမျာ အသွင်အပြင်ကအစ ကြမ်းတမ်းခက်ထန်လှသော ဂျပန်ဖက်ဆစ်များကို ကြောက်ရွံ့နေကြ၏။ အိမ်ထဲမှအိမ်ပြင် ထွက်ရသည်ကိုပင် ကျိုးလန့်စာစား ဖြစ်နေ၏။





ဂျပန်ဖက်ဆစ်များကလည်း ကြမ်းတမ်းလှ၏။ မြို့ထဲ လမ်းမများပေါ် ထွက်လာလျှင် သူတို့စိတ်ရှိရာ လုပ်ဆောင်ကြ၏။ တရားသည်၊ မတရားသည်ကို မတွေး။ သနားကြင်နာမှု လုံးဝကင်းမဲ့ကာ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံတတ်ကြ၏။ အစားအသောက်၊ အနေအထိုင်ကအစ ရှုန့်ရင်းကြမ်းတမ်းလှ၏။ ထိုအထဲ မြန်မာမိန်းကလေးများကိုလည်း တွေ့သည့်နေရာတွင် ဆွဲ၍ ခေါ်တတ်၏။

ထိုအခြေအနေကြောင့် ထားထားခမျာ ဖခင်ကြီးအနားမှ မခွာရဲအောင် ဖြစ်နေရလေ၏။ မာကိုတိုတို့ လူသိုက်ကလည်း ပို၍ပို၍ ကြမ်းတမ်းလာ၏။ တစ်မြို့လုံးကို သူ့ဩဇာအာဏာဖြင့် ချည်တုပ်ထား၏။ လုံ့စွပ်ကြီးတွေ တကိုင်ကိုင်နှင့် သွားလာနေကြသော ဂျပန်စစ်သားကြီးများက မြို့ပေါ်မှာ မမြင်ချင်သည့်အဆုံးပင်။

ရောင်းချနေသည့် ဈေးဆိုင်များပင် နေညိုသည်နှင့် ဆိုင်တံခါးများ ပိတ်ကြလေပြီ ဖြစ်၏။ ထို့အပြင် မြို့ကြီးဖြစ်သော်လည်း မီးတွေဖြတ်လပ်နေ၏။ ရေကလည်း လာတစ်ချက်မလာတစ်ချက်။ အခွန်အတုတ်တွေက ထူပြောလှ၏။ အခွန်မပေးလျှင် အိမ်တိုင်ရာရောက်လာ၍ ပြဿနာရှာတတ်၏။ သမီးပျိုရှိသည့် အိမ်တွေဆိုလည်း မျက်ခုံးတလှုပ်လှုပ်။ မီးကမလာ၊ ရေကလည်း ညစ်တစ်တစ်မို့ လူတွေ ရောဂါထူပြောလာ၏။ ရောဂါဆန်းတွေ ပေါ်လာ၏။ ကျောက်ရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ၊ ပလိပ်ရောဂါ စသည်ဖြင့် ကြောက်စရာကောင်းလှသော ရောဂါများကြောင့် သေလိုက်သည့်လူတွေမှာလည်း မနည်း။

ထိုအထဲ ဂျပန်စစ်တပ်ကို ပြန်လည် တော်လှန်တော့မည် ဆိုသည့်သတင်းတွေကလည်း တစ်မြို့လုံး ပျံ့နှံ့နေ၏။ ဂျပန်စစ်တပ်က စစ်ရေးတပြုပြု။ တစ်မြို့လုံး ဘယ်နေရာနေလို့နေရမှန်းပင် မသိ။ ဒုက္ခအကြီးအကျယ် တွေ့နေကြလေ၏။ ထိုသို့ ဖြစ်ချင်တိုင်း ဖြစ်နေသော မြို့ကြီးပေါ်တွင် ထားထားခမျာ စိတ်အားငယ်စွာနှင့် နေထိုင်ရရှာ၏။ ချစ်သူအလာကိုလည်း မမျှော်ဝံ့တော့။ တစ်မြို့လုံး မိစ္ဆာကောင်တွေ ထင်းသည့်အလား ခံစားနေရသည်မို့ ဖခင်ကြီးအနားမှ မခွာနိုင်အောင် ဖြစ်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နိုင်ငံရေးအခြေအနေကလည်း တလှုပ်လှုပ် ဖြစ်လာ၏။ မဟာမိတ်တပ်များကလည်း စစ်တပြင်ပြင်လုပ်လာကြ၏။ နယ်ခြားမြို့များတွင် ပုန်ကန်ခြားနားမှုများ ပေါ်ပေါက်နေပြီဟုပင် သတင်းရလာ၏။ မဟာမိတ်တပ်များ ဘယ်တော့ ဝင်လာကြမလဲ ဆိုသည်ကို ရင်တထိတ်ထိတ်နှင့် စောင့်စားနေကြရ၏။

ထိုအချိန်တွင် မိုးလက်ျာတစ်ယောက် စိတ်ရှိတိုင်းကြွလျက်ရှိ၏။ ခင်ခင်ဦး ဆုံးပါးသွားပြီးသည့်နောက် သူလည်း စိတ်လွတ်ကိုယ်လွတ် ဖြစ်သွား၏။ အရက်တွေသောက်လိုက်၊ ပါတီပွဲတွေ တက်လိုက်၊ မကျေနပ်သူ တွေ့လျှင် ဂျပန်စစ်တပ်ကို လက်တို့၍ ဖမ်းဆီးခိုင်းလိုက်နှင့် ထင်ရာမြင်ရာ စွတ်လုပ်နေ၏။

ဖခင်ကြီးကလည်း သား ဘာလုပ်လုပ် မငြိုငြင်။ ထို့ပြင် ဗိုလ်ကြီး မာကိုတိုနှင့် တစ်သားတည်းဖြစ်အောင် ကြိုးစားခဲ့ရာ တစ်မြို့လုံးတွင် ဗိုလ်ကြီးမာကိုတို မြီးလျှင် ဦးမိုးမြေတို့ သားအဖကို အကြီးအကျယ် ထိတ်လန့်နေကြရ၏။ ဂျပန်စစ်ဗိုလ်များ၏ ချီးမြှောက်မှုကြောင့် ဦးမိုးမြေတို့ သားအဖ ခါးမှာ ပစ္စတိုသေနတ်ပင် ချောင်းချိတ်၍ သွားလာနိုင်ပြီ ဖြစ်၏။

မာကိုတိုသည် သူ့ကိုယ်သူ ဘုရင်ကြီးအလား မောက်မောက်မာမာနေခဲ့၏။ လက်ရုံးတပည့်တွေကလည်း သူ့နားမှာ ဝိုင်းဝိုင်းလည်နေ၏။ ဥပဒေက သူ့ပါးစပ်ထဲမှာ ရှိ၏။ အမိန့်အာဏာက သူ့သေနတ်ပြောင်းဝမှာ ရှိ၏။ မြို့ကြီးက သူ သေဆိုသေ၊ ရှင်ဆိုရှင်ရမည့် အခြေအနေသို့ ရောက်ရှိနေ၏။ စီးပွားရေးလုပ်ငန်းမှန်သမျှကိုလည်း သူ့အသိုင်းအဝိုင်းကသာ လုပ်ကိုင်စေ၏။ ရလာသည့် အမြတ်အစွန်းမှန်သမျှကိုလည်း မာကိုတိုက ခေါင်းပုံဖြတ်ခူးစားခဲ့၏။

ထိုသို့ ထင်တိုင်းကြဲနေကြသည့် အခြေအနေတွင် မဟာမိတ်တပ်များ၏ သတင်းကို ကြားနေရသဖြင့် တစ်မြို့လုံးက မဟာမိတ်တပ်များကို တမျှော်မျှော်လုပ်နေကြ၏။

တစ်ညတွင် မိုးလက်ျာ သူငယ်ချင်းတစ်သိုက်နှင့် ပါတီပွဲတက်ပြီး ဂျစ်ကားတစ်စင်းနှင့် ပြန်လာ၏။ အချိန်အခါမှာလည်း အတော်ကလေး





ကို ညဉ့်နက်လှပြီ ဖြစ်၏။ လမ်းပေါ်တွင်လည်း လူသူရှင်းလင်းနေ၏။

ဂျစ်ကားမောင်းသူက အောင်မင်း။ သူတို့အားလုံး လေးယောက်။ မိုးလက်ျာ၊ နေမင်းနှင့် မြလှိုင်တို့ ဖြစ်ကြ၏။ လေးယောက်စလုံးကလည်း ထိတ်ထိတ်ကြဲ သားသမီးများ ဖြစ်ကြ၏။

နေမင်းနှင့် မြလှိုင်တို့က သီချင်းတွေ တကြော်ကြော် ဆိုနေ၏။ မိုးလက်ျာကတော့ အတော်ကလေး ထွေနေပြီ ဖြစ်၏။ အောင်မင်းသည် စီးကရက်တစ်လိပ်ကို ပါးစောင်တွင်ခဲပြီး ကားကို ထိန်း၍ မောင်းနှင်နေ၏။ ကောင်းကင်ပေါ်တွင် လရောင်က မှုန်ပျပျသာနေ၏။ လမ်းမကြီးတွေကလည်း အနိမ့်အမြင့် ပေါလှ၏။ သူတို့လူစု စိတ်လွတ်ကိုယ်လွတ် ခံစားနေကြ၏။

ထိုစဉ် မြို့လမ်းမ ရိုးချောင်းကွေ့အရောက်တွင် ရှေ့၌မြင်ရသော မြင်ကွင်းကြောင့် အောင်မင်းက ကားဘရိတ်ကို ဖမ်းနင်းချလိုက်၏။

"ဘာလဲကွ၊ ဘာဖြစ်လို့လဲ"

"ဟို. . . ဟိုမှာ ကြည့်စမ်း"

"ဘာလဲ၊ ဘာဖြစ်တာလဲ အောင်မင်းရာ"

"ဟို. . . ဟို"

အောင်မင်းက ရှေ့ကို လက်ညှိုးတထိုးထိုးနှင့် ပါးစပ်က တတွတ်တွတ် ပြောဆိုနေ၏။ မိုးလက်ျာသည် ခပ်ထွေထွေ ဖြစ်နေရာမှ အောင်မင်း ညွှန်ပြရာ ကြည့်လိုက်၏။

"ဘာကြီးလဲကွ"

"ပြောတတ်ဘူး၊ သတ္တဝါကြီးတစ်ကောင်ကောင်ပဲကွ"

"ဟင်"

သူတို့အသံကြောင့် နေမင်းနှင့် မြလှိုင်တို့နှစ်ဦးမှာလည်း အသံတွေ တိတ်ဆိတ်သွားကြ၏။ သူတို့လူစုမှာ လမ်းပေါ်တွင် တုံးလုံးကြီးလှဲအိပ်နေသော သတ္တဝါကြီးကို မြင်လိုက်ရသဖြင့် ခေါင်းနားပန်းကြီးသွားကြ၏။

သတ္တဝါကြီးသည် ကားလမ်းကို ကန့်လန့်ဖြတ်၍ အိပ်နေ၏။ မည်သို့သော သတ္တဝါမှန်း မသိသော်လည်း အားလုံး တုန်လှုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ပြောသံဆိုသံများလည်း အထစ်ထစ်အငေါ့ငေါ့ဖြစ်နေကြ၏။

"ဘာ. . . ဘာကြီးလဲ"

"လှုပ်တုတ်လှုပ်တုတ်နဲ့ကွ"

"သရဲသဘက်လား မသိဘူး"

"စက်နှိုးပြီး ဝင်တိုက်ပစ်လိုက်ကွာ"

"အေး- ဟုတ်တယ်၊ လုပ်စမ်းကွာ၊ သက်သက် လာရှုပ်နေတယ်"

နေမင်းနှင့် မြလှိုင်တို့နှစ်ယောက် ဒေါသဖြစ်ဖြစ်နှင့် ပြောဆိုနေ၏။ အောင်မင်းသည် အရှိန်သတ်ထားသော ကားစက်ကို သော့ဖွင့်ပြီး နှိုးလိုက်၏။ ထူးဆန်းသည်မှာ သော့ပေါက်ထဲ သော့တံထည့်ပြီး နှိုးသော်လည်း စက်က နိုးမလာ။

"ဟာ- ပြဿနာပဲ"

"ဘာဖြစ်တာလဲ၊ ဆီကုန်သွားတာလား"

"ဘယ်ကကုန်ရမှာလဲကွ"

"နှိုးကြည့်ပါဦးကွာ"

"နှိုးတာပဲကွ"

ထပ်ခါတလဲလဲ နှိုးသော်လည်း စက်သံက တဂျိဂျိသာ မြည်နေ၏။ စက်ဆီတလည်း အပြည့်ဖြည့်လာ၏။ အင်ဂျင်ကလည်း အသစ်။ ဘက်ထရီကလည်း ဒေါင်းစရာမရှိ။ ဘယ်လိုမှနှိုးမရသည်မို့ သူတို့အားလုံး ရှေ့မှမြင်ကွင်းကိုကြည့်ပြီး ချွေးပြန်နေကြ၏။

ထိုစဉ် ရှေ့မှ မြင်ကွင်းမည်းမည်းကြီးသည် လှဲနေရာမှ ထလာသည်ကို မြင်လိုက်ရ၏။ မျက်လုံးအစုံကလည်း အမှောင်ထဲမှာ လင်းတောက်နေ၏။ အသံကြီးက မိစ္ဆာကြီးတစ်ကောင်၏ အော်သံကြီးလိုပင်။

"ဂီး. . . ဂီး. . . ဂီး"

"ဘာ. . . ဘာကြီးလဲ"

"ဟဲဒါ၊ ခွေး. . . ခွေးကြီးကွ"

"ဟင်"

"ဝေါင်း"

"အောင်မယ်လေးဗျ"





သူတို့ဆီသို့ ကွတကွတနှင့် လျှောက်လာပြီး ကားဘောနပ်ဖုံးပေါ်သို့ ခုန်တက်လိုက်ရာ ကားကြီးတစ်ခုလုံး လှုပ်လှုပ်ခါခါဖြစ်သွား၏။ မိုးလက်ျာသည် ကားရှေ့ဖုံးပေါ် ခုန်တက်လာသည့် သတ္တဝါကြီးကိုကြည့်ရင်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

အစွယ်အစွေ့သား၊ မျက်လုံးတောက်တောက်၊ လျှာတန်းလန်း၊ နားရွက်ကြီး တထောင်ထောင်လုပ်နေသော ခွေးကြီးတစ်ကောင်။ မျက်လုံးနှစ်လုံး၏ အစပ်တွင် အဖြူရောင် အကွက်ကလေးများကို မြင်လိုက်သည်နှင့် ခင်ခင်ဦး၏ အချစ်တော် ငရဲကြီးမှန်း သတိထားမိလိုက်၏။

"ဟာ- ငရဲ. . . ငရဲကြီးပါလား"

"ဘယ်က ငရဲကြီးလဲကွ"

"အဲဒါ ခင်ဦးရဲ့ အချစ်တော်ခွေးကြီးလေ၊ ဝမ်းသာလိုက်တာကွာ"

မိုးလက်ျာသည် ကားအဖုံးပေါ် ခုန်တက်လာသည့် ငရဲကြီးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရနှင့် ကားတံခါးဖွင့်ပြီး ဆင်းလိုက်၏။ နေမင်းက မိုးလက်ျာကို လှမ်းတားသော်လည်း မရ။

"မဆင်းနဲ့လေကွာ"

"ငရဲကြီးက ငါ့ကို ခင်ပါတယ်ကွ"

"ဟာ- ပြဿနာပဲ"

မိုးလက်ျာက မမှု၊ ကားပေါ်မှ ဆင်းလိုက်ပြီး ငရဲကြီးအနားသို့ ကပ်လာ၏။ ခင်ခင်ဦး၏ အချစ်တော်ကို တွေ့လိုက်ရသဖြင့် မိုးလက်ျာ ခင်ခင်ဦးကို ပြန်လည် သတိရနေ၏။ ထို့ကြောင့်လည်း ငရဲကြီးကို စုတ်သပ်ပြီး ခေါ်လိုက်၏။

သို့သော် ငရဲကြီး၏ အကြည့်က ကြက်သီးဖြန်းဖြန်းထဖွယ်ပင်။ မျက်လုံးအစုံကလည်း မီးကျီးမီးခဲလို ရဲရဲတောက်နေ၏။ ဟ,ထားသည့် ပါးစပ်ကြီးကိုလည်း တစ်ချက်ကလေး မစေ့။ သွားရည်တွေတမျှားမျှား။ ပါးစပ်မှလည်း တဂဲဂဲမြည်သံပေးနေ၏။

မိုးလက်ျာကတော့ မမှု၊ ငရဲကြီး၏ ဦးခေါင်းကို လက်နှင့် လှမ်းပွတ်ရန် ကြံလိုက်၏။ ထိုစဉ် ငရဲကြီးက ဂဲခနဲ မြည်သံပေး၍ မိုးလက်ျာကို စူးစူးရဲရဲကြီး စိုက်ကြည့်လာ၏။ သူ့အကြည့်က ရန်သူတစ်ဦးကို တိုက်ခိုက်


www.burmeseclassic.com

www.burmeseclassic.com



တော့မည့်အလားပင်။ ထိုအပြုအမူကြောင့် မိုးလက်ျာ နောက်တစ်လှမ်း ဆုတ်သွား၏။

"ဘာဖြစ်တာလဲ ငရဲကြီးရ ငါပါကွာ။ မင်း မမှတ်မိတော့ဘူးလား။ မင်းမှာ သခင်မဲ့နေပြီ မဟုတ်လား။ လာစမ်းပါကွာ၊ ငါနဲ့ လိုက်ခဲ့စမ်းပါ လာလာ"

"ဂဲ. . . ဂဲ"

"ဟာ. . . ဟကောင်"

"ဂဲ ဂဲ ဂီး. . . ဝေါင်း"

"အောင်. . . အောင်မယ်လေး လုပ်ကြပါဦး"

"ဟာ- ကိုက်. . . ကိုက်နေပြီ"

"အား. . . အား လုပ်. . . လုပ်ကြပါဦး"

ငရဲကြီးသည် မိုးလက်ျာ၏ကိုယ်ပေါ် လွှားခနဲ ခုန်အုပ်လာ၏။ အရှိန်အဟုန်ပြင်းလှသည်မို့ မိုးလက်ျာ လမ်းမပေါ် လဲကျသွား၏။ ထိုအခါ ငရဲကြီးက မိုးလက်ျာ၏ လည်မျိုကို အတင်း ကိုက်ခဲလေ၏။ မိုးလက်ျာကလည်း ငရဲကြီး၏ခေါင်းကိုကိုင်ကာ အတင်း ဆွဲဖယ်နေ၏။ နေမင်းတို့လူစုမှာလည်း ကားပေါ်မှ မဆင်းဘဲ အော်ဟစ်နေ၏။

ငရဲကြီးက လည်မျိုကို မိမိရရ ကိုက်ခဲရင်း အတင်း ခါပစ်နေ၏။ ထက်မြည့်နေသော အစွယ်ကြီးနှစ်ချောင်းက မိုးလက်ျာ၏ လည်မျို အရေပြားကို ဖောက်ဝင်သွား၏။ သွေးတွေက ဒလဟော။

"ဂဲ ဂဲ. . . ဂီး ဂီး"

"အား. . . အင့် အောင်. . . အောင်မယ်လေး"

ရုန်းလို့လည်း မရ။ ရုန်းလေ အစွယ်နှစ်ချောင်းက လည်မျိုထဲသို့ စိုက်ဝင်လေလေပင်။ လည်ချောင်းတစ်ခုလုံး သွေးတွေ ရဲပတောင်းခတ်နေ၏။ ထိုစဉ် မိုးလက်ျာသည် ခါးကြားတွင် ချိတ်ထားသော ခြောက်လုံးပြူးကို မရမက ဆွဲထုတ်နေ၏။

သို့သော် ငရဲကြီးက သူ့ကိုယ်ပေါ် အတင်း ခွစီးကာ လည်ဇလုတ်ကို အတင်း ကိုက်ချပစ်လိုက်၏။ မိုးလက်ျာ အော်တောင်မအော်နိုင်။ လည်ချောင်းတစ်ခုလုံးလည်း ဟင်းလင်းပွင့်သွား၏။ တစ်ကိုယ်လုံး



အကြောတွေဆွဲကာ ခြေ၊ လက်တွေ ဆတ်ဆတ်တုန်ခါလာပြီး မိနစ်ပိုင်းအကြာတွင် ငြိမ်ကျသွားတော့၏။

ငရဲကြီးသည် မိုးလက်ျာကို စိမ်ပြေနပြေ ကိုက်သတ်ပြီးနောက် အမှောင်ထဲသို့ တလွှားလွှားနှင့် ပြေးဝင်ပျောက်ကွယ်သွားလေ၏။ အောင်မင်းတို့လူသိုက်မှာ တုတ်တုတ်တောင် မလှုပ်။ သုံးယောက်စလုံး မှင်တက်မိနေကြ၏။

"ဟာ- မိုး. . . မိုးလက်ျာ"

"ခွေးကြီး ပြေးသွားပြီကွ"

"ဘုရား. . . ဘုရား၊ မိုးလက်ျာ အသက်မှရှိသေးရဲ့လား"

သုံးယောက်စလုံး ကားအောက်သို့ အလျင်အမြန် ဆင်းခဲ့ကြပြီး မိုးလက်ျာကို ပွေ့ထူလိုက်၏။ သွေးတွေက တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။ ခေါ်လို့လည်း မရတော့။ သုံးယောက်စလုံး မျက်စိပျက်မျက်နှာပျက်ဖြစ်နေကြ၏။

"မိုး. . . မိုးလက်ျာ"

"ခေါ်လို့မရတော့ဘူး"

"သေသွားပြီကွ၊ ဘုရား. . . ဘုရား"

"ငရဲကြီးတဲ့"

"အဲဒါ ခင်ခင်ဦးရဲ့ ခွေးကြီးတဲ့ကွ"

"ဒါဆို ကြောက်စရာပါလားကွာ၊ ကိုင်း- သူ့အလောင်းကို ကားပေါ် သယ်ခဲ့မှ"

"မြန်မြန်လုပ်ကွာ"

နောက်ဆုံးတော့ မိုးလက်ျာ၏အလောင်းကို အိမ်သို့ ပြန်သယ်လာကြ၏။ ဦးမိုးမြေခမျာ သွေးရဲရဲသံရဲရဲနှင့် သေဆုံးနေသော သားဖြစ်သူ၏ အလောင်းကို ကြည့်ကာ ရင်ထဲ စို့နေ၏။ ငိုလို့လည်း မရ။ ကြောင်တိကြောင်တက်ဖြစ်နေ၏။ စကားသံပင် မထွက်နိုင်။ ဘေးကဝိုင်းပြီး သတိပေးမှ ဦးမိုးမြေ သတိဝင်လာ၏။

ထိုအခါ သားအလောင်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ ငိုသံကြီးနှင့် အောင်မင်းကို တမေးတည်းမေးနေ၏။ အောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့လူစု၏ အဖြေကို ကြားရတော့ ဦးမိုးမြေ အကြီးအကျယ် အံ့သြနေ၏။

"ဘာ- ငရဲကြီး၊ ဟုတ်လား"

"ဟုတ်တယ် ဦး၊ ငရဲကြီးက ခင်ခင်ဦးရဲ့ အချစ်တော်ခွေးကြီး ဦးရ"

"ခင်ခင်ဦးရဲ့ခွေးကြီး"

"ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော်တို့ မျက်စိထဲမှာတော့ အဲဒီခွေးကြီးက ဘီလူးသရဲစီးနေသလိုပဲဗျာ။ ကျွန်တော်တို့ကိုတောင် ကိုက်မလို့ဗျ"

"ဟင်"

အောင်မင်း၏ စကားကြောင့် ဦးမိုးမြေ ငိုသံတိတ်သွား၏။ ကြောက်စိတ်၊ ထိတ်လန့်စိတ်တွေကလည်း အတိုင်းအဆ မရှိတော့။ နောက်ဆုံး သားဖြစ်သူ၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်၏။ ဆရာတော်ကြီးတွေ ပင့်ကာ ပရိတ်မန္တန်တွေ ရွတ်လိုက်၏။ အမျှအတန်းတွေဝေလိုက်၏။ ပရိတ်ရေတွေ တစ်ခြံလုံးပက်၍ စည်းတားလိုက်၏။

ဦးမိုးမြေခမျာ သားဖြစ်သူ၏ အဖြစ်ဆိုးကြောင့် ရင်နင့်အောင် ခံစားနေရ၏၊ သားဖြစ်သူ အသေဆိုးနှင့် သေသွားကတည်းက အပြင် အသွားအလာ နည်းသွား၏၊ စကားလည်း တစ်ခွန်းတစ်ပါဒမျှ မပြောတော့။ အိမ်ကြီးပေါ်တွင် တစ်ယောက်တည်း ငူငူငိုင်ငိုင်ကြီးသာ ထိုင်နေလေ၏။

အိမ်သားတွေ အားလုံးကလည်း သူ့အခြေအနေကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေကြ၏။ သူ အအံ့သြကြီး အံ့သြနေသည်။ အဖြေရှာလို့လည်း မရ။ ခင်ခင်ဦး၏ အချစ်တော်ခွေးကြီးက မိုးလက်ျာကို အသေကိုက်သတ်ခဲ့သည် ဆိုသော စကားကြောင့် သူ့စိတ်ထဲ ထိတ်လန့်ချောက်ချားလာ၏။

အောင်မင်းတို့ ပြောသလို ခွေးကြီးသည် ရိုးရိုးခွေးမှ ဟုတ်ပါလေစ တစ္ဆေသရဲပူးကပ်နေသော ခွေးကြီးများ ဖြစ်လေမလားဟု တွေးကာ အကြီးအကျယ် တုန်လှုပ်နေ၏၊ ထို့ကြောင့်လည်း အလုပ်ကိစ္စ မှန်သမျှကို အောက်ကလူတွေနှင့်သာ လွှဲထားခဲ့၏၊ အိမ်ထဲကအိမ်ပြင်လည်း မထွက်ချင်တော့။





တစ်ရက်တွင် ဗိုလ်ကြီးမာကိုတိုက ဂျပန်ဘုရင်၏ မွေးနေ့ပွဲကို ကျင်းပမည်ဖြစ်၍ သူ့ကို တက်ရောက်ရန် လူလွှတ် ဖိတ်ကြားခိုင်းလိုက်၏။ ထိုပွဲမျိုးဆိုတော့လည်း လက်လွှတ်ခံ၍ မဖြစ်၊ ထို့ကြောင့်လည်း ကျကျနန ဝတ်စားကာ ခြောက်လုံးပြူးကို ခါးတွင် အသင့်ချိတ်ပြီး ဝီလီဂျစ်တစ်စီးနှင့် ထွက်ခဲ့၏။ မွေးနေ့ပွဲက ညနေ ခြောက်နာရီတွင် ကျင်းပရန် စီစဉ်ထားပြီး မြို့မျက်နှာဖုံးများသာ တက်ရောက်ခွင့်ရရှိသည့် ပွဲတော်ကြီး ဖြစ်၏။ စီးပွားရေးသမားများ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီဒါရိုက်တာကြီးများနှင့် ပွဲက စည်ကားလှ၏။

သူ ရောက်ရှိသွားစဉ် ခြံဝမှနေ၍ ဗိုလ်ကြီးမာကိုတိုက ဆီးကြိုနေ၏။ ဂျပန်ရိုးရာဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး လာသမျှ ဧည့်သည်တော်ကြီးများကို သုံးဆယ့်နှစ်ချောင်းသောသွားများဖြဲ၍ ရယ်ရယ်မောမောနှင့် နှုတ်ဆက်ကြိုဆိုနေ၏။ ဦးမိုးမြေသည် ကားကို ခြံဝင်းထဲ မောင်းဝင်ခဲ့ပြီး ကားပေါ်မှ ဆင်းခဲ့၏။

ဗိုလ်ကြီးမာကိုတိုသည် သူ့ကို တွေ့သည်နှင့် ဖက်လှဲတကင်း နှုတ်ဆက်ခဲ့၏။ ပွဲတော်ကြီးကို ခြံဝင်းထဲရှိ စကားဝါပင်များအောက်တွင် မီးရောင်စုံ ထွန်းညှိ၍ ကျင်းပခဲ့၏။ စားပွဲ ကုလားထိုင်များကို ခြံထဲ ခင်းကျင်းထား၏။ ဧည့်သည်တွေကလည်း မြို့၏ ထိတ်ထိတ်ကြဲ လူကြီးလူကောင်းများ ဖြစ်ကြသလို ကျွေးမွေးဧည့်ခံမည့် ဟင်းလျာများကလည်း ဂျပန်ရိုးရာဟင်းလျာများ ဖြစ်၏။

ဦးမိုးမြေသည် ဗိုလ်ကြီးမာကိုတိုနှင့် အရင်းနှီးဆုံးပုဂ္ဂိုလ် ဖြစ်သဖြင့် လူကြီးတိုင်းက ဦးမိုးမြေကို မျက်နှာလိုမျက်နှာရလုပ်ခဲ့၏။ ဦးမိုးမြေကလည်း ထိတ်ထိတ်ကြဲ အသိုင်းအဝိုင်းတွင် မျက်နှာပွင့်ခဲ့ရသည်မို့ ကြွားကြွားဝါဝါစိတ်များ တဖွားဖွား ပြန်လည် ပေါ်ထွက်လာလေ၏။ နောက်ဆုံး သူတို့လူစု ဂျပန်ဘုရင်မင်းမြတ်ကို ကောင်းချီးသြဘာပေး၍ ရိုးရာစားသောက်ပွဲကြီး ကျင်းပလေတော့၏။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

အချစ်သည်
မကောင်းမှု မကောင်းမှုနှင့် ဒုက္ခကို မမြင်။
အချစ်သည်
အချစ်ကိုသာ မြင်၏။

## အခန်း (၆)

ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့ပွဲမှအပြန် ဦးမိုးမြေတစ်ယောက် ရင်ကြီးတကော့ကော့ ခေါင်းကြီးတမော့မော့ ဖြစ်နေ၏။ လူကြီးလူကောင်း အတော်များများက သူ့အရိပ်အခြည်ကို ကြည့်နေကြသည်မို့ ဘဝင်အမြင့် ကြီးမြင့်နေမိ၏။

အမှန်မှာတော့ ဗိုလ်ကြီးမာကိုတိုကြောင့် ယခုလို ထိပ်တန်းသို့ ရောက်ခဲ့ခြင်း ဖြစ်လေ၏။ ပြောရရင် သူ့ဘဝက စိန်နားကပ်အရောင် ကြောင့် ပါးပြောင်ခဲ့ရခြင်း ဖြစ်၏။ ဗိုလ်ကြီးမာကိုတိုကလည်း သူ့ အကြောင်းကို ကောင်းကောင်း သိထားသည်မို့ ကြိုးရှည်ရှည်နှင့်လှန်ကာ အသုံးချခဲ့ခြင်း ဖြစ်လေ၏။

ယခုလည်း မွေးနေ့ပွဲတွင် အကြီးအကျယ် မျက်နှာပွင့်ခဲ့ရသည်မို့ အကျေနပ်ကြီး ကျေနပ်နေကာ ကားတစ်စီးနှင့် ခြံထဲမှ ထွက်ခဲ့၏။ အချိန် အခါမှာလည်း ညဉ့်ဦးပိုင်း အချိန်အခါဖြစ်ပြီး လမ်းတစ်ဖက်တစ်ချက်တွင် မှောင်မိုက်နေ၏။

ဦးမိုးမြေသည် ကားဆလိုက်မီးကို စူးစူးရဲရဲ ဖွင့်၍ မောင်းနှင်ခဲ့၏။ မွေးနေ့ပွဲတွင် ဂုဏ်အရှိန်အဝါ မြင့်မားခဲ့သည်ကို တွေးပြီး ပီတိအဖြစ်ကြီး ဖြစ်နေ၏။ လမ်းပေါ်တွင် လူသူရှင်းလင်းနေသည်မို့ ကားကို အရှိန်မြှင့် ၍ မောင်းနှင်ခဲ့၏။

လမ်းတစ်ဝက်အရောက်တွင် နားထဲမှ ထူးထူးဆန်းဆန်း အသံ

www.burmeseclassic.com



ကြီး ကြားလိုက်ရသဖြင့် ဘေးဘီကို လှည့်ကြည့်လိုက်၏။ အမှောင်ထုကြီးမှလွဲ၍ ဘာဆိုဘာမှ မမြင်။

"ဂီး. . . ဂီး. . . ဂီး"

"ဟာင်- ဘာ. . . ဘာသံကြီးလဲ"

"ဂီး. . . ဂဲ. . . ဂဲ"

"ဘုရား. . . ဘုရား"

ကြောက်စရာကောင်းလှသော အသံကြီး နားစည်တစ်ခုလုံး တုန်ခါသွားမတတ်ပင်။ စီယာတိုင်ကိုင်ထားသည့် လက်အစုံပင် ချွေးစေးများ ပြန်လာ၏။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းများ ထလာ၏။ မျက်လုံးမျက်ဆန်ပြူးလာ၏။

ထိုစဉ် တဂီးဂီးအော်သံကြီးက ပို၍ ကျယ်ရလောင်လာသဖြင့် ဖျတ်ခနဲ နောက်သို့ လှည့်လိုက်ရာ-

"ဟာ- ခွေး. . . ခွေးကြီး"

"ဂီး. . . ဂီး"

"အောင်မယ်လေး ကယ်. . . ကယ်ကြ. . ."

"ဝေါင်း"

"အား. . . အောင်မယ်လေး"

"ဝေါ. . . ဝုန်း. . . ဒုန်း. . . ဂွမ်း"

သူ့ကို အစွယ်ကြီးအဖွေးသားနှင့် မာန်ဖီနေသော ငရဲကြီး။ သူဘာလုပ်၍လုပ်ရမှန်း မသိ။ ထိုစဉ် ငရဲကြီးက သူ့ကုပ်ကို ဝုန်းခနဲ ခုန်ကိုက်လာ၏။ သူ အတင်းရုန်းကန်ပါသော်လည်း အစွယ်ကြီးတွေက လည်ပင်းထဲ မြုပ်ဝင်နေ၏။ သွေးတွေက မြင်မကောင်းလောက်အောင် ပန်းထွက်လာ၏။

နာကျင်လွန်းလှသဖြင့် လီဗာကို ယောင်ယမ်းပြီး နင်းချလိုက်ရာ ကားကြီးသည် အရက်မူးနေသောကျွဲရိုင်းပမာ ထင်ရာမြင်ရာ ဒုန်းစိုင်းသွားလေ၏။ သူ့အော်သံကြီးက ညဉ့်ယံကို ဖောက်ထွင်း၍ ထွက်ပေါ်လာ၏။

ထိုအချိန် ငရဲကြီးသည် ကားပေါ်မှ လွှားခနဲ ခုန်ဆင်းသွား၏။





ဦးမိုးမြေခမျာ ထိုင်ခုံပေါ်တွင် ခွေခွေကြီး လဲကျနေ၏။ သွေးတွေကလည်း လည်ပင်းမှ ပွက်ပွက်လျှံ ယိုစီးနေ၏။ ကားကြီးသည် ချာလည်ချာလည်သွားရင်း ကုက္ကိုပင်ကြီးတစ်ပင်ကို ဝင်ဆောင့်ကာ ကျွမ်းထိုးမှောက်ခုံဖြစ်သွား၏။ အချိန်အနည်းငယ်အကြာတွင် ကြောက်မက်ဖွယ်ကောင်းလှသည့် ပေါက်ကွဲသံကြီး ပေါ်လာကာ မီးတွေ တဟုန်းဟုန်းထတောက်လေတော့၏။

ဦးမိုးမြေခမျာ မီးတောက်များကြား တလူးလူးတလိမ့်လိမ့်ဖြစ်ရင်း နောက်ဆုံး သေဆုံးသွားလေတော့၏။

ထိုအခြေအနေ ဖြစ်ပျက်ပြီး နာရီဝက်ခန့်အကြာတွင် ဂျပန်ထောက်လှမ်းရေးအဖွဲ့များ ရောက်လာ၏။ မီးတဟုန်းဟုန်း လောင်ကျွမ်းနေသောကားကို မီးငြိမ်းသတ်လိုက်ပြီး ကားထဲမှ အလောင်းကို မရမက ဆွဲထုတ်လိုက်၏။

ဦးမိုးမြေ၏ ညာဘက် ခန္ဓာကိုယ်တစ်ခြမ်းမှာ မီးလောင်ထားသဖြင့် မည်းကြုတ်ခြောက်ကပ်သွားခဲ့၏။ အလောင်းကို ချက်ချင်း ပြန်သယ်ခဲ့ပြီး မှုခင်းဆေးရုံရောက်သည်နှင့် သေဆုံးရသည့်အကြောင်းအရင်းကို ရှာဖွေခဲ့ရာ လည်ပင်းသွေးကြောများ ပြတ်ထွက်နေသည်ကို တွေ့ရ၏။

ထို့ပြင် လည်ကုပ်ရိုးပေါ်တွင် သွားစွယ်ရာကြီးများ တွေ့လိုက်ရသဖြင့် မှုခင်းဆရာဝန်ကြီးများ အအံ့သြကြီး အံ့သြသွားခဲ့၏။ နောက်ဆုံး ကိုက်ခဲထားသော ဒဏ်ရာကို အသေးစိတ် စူးစမ်းလေ့လာခဲ့ရာ ဦးမိုးမြေသည် ခွေးကြီးတစ်ကောင်၏ အကိုက်ခံရ၍ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့လေ၏။

ထိုမှတ်ချက်ကို ဦးဆုံး ဖတ်မိသူက ဗိုလ်ကြီးမာကိုတို။ ဆေးစာမှတ်တမ်းကို ကြည့်ရင်း မာကိုတိုတစ်ယောက် အကြီးအကျယ် တုန်လှုပ်သွားခဲ့၏။ ထို့ပြင် ခင်ခင်ဦးကို ဖမ်းဆီးခဲ့စဉ် သူတို့ကို လျှပ်တစ်ပြက် တိုက်ခိုက်ခဲ့သော ခွေးဆိုးကြီးကို သတိရလာ၏။ မိုးလကျော် သေဆုံးခဲ့သည့် အကြောင်းအရင်းမှာလည်း ခွေးဆိုးကြီး အကိုက်ခံရ၍ သေဆုံးသွားခြင်း ဖြစ်ကြောင်း အမှတ်ရလာ၏။

ပို၍ ခံစားရသည်မှာ ခွေးဆိုးကြီးသည် ခင်ခင်ဦး၏ အချစ်တော်



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီး ငရဲကြီးဖြစ်ကြောင်း သိလိုက်ရသောအခါ ဗိုလ်ကြီးမာကိုတို့ နေစရာမရှိအောင် ဖြစ်နေရ၏။

မည်းမည်းမြင်လျှင် သွေးပျက်မတတ် ခံစားနေရ၏။ ကိုယ်ပေါ်မှာလည်း ပစ္စတိုနှစ်လက်ကို ဘယ်၊ ညာ အဆင်သင့် ချိတ်ထား၏။ အိပ်တာတောင် ထိတ်ထိတ်လန့်လန့်၊ အိပ်လိုက်သည်နှင့် အိပ်မက်ထဲ ခွေးဆိုးကြီးနှင့် ပက်ပင်းတိုးရသည်ဟု မြင်မက်မိသဖြင့် ယောင်ယမ်း ထအော်ရသည်မှာလည်း အကြိမ်ကြိမ်။ နောက်ဆုံး သူ့အနားတွင် သက်တော်စောင့်နှစ်ဦးကို အစောင့်ချထားရသည်အထိ ဖြစ်လာခဲ့၏။

ဦးမိုးမြေတို့သားအဖသတင်းကလည်း တစ်မြို့လုံး ဟိုးလေးတကျော်ကျော်ဖြစ်နေ၏။ မြို့သူမြို့သားတို့မှာ ခွေးမြင်သည်နှင့် ဝေးဝေးမှ ရှောင်ရသည့် အခြေအနေသို့ ရောက်ရှိလာလေ၏။

ထိုအချိန် ဗိုလ်ကြီးမာကိုတိုသည် မြို့ပေါ်တွင် သွားလာနေသော ခွေးကောင်း၊ ခွေးဆိုး မှန်သမျှကို တစ်ကောင်မကျန် သုတ်သင်ရန် အမိန့်ထုတ်လိုက်၏။ နောက်ဆုံးတော့ ဂျပန်တပ်ဖွဲ့တစ်ဖွဲ့သည် မြို့ပေါ်ရှိ ခွေးများကို လိုက်လံ ရှင်းလင်းရ၏။ လမ်းကြိုလမ်းကြားမကျန် တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ရှင်းလင်းခဲ့ရာ လမ်းပေါ် ပျော်ပါးလေလွင့်နေကြသော ခွေးဝဲစားအုပ်စုများ ဝေးရာကို ထွက်ပြေးကုန်ကြလေတော့၏။

မြို့သူမြို့သား အချို့ကလည်း ယခု အဖြစ်အပျက်ကို ဖန်တီးနေသော ခွေးကြီးမှာ နာနာဘာဝ ပူးကပ်နေသော ခွေးဘီလူးကြီးဖြစ်ကြောင်း တီးတိုးပြောဆိုနေကြ၏။ တချို့လည်း အိမ်ထဲမှအိမ်ပြင်ကို ထွက်ရန်ပင် ဝန်လေးနေကြ၏။

ဗိုလ်ကြီးမာကိုတိုသည် သက်တော်စောင့်တပ်ဖွဲ့ကို ခေါ်ကာ တစ်မြို့လုံးတွင် ခွေးတွေ ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့၏။ ဂျပန်တပ်ဖွဲ့၏ လက်ချက်ကြောင့် မြို့ပြင်တွင် ခွေးသေတွေ တောင်ပုံရာပုံ ပုံသွားခဲ့၏။

ဗိုလ်ကြီးမာကိုတိုသည် တောင်ပုံရာပုံဖြစ်နေသော ခွေးအသေကောင်များကို ကြည့်ကာ အကြီးအကျယ် ကျေနပ်အားရ ဖြစ်နေ၏။ မြို့ပေါ်တွင် ခွေးတွေ တစ်ကောင်မှ မရှိတော့သဖြင့် ဗိုလ်ကြီး မာကိုတို ကျောလုံလုံနှင့် သွားရဲလာရဲ ဖြစ်လာ၏။ မြို့အဝင်မှာလည်း ခွေးပစ်တပ်



ဖွဲ့များကို ဖွဲ့စည်းထားခဲ့၏။

သူ့လုပ်ရပ်ကို ကြည့်ပြီး မြို့သူမြို့သားအချို့က လှောင်ပြောင်ခဲ့ကြ၏။ ဗိုလ်ကြီးမာကိုတိုကတော့ ဘယ်သူပြောတာမှ မမှု။ ခွေးတစ်ကောင်မှ မမြင်ရတော့သဖြင့် အပျော်ကြီးပျော်နေလေ၏။

ထိုအချိန် ခွေးဆိုးကြီး၏ သတင်းကြောင့် အအုံသြကြီး အံ့သြနေသူမှာ ဦးသိန်းမောင်ကြီး ဖြစ်လေ၏။ ခွေးကြီးက သမီး ခင်ခင်ဦး၏ အချစ်တော်ခွေးကြီး ငရဲမှန်း သိလိုက်ရသဖြင့် စိတ်ထဲ ကြေကြေကွဲကွဲ ခံစားနေရ၏။

ဦးမိုးမြေတို့သားအဖ ငရဲကြီး၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသည်ကို သိလိုက်ရသဖြင့် ပို၍ပို၍ ခံစားနေရ၏။ အနီးပတ်ဝန်းကျင်ရှိ လူများလည်း သူ့အိမ်သို့ မလာဝံ့အောင် ဖြစ်နေ၏။

ထို့ပြင် သူ့အိမ်သို့ ဗိုလ်ကြီးမာကိုတိုနှင့် အဖွဲ့သားများ ရောက်ရှိလာပြီး ငရဲကြီး ရှိ၊ မရှိကို တစ်ခြံလုံး လှန်လှော၍ရှာဖွေခဲ့၏။ ဦးသိန်းမောင်ကြီးခမျာ သမီးစိတ်နှင့် ကြေကွဲနေခဲ့ရာ ယခုလို အခြေအနေများနှင့် ကြုံလိုက်ရသဖြင့် ပို၍ စိတ်မချမ်းမသာဖြစ်ခဲ့ရ၏။

တစ်ည ဘုရားဝတ်ပြု အမျှအတန်းဝေပြီး အောက်ထပ်သို့ ဆင်းခဲ့ရာ အိပ်ခန်းတံခါးကို အဖွင့်တွင် သူ့ခုတင်ပေါ်၌ ခွေးကြီးတစ်ကောင် ဘတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရလေ၏။

ရုတ်တရက်မို့ ဝင်တော့မည့် ခြေလှမ်းများ တွန့်ခနဲ ဖြစ်သွား၏။ နောက်လုံးအပြုံးသားလည်း ဖြစ်သွား၏။

"ငရဲ . . . ငရဲ"

"အီး . . . အီး . . . အီး"

"ဟင်"

ငရဲဟု ခေါ်လိုက်သည်နှင့် ငရဲကြီးက ခုတင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာကာ သူ့အနားသို့ အမြီးတနှံ့နှံ့နှင့် ရောက်လာ၍ ဦးသိန်းမောင်ကြီး အံ့သြနေ၏။ ငရဲကြီးသည် အမြီးတနှံ့နှံ့လုပ်ရင်း သူ့ခြေထောက်ကို လျှာကြီးနှင့် လျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမောင်ကြီးသည် ငရဲကြီး၏ခေါင်းကို အသာအယာ ပွတ်သပ်ပေးလိုက်၏။ ခွေးကြီးသည် သူ၏ခြေထောက်ကို ကိုယ်လုံးကြီးနှင့် ပွတ်တိုက်ကာ မျက်ရည်တလည်လည်နှင့် မော့ကြည့်လာ၏။

"ငရဲ မင်းကွာ၊ မင်း၊ ဘယ်လိုလုပ်ပြီး ငါ့ဆီ ပြန်ရောက်လာတာလဲ။ ဒုက္ခပါပဲ၊ မင်း. . . မင်းအတွက် အန္တရာယ်ကြီးလှပါတယ်"

"အီး အီး အီး"

သူ့စကားကို ခွေးကြီးက နားလည်နေသလိုပင်၊ ဦးသိန်းမောင်ကြီးသည် အိမ်ကလူတွေ သိသွားမည်စိုး၍ အိပ်ခန်းတံခါးကို အလျင်အမြန်ပိတ်လိုက်ပြီး ငရဲကြီးကို ခုတင်အနီးသို့ ခေါ်လာခဲ့၏။

ရေခဲသေတ္တာဖွင့်ပြီး ကိတ်မုန့်တစ်လုံးကို ကျွေးလိုက်၏။ ငရဲကြီးသည် အတော်ကလေး ဆာလောင်နေပုံပင်။ ကိတ်မုန့်ကို သုံးလေးကိုက် ကိုက်ပြီး စားပစ်လိုက်၏။

ဦးသိန်းမောင်ကြီးသည် ငရဲကြီး၏ဘေးတွင် ထိုင်ချလိုက်ပြီး ခေါင်းကလေးကို ပွတ်သပ်လိုက်၏။ ငရဲကြီးသည် နှုတ်သီးကြီးနှင့် သူ့ကို အတင်းခေါင်းထိုး၍ နမ်းရှုပ်နေ၏။ ဦးသိန်းမောင်ကြီးသည် ခွေးကြီးကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေ၏။

"ငရဲရာ၊ မင်း လူတွေကို လိုက်ကိုက်နေတယ်ဆို၊ ဘာဖြစ်လို့ ခုလို လုပ်တာလဲ ကလေးရာ၊ မင်းအတွက် အန္တရာယ်ကြီးလှပါတယ်ကွာ၊ မင်းရဲ့ သခင်မလေးလည်း မရှိတော့ဘူး ငရဲ၊ အဲဒါကို မင်းသိရဲ့လားဟင်"

"အီး အီး အီး"

"အေး- မင်း သိထားဖို့ လိုတယ်ကွ၊ ခုတစ်လော တစ်မြို့လုံးမှာ ရှိတဲ့ ခွေးတွေကို လိုက်သတ်နေတယ်ဆိုတာကိုရော သိရဲ့လား ငရဲရ"

"အီး အီး အီး"

ခွေးကြီးက သူ့စကားကို အတော်ကလေး နားလည်နေပုံပင်။ တစ်အောင့်အကြာတွင် ခွေးကြီးသည် အခန်းတံခါးကို နှုတ်သီးနှင့် အတင်းတွန်းဖွင့်နေသဖြင့် တံခါးဖွင့်ပေးလိုက်ရ၏။ ငရဲကြီး၏ လုပ်ပုံက ထူးဆန်း



လှ၏။

ဦးသိန်းမောင်ကြီးသည် ငရဲနောက်မှ လိုက်လံကြည့်ခဲ့ရာ ငရဲကြီးသည် ခင်ခင်ဦး၏ အိပ်ခန်းတံခါးကို နှုတ်သီးနှင့် အတင်း ကိုက်ဖွင့်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရ၏။

ထို့ကြောင့်လည်း အိပ်ခန်းတံခါးကို ဖွင့်ပေးလိုက်ရာ ငရဲကြီးသည် ခင်ခင်ဦး အိပ်လေ့အိပ်ထရှိသော ခုတင်ပေါ် လွှားခနဲ ခုန်တက်၍ ခွေခွေကလေး အိပ်နေလေ၏။

မြင်ကွင်းကိုကြည့်ပြီး ဦးသိန်းမောင်ကြီး ဇဝေဇဝါ ဖြစ်သွား၏။ သမီး ရှိစဉ်က ငရဲကြီး ဘယ်တော့မှ ခုတင်ပေါ် တက်၍ မအိပ်ဖူးဘူး။ သမီး၏ ခုတင်ခြေရင်းတွင်သာ ခွေခွေကလေး အိပ်တတ်၏။

ယခုတော့ ငရဲကြီးသည် သမီးအုံးသည့် ခေါင်းအုံးလေးကိုအုံးကာ ခွေခွေလေး အိပ်နေသည်မို့ စိတ်ထဲ ဇဝေဇဝါဖြစ်နေ၏။ ထို့ကြောင့်လည်း ခုတင်အနားသို့ ကပ်ကာ သမီး ခြုံလေ့ခြုံထရှိသည့် ကတ္တီပါစောင်တလေးကို ငရဲကြီး၏ကိုယ်ပေါ် ခြုံပေးလိုက်၏။

"ငရဲ မင်း. . . မင်းဟာ သမီးလေး ခင်ခင်ဦးများလားကွာ ပြောစမ်း ငရဲ"

"အီး အီး အီး"

"ဟင်- သမီး. . . သမီးလေး အဖြစ်ဆိုးလှချည်လားကွယ်"

ဦးသိန်းမောင်ကြီးသည် ငရဲကြီးကို အတင်း ပွေ့ဖက်နမ်းရှုပ်လိုက်၏။ သူ့စိတ်ထဲ သမီးလေး ဝင်ပူးကပ်နေသည်ဟုပင် ထင်နေမိ၏။ ငရဲကြီးသည်လည်း တအီအီနှင့် သူ့ကို ပြန်နမ်းရှုပ်ရင်း ခွေခွေကလေး အိပ်ပျော်သွားလေ၏။

ဦးသိန်းမောင်ကြီးသည် ငရဲကြီးကို စောင်အသေအချာခြုံပေးပြီးနောက် အခန်းထဲမှ ထွက်ခဲ့လေတော့၏။ သူ့အိပ်ခန်းထဲ ပြန်ရောက်သည်အထိ စိတ်တွေ ဂနာမငြိမ်နိုင်အောင် ဖြစ်နေရ၏။

ထို့ကြောင့်လည်း ရေခဲသေတ္တာထဲ ထည့်ထားသော ဘီယာပုလင်းတစ်လုံး ထုတ်ကာ ဖန်ခွက်ထဲထည့်၍ သောက်လိုက်၏။ သူ့စိတ်ထဲ သမီး ပြန်ရောက်လာသည်မို့ ပျော်သလိုလို ငိုချင်သလိုလို ခံစားနေရ၏။

www.burmeseclassic.com



သူ ဘာကို နားလည်ရမှန်း မသိ၊ ငရဲကြီးသည် သမီးလေး ဖြစ်နေလျှင်လည်း သူ့ အချစ်ကြီးစွာနှင့် လက်ခံမည်သာ ဖြစ်၏။ သမီးလေး ဘယ်ဘဝရောက်နေနေ ချစ်နေမည်သာ ဖြစ်၏။

ယခုလည်း ငရဲကြီးကို သမီး ဝင်ပူးကပ်နေသည်ဟု အယုံကြီး ယုံနေ၏။ ထို့ကြောင့်လည်း စိတ်ထဲ အပျော်ကြီး ပျော်နေမိ၏။ ဘီယာ တစ်ပုလင်းလုံး ကုန်သွားသော်လည်း မမူးနိုင်။ ဆေးတံယူကာ ဆေးဖြည့်၍ တရှုးရှုးနှင့် ဖွာရှိုက်လိုက်၏။

သူ့အတွေးထဲတော့ သမီးလေး၏ အာရုံများသာ စိုးမိုးဝေ့ဝဲနေဆဲ၊ ပိုးမွေးသလို မွေးခဲ့ရသော သမီးကလေး၊ ခြင်တောင်အနားမခံဘဲ ထယ်တယ ပြုစုခဲ့ရသော ရင်သွေးလေး။ ယခုတော့ ဘဝက ဆိုးဝါးလှပါဘိ၊

တွေးရင်းတွေးရင်း မျက်ရည်ပိုးဝိုးပေါက်ပေါက်ကျခဲ့ရ၏။ နှလုံးသားတွေ ကြေပျက်သွားမတတ် ခံစားခဲ့ရ၏။ သို့သော် ငရဲကြီး ပြန်ရောက်လာသည်မှာ သမီးလေး ပြန်ရောက်လာသလို ခံစားမိသဖြင့် ကြေကွဲမှုများကြားမှ ကြည်နူးမှုများလည်း ပေါ်ပေါက်လာခဲ့၏။

လောကကြီးကို စီရင်ဖန်တီးနေသော ကံကြမ္မာ၏ သဘောများကိုလည်း နားမလည်နိုင်တော့။ လိုချင်တာ မဖြစ်၊ မလိုချင်တာတွေ လိုက်ဖြစ်နေသော လောကကြီး။

သူ နားမလည်နိုင်သော အကြောင်းအရာတွေက တစ်ပုံတစ်ပင်ကြီးပါလားဟု တွေးမိလာ၏။ ထိုအထဲတွင် ထူးဆန်း ချောက်ချားဖွယ်ကောင်းလှသော နာနာဘာဝလောကကြီး၏အကြောင်းကို သူ နားမလည်နိုင်ဆုံး ဖြစ်နေရ၏။

လူတွေ သေလွန်ပြီးနောက် တစ္ဆေ၊ သရဲ ဖုတ်၊ ပြိတ္တာတွေ ဖြစ်သွားကြသလား၊ တစ္ဆေသရဲလောက ဆိုသည်မှာ တကယ် ရှိသလား၊ မရှိဘူးလား ဆိုတာကိုလည်း သူ မစဉ်းစားတတ်။

သို့သော် သူ့ထံ ရုတ်တရက် ရောက်လာသော ငရဲကြီး၏လုပ်ကိုင်ပုံက သမီးလေး၏ အပြုအမူများအတိုင်း ဖြစ်နေသည်မို့ အအံ့သြကြီး အံ့သြခဲ့ရ၏။ သမီးလေးအကြောင်းကိုတွေးရင်း အတော်ကလေး ညဉ့်နက်မှ အိပ်နိုင်ခဲ့လေ၏။



နောက်တစ်နေ့ မိုးလင်းသည်နှင့် ဦးသိန်းမောင်ကြီး အိပ်ရာထဲမှ လူးလဲထကာ မျက်နှာတောင်မသစ်နိုင်ဘဲ သမီးအခန်းဆီသို့ အလျင်အမြန်လာခဲ့၏။ အခန်းရှေ့ရောက်သည်နှင့် စေ့ထားသောတံခါးကို တွန်းဖွင့်၍ အထဲသို့ ဝင်ခဲ့၏။

"ဟင်- ငရဲ. . . ငရဲ၊ သမီးလေး ဘယ်ရောက်သွားပါလိမ့်"

ခုတင်ပေါ်တွင် ငရဲကြီးကို မမြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ခုတင်အနားသို့ ဒရောသောပါး ရောက်ရှိသွားကာ ပုံပုံလေး ဖြစ်နေသည့် ကတ္တီပါစောင်ကြီးကို ဖယ်ကြည့်လိုက်၏။

"ဟင်- ဘယ်ရောက်သွားပါလိမ့်"

ခုတင်အောက်၊ ဗီရိုကြား၊ စားပွဲခုံဘေး ဒေါင်းတောက်အောင် ရှာပါသော်လည်း စိုးစဉ်းမျှ အရိပ်အယောင် မတွေ့ရ။ စိတ်ထဲ အလွန့်အလွန်မှ အံ့သြနေ၏။ နောက်ဆုံး အိပ်ခန်းထဲမှထွက်ကာ တစ်အိမ်လုံး မွှေနှောက်၍ ရှာဖွေခဲ့၏။ အိမ်သားအားလုံးကလည်း သူ့ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

ထိုစဉ် ချစ်မွေးအမေးကြောင့် သူ ကြောင်စီစီဖြစ်သွား၏။

"ဆရာကြီး ဘာရှာနေတာလဲဗျ"

"ဟေ- ဟို. . . ဟိုဒင်း ငရဲ"

"ဗျာ၊ င. . . ငရဲ"

ဦးသိန်းမောင်ကြီး၏ စကားကြောင့် ချစ်မွေး မျက်လုံးပြူးသွား၏။ ချစ်မွေးခမျာ ဦးသိန်းမောင်ကြီး အတင်းဆွဲခေါ်ထားသဖြင့် ရွာသို့ မပြန်နိုင်ဖြစ်နေ၏။ ယခုတော့ ချစ်မွေး ဘာကို နားလည်ရမှန်းပင် မသိတော့။

"ဟို- ငရဲဆိုတာ မမလေးရဲ. . ."

"ဟုတ်တယ်၊ ငရဲလေ။ သမီးလေး ဝင်စားပူးကပ်နေတဲ့ ငရဲလေ"

"ဗျာ"

"ငါပြောတာ တကယ်ကွ။ မနေ့ညက ငါ့အိမ်ပေါ်ကို ရောက်လာတယ်။ သမီးလေးအိပ်တဲ့ ခုတင်ပေါ် တက်အိပ်တယ်၊ သမီးလေး ခြုံတဲ့စောင်ကို ခြုံတယ်"

"ဟင်- ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောတာ၊ ဒီမနက် ထကြည့်တော့ မတွေ့ရတော့ဘူး
ချစ်မွှေးရာ၊ ရှာ. . . ရှာစမ်းပါဦး"

ချစ်မွှေး နားမလည်နိုင်တော့၊ ဦးသိန်းမောင်ကြီးသည် အိမ်သားအားလုံးကို မွှေနှောက်ရှာခိုင်းသော်လည်း ဘယ်မှာမှ ရှာ၍မတွေ့၊ နောက်ဆုံး သမီးလေးအိပ်ခန်းထဲ ပြန်ဝင်ခဲ့၏။

"ဟင်- သမီးလေး. . . သမီးလေးပါပဲ"

"ဗျာ၊ ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီမှာကြည့်စမ်း"

"ဟင်"

သူ့သမီးလေး၏ အိပ်ရာတွင် သူ့ခါတ်ပုံကလေးကို လက်ညှိုးထိုးပြလိုက်၏။ ချစ်မွှေးသည် စောင်အောက်ရောက်နေသော ဓာတ်ပုံကို ကြည့်ရင်း ပါးစပ်အဟောင်းသားဖြစ်နေ၏၊ ဦးသိန်းမောင်ကြီးမှာ ငိုရမလိုရယ်ရမလိုဖြစ်နေ၏။

"ဟုတ်ပါတယ်၊ ငရဲဟာ ငါ့သမီးလေးပဲ ဖြစ်ရမယ်၊ ငါယုံတယ်
မင်းမြင်ပြီမဟုတ်လား ချစ်မွှေး"

"ဟင်"

ဦးသိန်းမောင်ကြီး၏ စကားကြောင့် ရွာမှာနေတုန်းက ဖြစ်စဉ်ကို သတိရလာ၏။ ချစ်မွှေးသည် ခင်ခင်ဦး၏အလောင်းကို အတင်း တူးဖော်နေသည့် ငရဲကြီး၏အကြောင်းကို လေသံတိုးတိုးနှင့် ပြောပြလိုက်၏၊ ဦးသိန်းမောင်ကြီးသည် ချစ်မွှေး၏စကားကြောင့် ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

"ဟုတ်ပါတယ်၊ သေချာပါပြီ။ မင်း ဝိညာဉ်လောကကို ယုံတယ်
မဟုတ်လား ချစ်မွှေး"

သူ့အမေးကြောင့် ချစ်မွှေး တွေတွေဝေဝေကြီးဖြစ်သွား၏။

"ဟေ့ကောင်၊ ဝါပြောတာ မင်း ဘယ်လိုသဘောရလဲကွ"

"ဒီလို ဆရာကြီးရဲ့၊ ရွာကျောင်းဦးပဥ္စင်း ပြောဖူးတယ်ဗျ။ တချို့လူ ေ ှဟာ သေသွားတဲ့အခါမှာ ဟိုဟို ပြိတ္တာ၊ ဟုတ်တယ်
ပြိတ္တာတွေဘာတွေဖြစ်ပြီး ဟိုဟိုဒီဒီ သွားလာတတ်တယ်တဲ့၊



ဒါကြောင့် အမျှအတန်းဝေရင် နာမည်တွေဘာတွေခေါ်ပြီးဝေရတယ်လို့ ကြားဖူးတယ်ဗျ"

"ဟော- ဟုတ်ပါပြီ၊ မင်းပြောတဲ့အတိုင်းဆိုရင် ငရဲရဲ့ ကိုယ်ထဲမှာ သမီးလေး ဝင်စားပူးကပ်နေပြီ ထင်ပါရဲ့။ ပြီးတော့ မိုးလက်ျာနဲ့ ဦးမိုးမြေတို့ဟာ ခွေးကိုက်လို့ သေသွားကြတာကွ၊ ဒီတော့ သူတို့နှစ်ယောက်ဟာ ငရဲကြီးရဲ့ လက်ချက်ကြောင့် သေတာပဲ ဖြစ်ရမယ်"

"ဟာ- ဖြစ်နိုင်တယ် ဆရာကြီးရဲ့ ကြောက်စရာကောင်းလိုက်တာဗျာ"

"အေးကွာ၊ ဒီကိစ္စမှာ သမီး အထင်လွဲသွားခဲ့တာ။ မိုးလက်ျာဟာ သမီးကို တအား ချစ်တာကွ၊ သမီးလေးရဲ့ လိပ်စာကို ငါ့ဆီမှာ တတွတ်တွတ် လာတောင်းခဲ့တာ၊ ငါကလည်း မိုးလက်ျာကို မယုံလို့ မပေးခဲ့ဘူး"

"ဟုတ်လား"

"ဟုတ်ပ့ါကွာ၊ အဲဒါ မရမကကို လာတောင်းတာကွ။ သစ္စာတွေပြုကတိတွေ အထပ်ထပ်ပေးလွန်းတာနဲ့ လိပ်စာပေးလိုက်တာပဲ။ ငါ့စိတ်ထင်တော့ သမီးလေးဆီအသွားမှာ စိုလ်ကြီးမာကိုတိုက ခြေရာခံခဲ့တာပဲ ဖြစ်ရမယ်၊ ဒီအဖြစ်မှန်ကို သမီး သိသွားပုံမပေါ်ဘူး"

"ဟင်- ဟုတ်. . . ဟုတ်ရဲ့လား ဆရာကြီးရယ်၊ ကျွန်တော်ရော ကျွန်တော်တို့ရွာကပါ မိုးလက်ျာ ဂျပန်စစ်သားတွေကို ခေါ်ပြီးလာတာလို့ ထင်တာဗျ"

"ဟာ- ဘယ်ကဟုတ်ရမှာလဲ၊ ဒီကိစ္စ ငါ မိုးလက်ျာကို ယုံတယ်။ ဒီကောင် ဒီလိုတော့ ပက်ပက်စက်စက် မလုပ်ပါဘူးကွာ။ ပြီးတော့ သမီးက သူ့ဆို တအားမုန်းတာ။ အဲဒီလိုမုန်းလေ မိုးလက်ျာက သမီးကို ချစ်လေလေပဲကွ။ အင်း. . . တစ်ယောက်နဲ့တစ်ယောက် နားလည်မှု လွဲသွားခဲ့ကြတယ်။ အဲဒီကိစ္စ အတော့်ကို စိတ်မကောင်းစရာဘဲ ချစ်မွှေးရာ။ ငါ့အဖြစ်က သမီးလေးရဲ့ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုတောင် မမြင်လိုက်ရဘူး၊ ခံပြင်းလိုက်တာ၊ ငါတို့သားအဖက ကံဆိုးလှပါတယ်ကွာ"

ဦးသိန်းမောင်ကြီး သမီးအကြောင်းပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏၊ ချစ်မွေးမှာလည်း ရင်တနင့်နင့် ခံစားနေရ၏။ ဦးသိန်းမောင်ကြီးသည် မျက်ရည်စတွေကိုသုတ်ရင်း စကားဆက်လိုက်၏။

"သမီးဟာ မိုးလက်ျာကို အထင်လွဲပြီး အတော်လေး နာကြည်းသွားပုံရတယ်၊ ဒါကြောင့်လည်း သူတို့သားအဖကို အသေဆိုးနဲ့ သေအောင် လုပ်ပစ်ခဲ့တာပဲ ဖြစ်မယ်ကွ"

"အံ့ဩစရာပါလား ဆရာကြီးရယ်"

"အေးကွာ ဒါတွေ ထားပါတော့၊ လောလောဆယ် ငရဲကြီးကို ခြံထဲ ဆင်းရှာစမ်း။ တစ်နေရာရာမှာများ ပုန်းနေသလား မသိဘူး၊ ဂိုဒေါင်ဘက်တွေထဲမှာပါ ကြည့်စမ်းကွာ၊ တွေ့ရင် ငါ့ကိုလာပြော"

"ဟုတ်ကဲ့ ဆရာကြီး"

ချစ်မွေးသည် အိမ်ပေါ်မှ ကမန်းကတန်း ဆင်းသွားပြီး အိမ်သားများနှင့်အတူ တစ်ခြံလုံး မွှေနှောက်ရှာဖွေခဲ့၏။ ဝါးရုံပင်များကြား၊ ဂိုဒေါင်တွေကြား ရှာပါသော်လည်း စိုးစဉ်းမျှ မတွေ့၊ ထိုစဉ် သူတို့အနီးသို့ ဦးသိန်းမောင်ကြီး ရောက်လာ၏။

"တွေ့လားကွ"

"မတွေ့ဘူး ဆရာကြီး"

"ဟင်- ဘယ်လိုပျောက်သွားပါလိမ့်။ အခုမှ ငါ သတိရတယ်၊ ငရဲကြီး အိပ်နေတုန်း ငါ အိပ်ခန်းတံခါးကို အပြင်က ချက်ချပြီး ပိတ်ခဲ့တာကွ၊ ဘယ်လိုနည်းနဲ့မှ ဖွင့်မထွက်နိုင်ဘူး"

"ဗျာ၊ ဒါဆို ငရဲကြီးက ဟို- တစ္ဆေသရဲ ဖြစ်နေပြီလား ဆရာကြီးရယ်။ ကြောက်စရာကောင်းလိုက်တာဗျာ"

"အိုကွာ၊ သူက ငင်းတို့ကို သုံး၀ ဒုက္ခပေးခဲ့တာမှ မဟုတ်တာ"

"ဟုတ်. . . ဟုတ်တယ်၊ အဲဒါတော့ ဟုတ်တယ်။ ဆရာကြီး၊ ငနဲ





တကယ်လာတာ သေချာပါတယ်နော်"

"ဟာ- မင်းကလည်း၊ ငါ ညာပါ့မလားကွာ"

ဦးသိန်းမောင်ကြီး၏ စကားကြောင့် တစ်အိမ်သားလုံး ထိတ်ထိတ်ပျာပျာဖြစ်နေ၏။ ညဦးပိုင်းရောက်သည့်အခါ တစ်အိမ်သားလုံး မအိပ်စုံ။ ဦးသိန်းမောင်ကြီးကလည်း အိမ်ကြီးအပေါ် ထပ် ဝရန်တာတွင် ထိုင်ကာ ငရဲကြီးအလာကို စောင့်မျှော်နေ၏။ သူနားထဲ ဆွဲဆွဲငင်ငင် အူလိုက်သည့် ခွေးအူသံကြီးကို ကြားလိုက်ရသော်လည်း ငရဲကြီးကို အရိပ်အယောင်မျှ မတွေ့လိုက်ရသဖြင့် စိတ်ထဲ မကျေမချမ်း ဖြစ်နေရ၏။ ချစ်မွေးတို့လူစုမှာလည်း ရဲရဲတောင် မအိပ်ဝံ့ကြ။ ဦးသိန်းမောင်ကြီးသည် သုံးလေးညစောင့်ဆိုင်းခဲ့သော်လည်း ငရဲကြီးကို မတွေ့ရသဖြင့် ပါးစပ်က တတွတ်တွတ် တမ်းတနေ၏။

ထိုအချိန်တွင် ကြောက်စရာကောင်းလှသော ခွေးအူသံကြီးကြောင့် ဆတ်ခနဲ နိုးလာသူမှာ ဗိုလ်ကြီးမာတိုတို။

သူအိပ်သည့်အခန်းမှာ သုံးထပ်တိုက်၏ အပေါ်ဆုံးထပ် ဖြစ်လေ၏။ အစောင့်နှစ်ဦးကိုလည်း နှစ်ဆယ့်လေးနာရီမပြတ် ချထား၏။ ယခုတော့ သူနားထဲ စူးစူးရဲရဲကြားလိုက်ရသော ခွေးအူသံကြီးကြောင့် စိတ်တွေ ချောက်ချားနေ၏။

အစောင့်နှစ်ယောက်ကို ခေါ်မေးသော်လည်း နှစ်ယောက်စလုံးက ခေါင်းတခါခါနှင့် ဖြစ်နေ၏၊ ထိုအဖြစ်ကြောင့် ဗိုလ်ကြီးမာတိုကို မကျေမချမ်း ဖြစ်နေ၏။ မြန်မာစကားကို မတော်က်တခေါက် ပြောဆိုရင်း အော်ဟစ်ပစ်လိုက်၏။

"မဟုတ်ဘူး၊ ငါ. . . ငါ နားနဲ့ဆတ်ဆတ်ကြားတာကွ။ ခေါ်စမ်း၊ အားလုံး ခေါ်စမ်း၊ တစ်တိုက်လုံး မွှေနှောက်ရှာကြစမ်းကွာ၊ မြင်တာနဲ့ အသေသာ သတ်ပစ်လိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

အစောင့်နှစ်ဦးသည် အခန်းထဲမှ သုတ်သီးသုတ်ပျာထွက်သွား၏။ ဗိုလ်ကြီးမာကိုတိုသည် ညဝတ်အကျႌခါးစည်းကို ချည်နှောင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှ ထလိုက်၏။ ထို့နောက် အခန်းထောင့်ရှိ ရေခဲသေတ္တာဆီသို့ သွားကာ ရေခဲသေတ္တာတံခါးကို ဖွင့်၍ ဘရမ်ဒီပုလင်းတစ်လုံး ယူလိုက်၏။ အိပ်လို့လည်း မရတော့၊ မျက်လုံးကြောင်စီစီဖြစ်နေ၏။

နားထဲတွင် ခွေးအူသံကြီးကိုသာ ကြားနေရသဖြင့် ဘရမ်ဒီပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲထည့်ကာ ရေခဲစိမ်၍ သောက်လိုက်၏။ သုံးလေးပက်ခန့် သောက်သော်လည်း မူးသည်မရှိ။

ထိုစဉ် အစောင့်နှစ်ဦးဝင်လာပြီး တစ်တိုက်လုံးရှာပါသော်လည်း ခွေးဟစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ကြောင်း အစီရင်ခံခဲ့၏။ ဗိုလ်ကြီးမာကိုတို မကျေနပ်၊ သူ့စကားကိုလည်း အစောင့်နှစ်ဦးက မယုံမကြည်ဖြစ်နေသည်မို့ အကြီးအကျယ် ပေါက်ကွဲနေ၏။

ထို့ကြောင့်လည်း အစောင့်နှစ်ယောက်ကို အတင်း မောင်းထုတ်ကာ တစ်ယောက်တည်း အရက်ထိုင်သောက်ပစ်လိုက်၏။ ဘရမ်ဒီပုလင်းက တစ်ဝက်နီးပါး ကုန်သွားသော်လည်း ရိုတိုတိအခြေအနေသာ ရှိနေ၏။

နားထဲ ခွေးဟူအံကြီးကိုသာ အဆက်မပြတ် ကြားနေရဆဲ။ ထိုအသံကြီးကြောင့် တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေစို့လာ၍ ကိုယ်ပေါ်မှ အကျီကိုချွတ်ပစ်လိုက်ပြီး ဒယိမ်းဒယိုင်ထလိုက်၏။ ခါးတွင်ချိတ်ထားသော သေနတ်ကိုဖြုတ်ပြီး စားပွဲပေါ်တင်လိုက်၏။ ခုတင်အနောက်ဘက်သို့ ယိုင်ထိုးယိုင်ထိုးနှင့် ဖြတ်ကျော်ခဲ့ပြီး ရေချိုးခန်းတံခါးကို ဖွင့်လိုက်၏။

ထို့နောက် ရေပန်းပိုက်ကိုဖွင့်၍ ရေဇလုံကြီးထဲ တစ်ကိုယ်လုံးဆင်း၍ စိမ်လိုက်လေတော့၏။

၀၀၀

အချစ်သည်
သံသရာတစ်လျှောက်
တငွေ့ငွေ့ တမြည့်မြည့်
တောက်လောင်စေသော
သံယောဇဉ်မီးကြီး ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တဖွားဖွားကျနေသော ရေပန်းများအောက် ခေါင်းထိုးခံကာ အချိန်ကြာမြင့်စွာ ရေစိမ်နေလိုက်၏။ အေးမြသော ရေစင်ရေပေါက်များကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားသည်ဟု ထင်မိ၏။ ထို့ကြောင့်လည်း မျက်လုံးတို စုံမှိတ်ပြီး ရေချိုးဇလုံကြီး၏ပေါင်ကို မှီကိုင် ထိုင်နေ၏။

ထိုအချိန် သူ့နားထဲ ထူးဆန်းသော အသံဝါဝါကြီးကို ကြားလိုက်ရသဖြင့် မှိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

"ဟာ"

ရေဇလုံပေါင်ပေါ် ရွှေခြေထောက်နှစ်ဖက်တင်ကာ သူ့ကို မိုးမိုးကြီး စိုက်ကြည့်နေသော ခွေးကြီးကို တွေ့လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ အော်ရမှန်းလည်း မသိတော့။

ငရဲကြီးသည် သွားကြီးတဖြဲဖြဲ၊ အစွယ်ပြူးပြူးကြီးနှင့် သူ့ကို စိုက်ကြည့်နေ၏။ သွားရည်တွေက တမျှားမျှား၊ ကြည့်နေသည့် မျက်လုံးအစုံကလည်း ဝင်းဝင်းတောက်နေ၏။ ဗိုလ်ကြီးမာကိုတို့ခမျာ ရေဇလုံကြီးထဲကလည်း မထရဲဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ ခါးမှာ သေနတ်ရှိသည်အထင်နှင့် ယောင်ယမ်းစမ်းလိုက်၏။

"ဟင်"

"ဂီး. . . ဂီး. . . ဂီး"

"အို. . . အိုး"



"ဝဲ. . . ဝဲ. . . ဝဲ" [illegible]

ငရဲကြီးက သူ့မျက်နှာနားသို့ ခေါင်းကြီးစိုက်ဆင်းလာ၏။ လျှာ တန်းလန်းနှင့် သူ့ကို စားတော့မလောမတတ် ကြည့်နေ၏။ သူ သတိဝင်လာသည်နှင့် အတင်း လူးလဲထလိုက်ရာ ငရဲကြီးက သူ၏ကိုယ်ပေါ်ကို လွှားခနဲ ခုန်အုပ်လိုက်ပြီး လည်မျိုကို မရမက ကိုက်ခဲထား၏။ မာကိုတို့ခမျာ အော်တော့ဝ် မအော်နိုင်ရှာ၊ သွေးတွေကလည်း ရေချိုးကန်တစ်ခုလုံး ရဲရဲတောက်သွားခဲ့၏။

ဆယ်မိနစ်ခန့်အကြာတွင် မာကိုတို့ ရေဇလုံကြီးထဲ ခေါင်းငိုက်စိုက်ကျသွား၏။ ငရဲကြီးသည် မာကိုတို့၏ အခြေအနေကို စောင့်ကြည့်နေပြီး တစ်အောင့်အကြာတွင် ရေချိုးခန်းအပြင်သို့ ထွက်သွားလေ၏။

ထိုအချိန် အခန်းအပြင်ဘက်တွင် စောင့်နေသော အစောင့်နှစ်ဦးမှာ စိတ်ထဲ သက်မသာဖြစ်လာ၏။ ဗိုလ်ကြီးမာကိုတို့၏ အခန်းထဲမှ ခွေးအူသံကြီး ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပြီး အသင့်ကိုင်ထားသော ရိုင်ဖယ်သေနတ်ကြီးများကို မောင်းတင်၍ အခန်းတံခါးကို ဖွင့်ပြီး ဝင်လိုက်ကြ၏။

"ဟင်- မစ္စတာကြီး ဘယ်ရောက်သွားပါလိမ့်"

ခုတင်နှင့် ထိုင်ခုံပေါ်တွင် မတွေ့ရသဖြင့် နှစ်ယောက်စလုံးမှာ အံ့သြနေ၏။

နောက်ဆုံး ဟိုဟိုဒီဒီ ရှာဖွေရင်း ရေချိုးခန်းထဲ ခေါင်းကြီးစိုက်ပြီး သေဆုံးနေသော ဗိုလ်ကြီးမာကိုတို့ကို တွေ့လိုက်ရ၍ နှစ်ယောက်စလုံး အော်ဟယ်ဟစ်ဟယ်ဖြစ်ကုန်၏။ သူတို့၏ အော်သံကြောင့် တစ်အိမ်သားလုံး လန့်နိုးလာကာ အိမ်ကြီးပေါ်သို့ အပြေးတက်လာကြ၏။

မြင်ကွင်းဆိုးကြီးကို ကြည့်ပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ ထိုအချိန် မူခင်းတပ်ဖွဲ့များ ရောက်လာကာ အလောင်းကို စစ်ဆေးရင်း လည်ပင်းမှ ထိုးဖောက်ထားသော ဒဏ်ရာကြီးကို တွေ့လိုက်ရ၏။ ဒဏ်ရာသည် သွားနှင့်ကိုက်ခဲထားသော ဒဏ်ရာကြီး ဖြစ်နေသဖြင့် အသေအချာ စစ်ဆေးကြည့်လိုက်ရာ ခွေးဆိုးကြီး ကိုက်သွားသည့်ဒဏ်ရာ ဖြစ်ကြောင်း သိလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်အိမ်သားလုံး မျက်လုံးမျက်ဆန်ပြူးကုန်၏၊ ကင်ပေတိုင် ဗိုလ်ကြီး ခွေးကိုက်ခံရ၍ သေဆုံးသွားခဲ့ရပြီဆိုသော သတင်းက နောက် တစ်နေ့ နံနက်ခင်းအရောက်တွင် တစ်မြို့လုံး ပျံ့နှံ့သွားခဲ့၏။

ကြားလိုက်ရသည့် သတင်းကြောင့် တစ်မြို့လုံး တုန်လှုပ်နေ၏။

ငရဲကြီး၏သတင်းက ပို၍ပို၍ ပျံ့နှံ့သွားလေရာ ရန်ကုန်ရုံးချုပ် သို့ပင် သတင်းက ရောက်ရှိလာလေ၏။ ရန်ကုန်ထုတ်သတင်းစာတွင် လည်း ငရဲကြီးသတင်းက ဟိုးလေးတကျော်ကျော်ဖြစ်နေ၏။

ထိုအချိန် ဗိုလ်ကြီးမာကိုတို၏သတင်းကို ကြားလိုက်ရသော ဦး သိန်းမောင်ကြီးမှာ အတုန်လှုပ်ကြီး တုန်လှုပ်နေ၏။ သတင်းယူလာသူက ချစ်မွှေး။

"သေ. . . သေချာရဲ့လားကွ"

"သေချာပါတယ် ဆရာကြီး၊ ဓာကိုတိုသေတာ ငရဲကြီးကိုက်လို့"

"ဘုရား. . . ဘုရား။ သေချာပါပြီ ငရဲကြီးဟာ ငါ့သမီးလေးသေလို့ ပူးကပ်ဝင်စားတာပဲ ဖြစ်ရမယ်၊ လာ. . . လာကွာ၊ ငါတို့ ငရဲ ကြီးကို ရှာကြရအောင်"

"ဘယ်သွားရှာမှာလဲ ဆရာကြီး"

"လာစမ်းပါကွာ၊ တစ်နေရာရာမှာ ရှိနေမှာတော့ သေချာတယ် လိုက်ခဲ့စမ်းကွာ"

"ဟင်"

ချစ်မွှေး ဦးသိန်းမောင်ကြီး၏ စကားကြောင့် ကြောင်စီစီ ဖြစ်နေ ၏။ ဘာပြောလို့ ပြောရမှန်းပင် မသိ။ ဦးသိန်းမောင်နောက်သို့ ကြောင်စီစီ နှင့် လိုက်သွားလေတော့၏။

တစ်မြို့လုံးလည်း မာကိုတို၏သတင်းသာ ပြောဆိုနေကြ၏။ ဦးသိန်းမောင်ကြီးသည် သမီးငယ် သွားလေ့သွားထရှိသော နေရာများကို လိုက်လံရှာဖွေပါသော်လည်း ငရဲကြီးကို မတွေ့ရ။

ထိုရက်ပိုင်းအတွင်း သူ့ခြံအနောက်ဘက်မှ ခွေးအူသံကြီးကို ကြား ရသဖြင့် အိပ်နေရာမှ အတင်း လူးလဲထကာ အိမ်ပေါ်မှ အလျှင်အမြန် ပြေးဆင်းပြီး ကြည့်ခဲ့၏။ သူလိုက်ကြည့်တော့လည်း ခွေးအူသံကြီးက





ပို၍ပို၍ ဝေးသွားသလိုပင်။

ဦးသိန်းမောင်ကြီးခမျာ ငရဲကြီးကြောင့် စိတ်ထဲ စနိုးစနောင့် ဖြစ် နေရ၏။ အမြဲတမ်းလည်း ငရဲကြီးသတင်းကို နားစွင့်နေလေ၏။ သမီးစိတ် ကြောင့် လူလည်း ပိန်ချုံးကျသွားခဲ့၏။

အိပ်လည်း ကောင်းကောင်းမအိပ်၊ စားလည်း ကောင်းကောင်း မစားတော့။ ချစ်မွှေးက သတိပေးနေသော်လည်း သူ့စိတ်သူ သတိမထား နိုင်တော့၊ ကြေကွဲခြင်း၊ မျှော်လင့်ခြင်း၊ ပူဆွေးခြင်း အစရှိသော ဝေဒနာ များနှင့်သာ လုံးထွေးပတ်ချာလည်နေ၏။

အိပ်မက်ဆိုးတွေ မကြာခဏ မက်မက်ပြီး ထထအော်ရသည်မှာ လည်း အကြိမ်ကြိမ်။ ထိုအခြေအနေကြောင့် ဦးသိန်းမောင်ကြီး အိပ်ရာထဲ တုံးတုံးလဲကာ ဆေးရုံတင်ရသည်အထိ ဖြစ်ခဲ့ရလေတော့၏။

လောကကြီး၏ အဖြစ်သနစ်က အံ့ဖွယ်ရာပင်၊ မိမိပြုမူလိုက် သော အပြုအမူက မိမိဆီသို့ ပြန်လည် တုံ့ပြန်ရောက်ရှိလာပေသည် ဆိုသောစကားက မှန်ပေစွ။ ဦးသိန်းမောင်ကြီးမှာလည်း ထွတ်ခေါင်အပေါ် မတရားသည့်စိတ် ထားရှိခဲ့သဖြင့် သူ့ဘဝ သမီးလေးသောကကြား မရုန်း ထွက်နိုင်အောင် ဖြစ်နေခဲ့ရလေ၏။

ထိုအချိန်တွင် တနင်္သာရီကျွန်းဘက် ရောက်နေရှာသော ထွတ် ခေါင်ခမျာ ဒုက္ခအကြီးအကျယ်ကြား မနည်းကြီး ကျော်လွှားဖြတ်သန်းနေ ရ၏။ သို့သော် အံ့ဩဖွယ်ကောင်းလှသည်မှာ တွေ့သမျှ အန္တရာယ်ပေါင်းစုံ ကို လွယ်လွယ်ကူကူနှင့် ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်၏။

အုန်းကျွန်းပေါ်တွင် ဦးပဥ္စင်းကြီးနှင့် လူညိုညိုကြီးတို့နှစ်ဦးက သူ့ကိုထား၍ တောထဲတောင်ထဲသို့ ထွက်သွားခဲ့ကြ၏။ ထိုစဉ်က တစ် ယောက်တည်း ကျန်ရစ်ခဲ့သည်မို့ ကြောက်ရွံ့စိတ်၊ အားငယ်စိတ်တွေက အနမတဂ္ဂ။ လူညိုညိုကြီး ပေးခဲ့သော အုန်းပုတီးညိုညိုလေးကို လည်ပင်း မှာဆွဲပြီး ရေစပ်သောင်ပြင်ပေါ် တစ်ယောက်တည်း လျှောက်ခဲ့၏။ လှိုင်း တံပိုးတွေ တလိပ်လိပ်တရိပ်ရိပ်တက်နေသော ပင်လယ်ပြင်ကြီးကို ကြည့် ကာ ရင်အမောကြီးမောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်းပေါ်တွင် ဖြစ်သလို နေထိုင်ခဲ့ရာမှ သုံးရက်ခန့်အကြာတွင် ‌သောင်စပ်သို့ ထူးဆန်းသော စက်လှေကြီးတစ်စင်း ဆိုက်ကပ်လာ၏။ ထွတ်ခေါင်သည် လှေကြီးကို အဝေးက လှမ်းကြည့်ရုံမျှ တအံ့တသြ ဖြစ်နေ၏။

လှေပေါ်ပါလာသူများမှာလည်း အသွင်အပြင်ကအစ ခက်ထန်လှပြီး ကိုယ်ပေါ်တွင် လုပ်သေနတ်များ လွယ်ထားကြ၏။ သူတို့အသွင်အပြင်ကိုကြည့်ပြီး ထွတ်ခေါင် တုန်လှုပ်နေ၏။ သို့သော် ကျွန်းပေါ်တွင် တစ်ယောက်တည်း နေရမည့်အစား သူတို့စက်လှေနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်လည်း စက်လှေကြီးနှင့် အနီးဆုံးနေရာသို့ မှန်းအောင်းတိုးကပ်ခဲ့ပြီး အခြေအနေကြည့်ခဲ့၏။ စက်လှေကြီးက စက်ပျက်၍ ပြင်ဆင်နေပုံရ၏။ စက်လှေဝမ်းထဲတွင်လည်း ကုန်ပစ္စည်းတွေ တစ်ပုံတစ်ခေါင်း။ လှေပေါ်တွင် လူအားလုံး ငါးယောက် ပါလာ၏။ သူတို့၏ အသွင်များက ထွားထွားကျိုင်းကျိုင်းနှင့် ကြမ်းတမ်းလှသည့် အသွင်သဏ္ဌာန်ပေါ်လွင်နေ၏။ ပြောဆိုရာမှာလည်း ဆဲရေးတိုင်းထွာ ပြောဆိုနေကြ၏။

သူတို့လူစုကို ကြည့်ရင်း ထွတ်ခေါင်၏စိတ်ထဲ မင်လယ်ဓားပြတွေသာ ဖြစ်ရမည်ဟု တွေးမိ၏။ ထို့ကြောင့် သူတို့အနားသို့ မကပ်ရဲဘဲ စောင့်ကြည့်နေခဲ့၏။ ညဦးပိုင်းကာလသို့ ရောက်သောအခါ စက်လှေပေါ်မှ လူသိုက် သောက်စားမူးယစ်ကာ သီချင်းတကြော်ကြော်နှင့် သီဆိုနေ၏။ မူးလာသောအခါ လက်ထဲက သေနတ်ကို မိုးပေါ်ထောင်ပြီး တဒိုင်းဒိုင်း ပစ်ခတ်နေကြသည်ကို တွေ့ရ၏။

ထွတ်ခေါင်သည် ကျောက်ဆောင်များကြား လုံခြုံအောင်ပုန်းကာ အခြေအနေကို အကဲခတ်နေ၏။ ညဦးနှောင်းပိုင်းသို့ အရောက်တွင် အသံဗလံများ တိတ်ဆိတ်သွားသဖြင့် ကျောက်ဆောင်များကြားမှ အသာတိုးထွက်ခဲ့ပြီး ချောင်းစပ်သို့ အလျှင်အမြန် လျှောက်ခဲ့၏။ ချောင်းစပ်ရောက်သည်နှင့် ရေထဲသို့ ဆင်းခဲ့၏။ ပင်လယ်ပြင်တစ်ခုလုံး လှိုင်းလေငြိမ်သက်ကာ လရောင်ကလည်း ပင်လယ်ပြင်ကို လွှမ်းခြုံထား၏။

ထွတ်ခေါင်သည် ရေထဲရောက်သည်နှင့် ခြေသံလုံအောင်





လျှောက်ရင်း စက်လှေကြီးအနားသို့ ရောက်လာ၏။ လှေဝမ်းကြီးမှာ ကျယ်ဝန်းလှပြီး ကုန်ပစ္စည်းများက ပြည့်မောက်နေ၏။ လှေပေါ်မှ လူစုလည်း မူးမူးနှင့် အိပ်ပျော်နေကြပြီ ဖြစ်၏။ ထွတ်ခေါင်သည် လှေနံရံကို တွယ်ဖက်၍ တက်လိုက်၏။

အပေါ်ရောက်သည်နှင့် ဝန်စည်စလယ်များကြား တိုးဝှေ့ဝင်ရောက်ကာ လှေကြီးအနောက်ဘက်သို့ အသာလျှောက်ခဲ့၏။ လှေအနောက်ဘက် အခန်းထဲတွင် လူတစ်စု မူးမူးနှင့် အိပ်ပျော်နေကြသည်ကို တွေ့လိုက်ရ၏။ စားပွဲခုံပေါ်တွင် စားသောက်ဖွယ်ရာများကို တွေ့လိုက်ရသဖြင့် သူတို့အနားသို့ အသာအယာလှမ်းကာ စားသောက်ဖွယ်ရာများကိုယူ၍ စားသောက်လိုက်၏။

ဆာလောင်မှု ပြေသွားသောအခါ လှေဝမ်းထဲသို့ ဆင်းခဲ့ပြီး အလုံခြုံဆုံးနေရာတွင် ပုန်းအောင်းနေလိုက်၏။ ကြမ်းတမ်းလှသောရာသီဥတုကြား ပင်ပန်းစွာ နေထိုင်ခဲ့ရသည်မို့ ထိုနေရာလေးမှာပင် သူ အိပ်ပျော်သွားခဲ့၏။

သူ အိပ်ရာကနိုးတော့ စက်သံ တဒုတ်ဒုတ်ကို ကြားနေရ၏။ တအိအိ တငြိမ့်ငြိမ့် ရွေ့လျားနေသည်ကိုလည်း သတိထားမိ၏။ စက်လှေကြီး ပင်လယ်ထဲ ခုတ်မောင်းနေသည်ကို သိလိုက်ရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။ ပုန်းအောင်းနေသည့် နေရာမှာ ဝန်စည်စလှယ်များ စုပုံထားသည့်နေရာဖြစ်၍ လုံခြုံလှ၏။

သူ့ကိုယ်ကိုလည်း အထုပ်အပိုးများနှင့် ဖုံးအုပ်ကွယ်ထားခဲ့၏။ ထိုသို့ ငြိမ်သက်စွာ လိုက်ပါရင်း သူ့ အစွဲလမ်းကြီး စွဲလမ်းခဲ့ရသော ထားထားကို သတိတရ ဖြစ်နေ၏။ ခုချိန်ဆိုလျှင် သူ့ကို ထားထားတို့က သေဆုံးသွားခဲ့ပြီဟုပင် ထင်နေရော့မည်။

ဖန်တီးလာသည့် ကံကြမ္မာကလည်း ဆိုးယံလှ၏။ ချစ်ရသူနှင့် ရင်ကွဲကွဲရသည့် ခံစားချက်က ကြောက်မက်ဖွယ်ရာပင်။ ထားထားကို သူ အမြဲတမ်း အိပ်မက်မက်ခဲ့၏။ အိပ်မက်ထဲ ထားထားနှင့်အတူ တွဲလျှောက်ခဲ့၏။ စကားတွေ အများကြီး ပြောခဲ့ကြ၏။ ကြည်နူးဖွယ်ကောင်းလှသော အိပ်မက်များကြား လက်ရှိဘဝ၏ တွေ့ကြုံနေမှုက ဆိုးဝါးလွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောင်ဘယ်ကမ်း ဆိုက်မည်မှန်းပင် ပြောမရ၊ သူလိုက်ပါခဲ့ရသော လှေကြီးကလည်း ဓားပြလှေကြီးဖြစ်ဖို့ သေချာ၏။ လှေပေါ်မှ ကြားနေရသော အသံများကလည်း ကြောက်မက်ဖွယ်ရာပင်။ အန္တရာယ်များကြား တတ်သမျှ မှတ်သမျှ ဘုရားစာများကိုလည်း တတွတ်တွတ် ရွတ်ဆိုနေမိ၏။

လှေဝမ်းထဲတွင် နာရီပေါင်းများစွာ ပုန်းအောင်းခဲ့ရင်း ဗိုက်ထဲ ဆာဆာလောင်လောင် ဖြစ်လာ၏။ ထို့ကြောင့်လည်း ပုန်းအောင်းနေရာမှ အသာတိုးထွက်ခဲ့ကာ သိုလှောင်ထားသည့် အထုပ်အပိုးများကို မရမက ဖွင့်ဖောက်ကြည့်ရာ အသားဘူးများကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွား၏။ ဘူးသုံးလေးဘူးကို ယူ၍ ပုန်းအောင်းနေသည့် နေရာသို့ ပြန်လာခဲ့ပြီး ဘူးတွေဖွင့်ကာ စားသောက်ပစ်လိုက်၏။

ထိုအချိန် စက်လှေပေါ်မှ သေနတ်ဖောက်သံများ ကြားလိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားမိ၏။ ထိုင်နေရာမှ ချက်ချင်း လူးလဲထလိုက်ပြီး ကုန်ပစ္စည်းများကြားမှ ဖြတ်ကာ လှေပေါ်သို့ ခိုးကြောင်ခိုးဝှက်နှင့် တက်ခဲ့၏။

"ဟင်"

လှေပေါ်မှ လူတစ်စု သေနတ်တွေ တဒိုင်းဒိုင်းဖောက်ကာ စက်လှေတစ်စီးကို ကန့်လန့်ဖြတ်ပိတ်၍ ဓားပြတိုက်ရန် ကြိုးစားနေ၏။ သေနတ်သံတွေကလည်း ဆူညံနေ၏။ ထွတ်ခေါင်သည် စက်လှေဝမ်းပေါ် ရောက်သည်နှင့် အခြေအနေကို စောင့်ကြည့်နေ၏။

ထိုစဉ် သူ လိုက်ပါလာသော လှေကြီးက တစ်ဖက် စက်လှေကြီး အနားသို့ ကပ်သွား၏။ သူလှေပေါ်မှလူများ တစ်ဖက်လှေပေါ်သို့ ခုန်ကူးသွားကြသည်ကို မြင်လိုက်ရ၏။ အော်သံဟစ်သံ ဆဲသံဆိုသံကိုလည်း ကြားနေရ၏။

ထွတ်ခေါင်သည် စက်ခန်းထဲ ဆင်းလာခဲ့ပြီး ရပ်ထားသောစက်ကို အလျင်အမြန် နှိုးလိုက်၏။ စက်နိုးလာသည်နှင့် လှေကြီးကို အတင်းအဓမ္မ မောင်းထွက်လိုက်၏။

သူလုပ်ရပ်ကြောင့် တစ်ဖက်စက်လှေပေါ် တက်သွားကြသော





ပင်လယ်ဓားပြအဖွဲ့မှာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ထွတ်ခေါင်သည် စက်လှေကို အရှိန်မြှင့်ပြီး မောင်းနှင်ခဲ့၏။

လှိုင်းကြက်ခွပ်တွေက ဖွားခနဲ ဖွားခနဲ၊ သူ မောင်းနှင်လာသော လှေကြီးသည် ပင်လယ်ပြင် အနောက်ဘက်သို့ ဦးတည်နေ၏။ နောက်မှ ပစ်သံခတ်သံတွေကို ကြားနေရသော်လည်း တစ်ချက်ကလေးတောင် လှည့်မကြည့်။ စက်ရှိန်ကို ပို၍ မြှင့်တင်ခဲ့ရာ နောက်ဆုံး နောက်မှ လိုက်လာသောလှေ၏ အရိပ်အယောင် ပျောက်ဆုံးသွားခဲ့၏။ ပင်လယ်ထဲ နာရီပေါင်းများစွာ ခုတ်မောင်းရင်း နောက်ဆုံး ဆိပ်ကမ်းမြို့လေး တစ်မြို့ အနီးသို့ ရောက်ရှိလာလေတော့၏။

မြို့ကလေးကို မြင်လိုက်ရသဖြင့် ထွတ်ခေါင် အပျော်ကြီးပျော်နေ၏။ မြို့ဆိပ်ကမ်းသို့ ဆိုက်သည်နှင့် စက်လှေပေါ်မှ ပစ္စည်းများကို ရသမျှဈေးနှင့် ရောင်းချလိုက်၏။ ထို့နောက် ရလာသည့် ငွေကြေးကို အရင်းအနှီးပြုကာ ကုန်းတစ်တန် ရေတစ်တန် ခရီးဆက်ခဲ့ရ၏။

ယခုတော့ အန္တရာယ်များစွာကို ကျော်ဖြတ်ပြီး သူ့ဇာတိမြို့လေးဆီသို့ ပြန်လည် ရောက်ရှိခဲ့ပြီ ဖြစ်၏။ သေရွာပြန်ဘဝမို့ သူ အပျော်ကြီး ပျော်နေ၏။ လောလောဆယ် လူအမြင်ခံ၍ မဖြစ်။ ထို့ကြောင့်လည်း ရုပ်ဖျက်ကာ မိခင်၊ ဖခင်များ နေထိုင်ရာ အိမ်ကြီးဆီသို့ ညဦးပိုင်းတွင် ရောက်ရှိလာ၏။

ခြံထဲဝင်လိုက်သည်နှင့် ဦးဆုံး မျက်နှာချင်းဆိုင်မိသူမှာ အစ်မဖြစ်သူ နှင်းမှုန်ပင်။ နှင်းမှုန်သည် မိခင်ကြီး နေမကောင်းနေသဖြင့် ကောင်းကောင်း မအိပ်နိုင်၊ ထို့ကြောင့်လည်း အိမ်ကြီးပေါ် ပုန်းလျှိုးကွယ်လျှိုးတက်လာသည့် ထွတ်ခေါင်ကို မြင်လိုက်ရတော့ ပါးစပ်ကလေး အဟောင်းသား ဖြစ်နေ၏။

"မမနှင်း"

"ဟင်- မင်း. ... မင်း"

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ ကျွန်တော် ထွတ်ခေါင်လေ"

"ဟယ်- မောင်လေး၊ မင်း. . . မင်း မသေဘူးနော်။ ဝမ်းသာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကွယ်"

"မမ၊ မေမေရော။ မေမေ နေကောင်းရဲ့လား"

"မင်းစိတ်ကြောင့် မေမေ အိပ်ရာထဲလဲနေတာ ကြာပြီ"

"ဟင်- ဟုတ်လား"

"မင်း ထွက်ပြေးလာတာလား"

"ဟုတ်. . . ဟုတ်တယ် မမ၊ ကျွန်တော် ထွက်ပြေးလာတာ။ ဘယ်သူမှ မသိစေနဲ့နော်"

"အေးပါ ငါ့မောင်ရယ်၊ လာလာ"

နှင်းမှုန်သည် ထွတ်ခေါင်ကို တွေ့လိုက်ရသဖြင့် အလွန်မှ အံ့သြနေ၏။ မောင်ငယ်၏လက်ကို အတင်းဆွဲပြီး ဝမ်းသာအားရ ဖြစ်နေ၏။ ထွတ်ခေါင်သည် အစ်မလုပ်သူကို တီးတိုးပြောဆိုကာ အိမ်ကြီးထဲ ဝင်ခဲ့၏။

အိမ်ထဲရောက်သည်နှင့် ထွတ်ခေါင် ပြန်လာပြီဆိုသော သတင်းကြောင့် အိပ်ရာထဲမှ လူးလဲထလာသူမှာ ဒေါ်ဖွားမှီ၊ လေသံယဲ့ယဲ့နှင့် ဝမ်းသာအားရ ပြောဆိုလာ၏။

"ဟင်- သား. . . သားပြန်လာပြီ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ မောင်လေး ဒီကို ထွက်ပြေးလာတာ မေမေရဲ့"

"အို- အန္တရာယ်များလိုက်တာ သားလေးရယ်၊ ငါ့သားကို အမေက တွေ့မှတွေ့ပါတော့မလားလို့ကွယ်။ ခုတော့ ဘုရားတွေ နတ်တွေ မ,စလို့ အမေ့သားလေး ပြန်လာပြီ။ ဝမ်းသာလိုက်တာကွယ်၊ ကို. . . ကိုခင်မောင်"

"ဟေ- ဘာတုံး မဖွားမှီ"

"တော် . . . တော် ဝမ်းမသာဘူးလားဟင်"

"ဟာ- ဝမ်းသာတာပေါ့ကွာ။ လူကလေးရာ၊ မင်း ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ"

"ဟုတ်ပါ့ကွယ်၊ အမေတို့က သားကို သေပြီလို့တောင် တွက်ခဲ့ကြတာ။ ခုတော့ သေကံမရောက်သက်မပျောက်ကွယ်"

"မေမေရယ်၊ ဒါ မေမေတို့ ပို့သတဲ့ မေတ္တာကြောင့်ပါဗျာ။ အခု



တော့ သားတို့အခြေအနေက ဘယ်လိုမှကို အသက်ရှင်စရာ မရှိဘူး။ အဲဒီစခန်းမှာ နေရတာ မသေရုံတစ်မည် စားရတာ၊ လုပ်တော့လည်း နေဝင်မိုးချုပ်။ ခိုင်းတာမှ မနားတမ်းခိုင်းတာ၊ မကျေနပ်ရင် ရိုက်သေးတယ်။ တချို့ဆို ရောက်ပြီး ထွက်မပြေးလို့ ပစ်သတ်ခံရတာ တစ်ပုံကြီး"

"အို- သားလေးရယ်၊ ငါ့သားလေး ဘာမှ မဖြစ်တာဘဲ တော်ပါသေးရဲ့ကွယ်"

ထွတ်ခေါင်က သူ့ကိုကယ်တင်ခဲ့သော လူညိုညိုကြီးတို့အကြောင်းကို ပြောပြလိုက်၏။ ထိုစကားကို ကြားရတော့ ဒေါ်ဖွားမှီ တအံ့တသြ ဖြစ်နေ၏။

"ဟင်- ဟုတ်မယ်၊ အဲဒါ ဟုတ်ကိုဟုတ်မယ်။ သားအဖေဟာ ရေထဲမှာ သေဆုံးသွားခဲ့တာကွယ့်။ ဟုတ်ပါပြီ၊ သားအဖေဟာ သားကို ကယ်တင်ခဲ့တာပဲ ဖြစ်ရမယ်။ မိဘတွေရဲ့ ဂုဏ်ကျေးဇူး ဘယ်လောက်ကြီးမားသလဲဆိုတာ သားသိပြီလား"

"သိပါပြီ မေမေရယ်၊ သားကိုမွေးခဲ့တဲ့၊ သားကို စောင့်ရှောက်ခဲ့ထဲ့ မိဘတွေရဲ့ မေတ္တာတွေကြောင့် သား အခုလို သေရွာပြန်ဘဝ ရောက်ခဲ့တာပါ"

"မောင်ထွတ်ခေါင်"

"ဗျာ"

"လောလောဆယ်တော့ မင်း အသွားအလာ အနေအထိုင်က အစ ဆင်ခြင်မှ ဖြစ်မယ်နော်။ မြို့ပေါ်မှာလည်း ဂျပန်ပေတွေ တလှုပ်လှုပ်ဖြစ်နေပြီကွ။ မဟာမိတ်တပ်တွေ ဝင်မယ်ဆိုတာလည်း နေ့လားညလားပဲကွ"

"ဟင်- ဟုတ်လား၊ ဟို- မစ္စတာရှိုဝါတို့ရော"

"ဟာ- ပြောတောင် မပြောချင်ပါဘူး၊ အတော့်ကို အံ့သြရောကောင်းတဲ့အဖြစ်တွေ မြို့ပေါ်မှာ ဖြစ်နေတယ်ကွ။ လောလောဆယ် အဲဒါတွေ ထားပါတော့။ သမီးရေ သားအတွက် စားဖို့သောက်ဖို့ လုပ်ဦးလေ။ သမီးမောင်လေး ပြေးရွှားရ ပုန်းရ

www.burmeseclassic.com



အောင်းရဆိုတော့ ဆာနေပြီပေါ့၊ နားပါစေဦး"

"ဟုတ်သားပဲ၊ ကိုင်း- မောင်လေး ရေမိုးချိုး အဝတ်အစားလဲ မမ စားဖို့သောက်ဖို့ ပြင်ထားမယ်"

"ဟုတ်ကဲ့"

"ဝမ်းသာလိုက်တာ လူကလေးရယ်၊ အမေတော့ နေလို့တောင် ကောင်းလာပြီကွယ်။ ကိုခင်မောင်ရယ်၊ ကျွန်မ ပျော်လိုက်တာ။ ကျွန်မတစ်ကိုယ်လုံး အားတွေ ပြည့်လာသလိုပဲ"

"ဒီလိုမှပေါ့ မဖွားမို့ရယ်၊ သတ္တဝါတစ်ခု ကံတစ်ခု ဆိုတာ မင်း ယုံပြီလား။ ဒါပေမယ့် ဒီကိစ္စကို လူသိခံလို့ မဖြစ်ဘူးနော်၊ နိုင်ငံရေးအခြေအနေကလည်း ကောင်းတာ မဟုတ်ဘူး"

"ဟုတ်ပါ့ကွယ်၊ လူကလေး အစစအရာရာ သတိထားပါနော်။ အမေ သားအတွက် အရမ်းကို စိတ်ပူတာပဲကွယ်"

"စိတ်ချပါ မေမေရယ်"

ထွတ်ခေါင်တစ်ယောက် ကိုယ့်အိမ်ကိုယ် ပြန်ရောက်ခဲ့ရပြီမို့ စိတ်ထဲ ဝမ်းသာကြည်နူးနေမိ၏။ သူ့ကိုယ်သူ သေလူလို့ တွက်ထားရာမှ ယခုတော့ သေတွင်းမှ လွတ်မြောက်ခဲ့ရပြီမို့ စိတ်လွတ်လက်လွတ် ပျော်ရွှင်မိ၏။

ရေပန်းအောက်တွင် အချိန်ကြာမြင့်စွာ ရေစိမ်ချိုးပစ်လိုက်၏။ ကိုယ်ပေါ်မှာ ကြေးတွေက အထပ်ထပ်။ တစ်ကိုယ်လုံးလည်း ချွေးနံ့တွေ နံစော်နေ၏။ အဝတ်အစားတွေလည်း ပေကျံမည်းညစ်နေ၏။ လူလည်း လူရုပ်တောင် မပီချင်တော့။

ရေချိုးပြီးနောက် အဝတ်အစားလဲကာ မိခင်ကြီးအနားတွင် ထမင်းထိုင်စားခဲ့၏။ မိခင်ကြီးမှာ ထွတ်ခေါင်ကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။ ပါးစပ်ကလည်း တဖွဖွ တသသ ပြောဆိုနေ၏။

ဦးခင်မောင်မှာလည်း ထွတ်ခေါင် ပြန်ရောက်လာသဖြင့် အိပ်ချင်စိတ်တောင် ပျောက်သွားခဲ့၏။ စားသောက်ပြီးသည်နှင့် ထွတ်ခေါင်နှင့် စကားစမြည် ပြောဆိုခဲ့၏။ ထွတ်ခေါင်သည် သူ ကြုံခဲ့ရသည့် အဖြစ်များကို ပြောပြခဲ့၏။





ဦးခင်မောင်ကလည်း သူ မရှိတုန်း ခင်ခင်ဦး၏ အဖြစ်သနစ်များကို ပြောပြလိုက်၏။ ကြားလိုက်ရသော စကားများကြောင့် ထွတ်ခေါင် အလွန်အမင်း ခြောက်ချားသွား၏။

သူ့အပေါ် တစ်ဖက်သတ် အချစ်တွေ ပို၍ တစ်ဇွတ်ထိုး လုပ်လေ့ လုပ်ထရှိသော ခင်ခင်ဦးကို မြင်ယောင်လာ၏။ ဦးခင်မောင်သည် မစ္စတာ ရှိုဝါတို့လူစု၏ ဆိုးရွားလှသော အဖြစ်သနစ်များကိုလည်း ပြောပြလိုက်၏။ ထွတ်ခေါင်စိတ်ထဲ အံ့ဩမိသည်က ဦးမိုးမြေတို့သားအဖ၏ အဖြစ်သနစ် ပင်။

"ကြောက်စရာပဲ"

"အေးကွ၊ တစ်မြို့လုံး ပြောနေကြတာ ဦးမိုးမြေတို့သားအဖကို ကိုက်သတ်သွားတဲ့ခွေးကြီးဟာ ခင်ခင်ဦး မွေးထားတဲ့ ခွေးကြီး ငရဲတဲ့ကွ။ အဲဒီခွေးကြီးက ဂျပန်ဗိုလ်ကြီး မစ္စတာမာကိုတိုကိုပါ ကိုက်သတ်ခဲ့တာကွ"

"ဟုတ်လား"

"အေးကွာ၊ အဖြစ်အပျက်တွေကတော့ မယုံနိုင်စရာပါဘဲကွာ။ ခင်ခင်ဦးကပဲ မစ္စတာရှိုဝါဆီကို သွားပြီး မင်းအတွက် အရဲစွန့်ပြီး ပြောခဲ့တာကွ"

"ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါဆို အဲဒီခွေးကြီးဟာ ခင်ခင် ဦးသေလို့ ဝင်စားပူးကပ်နေတာပေါ့"

"ဖြစ်နိုင်တယ်ကွ။ အဲဒီ ငရဲကြီးဟာ မင်းကို ဒုက္ခပေးခဲ့တဲ့ လူတွေ ကိုမှ ရွေးပြီး ကိုက်သတ်ခဲ့တာကွ။ ငါတော့ ယုံတောင် မယုံချင် ဘူးကွာ။ ဒါပေမယ့် ဖြစ်လာတဲ့အဖြစ်တွေကလည်း အတော့်ကို တိုက်ဆိုင်လွန်းလှသကွာ"

ဦးခင်မောင်၏စကားကြောင့် ထွတ်ခေါင် ခင်ခင်ဦးအပေါ် ကြေကြေကွဲကွဲ ခံစားမိ၏။ စိတ်မကောင်းကြီးစွာလည်း ဖြစ်ခဲ့ရ၏။ ခင်ခင်ဦး၏ အချစ်က ကြောက်စရာကောင်းလှပါဘိ။

သူ့လိုချင်ပြီဆိုလျှင် မရ၊ ရအောင် ယူလေ့ရှိသော ခင်ခင်ဦး၏ တစ်ဇွတ်ထိုးစိတ်ကို ထွတ်ခေါင် တအံ့တဩဖြစ်ခဲ့ရ၏။ သို့သော် သူ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ယခုထိ စွဲလမ်းတမ်းတနေရသည်မှာ ထားထားပင်။

ယခုလည်း ထားထားကို အလွန်အမင်း တွေ့ချင်နေ၏။ သို့သော် လူသိခံ၍ မဖြစ်ပေ။ ထို့ကြောင့်လည်း ရင်ထဲမှဆန္ဒကို မနည်း မျိုသိပ်ခဲ့ရ၏။ သူပြန်ရောက်လာသဖြင့် တစ်အိမ်လုံး ရွှင်ရွှင်လန်းလန်းဖြစ်နေ၏။

မိခင် ဒေါ်ဖွားမှီမှာလည်း အိပ်ရာထဲ ခွေနေရာမှ ထူထူထောင်ထောင်နှင့် သွားနိုင်လာနိုင်နေပြီ ဖြစ်၏။ အစားအသောက်လည်း ပြန်စားနိုင်ပြီမို့ ဦးခင်မောင်သည် ဇနီးသည်ကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေလေ၏။

ထွတ်ခေါင်သည် အိမ်ပြန်ရောက်ပြီး သုံးလေးရက်ခန့် အကြာတွင် ထားထားတို့၏သတင်းကို စုံစမ်းခဲ့၏။ ထားထားဆီသို့ စွန့်စားသွားရောက်ရန်လည်း အချိန်ယူခဲ့၏။

ဦးခင်မောင်သည် ထွတ်ခေါင်၏ ခြေလှမ်းကို သိနေသဖြင့် တီးတိုးသတိပေးခဲ့၏။

"မောင်ထွတ်၊ အဖေပြောချင်တာ ခေတ်ကာလ အခြေအနေပဲကွ။ ခုချိန်မှာ အခြေအနေတွေက တလှုပ်လှုပ်ကွ၊ ငပုတွေကလည်း ဥပဒေတွေဘာတွေကို ဂရုမစိုက်တော့ဘူး။ စိတ်မထင်ရင် မထင်သလို လုပ်နေကြပြီ။ ဒီတော့ ကြောက်စရာကောင်းလှတဲ့ ခေတ်ဆိုးကြီးထဲမှာ အစစအရာရာ သတိဝီရိယတော့ ရှိစေချင်တယ်။ ပြီးတော့ ညဘက်ဆိုရင် စစ်ကားတွေနဲ့ တွေ့သမျှ လူတွေကို ဖမ်းနေတယ်လို့ သတင်းကြားထားတယ်နော်"

"စိတ်ချပါ၊ ကျွန်တော် သတိထားပါ့မယ်"

ထွတ်ခေါင်သည် ထားထားကို မြင်ချင်တွေ့ချင်လှသော်လည်း အောင့်အည်းမျိုသိပ်ခဲ့ရ၏။ သူပြန်ရောက်လာသည်ကို အနီးအနားရှိလူများပင် အသိမခံရဲ။

တစ်ရက်တွင် ထွတ်ခေါင်တစ်ယောက် ထားထားတို့နေရာ အရပ်ဆီသို့ ရုပ်ဖျက်၍ ထွက်လာခဲ့၏။ သူ့စိတ်တွေ တဖိုဖိုတလှုပ်လှုပ်ခံစားနေရ၏။ ချစ်ရသူက သူ့ကို မှတ်မိပါ့မလား။ သူ အချစ်ကြီး ချစ်ခဲ့ရသည်ကိုရော သိမှသိပါ့မလားဟု တွေးကာ စိတ်ထဲ အစိုးရိမ်ကြီးနေမိ၏။



ထားထားတို့ ခြံဝင်းထဲရောက်တော့ အတော်ကလေး မှောင်မိုက်နေပြီ ဖြစ်၏။ ထားထားကို မတွေ့ရသဖြင့် စိတ်ထဲ ပူပန်သွားမိ၏။ ထိုစဉ် အိမ်ကြီးပေါ်မှ လူတစ်ယောက် ဆင်းလာသဖြင့် အမှောင်ရိပ်ခိုကာ ကြည့်လိုက်၏။

"ဟင်- ဦးသိန်းမောင်ပါလား၊ အတော့်ကို အိုစာနာသွားပါလား"

အိမ်ကြီးပေါ်မှဆင်းလာသော ဦးသိန်းမောင်၏အသွင်က အတော်ကို အိုမင်းသွားသည့်ပုံပင်။ အတော်ကလေးလည်း ပိန်ချုံးသွားပုံရ၏။ သူ့နံဘေးတွင် ဦးလေးကျော်လည်း ပါလာ၏။ နှစ်ယောက်သား စကားတပြောပြောနှင့် ခြံ၏အရှေ့ဘက် ထွက်သွား၏။ ဦးသိန်းမောင်ကို မြင်လိုက်သည်နှင့် ခင်ခင်ဦးကို သတိရမိလာ၏။ သူ့ကြောင့် အသက်ပါဆုံးခဲ့သော ခင်ခင်ဦးကို စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရ၏။

တစ်ယောက်တည်း တွေတွေကြီးရပ်နေစဉ် ခြံထဲ ပြန်ဝင်လာသော ဦးလေးကျော်ကို တွေ့လိုက်ရသဖြင့် အနားသို့ ခပ်သုတ်သုတ်လျှောက်လာ၏။

"ဦးလေးကျော်"

"ဟေ- ဘယ်သူလဲ"

"ကျွန်တော်ပါ ဦးလေး၊ ထွတ်ခေါင်လေ"

"ဘာ- ထွတ် . . . ထွတ်ခေါင်"

"ဟုတ်ပါတယ် ဦးလေးကျော်"

"ဟာ- မင်း . . . မင်း ဘယ်လိုလုပ် ပြန်ရောက်လာတာလဲ၊ ငါတော့ အိပ်မက်မက်နေသလားတောင် ထင်မိသကွာ"

"ထား၊ အဲ- မထားရောဟင်"

"မောင်ထွတ်၊ ဦးတော့ ယုံတောင် မယုံနိုင်ပါဘူးကွာ။ ကိုင်း- လာလာ အိမ်ပေါ်လိုက်ခဲ့၊ မင်းနှမလည်း မင်းကို တမျှော်မျှော်နဲ့ကွ"

"ဟင်- ထား ကျွန်တော့်ကို မျှော်နေတယ်"

"လာပါကွာ"

သူ ဦးလေးကျော်နှင့်အတူ အိမ်ကြီးအပေါ်သို့ ရင်တထိတ်ထိတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တက်ခဲ့၏။ ချစ်ရသော ထားတစ်ယောက် ဘယ်လိုအသွင်အပြင် ရှိနေပါလိမ့်။ အရင်လိုပဲ ဂန့်ဝင်ဆန်နေဆဲပဲလားဟု ရင်တထိတ်ထိတ် တွေးနေမိ၏။

အိမ်ထဲအရောက်တွင် ဦးလေးကျော်က ထားထားကို လှမ်းခေါ် လိုက်သဖြင့် ထားထား အိမ်ပေါ်မှ ဒရောသောပါး ဆင်းလာ၏။ ဧည့်ခန်း ထဲကို လှမ်းကြည့်ရင်း လူစိမ်းတစ်ယောက်၏ နောက်ကျောကို မြင် လိုက်ရသဖြင့် ခြေလှမ်းတုံ့ခနဲဖြစ်သွား၏။

ထိုစဉ် ဦးကျော်က-

"သမီး၊ ဒီကိုလာဦး။ ဒီမှာ ဘယ်သူလဲ"

"ဟင်- ဟိုဟို. . ."

"လာစမ်းပါဦး သမီးရယ်"

ဖခင်ကြီး ဇွတ်တရွတ် ခေါ်နေသဖြင့် ထားထား ဧည့်ခန်းထဲသို့ လျှောက်လာ၏။ ဧည့်ခန်းထဲမှ လူစိမ်းကိုကြည့်ရင်း ဇဝေဇဝါ ဖြစ်နေ၏။ ဘေးတိုက်အနေအထား ဖြစ်နေ၍ အသေအချာ မမှတ်မိ။ ထိုစဉ် လူစိမ်း က သူ့ကို လှည့်ကြည့်လာ၏။

"ဟင်- ကို. . . ကိုထွတ်. . . ကိုထွတ်"

"ဟုတ်တယ် ထား၊ ကျွန်တော် ကိုထွတ်လေ"

"အို- ကိုထွတ်ရယ်"

မှောင်နေသည့် ကမ္ဘာကြီးထဲ လမင်းကြီး ဖြန်းခနဲ ထွက်လာသလို ပင်။ သူ့စိတ်ထဲ ဝင်းခနဲ လင်းခနဲ ဖြစ်သွားသလို ခံစားလိုက်ရ၏။ ရင်တွေ လည်း တလှပ်လှပ် တုန်နေ၏။

"ကို. . . ကိုထွတ်၊ ရှင်. . . ရှင် ဘယ်လိုလုပ်. . ."

"ဟုတ်တယ် ထား၊ ကျွန်တော်လည်း သေရွာပြန်လာတယ်ပဲ ပြော ရမှာပေါ့ ထားရယ်။ ထားရော နေကောင်းရဲ့လားဟင်၊ ထားက ပိန်သွားသလိုပဲနော်"

"ဟုတ်. . . ဟုတ်တယ်"

"ထားရယ်၊ ကျွန်တော်က ထားတို့မိသားစုနဲ့ ဆုံမှဆုံရပါတော့ မလားလို့ဗျာ။ ကျွန်တော် ကျွန်းတွေဘက်ကို ရောက်သွားတာ"





"ဟင်- ဟုတ်လား"

"ဟုတ်တယ်။ အဲဒီမှာ ငါးတွေ ဖမ်းရတယ်၊ ဆားချက်ရတယ်၊ ထင်းခုတ်ရတယ်၊ အိုဗျာ- အလုပ်ကြမ်းမှန်သမျှ လုပ်ခဲ့ရတယ်။ နောက်ဆုံး မကျေနပ်ရင် အသေသတ်တာဗျ"

"ဟင်- ဟုတ်လား"

"ဟုတ်တယ်။ ငါးဖမ်းတော့လည်း ပင်လယ်ကြီးဘက်ကို ထွက်ရ တာ၊ မုန်တိုင်းတွေကျလည်း သွားရတာပဲ ထား။ ကံကောင်းလို့ပဲ ဆိုရမှာပေါ့ဗျာ"

"ကိုထွတ်ရယ်၊ ကျွန်မဖြင့် တအားကို အံ့သြတာပဲရှင်။ ကိုထွတ်၊ ဒီကိုပြန်ရောက်တာ ဘယ်လောက်ကြာပြီလဲဟင်"

"တစ်ပတ်ကျော်ကျော်လောက်ရှိပြီ ထား၊ ကျွန်တော် ထားတို့ဆီ လာမလို့ပါဘဲ။ ဒါပေမယ့် မြို့ပေါ်မှာ ဟိုကောင်တွေ ရှုပ်နေတာနဲ့ ရှောင်နေရတာပါ"

"ဟုတ်လား"

"ကိုင်း- မောင်ထွတ်၊ လာတုန်း စားသွားကွာ။ ဦးတို့နဲ့ ထမင်း လက်ဆုံမစားရတာလည်း ကြာပြီမဟုတ်လား"

"ရပါတယ် ဦး၊ ကျွန်တော် စားပြီးပါပြီ"

"ဟင်- ဟုတ်ရဲ့လား"

"စားပြီးပြီ ဦးလေး"

"ဒါဆို ဖေဖေ့အတွက် သမီး ထမင်းဟင်းခူးပေးပါ့မယ်၊ ကိုထွတ် ခဏစောင့်နော်"

"စောင့်ပါ့မယ် ထား"

ထားထား ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ်နေ၏။ ချစ်ရသူနှင့် ပြန်လည် မဆုံရတော့ဘူးလို့ ထင်ခဲ့သော်လည်း ယခု ပြန်လည် ဆုံတွေ့ ရသောအခါ အိပ်မက်မက်နေသလားပင် ထင်မြင်မိ၏။ ဝမ်းသာလွန်း သဖြင့် လက်ကလေးတွေတောင် ဆတ်ဆတ်တုန်နေ၏။ မျက်ရည်ကလေး တွေ ဥနေ၏။

ဖခင်ကြီးအတွက် မီးဖိုချောင်ထဲဝင်ကာ ပြင်ဆင်ပေးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး အိမ်ရှေ့လေသာဆောင်တွင် ထိုင်လိုက်ကြ၏။ နှစ်ယောက်စလုံး စကားပင်မဆိုနိုင်ကြ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းရင်ထဲ အိုးတိုးအမ်းတမ်းဖြစ်နေကြ၏။

"ထား"

"ဟင်"

"ထားကို ကျွန်တော် အမြဲ သတိရလျက်ပါ။ အိပ်မက်ထဲတောင် ထားကို မက်မိတယ်။ ထားအပေါ် တမ်းတခဲ့ရတဲ့စိတ်တွေဟာ လည်း ပြောပြလို့တောင် မရပါဘူး ထားရယ်။ ကျွန်တော်လေ ထားနဲ့ ဒီတစ်သက် မတွေ့ရတော့ဘူးလို့ ထင်မိတာ"

"အို- ကိုထွတ်ရယ်၊ ထားလည်း ကိုထွတ်ကို သတိရနေပါတယ်။ တစ်ခါတစ်ခါ ကိုထွတ်များ လာလေသလားလို့တောင် ထင်မိ တယ်"

"ဟင်- ထား၊ တကယ်ပြောတာလားဟင်"

"အို- တကယ်ပြောတာပေါ့ ကိုထွတ်ရယ်၊ ထား ဘယ်တော့ လိမ်ညာမပြောတတ်ဘူးလေ။ ကိုထွတ်လည်း ရုပ်ရည်ကအ ပြောင်းလဲသွားတယ်နော်၊ ဟိုမှာ သေမတတ်ခံစားခဲ့ရမှာဘဲ"

"ဟာ- မေးမနေပါနဲ့တော့ ထားရယ်၊ ကျွန်တော် ကြုံခဲ့ရတဲ့ ဒု တွေကို ပြောရရင် ပြောလို့တောင် ကုန်မှာမဟုတ်ဘူး။ ဘာပဲဖြ ဖြစ်လေ ကံတရားက ကျွန်တော်တို့နှစ်ယောက်ကို ပြန်ဆုံခွင့် ပေးတာ အရမ်းပဲ ဝမ်းသာတယ်ဗျာ"

"ဟင်"

ထွတ်ခေါင်သည် ထား၏ ဝင်းပပ မျက်နှာကလေးကို ကြည့်ကာ အကြည်နူးကြီး ကြည်နူးနေမိ၏။ ထွတ်ခေါင်၏ အကြည့်ကြောင့် ထာ ရဲရဲတောင် ပြန်မကြည့်ဝံ့။ ခေါင်းကလေး ငုံ့ထားမိ၏။ လက်ကလေးန ဖက်ကို ပွတ်ခြေနေ၏။ ရှက်စိတ်က ရင်ထဲမှာ လူးလူးငွေ့ငွေ့။ ထိုစ ထွတ်ခေါင်၏အသံ ပေါ်လာ၏။

"ထား"

"ရှင်"



"ထားကို ကျွန်တော် ချစ်တယ်ဗျာ၊ ကျွန်တော့် နှလုံးသားတွေ ပေါက်ကွဲသွားမတတ် ချစ်တယ်ဗျာ။ ထား ကျွန်တော် ပြောတာကို ယုံစေချင်ပါတယ်"

"အို"

"ထား၊ ကျွန်တော် ပြောတာကြားရဲ့လားဟင်။ ကျွန်တော့်စကား တွေဟာ ပိုင်စိုးပိုင်နင်းများ ဖြစ်နေသလား"

"အို- မဟုတ်ပါဘူးရှင်"

"ဒါဆို ထား ကျွန်တော့်အချစ်ကို လက်ခံလိုက်ပါလား။ ကျွန်တော် ထားကို ချစ်ခဲ့ရတာ ဟိုနှစ်ပေါင်းများစွာကပါ။ ထားရဲ့ ရိုးသားမှု၊ ထားရဲ့ ဖြူစင်မှု၊ သစ္စာတရား ကြီးမားမှုတွေကို ကျွန်တော် မမေ့ နိုင်ဘူး ထား။ ထားကို ကျွန်တော် တအားချစ်တယ်ဗျာ"

"အို- ကိုထွတ်ရယ်၊ ဟို. . . ဟိုဒင်း ကျွန်မ. . ."

"ဘာလဲ ထား၊ ထားက စဉ်းစားဦးမလို့လား။ နောက်တစ်ခေါက် ထပ်ဝေးသွားကြရမယ် ဆိုရင်တော့ ဒီဘဝ ဝေးပြီပဲ ထားရယ်"

"မပြောကောင်းမဆိုကောင်း ကိုထွတ်ရယ်"

"ဒါဆို ကျွန်တော့်ကို ထား ချစ်တယ် မဟုတ်လား။ ပြောစမ်းပါ ထားရယ်၊ ကျွန်တော် မေးတာကို ထား ဖြေပါဦး"

"ထားကို အကြပ်မကိုင်ပါနဲ့ ကိုထွတ်ရယ်"

"ဟာ- ထားကို ကျွန်တော် အကြပ်မကိုင်ပါဘူး။ ထား ဖြေချင်ဖြေ ပါ၊ မဖြေချင်လည်း ကျွန်တော့်ကုသိုလ်ပေါ့ ထားရယ်"

"ဟင်"

ထား၏ လက်ဖဝါးနုနုလေးကို ဆွဲပြီး ထွတ်ခေါင် ဖွတ်အမွှေ မေး မိ၏။ ထားတစ်ယောက် ကြက်သီးမွေးညင်းပင် ထသွားမိ၏။ ခုန်လိုက် သည့် ရင်တွေကလည်း တလှပ်လှပ်တဖျပ်ဖျပ်။ လက်ကို အတင်းရုန်း မိသဖြင့် ထွတ်ခေါင်စိတ်ထဲ ထိတ်လန့်သွားကာ လွှတ်ပေးလိုက်၏။ ထွတ် ခေါင်၏စကားက သူ့နှလုံးသားကို ဖွဲ့ချွေလိုက်သလိုပင်။

"ထား၊ ထား မဖြေချင်ဘူးလားဟင်"

"အို- ကိုထွတ်ရယ်၊ ထား ဘယ်လိုပြောရမှာလဲဟင်။ ခင်ဦးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်တွေ မလုံမလဲဖြစ်နေရတယ်"

"ဗျာ- ခင်ဦး၊ ဟာ- ခင်ဦးနဲ့ ကျွန်တော်က မိတ်ဆွေသူငယ်ချင်း အဆင့်ထက် မပိုခဲ့ပါဘူး ထားရယ်။ သူ့ဘက်က ပိုခဲ့ပေမယ့် ကျွန်တော့် ရင်ထဲမှာ ထားကလွဲလို့ ဘယ်သူမှ မရှိတာ ထားအသိပါ။ ထား ကျွန်တော့်စကားတွေကို မယုံဘူးလား"

"ယုံပါတယ်ရှင်"

"ဒါဆို ကျွန်တော့်အမေးကို ထား ဘာဖြစ်လို့ မဖြေတာလဲဟင်။ ဘာလဲ၊ ကျွန်တော်ဟာ ထားအတွက် အရာမရောက်တဲ့လူ ဖြစ်နေပြီလား ပြောပါ"

"အို- ခက်ပါ့ ကိုထွတ်ရယ်၊ ထားလေ တစ်ထိုင်တည်း ပြောရမှာ. . ."

"ဟာဗျာ၊ တစ်ထိုင်တည်း မေးရပေမယ့် ကျွန်တော်က ထားကို တစ်သက်လုံး ချစ်ခဲ့ရတာပါ။ ထား ကျွန်တော့်ရဲ့အကြောင်းကိုလည်း သိနေပါတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် အမွှမ်းမတင်ပါဘူး။ ဒါပေမယ့် ခုထိလည်း ထားကို ချစ်နေတယ်၊ နောင်လည်း ချစ်သွားမယ် ထားရယ်။ အဲဒါကိုတော့ ယုံပါ"

ထွတ်ခေါင်ထံမှ တတွတ်တွတ် ပြောနေသော စကားသံကြောင့် ထားမျက်နှာလေး နီတွတ်တွတ် ဖြစ်နေ၏။ ရဲရဲလည်း မကြည့်ဝံ့။ ချစ်တယ် တစ်ခါပြောတိုင်း သူ့ရင်ထဲ အေးခနဲ အေးခနဲ ခံစားလိုက်ရသည့် ဖြစ်ခြင်း။

သူ ဘာပြောလို့ ပြောရမှန်း မသိ။ ထွတ်ခေါင် ပြောသလို နောက်တစ်ခါ ဝေးသွားရမှာကိုလည်း အရမ်းကို ကြောက်နေမိ၏။ ထိုစဉ် ထွတ်ခေါင်က ထား၏ပခုံးလေးကို ကိုင်တွယ်ရင်း လေသံတိုးတိုးကလေးနှင့် ထပ်မေးလိုက်၏။

"ထားကို ကျွန်တော် သိပ်ချစ်တယ်ဗျာ၊ ထားရောဟင်။ ကျွန်တော် မေးတာကို ဖြေပါ ထားရယ်"

"အို- ကိုထွတ်ရဲ့ ထားကြောက်တယ်"

"ဟင်- ဘာကြောက်တာလဲ ထားရယ်၊ ကျွန်တော်က ထားကို





ကိုက်စားမှာမှ မဟုတ်တာ"

"ဟုတ်. . . ဟုတ်တော့ ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မ မဖြေရဲဘူးရှင်"

"ဗျာ၊ မဖြေချင်လို့လား ထား"

"အို- ဟုတ်ပါဘူးဆို၊ ထား သူ့စကားကို ဘယ်လိုပြန်ပြောရမှန်း မသိဘူး"

"ဟာဗျာ၊ ထားစကားတွေက ပျော့တီးပျော့ဖပ်နဲ့ဗျာ။ ဒါဆို ကျွန်တော် ပြောမယ်"

"ဘာလဲဟင်"

"မြို့အနောက်ဘက်က သံသရာစေတီကုန်းပေါ်ကို ထားလာခဲ့ပါလား ကျွန်တော် စောင့်နေမယ်လေ။ လာတယ်ဆိုရင် ထား ကျွန်တော့်ကို ချစ်တယ်လို့ ယူဆလိုက်မယ်"

"ရှင်၊ ဟို. . . ဟိုဒင်း"

"ကျွန်တော် ပြောတာတော့ နားထောင်စေချင်ပါတယ် ထားရယ်၊ ဒီလောက်တော့ လိုက်လျောသင့်ပါတယ်နော်ထား၊ မနက်ဖြန်ညနေ ခြောက်နာရီမှာ သံသရာစေတီပေါ်က ကျွန်တော် စောင့်နေပါ့မယ်"

သူ့စကားတွေကို ထားထား မလွန်ဆန်နိုင်တော့။ နောက်ဆုံးတော့ ခေါင်းကလေးကို တဆတ်ဆတ်ညိတ်လိုက်ရ၏။ ထားထားဆီမှ အဖြေရလာသောအခါ ထွတ်ခေါင် သူတို့သားအဖကို နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

✪✪✪



www.burmeseclassic.com

www.burmeseclassic.com

အချစ်သည်
အဆိပ်တကာ့ အဆိပ်တို့တွင်
အပြင်းဆုံးအဆိပ်
ဖြစ်လေ၏။

## နီဂုံး

သံသရာစေတီလေးက မြို့အနောက်ဘက် ကုန်းမြင့်လေးပေါ်တွင် ရှိပြီး မြင်းလှည်းနှင့်သွားလျှင် ဆယ့်ငါးမိနစ်ခန့် ကြာ၏။ စေတီကုန်းလေးမှာ ဝါးရုံတောကြီးများ၊ သစ်ပင်ကြီးငယ်များနှင့် ဝိုင်းရံနေပေ၏။

ထားသည် မြင်းလှည်းကလေးတစ်စီးငှားကာ ဘုရားကုန်းဘက်သို့ အရဲစွန့် ထွက်ခဲ့၏။ အိမ်မှ ထွက်စဉ်က ချီတုံချတုံ ဖြစ်နေခဲ့ရ၏။ ရင်တွေ ဆို့ဆို့အအ ဖြစ်နေခဲ့ရ၏၊ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ပစေတော့၊ ချစ်သူ၏ရင်ခွင်ထဲ ကမ္ဘာလုပ်တော့မည်ဟု ဆုံးဖြတ်ကာ ယခုလို အရဲစွန့်ပြီး ထွက်ခဲ့ခြင်း ဖြစ်၏။

ဘုရားကုန်းရှေ့ရောက်သည်နှင့် စောင်းတန်းအတိုင်း ရင်ကလေး တထိတ်ထိတ်နှင့်တက်လာမိ၏။ ညနေစောင်းအချိန်အခါဖြစ်၍ စောင်းတန်း ကွေ့ကွေ့ကောက်ကောက်ကလေးတွင် လူသူရှင်းလင်းလျက် ရှိ၏။

လှေကား တစ်ထစ်တစ်ထစ်တက်တိုင်း ရင်ခုန်သံတွေက တဒိန်းဒိန်း။ စောင်းတန်းအကွေ့သို့ အရောက်တွင် ရှေ့မှ မြင်လိုက်ရသော မြင်ကွင်းကြောင့် ထားထား ရှေ့ဆက်မတက်ရဲအောင် ဖြစ်သွားခဲ့ရ၏။

မြင်လိုက်ရသော မြင်ကွင်းက တခြားမဟုတ်၊ ပါးစပ်ကြီးတဖြဲဖြဲ မျက်လုံးကြီးတဝင်းဝင်းနှင့် သူ့ကို စိုက်ကြည့်နေသော ငရဲခွေးကြီး။

"အို- ငရဲကြီးပါလား၊ ဘုရား . . . ဘုရား"

"ဂီး . . . ဂီး . . . ဂီး"

www.burmeseclassic.com



"င . . . ငရဲ"

"ဂဲ . . . ဂဲ . . . ဂဲ"

"ဟင် - ငရဲ ငါ့ကို အန္တရာယ်ပြုမယ့်ပုံပဲ၊ ဘုရားတွေ နတ်တွေ ကယ်တော်မူပါ"

ငရဲကိုကြည့်ရင်း ကြက်သီးမွေးညင်းတွေ တစ်ကိုယ်လုံး ထလာ၏။ ကြောက်စိတ်၊ ထိတ်လန့်စိတ်တွေကလည်း အတိုင်းအဆ မရှိတော့။ တက်တော့မည့် ခြေလှမ်းကို ပြန်အဆုတ်တွင် ငရဲကြီးက လှေကားပေါ်မှ တစ်ထစ်ချင်း ဆင်းလာ၏။ ထားထား ပြေးစရာမြေ မရှိတော့။ ထိုစဉ် စောင်းတန်းအထက်ပိုင်းမှ အပြေးဆင်းလာသော ထွတ်ခေါင်သည် ထားထား၏ ကျောပိုင်းလေးကို တွေ့လိုက်ရသဖြင့် လှမ်းအော်လိုက်၏။

"ထား၊ မသွားနဲ့ ကျွန်တော်လာပြီ"

"အို"

လှေကားအတိုင်း ဒရောသောပါး အပြေးဆင်းလာသော ထွတ်ခေါင်၊ ငရဲကြီးကို သတိမမူနိုင်။ ငရဲကြီးကို ကွေ့ရှောင်ပြီး ထားအနားသို့ အမောတကော ရောက်လာ၏။

"ထားရယ်၊ ထားလာတယ်နော်၊ ဒါဆို ထား ကျွန်တော့်ကို ချစ်လို့ပေါ့နော်၊ ကျွန်တော် ဝမ်းသာလိုက်တာ ထားရယ်"

"အို- ဟို . . . ဟိုမှာ"

"ဘာလဲ ထား"

"ကျွန်မ ကြောက်တယ်၊ လုပ်ပါဦး"

"ဘာဖြစ်တာလဲ ထား"

"ဟိုမှာ ငရဲကြီး"

"ဘာ- ငရဲကြီး"

ထား၏စကားကြောင့် ထွတ်ခေါင် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ လှေကားထစ်ပေါ်တွင် ဆောင့်ကြောင့်ကြီး ထိုင်ကာ သူတို့နှစ်ယောက်ကို စူးစူးကြီး စိုက်ကြည့်နေသော ငရဲ။ အစွယ်ကြီးတွေကလည်းအဖွေးသား။

ထွတ်ခေါင်ရော ထားထားပါ ထိတ်လန့်သွားသည်။ ထားထားသည် ကြောက်လွန်းလှသဖြင့် ထွတ်ခေါင်၏ ရင်ခွင်ထဲ အတင်း တိုးဝှေ-





ဝင်လာ၏။ ထွတ်ခေါင်သည် ထားထား၏ ကိုယ်လုံးကလေးကို လှမ်းဖက်လိုက်ပြီး ငရဲကြီးကို ကြည့်လိုက်၏။ ငရဲကြီးက သူတို့နှင့် မလှမ်းမကမ်းတွင် စောင့်ကြည့်နေ၏။

"ငရဲကြီး၊ မင်းလမ်းမှားသွားပါတော့ကွာ။ ငါတို့ဟာ မင်းရဲ့ ရန်သူ မဟုတ်ပါဘူး၊ တကယ်လို့ မင်းဟာ ခင်ဦး ဖြစ်နေမယ် ဆိုရင်လည်း ငါ အများကြီး တောင်းပန်ပါတယ်။ ငါတို့ကို ခွင့်လွှတ်ပါကွာ၊ ငါတို့ကို အန္တရာယ်မပေးပါနဲ့နော်"

"ဝေါင်း အူး . . . အူး"

ထွတ်ခေါင်၏စကားကြောင့် ငရဲကြီးသည် သူတို့နှစ်ဦးကို ညှိုးငယ်သော အကြည့်များနှင့် လှမ်းကြည့်ရင်း ရုတ်တရက် ကောက်ကာငင်ကာ အူလိုက်၏။ သူတို့ကိုတော့ အန္တရာယ်ပြုမည့်ပုံတော့မပေါ်။

ထိုစဉ် သူတို့နှစ်ဦး ငရဲကြီးကို ကွေ့ပတ်ကာ ဘုရားကုန်းပေါ် တက်ခဲ့ကြ၏။ ထားထား၏ လက်အစုံမှာ အေးစက်နေ၏။

"ထားကြောက်တယ် ကိုထွတ်ရယ်၊ ငရဲကြီးက ထားကို မကျေနပ်တဲ့ပုံဘဲ"

"မကြောက်ပါနဲ့ ထားရယ်၊ ကျွန်တော် ရှိနေပြီပဲ။ သူ ကျွန်တော်တို့ကို အန္တရာယ်ပြုမှာ မဟုတ်တော့ပါဘူး"

"အို"

"ထား . . . ထား"

"ဘာလဲလို့"

"ထား ကျွန်တော့်ကိုချစ်လို့ ရောက်လာတာပေါ့နော်၊ ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

"အို- လူတွေ မြင်ကုန်ပါ့မယ်"

"မမြင်ပါဘူး ထားရယ်၊ ထား ကျွန်တော့်ကို တကယ်ချစ်ရဲ့လား။ ပါးစပ်ကလေးနဲ့ ပြောပါဗျာ"

"ကိုထွတ်ကလည်းကွယ်၊ ထား . . ."

"အို- ဆင်ခြေတွေ မပေးပါနဲ့ ထားရယ်၊ ကျွန်တော့်ကြားမှာ ပွင့်လင်းရိုးသားတဲ့ အခြေအနေပဲ ရှိစေချင်ပါတယ်။ ထား ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်သက်လုံး ရိုးမြေကျ ပေါင်းသွားပါ့မယ်၊ ဟောဒီ သံသရာစေတီလေးမှာ သံသရာတစ်လျှောက်လုံး ထားနဲ့အတူ တွဲပြီး နေပါရစေလို့ သစ္စာပြုပါ့မယ်။ လာ၊ ထား"

"အို"

ထွတ်ခေါင်သည် ထား၏ လက်ဖဝါးနုနုလေးကို ဆွဲကာ စေတီကလေးရှေ့ အတူထိုင်လိုက်ကြပြီး သစ္စာပြုလိုက်ကြ၏။ ထားတစ်ယောက် ရှက်ငွေ့ငွေ့ အမူအရာလေးများက မပြယ်နိုင်သေး။

သူတို့နှစ်ဦး၏ ကြည်နူးမှုကို ငရဲခွေးကြီးက သူတို့မမြင်ကွယ်ရာမှ ပုန်းအောင်းကြည့်ရှုနေ၏။

ထိုစဉ် ထားထားသည် ရင်ပြင်ပေါ်တွင် ဟိုဟိုဒီဒီ လှည့်ကြည့်ရင်း ပြောလိုက်၏။

"ငရဲကြီး ဘယ်ရောက်သွားပြီလဲ မသိဘူး၊ တချို့ကပြောတော့ ငရဲကြီးဟာ ညီမလေး ဝင်စားပူးကပ်တာတဲ့။ ခုလည်း သူ့ချစ်သူကို ကျွန်မက လုတော့ ကျွန်မကို ရန်ပြုဖို့ ရောက်လာတယ် ထင်ပါရဲ့ ကိုထွတ်ရယ်"

"မဟုတ်တာဘဲ ထားရယ်၊ ဒီလောက်လည်း အစွဲအလမ်းမကြီးပါနဲ့၊ ငရဲကြီးကို မေ့ပစ်လိုက်ပါ။ ထား ကျွန်တော် မေးတာကို ဖြေလေ"

"အို- ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော် နားနဲ့ဆတ်ဆတ်ကြားချင်တယ်ဗျာ၊ ထား ကျွန်တော့်ကို ချစ်တယ်မဟုတ်လားလို့"

"ခက်ပါ့ ကိုထွတ်ရယ်၊ ထားလေ ကိုထွတ်ကို ချစ်လွန်းလို့ ဒီကို စွန့်စွန့်စားစား ရောက်လာတာပေါ့။ ကိုင်း- ကျွန်မရဲ့အဖြေကို ကိုထွတ် သိရပြီလေ၊ အချိန်လည်း မရှိတော့ဘူး ကျွန်မတို့ ပြန်ကြမယ်"

"ဟာ- ထားကလည်း လောလိုက်တာ"

"မလောလို့ မဖြစ်ဘူး ကိုထွတ်၊ အချိန်အခါကလည်း မကောင်းဘူး။ နှစ်ယောက်စလုံးအတွက် အန္တရာယ်ရှိနေတယ်၊ ပြန်ကြရ





အောင်ကွယ်။ နောက်လည်း အတူနေကြရမှာပဲနော်၊ ထပါ ကိုထွတ်ရယ်"

သူ၏ ချော့မော့စကားကြောင့် ထွတ်ခေါင် စောင်းတန်းဘေး အုတ်ခုံကလေးပေါ်မှ မထချင်ထချင်နှင့် ထလိုက်၏။ နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်ဆွဲပြီး စောင်းတန်းလှေကားပေါ်မှ ဆင်းခဲ့၏။

လမ်းတစ်လျှောက်လုံး ငရဲကြီးကို မမြင်ရတော့။ လမ်းမပေါ် ရောက်တော့ ထားထားက ထွတ်ခေါင်ဘက်လှည့်ပြီး ပြောလိုက်၏။

"ကိုထွတ်၊ ထားဘာသာထား ပြန်ပါ့မယ်"

"ဟာ- ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရပါတယ်၊ ထား ပြန်ရဲပါတယ်"

"ဟာဗျာ၊ ထားကလည်း ဘာဖြစ်လို့လဲ ကျွန်တော်ပါရင်. . ."

"မဟုတ်ဘူး ကိုထွတ်၊ ကျွန်မတို့ အခြေအနေကို လူတွေ မသိစေချင်ဘူး ဒါကြောင့် ပြောတာပါ။ ထားရဲ့သိက္ခာကိုတော့ ကိုထွတ် ငဲ့စေချင်ပါတယ်"

"ထားကလည်းဗျာ"

ထွတ်ခေါင်တစ်ယောက် စိတ်ထဲ အလိုမကျသော်လည်း ထားစကားကို ခေါင်းညိတ်ရင်း ထားကို မြင်းဂိတ်လိုက်ပို့လိုက်၏။ ထား မြင်းလှည်းပေါ်တက်သွားသည်အထိ နောက်မှ စောင့်ကြည့်၍ ကျန်ခဲ့၏။

ထားထားသည် ထွတ်ခေါင်ကို လက်ကလေးတပြပြနှင့် လှည်းပေါ် တက်သွား၏။ လှည်းကလေး တခွပ်ခွပ် မြည်သံပေး၍ ထွက်သွားသည်အထိ ထွတ်ခေါင် စောင့်ကြည့်နေ၏။

ထားထားသည် လှည်းပေါ် တစ်ယောက်တည်းထိုင်ရင်း ချစ်သူ၏ အကြောင်းကို တွေးနေမိ၏။ ချစ်သူဘဝ ရောက်ခဲ့ပြီမို့ သူ့ရင်ထဲ ကြည်နူးမှုက အလျှံ။ အတွေးကလေးများက တောင်ရောက်မြောက်ရောက်။

ထိုစဉ် တုံ့ခနဲ ရပ်သွားသော လှည်းကြောင့် ထားထား သတိဝင်လာ၏။

"ဘာ. . . ဘာဖြစ်တာလဲဟင်"

"ရှေ့. . . ရှေ့မှာ၊ ဘာကြီးလဲ မသိဘူးဗျ"

www.burmeseclassic.com



"ရှင်"

မြင်းလှည်းဆရာ၏ အပြောကြောင့် ရှေ့သို့ လှမ်းကြည့်လိုက်၏။ လမ်းကို ကန့်လန့်ဖြတ် အိပ်နေသော သတ္တဝါကြီးတစ်ကောင်။

မြင်းလှည်းဆရာခမျာ အတော်ကလေး ကြောက်ရွံ့နေပုံပေါ်၏။ ထားထားမှာလည်း ဘာလုပ်လို့လုပ်ရမှန်းမသိ။ ထိုစဉ် သတ္တဝါကြီးက အိပ်နေရာမှ ထလာပြီး သူတို့ လှည်းအနားသို့ ရောက်လာ၏။

"ဟာ- င. . . ငရဲကြီး"

"အောင်မယ်လေးဗျ"

လှည်းသမားက အော်ဟစ်ပြီး လှည်းပေါ်မှ ခုန်ချကာ ထွက်ပြေးသွား၏။ ထားထားတစ်ယောက် ငရဲကို မြင်လိုက်သည်နှင့် သူ့ဘဝတော့ဆုံးလေပြီဟု စိတ်တုံးတုံးချကာ မျက်စိစုံမှိတ်ပြီး ထိုင်နေ၏။

ထိုစဉ် သူ့နားထဲ မြင်းခွာသံ ကြားလိုက်သဖြင့် နောက်လှည့်ကြည့်လိုက်၏။ မြင်းလှည်းပေါ်မှ လူတစ်ယောက် လွှားခနဲ ခုန်ဆင်းလာ၏။

"ထား ထား ကျွန်တော်လာပြီ"

"ဟင်- ကိုထွတ်၊ ကိုထွတ်ရယ်"

ထားထား ကြောက်လန့်တကြားနှင့် အော်ဟစ်နေ၏။ ထွတ်ခေါင်၏အသံ ကြားလိုက်ရသဖြင့် စိတ်ထဲ သတ္တိတွေ တိုးလာသလိုပင်။

ထိုစဉ် ထွတ်ခေါင် လှည်းအနီးသို့ အပြေးရောက်လာစဉ် သူ့ရှေ့ငရဲကြီး ဘွားခနဲ ပေါ်လာ၏။ ရုတ်တရက်မို့ လှည်းဆီသို့ မသွားနိုင်ဘဲဖြစ်သွား၏။

"ငရဲကြီး၊ မင်းနဲ့ငါတို့က ရန်သူတွေ မဟုတ်တော့ဘူးလေကွာ။ ငါတို့ ချစ်သူကြားမှာ မင်း ဝင်ပြီး ဒုက္ခမပေးချင်စမ်းပါနဲ့ကွာ"

"ဂီး. . . ဂီး. . . ဂီး"

"ငါပြောတာ နားထောင်ပါ ငရဲကြီး၊ မင်းဟာ ခင်ဦး ဖြစ်နေမယ်ဆိုလည်း ငါ မင်းကို ကျေနပ်အောင် တောင်းပန်ခဲ့ပါပြီ။ ခင်ဦးရယ်၊ အစ်ကိုတို့ဘဝက ရေစက်မပါလာလို့ဘဲ သဘောထားလိုက်ပါကွာ။ လောကကြီးမှာ ခွင့်လွှတ်ခြင်းဆိုတဲ့ အသိတရား အမွန်မြတ်ဆုံးပါပဲ ခင်ဦးရယ်"



သူ့စကားကို ငရဲက အလိုမကျသည့်ပုံပင်။ ထား ထိုင်နေသည့် လှည်းပေါ်သို့ လွှားခနဲ ခုန်တက်သွားကာ မျက်စိစုံမှိတ် ခေါင်းကလေးငုံ့ပြီး ထိုင်နေသော ထားထား၏ လည်ကုပ်ကို ကိုက်ရန် ပြင်လိုက်၏။

ထိုစဉ် ထွတ်ခေါင်က ငရဲကြီး၏ ခြေထောက်နှစ်ဖက်ကို လှမ်းဆွဲကာ လှည်းပေါ်မှ ဆွဲချလိုက်၏။ ငရဲကြီးသည် သူ့ကို လှည့်ပြီး မာန်ဖီနေသော်လည်း ရန်တစ်စက်မျှမှ မပြု။

ထားထားခမျာ ကြောက်လွန်းလှသဖြင့် ခေါင်းတောင် မမော့ရဲ။ ထွတ်ခေါင်သည် ထား၏ ကိုယ်ကလေးကို ဖက်လိုက်ပြီး အားပေးလိုက်၏။

"မကြောက်ပါနဲ့ ထားရယ်၊ ကျွန်တော် ရှိပါတယ်။ ကျွန်တော် ထားကို စိတ်မချလို့ ပြန်လိုက်လာတာ၊ ခုတော့ ထင်တဲ့အတိုင်းပါလား"

"ထား၊ ကြောက်. . . ကြောက်တယ်"

"မကြောက်ပါနဲ့ဗျာ၊ ကျွန်တော် ရှိနေပြီပဲ။ ကိုင်း- လာ၊ လှည်းကို ကျွန်တော် မောင်းမယ်။ ထား ကျွန်တော့်ဘေးမှာထိုင်၊ ကျွန်တော့်ကို ဖက်ထား"

ထွတ်ခေါင်သည် ထားကို လှမ်းပြောရင်း လှည်းဦးတွင် ဝင်ထိုင်လိုက်၏။ ထားထားသည် ထွတ်ခေါင်ဘေးတွင် တိုးတိုးဝှေ့ဝှေ့ ထိုင်လိုက်၏။ နှစ်ယောက်သား ကြောက်စိတ်တဖိုဖိုနှင့် လှည်းမောင်း၍ ထွက်ခဲ့၏။ ငရဲကြီးသည် တဂိဂိ မြည်သံပေး၍ နောက်မှလိုက်နေဆဲ။ တခွပ်ခွပ် မြည်သံကလေးက လမ်းတစ်လျှောက် ပျံ့လွင့်နေ၏။

အချိန်အနည်းငယ်အကြာတွင် ငရဲကြီး လှည်းနှင့် ခပ်ကွာကွာ ဖြစ်လာ၏။ ထွတ်ခေါင်သည် နောက်သို့ မသိမသာ လှည့်ကြည့်လိုက်၏။

"လိုက်မလာတော့ဘူး ထား၊ ငရဲကြီး ကျန်ခဲ့ပြီ"

"ဟင်- ဟုတ်လား"

"ဟုတ်တယ်၊ လှည့်ကြည့်လိုက်ပါလား"

ထားထားသည် ထွတ်ခေါင်၏ စကားကြောင့် နောက်သို့မရဲတရဲနှင့် လှည့်ကြည့်လိုက်၏။ ငရဲကြီးသည် သူတို့နှင့် အဝေးကြီးမှာ ကျန်ခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆွဲငင်ငင်အသံကြီးကိုပေးရင်း သူတို့နှစ်ယောက်ကို နှုတ်ဆက်နေသည့်ပုံပင်။

ထားထားရော ထွတ်ခေါင်ပါ ငရဲကိုကြည့်ရင်း ကြေကြေကွဲကွဲ ခံစားခဲ့ရ၏။

"သနားပါတယ် ကိုထွတ်ရယ်"

"ဒါပေါ့ ထားရယ်၊ လောကကြီးကို ကိုယ်မမြင်ရတဲ့ ကံတရားတွေက ဖန်တီးနေတာပဲလေ။ သနားစရာကောင်းပေမယ့် ဘာတတ်နိုင်မှာလဲ ထားရယ်၊ ကိုင်း- သွားကြပါစို့"

ပြောပြောဆိုဆိုနှင့် ထား၏ပခုံးလေးကို လှမ်းဖက်လိုက်၏။ ထားသည် အဝေးကြီးတွင် ကျန်ရစ်ခဲ့သော ငရဲကြီးကို လှမ်းကြည့်ရင်း စိတ်မကောင်းကြီးစွာ ခံစားနေရ၏။

ငရဲကြီး၏ အသံက ရင်ကွဲပက်လက်နှင့် ငိုကြွေးနေသည့်ပမာပင်။

နောက်ဆုံး ထားထား ငရဲကြီးကို ကျောခိုင်းလိုက်ပြီး ချစ်သူ၏ရင်ခွင်ထဲ ခေါင်းကလေးတိုးဝင်လိုက်လေတော့၏။

မာယာ

BURMESE CLASSIC

www.burmeseclassic.com